http://www.dhammadownload.com

အမြင့်ဆုံးအသိပညာ

- လောကကြီးသည် သင့်အားနေရာပေးရန် တံခါးဖွင့်ပြီး အမြဲကြိုဆိုနေသည်။
- လောကဌ အဟောင်းအဟောင်းနေရာမှာ အသစ်အသစ်များက အမြဲအစားထိုး ဝင်ရောက်နေရာယူကြသည်။
- ကိုယ်ကျင့်သီလနှင့်အသိပညာကြွယ်ဝသူများ မြင့်သောနေရာ၌ ဝင်ရောက်နေရာယူကြပြီး ကိုယ်ကျင့်သီလနှင့် အသိပညာနိမ့်ကျသူများက အနိမ့်ဆုံးနေရာ၌ ဝင်ရောက်နေရာယူကြသည်။
- သင်သည် ထားရာမှာနေ ကျွေးတာကိုစား ခိုင်းတာကိုလုပ်ရသော အနိမ့်ဆုံးနေရာမှာ နေလိုသလား။
- သို့မဟုတ် အကျိုးဖြစ်ထွန်းမည့် နည်းလမ်းများကို လူအများအား ညွှန်ပြလျက် လူအများ ပိုဝိုသူအဖြစ်ဖြင့် မြင့်မြတ်သောနေရာမှာ နေလိုသလား။
- ဗုဒ္ဓအဘိဓမ္မာဆိုင်ရာအသိပညာသည် လောကဌ အဆင့်အမြင့်ဆုံး အသိပညာဖြစ်သည်။
- ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ အသိပညာကြွယ်ဝပါက ကိုယ်ကျင့်သီလနှင့် အသိပညာ ပြည့်စုံလာမည်သာ ဖြစ်သည်။
- ထို့ကြောင့် သင်သည် မြင့်မြတ်သောနေရာ၌ နေလိုပါက ကိုယ်ကျင့်သီလနှင့် အသိပညာ ပြည့်စုံရေးအတွက် ဗုဒ္ဓအဘိဓမ္မာကို နိုးနိုးကြားကြား အမြဲကြိုးစားလေ့လာနေရမည်။

ပဏ္ဍိတ ဦးဘိဒ္ဒဇ (ဓမ္မာစရိယ)၊ ပဏ္ဍိတ ဒေါ်ဒေဝီ (ဓမ္မာစရိယာ)

ပုဂ္ဂိုလ်ပြုံ ပဋ္ဌာန်းတရားတော်

ပဋ္ဌာန်းတရားတော်

ပုဂ္ဂိုလ်ပြုံ

ပဋ္ဌာန်းတရားတော်

ပဋ္ဌာန်းတရားတော်

ပုဂ္ဂိုလ်ပြုံ

ပဋ္ဌာန်းတရားတော်

ပုဂ္ဂိုလ်ပြုံ

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
နိဒါန်း	(က) - (ည)
ပဏာမနှင့် ပဋိညာဉ်ကိုပြ	၁
ပရမတ္ထတရား ၄ ပါးကိုပြ	၃
စိတ်ပိုင်း	
အကုသိုလ်စိတ်	၇
လောဘမူစိတ် ဝေါဟာရ ရှင်းလင်းချက်	၁၁
အဟိတ်စိတ် ၁၈ ပါး	၁၈
ကာမာဝစရသောဘနစိတ် ၂၄ ပါး	၂၇
မဟာကုသိုလ်စိတ် ဝေါဟာရ ရှင်းလင်းချက်	၂၉
ဒုဝိဓ စသည်ဖြစ်ပုံ	
ကာမာဝစရစိတ် ၅၄ ပါး	၃၅
ရူပါဝစရစိတ် ၁၅ ပါး	၃၉
အရူပစိတ် ၁၂ ပါး	၄၅
လောကီစိတ် ၈၁ ပါး	၄၈
လောကုတ္တရာစိတ်အကျဉ်း ၈ ပါး	၅၁
စိတ်အကျဉ်း ၈၉ ပါး	၅၃
လောကုတ္တရာစိတ်အကျယ် ၄၀	၅၆
စိတ်အကျယ် ၁၂၁ ပါး	၆၉

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ စာမျက်နှာ

စေတသိက်ပိုင်း

စေတသိက် ၅၂ ပါး ၇၆
သမ္မယောဂနည်း ၈၇
အညသမာန်းသမ္မယောဂနည်း ၇ ပါး ၈၆
အကုသိုလ်စေတသိက်သမ္မယောဂနည်း ၅ ပါး ၉၃
သောဘနစေတသိက်သမ္မယောဂနည်း ၉၆
နိယတယောဂီ အနိယတယောဂီ ၉၉
သင်္ဂဟနည်းကို သင်ကြားခြင်း ၁၀၃
လောကုတ္တရာစိတ် သင်္ဂဟနည်း ၁၀၅
မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၁၀၈
ကာမာဝစရသောဘနစိတ်သင်္ဂဟနည်း ၁၁၁
ဝိသေသက စေတသိက်များ ၁၁၅
အကုသိုလ်သင်္ဂဟနည်း ၁၁၇
အဟိတ်စိတ်သင်္ဂဟနည်း ၁၂၃
သမ္မယောဂနည်း သင်္ဂဟနည်းအထူး ၁၂၅
စေတသိက်ချင်းယှဉ်ပုံ ၁၂၆

ပကိဏ်းပိုင်း

ပဋ္ဌာန် ၁၂၉
ဝေဒနာသင်္ဂဟ ၁၃၀
ဟေတုသင်္ဂဟ ၁၃၈

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ကိစ္စသင်္ဂဟ	၁၄၅
ကိစ္စဖြင့် စိတ်ကိုဝေဖန်ပုံ	၁၅၀
ယထာသမ္ဘဝဖြစ်ပုံ	၁၅၃
ဒွါရသင်္ဂဟ	၁၅၄
ဒွါရ ၆ ပါးကို တရားကိုယ်ကောက်ပုံ	၁၅၅
အာရမ္မဏသင်္ဂဟ	၁၆၂
အာရုံ ၆ ပါး တရားကိုယ်ကောက်ပုံ	၁၆၃
ပဋိသန္ဓေစိတ် ၁၉ ပါးတို့၏ အာရုံအကျယ်	၁၆၈
အာရုံများကို အုပ်စု ၆ မျိုးခွဲပုံ	၁၇၁
ကောန်အနေကန်အာရုံပြုသောစိတ်များ	၁၇၃
မဟဂ္ဂုတ်အာရုံအကျယ်	၁၇၉
ပညတ်အာရုံအကျယ်	၁၈၀
ပညတ္တာရမ္မဏာအရ	၁၈၂
အာရုံများကို အုပ်စုခွဲသင်ကြားပုံ	၁၈၄
စေတသိက်အာရုံများ	၁၉၆
ဝတ္ထုသင်္ဂဟ	၁၉၈

ရှုပ်ပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်	၂၀၈
ရူပသမုဒ္ဒေသ	၂၀၉
ရူပဝိဘာဂ	၂၂၀
ရူပသမုဋ္ဌာန	၂၂၈

http://www.dhammadownload.com

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
ရုပ်ကိုဖြစ်စေနိုင်သောစိတ်	၂၂၉
ဥတုကရုပ်ကိုဖြစ်စေပုံ	၂၃၃
အာဟာရက ရုပ်ကိုဖြစ်စေပုံ	၂၃၄
ရူပ ကလာပ	၂၃၉
ရူပဝတ္တိကွက်မ	၂၅၀
ရုပ် ၄ ပါးဖြစ်ပုံ၏ ဆီမီးလျှံနှင့်တူပုံ	၂၅၇
မြစ်ရေအလျဉ်နှင့်တူပုံ	၂၅၈
ရုပ် ၄ ပါးတို့ ချုပ် (ပျက်) စဉ်	၂၅၉
နိဗ္ဗာန်	၂၆၅

သမုစ္စည်းပိုင်း

အနုသန္ဓေနှင့် ပဋိသန္ဓေ	၂၆၈
အကုသလသင်္ဂဟ	၂၆၉
မိဿကသင်္ဂဟ	၂၇၉
ဗောဓိပက္ခိယသင်္ဂဟ	၂၉၄
သဗ္ဗသင်္ဂဟ	၃၀၆
အမှာ	၃၁၁

http://www.dhammadownload.com

နိဒါန်း

လူသားများသည် ကြီးပွားဖွံ့ဖြိုးမှုကို လိုလားကြ၏။ ကြီးပွားမှုကို လိုလားခြင်းကြောင့် နံနက်စောစော မျက်စိနှစ်လုံး ပွင့်ချိန်မှစ၍ ကြီးပွားရေး အတွက် နေ့စဉ်မပြတ် သွားလာလှုပ်ရှားနေကြ၏။ ယင်းသို့ လှုပ်ရှားနေကြ သော်လည်း ပုထုဇဉ် လူသားများသည် စိတ်ပိုင်းဆိုင် ရာ အသိပညာ တိုးတက်မှုထက် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုကိုသာ ပို၍အလေးထားနေ ကြသည်ကို တွေ့ရ၏။ ရုပ်ပိုင်းတိုးတက်မှုကို အလေးထားမှုကြောင့် အသိပညာကိုအခြေခံ၍ ရှေးလူကြီးများ တည်ဆောက်ခဲ့သော လူမှု ပေါင်းသင်းဆက်ဆံရေး နည်းပညာများ ပျောက်ကွယ်သွားကြသည်ကို တွေ့မြင်နေရပါသည်။

ဘဝအလင်းရောင်

ဗုဒ္ဓရှင်တော်မြတ်ကမူ ကြီးပွားတိုးတက်ခြင်းတို့တွင် အသိပညာ ကြီးပွားတိုးတက်မှုကို တန်ဖိုးအရှိဆုံးဟု မိန့်ကြားတော်မူခဲ့ပါသည်။

''ရဟန်းတို့... ကြီးပွားတိုးတက်ခြင်းတို့တွင် အသိပညာ ကြီးပွားတိုးတက်ခြင်းသည် အမြတ်ဆုံးပေတည်။ ရဟန်းတို့... ထို့ကြောင့် ဤသာသနာတော်၌ အသိပညာ ကြီးပွားခြင်းဖြင့် ကြီးပွားကြပါအံ့'' ဟု နှလုံးသွင်းလျက် လိုက်နာကျင့်သုံးရမည်။ (အံ– ၁၊ ၁၃)။

ဗုဒ္ဓ၏ အထက်ပါမိန့်ကြားတော်မူချက်သည် တိကျမှန်ကန်လှ ပါသည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုနှင့် ရုပ်ပိုင်းဆိုင်ရာ တိုးတက် ဖွံ့ဖြိုးမှုအားလုံးကို လူသား၏ အသိပညာပေါ်မှာအခြေခံပြီး တည်ဆောက် ရပါသည်။ လူ့သမိုင်းတစ်လျောက်မှာ အထွတ်အထိပ်သို့ ရောက်ရှိနေသူ များသည် အသိပညာကြွယ်ဝနေသူများသာ ဖြစ်ပါသည်။ လောကီနယ်မှာ ဖြစ်စေ၊ လောကုတ္တရာနယ်မှာဖြစ်စေ လူအများ ကြီးပွားချမ်းသာမည့် နည်းလမ်းများကို အသိပညာကြွယ်ဝသူများက စတင် တီထွင်ပေးသွားကြ ခြင်းဖြစ်ပါသည်။ အမှောင်လွှမ်းမိုးနေသော ၂၁ အချိန်မှာ လူသားများသည်

http://www.dhammadownload.com

မည်သည့်အလုပ်ကိစ္စကိုမျှ မလုပ်နိုင်သကဲ့သို့ အသိပညာမရှိသော လူသားများသည်လည်း မိမိဘဝနှင့် မိမိပတ်ဝန်းကျင်ကို ကြီးပွားတိုးတက်အောင် မဆောင်ရွက်နိုင်ကြပါ။ အလင်းရောင်လွှမ်းမိုးနေသော နေ့အချိန်မှာ လူသားများသည် မိမိသွားလိုရာနေရာသို့သွားလျက် မိမိလုပ်ကိုင်လိုသော အလုပ်ကိစ္စများကို လုပ်ကိုင်ဆောင်ရွက်နိုင်ကြသကဲ့သို့ အသိပညာ ကြွယ်ဝနေသူများသာ မိမိဘဝနှင့် ပတ်ဝန်းကျင်ကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓသည် မသိမှု အဝိဇ္ဇာကို ''တမ'' ဘဝ၏ အမှောင်ထုဟုလည်းကောင်း၊ အသိပညာကို ''အာလောက'' ဘဝ၏ အလင်းရောင်ဟုလည်းကောင်း မိန့်ကြားတော်မူခဲ့ပါသည်။

''အသက်ကို ဉာဏ်စောင့်သည်'' ဟူသော စကားအတိုင်း မိမိအသက်ကိုပင် အသိပညာဖြင့် စောင့်ရှောက်တတ်ပါမှ ပို၍အသက်ရှည်သကဲ့သို့ လူသားများ တည်ဆောက်ထားသော တိုးတက်ဖွံ့ဖြိုးမှုအားလုံးကိုလည်း အသိပညာဖြင့်ပင် ကာကွယ်စောင့်ရှောက်ရပါသည်။ အခြေခံအုတ်မြစ် မခိုင်မာဘဲ ဆောက်လုပ်ထားသော တိုက်တာ အဆောက်အအုံသည် မကြာမီ ပြိုကျတတ်သကဲ့သို့ ရှိသင့်ရှိထိုက်သော အသိပညာများမရှိဘဲ ရုပ်ပိုင်းတိုးတက်မှုတစ်ခုကိုသာ တစ်ဖက်သတ် ကြိုးစားနေလျှင် အဆိုပါ တိုးတက်ဖွံ့ဖြိုးမှုအားလုံးသည် တိုတောင်းသော အချိန်ကာလအတွင်းမှာပင် ပြိုကျ ပျက်စီးသွားနိုင်ပါသည်။ လူသားများ အသိပညာဆုတ်ယုတ်သော ဆုတ်ကပ်ကာလမှာ အသိပညာကြွယ်ဝသော ရှေးခေတ်လူသားများ တည်ဆောက်ထားခဲ့သော စိတ်ပိုင်းတိုးတက်မှုနှင့် ရုပ်ပိုင်းတိုးတက်မှုအားလုံး ဆုတ်ယုတ်ပျက်စီးသွားကြပါသည်။ ဤအချက်ကို လေ့လာကြည့်လျှင် အသိပညာ မည်မျှအရေးကြီးကြောင်း ပို၍ သဘောပေါက်နိုင်ပါသည်။ ဤသို့ အသိပညာကိုအခြေခံ၍ ကြီးပွားတိုးတက် ဖွံ့ဖြိုးမှုအားလုံးကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း စသော အကြောင်းများကြောင့် အသိပညာ တိုးတက်မှုကို တန်ဖိုးအရှိဆုံးဟု ဗုဒ္ဓ မိန့်ကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် လူသားတိုင်းသည် အသက်ရှင်နေသမျှကာလ

http://www.dhammadownload.com

ပတ်လုံး အသိပညာကို အမြဲရှာဖွေ စုဆောင်းနေသင့်ပါသည်။ ပြည့်စုံပြီဟု မည်သည့်အခါမျှ မယူဆသင့်ပါ။

ဗုဒ္ဓအဘိဓမ္မာ

ဗုဒ္ဓသည် အဘိဓမ္မာ ပိဋကတ်၌ အသိပညာနှင့်စပ်လျဉ်း၍ ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတော်မူခဲ့ပါသည်။ ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ အသိပညာသည် ကျယ်ဝန်းလှ၏။ နက်နဲသိမ်မွေ့လှ၏။ အခြား မည်သည့်အတွေးအခေါ် အယူအဆနှင့်မျှ စံထိုး၍မရနိုင်လောက်အောင် ထူးခြားခိုင်မာလှ၏။ ဗုဒ္ဓအဘိဓမ္မာ၏ ထူးခြားခိုင်မာပုံကို ဤနေရာ၌ အကျယ်ရှင်းမပြနိုင်ပါ။ ကိုယ်တိုင်လေ့လာကြည့်ပါက သဘောပေါက်ပါလိမ့်မည်။ သို့သော် နမူနာ ဘစ်ခု ထုတ်ပြလိုပါသည်။ လူသားတို့သည် ဝါးရုံထဲမှာပေါက်နေသော ဝါးကို နုစဉ်အခါ မျှစ်ဟုခေါ်၍ ရင့်သောအခါ ဝါးပင်ဟုခေါ်ကြ၏။ ယင်း ဝါးပင်ကို ခုတ်လှဲပြီး ထက်ခြမ်းခွဲလိုက်လျှင် ဝါးခြမ်းဟုခေါ်ကြ၏။ တစ်ဖန် ယင်းဝါးခြမ်းကို နှီးထိုးပြီးသောအခါ နှီးဟုခေါ်ကြ၏။ ယင်းနှီးကို တောင်းခွက်လုပ်ပြီးလျှင် တောင်းဟုခေါ်ကြ၏။ တောင်းကိုမီးရှို့လိုက်သောအခါ ပြာဟုခေါ်ကြ၏။ ဤသို့ဝါးပင်တစ်ခုတည်းကိုပင် ပြောင်းလဲသွားသော ပုံသဏ္ဌာန်အားလျော်စွာ အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲနေကြ၏။ ထို့ကြောင့် လူပတ်ဝန်းကျင်မှ ရရှိထားသော လူသား၏အသိသည် ခိုင်မြဲမှုမရှိဘဲ အမြဲပြောင်းလဲနေသည်ကို တွေ့ရ၏။

ဗုဒ္ဓအဘိဓမ္မာအရ ဝါးပင်၌ရှိသော သဘာဝတရားကို ရှာဖွေကြည့်သောအခါ မြေဓာတ်၊ ရေဓာတ်၊ လေဓာတ်၊ မီးဓာတ်ဟူသော မဟာဘုတ်ငါးပါးနှင့် ထိုမဟာဘုတ်ကို မှီ၍ဖြစ်သော အဆင်းရုပ်၊ အနံ့ရုပ်၊ ရသရုပ်၊ အဆီအနှစ် သြဇာရုပ်ဟူသော ဥပါဒါရုပ် ၄ ပါး၊ ဤရုပ် ၈ ပါးအပေါင်း (သုဒ္ဓဋ္ဌက) ကလာပ်စည်းကို တွေ့ရ၏။ ဗုဒ္ဓအဘိဓမ္မာကို လေ့လာထားသူသည် ဝါးပင်၊ ဝါးခြမ်း၊ နှီး စသည်တို့တွင် မည်သည့်အရာဝတ္ထုကိုပင် ခွဲတွေ့၊ ရုပ် ၈ မျိုးအပေါင်း ကလာပ်စည်းဟူသော အသိတစ်မျိုးကိုသာ သက်ခံထားပါသည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာဆိုင်ရာ အသိပညာသည်

http://www.dhammadownload.com

ပြောင်းလဲဖောက်ပြန်မှုမရှိဘဲ တည့်မတ်ခိုင်မာလှပါသည်။ လောကအမြင်ထက်လည်း ထူးခြားလှပါသည်။

လောကၠ လူသားများ နေ့စဉ် ခေါ်ဝေါ်သုံးစွဲနေကြသော လူ၊ ယောကျ်ား၊ မိန်းမ၊ နတ်၊ ပြဟ္မာ၊ ကြွက်၊ ဝက်၊ နွား၊ ခွေး၊ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ စသော သက်ရှိ၊ သက်မဲ့ အရာဝတ္ထုများသည် မရေမတွက်နိုင်အောင် များပြားလှ၏။ ဗုဒ္ဓသည် ယင်းသို့မရေတွက်နိုင်အောင် များပြားလှသောအရာဝတ္ထုများထဲတွင် အမှန်တကယ် ရှိနေသော သဘာဝတရားနှစ်မျိုးကိုသာ ထုတ်ဖော်ဟောပြတော်မူခဲ့ပါသည်။ ယင်းသဘာဝတရားနှစ်မျိုးတို့ကား အခြားမဟုတ်။ နာမ–နာမ်၊ ရူပ–ရုပ် တို့ပင်တည်း။ ယင်းနာမ်ရုပ်ဟူသော သဘာဝတရားနှစ်မျိုးကို အဘိဓမ္မာ ပိဋကတ်မှာ အကျယ်ဟောပြတော်မူခဲ့ပါသည်။ အထူးအားဖြင့် ပဋ္ဌာန်း ဒေသနာတော်၌ နာမ်၊ ရုပ်နှစ်ပါး ကြောင်းကျိုးဆက်သွယ်လျက် ဖြစ်ပေါ် နေပုံကို ဟောပြတော်မူခဲ့ပါသည်။

ဗုဒ္ဓအဘိဓမ္မာကို လေ့လာရလျှင် ကလေးဘဝမှစ၍ မိမိရင်ထဲမှာ ဝင်ရောက်နေရာယူလာခဲ့သော ယောကျ်ား၊ မိန်းမ စသော လောကအမြင်များ ပပျောက်သွားကာ နာမ် ရုပ်ဘာရားတို့၏ ဖြစ်ပျက်နေပုံကို မိမိစိတ်ထဲမှာ ထင်မြင်လာလိမ့်မည်။ ထိုအသိအမြင်မျိုး ဖြစ်ပေါ်နေပြီဆိုပါက ပတ်ဝန်းကျင် အာရုံများနှင့် တွေ့ကြုံရသောအခါ ဖြစ်ပေါ်လေ့ရှိသော စိတ်မိုက် စိတ်ရိုင်းများလည်း အလိုအလျောက် ငြိမ်ကျသွားပါလိမ့်မည်။ ဗုဒ္ဓ၏ သဗ္ဗညုတဉာဏ်တော်အပေါ်မှာလည်း ပို၍ပို၍ ယုံကြည်လေးစားလာပါလိမ့်မည်။ မိမိဘဝအပေါ်မှာလည်း ယခင်ကထက် ပို၍ အားရကျေနပ်လာပါလိမ့်မည်။ အသိပညာကြွယ်ဝလာသည်နှင့်အမျှ အတ္တလွန်ကဲသော လုပ်ဆောင်ချက်များကို ရှောင်ကြဉ်ပြီး မိမိဘဝကို အများကောင်းကျိုး အတွက် ပို၍ပို၍ အသုံးချလာပါလိမ့်မည်။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယ္ယော၊ ပဿတော ဥဒယဗ္ဗယံ။
(ဓမ္မပဒ – ၃၀)။

http://www.dhammadownload.com

လူပုတ်ဝန်းကျင် (သမ္မုတိသစ္စာနယ်ထဲ) မှ လူမှုရေးအသိအမြင်များ လွှမ်းမိုးမှုကြောင့် နာမ်ရုပ်တရားတို့၏ ကြောင်းကျိုးဆက်သွယ်၍ ဖြစ်ပေါ် ပျက်စီးနေပုံကိုမမြင်ဘဲ အနှစ်တစ်ရာတိတိ အသက်ရှင်နေရသူထက် နာမ်ရုပ်တရားတို့၏ ဖြစ်ပျက်နေပုံကို ဉာဏ်မျက်စိဖြင့် တွေ့မြင်ရသူ၏ တစ်ရက်မျှ အသက်ရှင်နေရခြင်းသည် ပို၍ တန်ဖိုးရှိလှ၏ဟု မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် အသိပညာသည် လူသားအတွက် မည်မျှ အရေးပါလှကြောင်း သဘောပေါက်သင့်ကြပါသည်။ ယင်းသို့ သဘောပေါက်ပါလျှင် အသိပညာ တိုးပွားရေးအတွက် အသိပညာကို အမြဲရှာဖွေနေသင့်ပါသည်။ အသိပညာကို ရှာဖွေသူသည် ဗုဒ္ဓအဘိဓမ္မာကို လေ့လာသင့်ပါသည်။ ဗုဒ္ဓအဘိဓမ္မာကို မလေ့လာရဘဲ သေလွန်သွားက ရခဲသော လူဘဝအတွက် ဆုံးရှုံးမှုကြီးတစ်ခုဖြစ်ပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ

ဗုဒ္ဓအဘိဓမ္မာကို လေ့လာလိုသူများ အဘိဓမ္မတ္ထသင်္ဂဟ (ခေတ်အခေါ် သင်္ဂြိုဟ်) ကျမ်းကို ရှေးဦးစွာ လေ့လာရပါမည်။ သင်္ဂြိုဟ်ကျမ်းကို မလေ့လာဘဲ ဗုဒ္ဓအဘိဓမ္မာကို လေ့လာလျှင် အချိန်ကုန် လူပန်းရုံသာရှိပါမည်။ သင်္ဂြိုဟ်ကျမ်းသည် ငယ်ပင်ငယ်သော်လည်း အဘိဓမ္မာဆိုင်ရာ အနက်အဓိပ္ပာယ်တို့ကို ငုံမိပါသည်။ စာအုပ်ငယ်သော်လည်း အနက်အဓိပ္ပာယ် ကျယ်ဝန်းလှပါသည်။ နှစ်ရှည်လများ သင်ယူလေ့လာသော်လည်း သင်္ဂြိုဟ်ကျမ်းကို သဘောပေါက်ရန် ခက်ခဲလှပါသည်။ စာရေးသူသည် သင်္ဂြိုဟ်ကျမ်းကို စာသင်သားဘဝဖြင့် (၁၀) နှစ်တိတိ လေ့လာခဲ့၏။ စာချသက်တမ်း (၂၃) နှစ်မှာ (၂၁) နှစ်တိတိ တပည့်ငယ်တို့အား ကိုယ်တိုင် သင်ကြားပေးခဲ့ပါသည်။ သို့သော် သင်္ဂြိုဟ်ဆိုင်ရာ အနက်အဓိပ္ပာယ်အားလုံးကို ယနေ့အထိ သဘောမပေါက်နိုင်သေးပါ။ သင်္ဂြိုဟ်ကျမ်းငယ်ဆိုင်ရာ အနက်အဓိပ္ပယ်ကား ဤမျှ ကျယ်ဝန်းနက်နဲလှပါသည်။

http://www.dhammadownload.com

သင်္ဂြိုဟ်သရုပ်ခွဲ -သင်ကြားနည်း

စာရေးသူသည် သင်္ဂြိုဟ်ကျမ်းကို တပည့်တို့အား စတင် သင်ကြားပေးစဉ်ကပင် သရုပ်ခွဲပုံနှင့် အဓိပ္ပာယ်များကို ကောက်နုတ်ချက် မှတ်စုရေးပေးခဲ့ပါသည်။ သင်္ဂြိုဟ်ကျမ်းသည် ပါဠိဘာသာဖြင့် ရှိနေခြင်းကြောင့် ကောက်နုတ်ချက် မှတ်စုထုတ်မပေးပါလျှင် စာသင်သားများ သဘောမပေါက်နိုင်ကြပါ။ မှတ်စုစာအုပ်ကို တပည့်ဟောင်းများ ကျောင်းတိုက်မှ ထွက်သွားကြသောအခါ ယူသွားကြသဖြင့် စာသင်သားအသစ်များကို သင်ကြားပေးရာ၌ အခက်အခဲများစွာရှိပါသည်။ စာရေးသူမှာ အကူစာချမရှိခြင်းကြောင့် အရေးကြီးသော ဘာသာရပ်များကို တစ်ပါတည်း ဒိုင်ခံပြီး သင်ကြားပို့ချပေးနေရသဖြင့် မှတ်စုကို အချိန်ယူပြီး ရေးသားချိန်မရှိပါ။ စာချချိန်၌ပင် ရေးပေးနေရပါသည်။ စာချချိန်၌ မှတ်စုရေးနေရခြင်းကြောင့် အချိန်ကုန်လွန်းပါသည်။ စာလည်း မတွင်လှပါ။ သို့ပါ၍ မိမိစာမူများလည်း ပျောက်ပျက်မသွားရအောင် စာသင်သားများလည်း မှတ်စုကူးရေးနေရသော ဒုက္ခမှလွတ်မြောက်အောင်ဟူသော ရည်ရွယ်ချက်ဖြင့် မူလရှိနေသော မှတ်စုဟောင်းများကို ရှာဖွေကာ ထပ်မံ၍ မွမ်းမံသင့်သည်ကို မွမ်းမံရေးသားခဲ့ပါသည်။ ထို့ကြောင့် ဤသင်္ဂြိုဟ်သရုပ်ခွဲသင်ကြားနည်း ကျမ်းစာပေ ထွက်လာရခြင်းဖြစ်ပါသည်။

စာရေးသူသည် သင်္ဂြိုဟ်ကျမ်းမှစ၍ အဘိဓမ္မာဆိုင်ရာ ဗဟုသုတများကို မြောင်းမြမြို့၊ ပဇ္ဇောတာရုံတိုက် (ယခုမော်ဘီ သာသနာ့ဝန်ဆောင်ကျောင်းတိုက်) ကျေးဇူးတော်ရှင် ပန်းကုံးဆရာတော်ထံမှ ရရှိခဲ့ပါသည်။ ပန်းကုံးဆရာတော်၏ သင်ကြားပုံနည်းကိုလည်းကောင်း၊ တောင်မြို့၊ ဘာသာဋီကာကျမ်းပြုဆရာတော်၏ အခြေပြုသင်္ဂြိုဟ်ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ၊ သင်္ဂြိုဟ်ဘာသာဋီကာ စသော အဘိဓမ္မာဆိုင်ရာ ဘာသာဋီကာကျမ်းများကိုလည်းကောင်း အခြေခံလျက် ဤကျမ်းစာကို ရေးသားခဲ့ပါသည်။ ထို့ပြင် စာရေးသူသည် ပဇ္ဇောတာရုံသို့ မရောက်မီ ပုသိမ်မြို့

http://www.dhammadownload.com

ပစ္စိမာရုံကျောင်းမှာ နေစဉ်က ဗာဂရာဆရာတော် အရှင်ဓမ္မာဘိနန္ဒ မထေရ်၏ သင်္ဂြိဟ်အဓိပ္ပာယ်ကောက် စာအုပ်ကို လေ့လာခဲ့ဖူးပါသည်။ ယင်းကျမ်းစာအုပ်နှင့် ပုသိမ်မြို့ ဗိုလ်ကုန်းဆရာတော်၏ အဘိဓမ္မတ္ထ ဒီပကကျမ်းစာကိုလည်း မှီငြမ်းရေးသားခဲ့ပါသည်။ အထူးအားဖြင့် ဤကျမ်းစာ၌ပါရှိသော ဆောင်ပုဒ်များသည် ဘာသာဋ္ဌီကာ ဆရာတော်နှင့် ပန်းကုံးဆရာတော်၏ ကျမ်းစာအုပ်များ၌ ပါရှိသော မိမိငယ်စဉ်က ကျက်မှတ်ခဲ့သော ဆောင်ပုဒ်များသာဖြစ်ပါသည်။ ဇယားအချို့လည်း ပန်းကုံးဆရာတော်၏ ဇယားများသာ ဖြစ်ကြပါသည်။

ရေးသားပုံ အစီအစဉ်

ဤကျမ်းစာ၌ ၁။ သရုပ်ခွဲ
၂။ ကျမ်းရင်းလာ စာသားအဓိပ္ပာယ်
၃။ ဋီကာဖွင့် အဓိပ္ပာယ်အချို့
၄။ လေ့ကျင့်ခန်း မေးခွန်း

ဤ ၄–မျိုးကို ဦးစားပေး ရေးသားထားပါသည်။ မူလက ဤကျမ်းစာကို ရေးသားရာ၌ ရဟန်းသာမဏေများ၊ အဘိဓမ္မတ္ထသင်္ဂြိဟ်ကျမ်းကို လွယ်လွယ်ကူကူ သဘောပေါက်စေလိုသော ဦးတည်ချက်ဖြင့်ရေးသားခဲ့ဖြင်းဖြစ်ပါသည်။ မိမိအမြင်ဖြင့် ကျမ်းစာတစ်မျိုး သီးခြားရေးသားခဲ့ခြင်းမဟုတ်ပါ။ ထို့ကြောင့် အဘိဓမ္မတ္ထ သင်္ဂြိဟ်ကျမ်းလာ ပါဠိစကားရပ်အချို့ကို ထည့်သွင်းရေးသားခဲ့ရပါသည်။ ထို့ပြင် ကျမ်းစာကို ကျဉ်းနိုင်သမျှ ကျဉ်းအောင် ရေးရန်ရည်ရွယ်ခဲ့သော်လည်း သင်္ဂြိဟ်ကျမ်းသည် အခြေပြုမူလတန်း၊ ငယ်၊ လတ်၊ ကြီး အတန်းများအတွက် ပြဋ္ဌာန်းကျမ်းစာဖြစ်၍ ယင်းအတန်းအားလုံးနှင့် သင့်လျော်အောင် ရေးသားခဲ့ရပါသည်။ ထို့ပြင် ဝိထိသည် ယမိုက်၊ ပဋ္ဌာန်းစသော အဘိဓမ္မာဆိုင်ရာ ကျမ်းစာတို့ကို လေ့လာရာ၌ လွန်စွာ ကျေးဇူးများပါသည်။ ပတ်ဝန်းကျင် အာရုံအားလျော်စွာ သတ္တဝါများ သန္တာန်၌ စိတ္တနိယာမအတိုင်း စိတ်အစဉ်များ ဖြစ်ပေါ်နေပုံကို

http://www.dhammadownload.com

အမှန်တကယ် သဘောပေါက်လျှင် သင်္ကြိုဟ်ကို လေ့လာရကျိုးနပ်ပါသည်။ ထို့ကြောင့် ဝိထိကို အတော်အတန် ပြည့်စုံအောင် ထည့်သွင်းရေးသားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျမ်းစာသည် မျှော်မှန်းသည့်အတိုင်း ဖြစ်မလာတော့ပါ။ စာသင်သားများ ပေါ့ပေါ့ပါးပါးကိုင်၍ကောင်းအောင် ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်ခွဲ၍ ထုတ်ဝေရခြင်းဖြစ်ပါသည်။

မေးခွန်းအဆန်း

သီတင်းသုံးဖော်အချို့နှင့် တပည့်များက မေးခွန်းအဆန်းများကို ထည့်ပေးရန် အကြံပေးကြပါသည်။ ဗုဒ္ဓအဘိဓမ္မာသည် လွန်စွာ နက်နဲကျယ်ဝန်းလှသဖြင့် မေးခွန်းကို ပုံသေသတ်မှတ်၍မရနိုင်ပါ။ မေးခွန်းထုတ်သူ၏ အသိဉာဏ်ကျယ်ပြန့်သလောက် မေးခွန်းအဆန်းများကို ပုံစံအမျိုးမျိုးဖြင့် မေး၍ရနိုင်ပါသည်။ ပြဋ္ဌာန်းကျမ်းစာ၏ အခြေခံကို ပိုင်ပိုင်နိုင်နိုင် လေ့လာထားပါက မဖြေဆိုနိုင်သောမေးခွန်းမရှိပါ။ ထို့ကြောင့် အခြေခံကို အာရုံစိုက်ပြီး လေ့လာထားရန် တိုက်တွန်းလိုပါသည်။

ဗုဒ္ဓစာပေသည် ပုထုဇဉ်တို့၏ စရိုက်ဝါသနာနှင့် အကြိုက်တွေ့သော စာပေမဟုတ်၊ တစ်နည်းအားဖြင့် ပြောရလျှင် ပုထုဇဉ်တို့၏ သားကျွေးမှု၊ မယားကျွေးမှု အတတ်ပညာမဟုတ်၊ သဒ္ဓါတရားနှင့် အသိပညာကို အခြေခံ၍ လေ့လာသင်ကြားရသော စာပေသာဖြစ်ပါသည်။ ဤအချက်ကို သဘောပေါက်သင့်ကြပါသည်။ ဗုဒ္ဓစာပေကို လိုလိုချင်ချင် မရှိသော ခေတ်စာသင်သားများအား ဗုဒ္ဓစာပေကို သင်ချင်အောင် စည်းရုံးရေးအသွင်ဖြင့်သာ စာမေးပွဲမေးခွန်းများကို မေးသင့်သည်ဟု ယူဆပါသည်။ စာမေးပွဲမေးခွန်းများသည် စာပေကို ပုံမှန်ကြိုးစားသူတိုင်း ဖြေဆိုနိုင်သော မေးခွန်းများသာဖြစ်သင့်ပါသည်။

အရွယ်နှင့်မလိုက်အောင် အလွန်မြင့်မားသော မေးခွန်းများကို မေးခြင်းဖြင့် အကျိုးမများရုံသာမက စာသင်သားများ စာမေးပွဲကျဖန်များ

http://www.dhammadownload.com

လာသောအခါ စာမကျက်တော့ဘဲ စိတ်လေလွင့်ကာ လူထွက်သွားသည် အထိ ပျက်စီးနိုင်ပါသည်။ စာမကျက်၍ စာမေးပွဲကျသူအတွက် အကြောင်း မဟုတ်သော်လည်း ရိုးရိုးသားသား စာကိုကြိုးစားနေသူများ ပျက်စီး လေလွင့် ခြင်းသည် သာသနာတော်အတွက် ဆုံးရှုံးမှုတစ်ခုပင်ဖြစ်ပါသည်။ လောကဥ် မည်သည့်အရာမျိုးမဆို အခြေခံခိုင်မာရန် လိုအပ်လှပါသည်။ အခြေခံ မခိုင်သော လုပ်ငန်းများသည် ရေရှည်မတည်တံ့နိုင်ပါ။ ထို့ကြောင့် မေးခွန်း ဆန်းများကို ထည့်သွင်းပေးရန် အကြံပေးကြသော သီတင်းသုံးဖော်များ နှင့် တပည့်များအား အခြေခံကိုသာ ခိုင်မာအောင် ကြိုးစားကြရန် ထပ်ဆင့် တိုက်တွန်းပါသည်။

တပည့်များအတွက် မှာထားချက်

စာသင်သားများသည် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး စာပေ ကျွမ်းကျင်သူများဖြစ်လိုလျှင် –

၁။ မိမိဘဝအတွက် လမ်းညွှန်ပေးမည့် ဆရာသမားကောင်းကို ရှာဖွေပါ။

၂။ ဆရာသမား၏ ဆုံးမစကားကို အမြဲလိုက်နာပါ။

၃။ ပတ်ဝန်းကျင် (အာရုံတရားများ) လူသားများနှင့် မရောထွေးအောင် အပေါင်းအသင်းများမှကို ရှောင်ကြဉ်ပါ။

၄။ စိတ်၏ငြိမ်းအေးမှုကို ပျက်ပြားစေတတ်သော ခေတ်စာပေနှင့် ရုပ်ရှင်စသော ပျော်ပွဲရွှင်ပွဲများကို အမြဲရှောင်ကြဉ်ပါ။

၅။ မိမိအတန်းဆိုင်ရာ ဘာသာရပ်အားလုံးအတွက် တစ်နေ့တာ စာလုပ်ရန် အချိန်ဇယားကို ရေးဆွဲထားပါ။

၆။ ယင်းအချိန်ဇယားအတိုင်း နေ့စဉ်မှန်မှန်ကြိုးစားပါ။

၇။ မိမိလေ့လာမည့်အပိုင်းဆိုင်ရာပါဠိကို ရအောင်ကျက်ပါ။ နေ့စဉ် မှန်မှန်စာပြန်ပါ။

၈။ နေ့စဉ် ဆရာသင်ကြားပို့ချပေးသောအနက်ကို မှန်မှန်ကျက်ပါ။

http://www.dhammadownload.com

၉။ စာတက်ရာမှပြန်လာသောအခါ ဆရာသင်ပေးလိုက်သော သရုပ်များကို မိမိကိုယ်တိုင် ကျောက်သင်ပုန်းနှင့် ပြန်ပြီးသရုပ်ခွဲပါ။

၁၀။ ဤစာအုပ်၌ ပါရှိသော မိမိအတန်းဆိုင်ရာ သရုပ်နှင့် အဓိပ္ပာယ် ကို မင်နီခြစ်ထားပြီး နေ့စဉ်မှန်မှန် ကြည့်ရှုလေ့လာပါ။

၁၁။ မိမိဘဝ တိုးတက်အောင် စေတနာကောင်းဖြင့် သင်ကြားပေးနေသော ဆရာသမားကောင်းကို တွေ့ရှိခဲ့သော် မကြာခဏ ကျောင်းပြောင်းရွှေ့မှုကို ရှောင်ကြဉ်ပါ။

ပန်ကြားချက်

ဗုဒ္ဓအဘိဓမ္မာသည် သာမန်လူသားများသဘောမပေါက်နိုင်လောက်အောင် သိမ်မွေ့နက်နဲလှပါသည်။ သို့ပါ၍ အမှားကင်းအောင် ရှေးဆရာတော်များ၏ အဘိဓမ္မာဆိုင်ရာ ကျမ်းစာများကို မှီငြမ်းလျက် ဤကျမ်းစာကို ရေးသားခဲ့ပါသည်။ သို့သော် ကျောင်းတိုက် တည်ထောင်ခါစ အချိန်ကပင် ရေးပေးခဲ့သော မူလမှတ်စုဟောင်းကို မွမ်းမံရေးသားရာ၌ တစ်နှစ်အတွင်းမှာ ပြီးအောင်ရေးသားခဲ့ရပါသည်။ တစ်နှစ်အတွင်းဆိုသော်လည်း အချိန်ပြည့် ရေးသားနိုင်ခဲ့ခြင်းမရှိပါ။ ကျောင်းတိုက်အုပ်ချုပ်ရေးနှင့် ပညာရေးကို တစ်ပါးတည်း ဦးဆောင်လျက် တာဝန်ယူနေရစဉ် အားလပ်ချိန်၌သာ ရေးသားခဲ့ရပါသည်။ မူကြမ်းရေးသားပြီးနောက် မူချောအဖြစ် တပည့်များအား ပြန်ပြီးကူးရေးစေရပါသည်။ အားလပ်ချိန်နည်း၍ အချိန်ယူပြီး စာမူကို စိတ်ကြိုက်မရေးသားနိုင်ခြင်း၊ မိမိအသိဉာဏ်မမီခြင်း စသော အကြောင်းများကြောင့် အမှားအယွင်းများ ပါကောင်းပါတတ်ပါသည်။ အမှားအယွင်းများကို တွေ့ရှိပါက မေတ္တာစိတ်ဖြင့် ပြုပြင်ဖတ်ရှုပါရန်နှင့် စာရေးသူအား အကြံပေးပါရန် ပန်ကြားအပ်ပါသည်။ ။

အရှင်ခေမိန္ဒ

၁၃၅၂-ခု၊ တန်ခူးလဆုတ် ၁၃-ရက်

(၁၁-၄-၉၁)

http://www.dhammadownload.com

သဒ္ဓိုဟ်
သရုပ်ခွဲသင်ကြားနည်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏ္ဏာမနှင့် ပဋိညာဉ်ကိုပြု

သမ္မာသမ္ဗုဒ္ဓမတုလံ စသော ဂါထာဖြင့် ပဏ္ဏာမနှင့် ပဋိညာဉ်ကို ပြုပါသည်။

ပဏ္ဏာမအဓိပ္ပာယ်။ ။ ရှိခိုးခြင်းကို ပဏ္ဏာမဟု ခေါ်ပါသည်။

ပဏ္ဏာမကို ပြုသောပါဠို

သမ္မာသမ္ဗုဒ္ဓမတုလံ၊ သသဒ္ဓမ္မဂဏုတ္တမံ။ အဘိဝါဒိယ ဟူသော ပါဠိဖြင့် ပဏ္ဏာမကို ပြု၏။

ပဏ္ဏာမကိုပြုရခြင်းအကျိုး

ကျမ်း၏အစ၌ ပဏ္ဏာမကိုပြုစီရင်ခြင်းသည် အန္တရာယ်ကင်းပျောက်၍ ကျမ်းပြီးအောင် ရေးသားစီရင်နိုင်ခြင်းအကျိုးရှိ၏။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်၌ ကျမ်းစာပြုစုရေးသားသော ပုဂ္ဂိုလ်များသည် မိမိရေးသားသော ကျမ်း၏အစမှာ ပဏ္ဏာမကို ပြုစီရင်ကြ၏။

http://www.dhammadownload.com

သမ္မမ္မသုံးမျိုး

၁။ ပရိယတ္တိသဒ္ဓမ္မ = သင်အပ်သော ပိဋကတ် ပါဠိတော်များနှင့် အဋ္ဌကထာ စသည်။

၂။ ပဋိပတ္တိသဒ္ဓမ္မ = ကျင့်အပ်သော သီလ၊ ဓုတင်၊ ကမ္မဋ္ဌာန်းစသည်။

၃။ ပဋိဝေဓသဒ္ဓမ္မ = ထိုးထွင်းသိအပ်သော မဂ်ဖိုလ်နိဗ္ဗာန်များ။

ဤသို့ သဒ္ဓမ္မသုံးမျိုးပြား၏။

ဂဏုတ္တမံ ။ ၁။ မဂ္ဂင်္ဂါန် ပုဂ္ဂိုလ်လေးယောက်၊

၂။ ဖလင်္ဂါန် ပုဂ္ဂိုလ်လေးယောက်၊

ဤရှစ်ယောက်သော အရိယာသံဃာတော်အပေါင်းကို မြတ်သော အရိယာဂိုဏ်းသံဃာဟု ခေါ်၏။

အာဘိဝါဒိယ ။ ။ ကြောက်၍ရှိခိုးရခြင်း၊ ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တ၍ ရှိခိုးရခြင်း၊ အမျိုးသား ထုံးတမ်းစဉ်လာအားဖြင့် ရှိခိုးရခြင်း၊ သူတစ်ပါး ကဲ့ရဲ့မှာစိုးရိမ်၍ ရှိခိုးရခြင်း စသည်ဖြင့် လောကဋ္ဌ ရှိခိုးကြခြင်းအမျိုးမျိုးရှိ၏။ ယင်းသို့ ရှိခိုးခြင်းမျိုး မဟုတ်ဘဲ ကြည်ညိုလေးစားသောစိတ်ဖြင့် ရိုသေစွာ ရှိခိုးခြင်းကို အထူးအားဖြင့် ရှိခိုးခြင်းဟုခေါ်၏။

ပဋိညာဉ် ။ ။ ကျမ်းစာကို ရေးသားမည်ဟု ဝန်ခံခြင်းကို ပဋိညာဉ်ဟု ခေါ်၏။

http://www.dhammadownload.com

ပဋိညာဉ်ပြပါဠိ

ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ ပါဠိဖြင့် ပဋိညာဉ်ကိုပြု၏။

အဘိဓမ္မတ္ထသင်္ဂဟံ ။ ။ အဘိဓမ္မတ္ထသင်္ဂဟံပါဠိ၌ ဓမ္မသင်္ဂဏီ စသော အဘိဓမ္မာခုနစ်ကျမ်းကို အဘိဓမ္မအရ ယူရမည်။ ယင်းအဘိဓမ္မာဒေသနာတော်၌ ဟောတော်မူအပ်သော စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ် ဟူသော အနက်တို့ကို အဘိဓမ္မတ္ထအရ ယူရမည်။

ဤသင်္ဂြိဟ်ကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟအရ ယူရမည်။

အဘိဓမ္မာ ဒေသနာတော်၌ အကျယ်အားဖြင့် ဟောတော်မူအပ်သော အနက်အဓိပ္ပာယ်တို့ကို အကျဉ်းချုံး၍ ပြဆိုထားသောကြောင့် ဤသင်္ဂြိဟ်ကျမ်းကို အဘိဓမ္မတ္ထသင်္ဂဟ ဟုခေါ်၏။

ပရမတ္ထတရား ၄-ပါးကိုပြ

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ-စသော ဂါထာဖြင့် ပရမတ္ထတရား လေးပါးကိုပြု၏။

ပရမတ္ထတရား ၄-ပါး

(၁) စိတ်၊ (၂) စေတသိက်၊ (၃) ရုပ်၊ (၄) နိဗ္ဗာန်ဟု ပရမတ္ထတရား လေးပါးရှိ၏။ ယင်းလေးပါးကို အဘိဓမ္မတ္ထ လေးပါးဟုလည်း ခေါ်၏။

မိမိသဘောမှ မဖောက်မပြန် မှန်ကန်တည့်မတ် မြင့်မြတ်သော ကြောင့်လည်းကောင်း၊ မြတ်သော သဗ္ဗညုတညာဏ်တော်၏ အာရုံဖြစ်သော ကြောင့်လည်းကောင်း၊ ယင်း စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့ကို ပရမတ္ထဟုခေါ်၏။

စိတ်ပိုင်း

တတ္ထ စိတ္တံ တာဝ စသောစကားရပ်ဖြင့် အဘိဓမ္မတ္ထ လေးပါး၏ အကျယ်ကိုပြ၏။ ထိုတွင် –

(က) တတ္ထ စိတ္တံ တာဝမှစ၍ စိတ်ပိုင်းကုန်အောင်သော စကားရပ်ဖြင့် စိတ္တံ ဟူသော အကျဉ်း ဥဒ္ဒေသ၏အကျယ် နိဒ္ဒေသကိုပြ၏။

(ခ) စေတသိက်ပိုင်းဖြင့် စေတသိကံ–ဟူသော အကျဉ်း ဥဒ္ဒေသ၏ အကျယ် နိဒ္ဒေသကိုပြ၏။

(ဂ) ပကိဏ်းပိုင်းဖြင့် စိတ္တံ စေတသိကံ–ဟူသော အကျဉ်း ဥဒ္ဒေသ၏အကျယ်ကို ထပ်ဆင့် ချဲ့ဖွင့်သော ပဋိနိဒ္ဒေသကို ပြ၏။

(ဃ) ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်းတို့ဖြင့် စိတ်၊ စေတသိက်တို့၏ ပဝတ္တိအခါ၊ ပဋိသန္ဓေအခါ၊ စုတိအခါတို့၌ ဖြစ်ပုံကို ထပ်ဆင့် ဖွင့်ပြ၏။

(င) ရုပ်ပိုင်းအစမှ ရူပပဝတ္တိက္ကမ အဆုံးတိုင်အောင်သော စကားရပ်ဖြင့် ရူပံဟူသောအကျဉ်းဥဒ္ဒေသ၏အကျယ်နိဒ္ဒေသကို ပြ၏။

(စ) ရုပ်ပိုင်း အဆုံး၌လာသော ''နိဗ္ဗာနံ ပန လောကုတ္တရ သခ်ီတံ (ပ)တထာဂတာ–ဟူသော စကားရပ်ဖြင့် နိဗ္ဗာနံ ဟူသော အကျဉ်းဥဒ္ဒေသ၏အကျယ် နိဒ္ဒေသကိုပြ၏။

http://www.dhammadownload.com

(ဆ) သမုစ္စည်းပိုင်း၊ ပစ္စည်းပိုင်း၊ ကမ္မဋ္ဌာန်းပိုင်းတို့ဖြင့် စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာတို့ကို စုပေါင်းကာ ဆက်လက်ပြထား၏။

ဘုံစိတ်အပြား ၄-ပါး

၁။ **ကာမာဝစရစိတ်** = အာရုံပြုသောအားဖြင့် ကာမတဏှာ၏ ဖြစ်ရာ (ကျင်လည်ရာ) စိတ်၊ ကာမ ၁၁-ဘုံ၌ များသော အားဖြင့် သက်ဝင်၍ဖြစ်သောစိတ်။

၂။ **ရူပါဝစရစိတ်** = အာရုံပြုသောအားဖြင့် ရူပတဏှာ၏ ဖြစ်ရာ (ကျင်လည်ရာ) ဖြစ်သောစိတ်၊ အသည်းသတ်ကြဉ် ရူပ ၁၅-ဘုံ၌ များသောအားဖြင့် သက်ဝင်၍ဖြစ်သောစိတ်။

၃။ **အရူပါစရစိတ်** = အာရုံပြုသောအားဖြင့် အရူပတဏှာ၏ဖြစ်ရာ (ကျင်လည်ရာ)ဖြစ်သောစိတ်၊ အရူပ ၄-ဘုံ၌ များသောအားဖြင့် သက်ဝင်၍ဖြစ်သောစိတ်။

၄။ **လောကုတ္တရာစိတ်** = ဥပါဒါနက္ခန္ဓာဟုဆိုအပ်သော သခါရလောကမှ လွန်မြောက်ဆဲ၊ လွန်မြောက်ပြီးဖြစ်သောစိတ်ဟူ၍ ဘူမိဘေဒအားဖြင့် စိတ် ၄-မျိုးပြား၏။

ရှေ့နောက်စဉ်ပုံ

၁။ ကာမာဝစရစိတ်သည် အညံ့စား ဟီနစိတ်ဖြစ်၏။
၂။ ရူပါဝစရစိတ်သည် အမြတ်ဥက္ကဋ္ဌစိတ်ဖြစ်၏။
၃။ အရူပါဝစရစိတ်သည် အထူးအမြတ် ဥက္ကဋ္ဌတရစိတ်ဖြစ်၏။
၄။ လောကုတ္တရာစိတ်သည် အမြတ်ဆုံး ဥက္ကဋ္ဌတမစိတ်ဖြစ်၏။

http://www.dhammadownload.com

ဤသို့ ဟီန၊ ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌတရ၊ ဥက္ကဋ္ဌတမ အစဉ်အားဖြင့် ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာဟု စိတ် ၄-မျိုးကို ရှေ့နောက် စဉ်ထားရ၏။

အကုသိုလ်စိတ်

ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သော စိတ်ကို အကုသိုလ်စိတ်ဟု ခေါ်၏။ မိတ်ဆွေ၏ ဆန့်ကျင်ဘက်ကို ရန်သူဟုခေါ်သကဲ့သို့တည်း။ ထိုအကုသိုလ်စိတ်သည် (၁၂) ပါး အပြားရှိ၏။

လောဘမူစိတ်

အာရုံတရား၌ လိုချင်တပ်မက်တွယ်တာမှုသဘောကို လောဘဟု ခေါ်၏။ ထိုလောဘသည် မိမိနှင့်အတူတကွ ယှဉ်တွဲဖြစ်ပေါ်သော တရားတို့ကို ခိုင်မြဲစေတတ်သောကြောင့် ရေသောက်မြစ်နှင့်တူ၏။ ထို့ကြောင့် လောဘကို မူလဟုခေါ်၏။ ထိုသို့ လောဘဟူသော မူလရှိသောကြောင့် လောဘမူလစိတ်ဟုခေါ်၏။ မူလမှ (လ)ကို ပယ်ဖြုတ်၍ လောဘမူစိတ်ဟု လည်းခေါ်၏။

လူသားများသည် ပစ္စည်းလှလှကို တွေ့မြင်သောအခါ လိုချင်ကြ၏။ ယင်း လိုချင်သောစိတ်ကို လောဘမူစိတ်ဟုခေါ်၏။ လူသားများသည် များသောအားဖြင့် လောဘမူစိတ်ဖြင့် သွားလာ လှုပ်ရှားနေကြ၏။ ရှာဖွေစားသောက်ကြ၏။ ဝတ်စားဆင်ယင်ကြ၏။

အကုသိုလ်စိတ် (၁၂) ပါး

လောဘမူစိတ် (၈) ပါး

(ကျက်ရန်)

တတ္ထ ကတမံ ကာမာဝစရံ။ ပ။ လောဘသဟဂတစိတ္တာနိနာမ ဟူသော စကားရပ်ဖြင့် လောဘမူစိတ် (၈) ပါးကိုပြ၏။

http://www.dhammadownload.com

ထို လောဘမူစိတ်သည် –

၁။ သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၂။ သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊
၃။ သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၄။ သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊
၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု၊
၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု၊

ဤသို့ (၈) ပါးပြား၏။။

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။ သောမနဿသဟဂုတ်စိတ် ၄–ပါး
၂။ ဥပေက္ခာသဟဂုတ်စိတ် ၄–ပါး
ပေါင်း **၈–ပါး**

သမ္ပယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။ သမ္ပယုတ်စိတ် ၄–ပါး
၂။ ဝိပ္ပယုတ်စိတ် ၄–ပါး
ပေါင်း **၈–ပါး**

သင်္ခါရဘေဒအားဖြင့်ရေတွက်ပုံ

၁။ အသင်္ခါရိကစိတ် ၄–ပါး
၂။ သသင်္ခါရိကစိတ် ၄–ပါး
ပေါင်း **၈–ပါး**

မှတ်ချက် ။ ။ လောဘမူစိတ်ကို ဝေဒနာဒိဘေဒစိတ်ဟုလည်းခေါ်၏။။

http://www.dhammadownload.com

သောမနဿစိတ် ဖြစ်ကြောင်းတရား

၁။ သဘာဝကြွဉာဏ်၊ ပရိကပ္ပကြွဉာဏ်တို့တွင် တစ်ပါးပါးဖြစ်ခြင်း၊
၂။ သောမနဿသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေခဲ့သူဖြစ်ခြင်း၊
၃။ စိတ်နေသဘောထား မလေးနက်သူဖြစ်ခြင်း –

ဤအကြောင်းသုံးပါးသည် သောမနဿသဟဂုတ်စိတ် ဖြစ်ပေါ်ကြောင်း တရားများဖြစ်ကြ၏။

မှတ်ချက် ။ ။ ပကတိ လူသားအများ နှစ်သက်အပ်သော အာရုံကို သဘာဝကြွဉာဏ်ဟု ခေါ်၏။ လူအများက မနှစ်သက်၍ အနိဋ္ဌာရုံဟု သတ်မှတ်ထားသော်လည်း အချို့ပုဂ္ဂိုလ်တို့၏ စိတ်ထဲ၌ နှစ်သက်စရာဟု ထင်မှတ်သော အာရုံမျိုးကို ပရိကပ္ပကြွဉာဏ်ဟုခေါ်၏။ **ဥပမာ** – ခွေးနှင့် ဇမ္ဗုက ကဲ့သို့ အချို့လူများ မစင်ကို လိုလိုချင်ချင် စားသုံးခြင်းမျိုးတည်း။

ဥပေက္ခာစိတ်ဖြစ်ကြောင်းတရား

၁။ ကြွဉမဏ္ဍ တ္တာရုံဖြစ်ခြင်း၊
၂။ ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေ နေခဲ့သူဖြစ်ခြင်း၊
၃။ စိတ်နေသဘောထား လေးနက်သူဖြစ်ခြင်း၊

ဤအကြောင်းသုံးပါးသည် ဥပေက္ခာသဟဂုတ်စိတ် ဖြစ်ပေါ်ကြောင်းတရားများဖြစ်ကြ၏။

မှတ်ချက် ။ ။ လွန်လွန်ကဲကဲ အလိုရှိအပ် နှစ်သက်အပ်သောအာရုံကို အတိကြွဉာရုံဟုခေါ်၏။ အတော်အတန် အလိုရှိအပ်၊ နှစ်သက်အပ်သော အာရုံ (အလယ်အလတ်တန်းစား အာရုံ)ကို ကြွဉာပဇ္ဇ တ္တာရုံဟု ခေါ်၏။

ဒိဋ္ဌိဖြစ်ကြောင်းတရား

၁။ မိစ္ဆာအယူရှိသူ(ဘာသာခြား)ကို မှီဝဲဆည်းကပ်ပေါင်းသင်းဆက်ဆံခြင်း။

http://www.dhammadownload.com

၂။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဟူသော တစ်ပါးပါးသော မိုရာ အာသယ ရှိခြင်း။

ဤအကြောင်းနှစ်ပါးသည် ဒိဋ္ဌိဖြစ်ပေါ်ကြောင်းတရားများဖြစ်ကြ၏။

မှတ်ချက် ။ ။အချို့ပုဂ္ဂိုလ်များ အာရုံ (၆) ပါးနှင့်တကွ လောကဋ္ဌ အတ္တရှိ၏၊ ထိုအတ္တသည် ပျက်စီးမှုမရှိဘဲ မြဲ၏ဟု တွေးခေါ်ယူဆကြ၏။ ထိုအတွေးမှား၊ အယူမှားကို သဿတဒိဋ္ဌိဟုခေါ်၏။

အာရုံ (၆)ပါးနှင့်တကွ လောကဋ္ဌ အတ္တရှိ၏။ ထိုအတ္တသည် အမြဲ မတည် နိုင်။ ဖောက်ပြန်ပျက်စီးတတ်၏ဟု တွေးခေါ်ယူဆကြ၏။ ထိုအတွေး မှား၊ အယူမှားကို ဥစ္ဆေဒဒိဋ္ဌိဟု ခေါ်၏။

အသခ်ါရိကစိတ်ဖြစ်ကြောင်းတရား

၁။ အသခ်ါရိက ကံကြောင့် အသခ်ါရိကစိတ်ဖြင့် ပဋိသန္ဓေတည် နေခဲ့ခြင်း၊

၂။ ခန္ဓာကိုယ် ကျန်းမာခြင်း၊

၃။ နေပူမိုးရွာ၊ ဆောင်းနွေအခါတို့၌ အချမ်းအပူကို ဂရုမစိုက် ခြင်း၊

၄။ လုံ့လဝီရိယ၏အကျိုးကို ယုံကြည်ခြင်း၊

၅။ မိမိပြုလုပ်နေကျ ကိစ္စ၌ အလေ့အကျင့်ရခြင်း၊

၆။ ဥတုဘောဇဉ်များ မျှတခြင်း

ဤအကြောင်းတရား (၆) ပါးသည် အသခ်ါရိကစိတ် ဖြစ်ပေါ်ကြောင်း တရားများဖြစ်ကြ၏။

မှတ်ချက် ။ ။ ဦးကာကျော်၌ ဥတုဘောဇဉ် မျှတခြင်းစသောအကြောင်း တို့သည် အသခ်ါရိကဖြစ်ကြောင်းများတည်းဟု နံပါတ် (၆) အကြောင်း တစ်ချက်ကိုသာပြ၏။ သသခ်ါရိကစိတ်ဖြစ်ကြောင်းကို ပြောင်းပြန်ယူပါ။

http://www.dhammadownload.com

လောဘမူစိတ် ဝေါဟာရ ရှင်းလင်းချက်

၁။ နှစ်သက်ဝမ်းမြောက်မှု၊ ရွှင်ပြပြုံးရယ်မှုရှိလျှင် သောမနဿစိတ်ဟု မှတ်သားထားပါ။

၂။ နှစ်သက်ဝမ်းမြောက်မှု၊ ရွှင်ပြပြုံးရယ်မှုများ မရှိဘဲ တွေ့ကြုံရသော အာရုံမှန်သမျှကို လျစ်လျူရှုကာ တည်ငြိမ်သော ကိုယ်အမူအရာ ဖြစ်ပေါ်လျှင် ဥပေက္ခာစိတ်ဟု မှတ်သားထားပါ။

၃။ ကံ၊ ကံ၏အကျိုးကို မယုံကြည်ခြင်းကြောင့် အကုသိုလ်ကို ပြုလုပ်သော်လည်း အပြစ်မရှိဟု ယူဆလျှင် ဒိဋ္ဌိဂတသမ္ပယုတ် စိတ်ဟု မှတ်သားထားပါ။ **(ကံ၊ ကံ၏အကျိုးကို မယုံကြည်သော ဘာသာမဲ့နှင့် ဘာသာခြားပုဂ္ဂိုလ်များ၌ ဖြစ်တတ်၏)**

၄။ အကုသိုလ်ကိုပြုလုပ်လျှင် သံသရာ၌ အပြစ်ရှိ၏ဟု ယူဆလျှင် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်ဟုမှတ်ပါ။ (ကံ၊ ကံ၏အကျိုးကို ယုံကြည် သော ဗုဒ္ဓဘာသာ၌ ဖြစ်တတ်၏။)

၅။ အကုသိုလ်ကိုပြုလုပ်ရာ၌ သူတစ်ပါးတိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ မြှောက်ပင့်ပြောဆိုမှု၊ အကြံပေးမှုမရှိပါဘဲ မိမိကိုယ်တိုင် တက်တက်ကြွကြွ အားတက်သရော ပြုလုပ်လျှင် အသခ်ါရိက စိတ်ဟုမှတ်ပါ။

၆။ သူတစ်ပါး တိုက်တွန်းအကြံပေးမှု၊ လှုံ့ဆော်မှုကြောင့် ပြုလုပ် လျှင် သသခ်ါရိကစိတ်ဟု မှတ်ပါ။

[နမူနာမေးခွန်း]

၁။ သူတစ်ပါးပစ္စည်းကို ခိုးယူသော်လည်း အပြစ်မရှိဟု ယူဆကာ နှစ်သက်ဝမ်းမြောက်လျက် မည်သူမျှ မတိုက်တွန်းဘဲ ထက်မြက်တက်ကြွသောစိတ်ဖြင့် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၏ သန္တာန်၌ ဖြစ်သင့်သောစိတ်ကို ဖော်ပြပါ။

http://www.dhammadownload.com

၂။ သူတစ်ပါးပစ္စည်းကို ခိုးယူလျှင် အပြစ်ရှိ၏ဟု သိသော်လည်း စားဝတ်နေရေး အဆင်မပြေ၍ ဇနီး၏တိုက်တွန်းပူဆာမှုကြောင့် ဝမ်းမြောက်ရွှင်ပျမှုမရှိဘဲ ပကတိတည်ငြိမ်သော စိတ်ထားဖြင့် သူတစ်ပါးပစ္စည်းကို ခိုးယူသူ၏သန္တာန်၌ ဖြစ်သင့်သောစိတ်ကို ဖော်ပြပါ။

ဒေါသမူစိတ်

မနှစ်သက်ဖွယ်အနိဋ္ဌာရုံနှင့် တွေ့ကြုံလာသောအခါ အမျက်ထွက်စိတ်ဆိုးလျက် ကိုယ်ရောစိတ်ပါ ကြမ်းတမ်းခက်ထန်လာခြင်းသည် ဒေါသမည်၏။ ထိုဒေါသသည် မူလလည်းမည်၏။ ထိုသို့ ဒေါသမူလရှိသောကြောင့် ဒေါသမူလစိတ်ဟုခေါ်၏။ မူလမှ လ,ကိုပယ်ဖြုတ်၍ ဒေါသမူစိတ်ဟုလည်းခေါ်၏။

ဒေါသမူစိတ် (၂) ပါး

(ကျက်ရန်)

၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု

၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု

ဤသို့ ဒေါသမူစိတ် (၂) ပါးပြား၏။

မှတ်ချက် ။ ။ ဒေါသမူစိတ်၌ အသင်္ခါရိက၊ သသင်္ခါရိက နှစ်မျိုးကွဲပြားသောကြောင့် ဒေါသမူစိတ်ကို သင်္ခါရဘေဒစိတ်ဟုခေါ်၏။

ဒေါမနဿ-ပဋိဃ ဖြစ်ကြောင်းတရား

၁။ အလုံးစုံသော အနိဋ္ဌာရုံဖြစ်ခြင်း၊

၂။ (၉)ပါးသော အာဃာတဝတ္ထုဖြစ်ခြင်း။

ဤအကြောင်းနှစ်ပါးသည် ဒေါမနဿနှင့် ပဋိဃဖြစ်ပေါ်ကြောင်းတရားများဖြစ်ကြ၏။

http://www.dhammadownload.com

မောဟမူစိတ်

မောဟမူဟ–ဟု ဆိုလိုလျက် ရှေ့ဟ–ကို ချေ၍ မောမူဟ–ဟု ဖြစ်လာ၏။ ထိုတွင် မောဟသဒ္ဒါသည် တွေဝေခြင်းအနက်ကို ဟော၏။ မူဟသဒ္ဒါသည်လည်း တွေဝေခြင်းအနက်ကိုပင် ဟော၏။ ထို့ကြောင့် တွေဝေ တွေဝေသောစိတ်၊ အလွန်အလွန် တွေဝေသောစိတ်ဟု ဆိုလို၏။ တွေဝေခြင်းဟုဆိုရာ၌ ဝိစိကိစ္ဆာကဲ့သို့ အာရုံကို မဆုံးဖြတ်နိုင်ဘဲ တွေဝေခြင်းမျိုးမဟုတ်၊ အာရုံ၏အမှန်သဘောကို မသိခြင်းကို တွေဝေခြင်းဟု ဆို၏။

မောဟဟူသော မူလရှိသောကြောင့် ဤစိတ်ကို မောဟမူလစိတ် ဟုခေါ်၏။ လ,ကိုချေ၍ မောဟမူစိတ်ဟုလည်းခေါ်ကြ၏။

မောဟမူစိတ် (၂) ပါး

(ကျက်ရန်)

၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ခု
၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁–ခု
ဤသို့ မောဟမူစိတ် (၂) ပါးပြား၏။

မှတ်ချက် ။ ။ မောဟမူစိတ်သည် ဝိစိကိစ္ဆာသမ္ပယုတ်၊ ဥဒ္ဓစ္စသမ္ပယုတ်ဟု သမ္ပယောဂအားဖြင့် နှစ်မျိုးကွဲပြား၏။ ထို့ကြောင့် ဟောမူစိတ်ကို သမ္ပယောဂဘေဒစိတ်ဟု ခေါ်ကြ၏။

အသင်္ခါရိက၊ သသင်္ခါရိကဟု ကွဲပြားမှုမရှိသောကြောင့် မောဟမူစိတ်ကို သင်္ခါရဝ်မုတ်စိတ်ဟုလည်းခေါ်ကြ၏။

အကုသိုလ်စိတ် (၁၂) ပါးကို မူလဘေဒအားဖြင့်ရေတွက်ပုံ

၁။ လောဘမူစိတ် ၈–ပါး
၂။ ဒေါသမူစိတ် ၂–ပါး
၃။ မောဟမူစိတ် ၂–ပါး
ပေါင်း ၁၂–ပါး ဖြစ်၏။

http://www.dhammadownload.com

အမှာ ။ ။ အကုသိုလ်(၁၂)ပါးကို ရေတွက်ပြပါဟု သာမညမေးလျှင် အထက်ပါအတိုင်းဖြေပါ။

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၄-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၆-ပါး
၃။	ဒေါမနဿသဟဂုတ်စိတ်	၂-ပါး
	ပေါင်းအကုသိုလ်စိတ်	**၁၂-ပါး** ဖြစ်၏။

သမ္ပယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။	သမ္ပယုတ်စိတ်	၈-ပါး
၂။	ဝိပ္ပယုတ်စိတ်	၄-ပါး
	ပေါင်းအကုသိုလ်စိတ်	**၁၂-ပါး** ဖြစ်၏။

သခ်ါရဘေဒအားဖြင့် ရေတွက်ပုံ

၁။	အသင်္ခါရိကစိတ်	၆-ပါး
၂။	သသင်္ခါရိကစိတ်	၆-ပါး
၃။	အသင်္ခါရိက-သသင်္ခါရိက မဟုတ်သော မောဟမူစိတ်	၂-ပါး
	ပေါင်းအကုသိုလ်စိတ်	**၁၂-ပါး**

အကုသိုလ်စိတ်တွင် -

၁။	ဥပေက္ခာသာဖြစ်၍ ဝိပ္ပယုတ်မဖြစ်သောစိတ်	၄-ပါး
၂။	ဝိပ္ပယုတ်သာဖြစ်၍ ဥပေက္ခာမဖြစ်သောစိတ်	၂-ပါး
၃။	ဥပေက္ခာ၊ ဝိပ္ပယုတ်နှစ်ပါးစုံဖြစ်သောစိတ်	၂-ပါး
၄။	ဥပေက္ခာ၊ ဝိပ္ပယုတ်နှစ်ပါးစုံ မဖြစ်သောစိတ်	၄-ပါး
	ပေါင်းအကုသိုလ်စိတ်	**၁၂-ပါး**

http://www.dhammadownload.com

ဟိတ်အားဖြင့် ရေတွက်ပုံ

၁။ ကေဟိတ်စိတ် ၂–ပါး
၂။ ဒွိဟိတ်စိတ် ၁၀–ပါး
ပေါင်းအကုသိုလ်စိတ် ၁၂–ပါး

အကုသိုလ်စိတ် ၁၂–ပါးပြားရခြင်းအကြောင်း

လောဘမူစိတ် (၈) ပါး၊ ဒေါသမူစိတ် (၂) ပါး၊ မောဟမူစိတ် (၂) ပါးပြားသောကြောင့် အကုသိုလ်စိတ် (၁၂) ပါး ပြားရ၏။

သောမနဿသဟဂုတ်စိတ် ၄–ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

ဤသို့အားဖြင့် အကုသိုလ်စိတ်၌ သောမနဿသဟဂုတ်စိတ် (၄) ပါးရှိ၏။

ဥပေက္ခာသဟဂုတ်စိတ် ၆–ပါး

၁။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၅။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁–ခု

http://www.dhammadownload.com

၆။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁-ခု
ဤသို့အားဖြင့် အကုသိုလ်စိတ်၌ ဥပေက္ခာသဟဂုတ်စိတ် ၆-ပါး ရှိ၏။

သမ္ပယုတ်စိတ် ၈-ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၅။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၆။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၇။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ် ၁-ခု
၈။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် ၁-ခု
ဤသို့အားဖြင့် အကုသိုလ်စိတ်၌ သမ္ပယုတ်စိတ် ၈-ပါးရှိ၏။

ဝိပ္ပယုတ်စိတ် ၄-ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
ဤသို့အားဖြင့် အကုသိုလ်စိတ်၌ ဝိပ္ပယုတ်စိတ် ၄-ပါးရှိ၏။

အသင်္ခါရိကစိတ် ၅-ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု

http://www.dhammadownload.com

၂။ သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု
၅။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ခု

သသင်္ခါရိက ၅-ပါး

၁။ သောမနဿသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၂။ သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၃။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၄။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
၅။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ခု
ဤသို့အားဖြင့် အကုသိလ်စိတ်၌ သသင်္ခါရိကစိတ် (၅) ပါးရှိ၏။

အမှာ ။ ။ အဟိတ်စိတ်၊ ကာမာဝစရသောဘနစိတ် စသည်တို့၌လည်း ဤနည်းကိုမှီ၍ ဆရာက ရသင့်သမျှ သောမနဿ၊ ဥပေက္ခာ စသည်ဖြင့် သဘောတူရာ စုပေါင်းလျက် သရုပ်ခွဲပြပါလေ။

[လေ့ကျင့်ခန်း]

၁။ အဘိဝါဒိယ၌ မည်ကဲ့သို့ရှိခိုးခြင်းကို အထူးအားဖြင့် ရှိခိုးခြင်းဟု ခေါ်ပါသနည်း။

အမှာ ။ ။ ဘုရားရှိခိုးရာ၌ ရှိရမည့် စိတ်နေစိတ်ထားကို အဘိဝါဒိယပုဒ် အဖွင့်ကိုမျှော်၍ ဖော်ပြခဲ့ပါဟု အစိုးရပထမငယ်တန်း၌ မေးဖူးပါသည်။

http://www.dhammadownload.com

၂။ အယူမှားသူတစ်ယောက်ဖြစ်စေရန် လိုအပ်သောအကြောင်းတရား များကို ဖော်ပြ၍ ဒုစရိုက်မှုကို ပြုကျင့်လျှင် အပြစ်ရှိသည်ဟု သိသော်လည်း လူငယ်ပီပီ စိတ်ကို မထိန်းသိမ်းနိုင်ခြင်းကြောင့် မည်သူကမျှ မြောက်ပင့်ပြောဆိုမှု မရှိဘဲ ရွှင်ပြုံးကျေနပ်သော စိတ်ဖြင့် အမျိုးသမီးတစ်ဦးအပေါ်၌ အဓမ္မပြုကျင့်သော ဗုဒ္ဓဘာသာ ခေတ် လူငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်ကို တိကျစွာ ဖော်ပြပါ။

၃။ မြို့ထဲက တိုင်းရင်းသား ထမင်းဆိုင်က ဟင်းချက်သိပ်ကောင်းတာပဲဟု ပြောသံကြားဖူးသောကြောင့် ထမင်းစားလို၍ ယင်းထမင်းဆိုင်ကို ကျေနပ်စွာ လိုက်ရှာနေသော အမျိုးသား၏ သန္တာန်၌ ဖြစ်ပေါ်နေသော စိတ်ကို တိကျစွာ ဖော်ပြပါ။

၄။ အပြစ်ရှိမှန်းမသိဘဲ ညစ်ညမ်းသောဝတ္ထုကို စိတ်ဝင်စားစွာ ဖတ်ရှုနေသော မိန်းကလေးသန္တာန်၌ ဖြစ်ပေါ်သောစိတ်ကို ဖော်ပြပါ။

အဟိတ်စိတ် ၁၈–ပါး

လောဘ စသော ယှဉ်ဖော်ယှဉ်ဘက် သမ္ပယုတ်ဟိတ် မရှိသောကြောင့် အဟိတ်စိတ်ဟု ခေါ်၏။

မှတ်ချက် ။ ။ အဟိတ်စိတ် (၁၈)ပါးကို ကိစ္စဘေဒစိတ်၊ ဒွါရဘေဒစိတ်၊ ဝတ္ထုဘေဒစိတ်၊ နိဿယဘေဒစိတ်ဟု ခေါ်၏။

အကုသလ ဝိပါက်စိတ်

အကုသိုလ်၏ အကျိုးဖြစ်သော စိတ်ကို အကုသလ ဝိပါက်စိတ်ဟု ခေါ်၏။

http://www.dhammadownload.com

အကုသလဝိပါက်စိတ် (၇) ပါး

(ကျက်ရန်)

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁ – ခု၊
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် ၁ – ခု၊
၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် ၁ – ခု၊
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် ၁ – ခု၊
၅။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ၁ – ခု၊
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိန်းစိတ် ၁ – ခု၊
၇။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ – ခု၊

ဤသို့အားဖြင့် အကုသလဝိပါက်စိတ် ၇–ပါး ပြား၏။

မှတ်ချက် ။ ။ စက္ခု စသောမှီရာ သမ္ပဋိစ္ဆိန်း စသော ကိစ္စတို့ အပြားအားဖြင့် အကုသလဝိပါက်စိတ် ၇–ပါးပြား၏။ ထိုအကုသလဝိပါက်စိတ် ၇–ပါးတွင် ဒုက္ခသဟဂုတ်စိတ် ၁–ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၆–ပါး ပါရှိ၏။

သန္တီရဏစိတ်သည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်မျိုးလုံးဖြစ်၏။ စက္ခုဝိညာဏ်စသော ကြွင်းသော ၆–ပါးသည် ပဝတ္တိအကျိုးမျှသာဖြစ်၏။

အဟိတ်ကုသလဝိပါက်စိတ်

ယှဉ်ဘက်ဟိတ် မရှိသောကြောင့်လည်းကောင်း၊ ကုသိုလ်၏အကျိုးဖြစ်သောကြောင့်လည်းကောင်း အဟိတ်ကုသလဝိပါက်စိတ်ဟုခေါ်၏။

အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး

(ကျက်ရန်)

၁။ ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် ၁ – ခု၊
၂။ ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် ၁ – ခု၊

http://www.dhammadownload.com

၃။ ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် ၁ – ခု၊
၄။ ဥပေက္ခာသဟဂုတ် ဇိဝှါဝိညာဏ်စိတ် ၁ – ခု၊
၅။ သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁ – ခု၊
၆။ ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိန်းစိတ် ၁ – ခု၊
၇။ သောမနဿသဟဂုတ် သန္တီရဏစိတ် ၁ – ခု၊
၈။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၁ – ခု၊
ဤသို့အားဖြင့် အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး ပြား၏။

မှတ်ချက်။ ။ အဟိတ်ကုသလ ဝိပါက်စိတ်တွင် သုခသဟဂုတ်စိတ် ၁–ခု၊ သောမနဿ သဟဂုတ်စိတ် ၁–ခု၊ ဥပေက္ခာသဟဂုတ်စိတ် ၆–ခု ပါရှိ၏။ ဥပေက္ခာသဟဂုတ် သန္တီရဏ စိတ်သည် ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုးနှစ်ပါးလုံးဖြစ်၏။ ကြွင်းသော စက္ခုဝိညာဏ် စသော စိတ် (၇) ပါးသည် ပဝတ္တိအကျိုးမျှသာဖြစ်၏။

တထာ သောတ ဝိညာဏဝဉ္စပါရှိသော တထာသဒ္ဒါဖြင့် သောတ ဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်စိတ်တို့လည်း ဥပေက္ခာသဟဂုတ်စိတ်ဖြစ်သည်ဟု ညွှန်ပြ၏။ အဟိတ်ကုသလဝိပါက်စိတ် ၈–ပါး ပြားရခြင်း အကြောင်းကို အကုသလဝိပါက်စိတ်အတိုင်း ဖြေပါ။

ဒွေပဉ္စဝိညာဏ်–၁၀

၁။ စက္ခုဝိညာဏ် ဒွေ
၂။ သောတဝိညာဏ် ဒွေ
၃။ ဃာနဝိညာဏ် ဒွေ
၄။ ဇိဝှာဝိညာဏ် ဒွေ
၅။ ကာယဝိညာဏ် ဒွေ

အမှာ ။ ။ မျက်စိနှစ်လုံးရှိသောကြောင့် စက္ခုဝိညာဏ်ဒွေဟု ခေါ်သလော၊ လျှာတစ်ခုတည်းရှိပါလျက် အဘယ်ကြောင့်

http://www.dhammadownload.com

ဇိဝှာဝိညာဏ်ဒွေဟု ဆိုရသနည်းဟု အစိုးရအခြေပြု မူလတန်း၌ မေးဖူးပါသည်။

အကုသလဝိပါက် စက္ခုဝိညာဏ်၊ အဟိတ်ကုသလဝိပါက် စက္ခုဝိညာဏ်ဟု စက္ခုဝိညာဏ်နှစ်မျိုးရှိသောကြောင့် စက္ခုဝိညာဏ် ဒွေ-ဟု ခေါ်ပါသည်။

အကုသလဝိပါက် ဇိဝှာဝိညာဏ်၊ အဟိတ်ကုသလဝိပါက် ဇိဝှာဝိညာဏ်ဟု ဇိဝှာဝိညာဏ် နှစ်မျိုးရှိသောကြောင့် လျှာတစ်ခုသာရှိသော်လည်း ဇိဝှာဝိညာဏ် ဒွေ-ဟုဆိုရပါသည်ဟု ဖြေပါ။

သောတဝိညာဏ် စသည်ကိုမေးလျှင် အထက်ပါအတိုင်းဖြေပါ။

သမ္မဋ္ဌိ စ္ဆိန်း စိတ် ၂-ခု၊ သန္တီရဏစိတ် ၃-ခု ရှိ၏။

အဟေတုကဝိသေသန

အကုသလဝိပါက်သည် အဟိတ်တစ်မျိုးသာရှိ၏။ သဟိတ်မရှိပါ။ ယင်းသို့ ယုံမှား (တားမြစ်) စရာ သဟိတ်ဝိပါက်မရှိသောကြောင့် အဟေတုကသဒ္ဒါဖြင့် အထူးမပြုဘဲ ''အကုသလဝိပါက်စိတ်'' ဟုသာ ဆိုရ၏။

ကုသလဝိပါက်စိတ်သည်ကား အဟိတ်ဝိပါက်၊ သဟိတ်ဝိပါက် နှစ်မျိုးရှိသောကြောင့် ယုံမှားစရာရှိ၏။ ထို့ကြောင့် သဟိတ်ဝိပါက်ကို တားမြစ်လို၍ အဟေတုကသဒ္ဒါဖြင့် အထူးပြုလျက် အဟိတ်ကုလသဝိပါက်စိတ်ဟု ဆိုရ၏။

အဟိတ်ကြိယာစိတ် ၃-ပါး

၁။ ဥပေက္ခာသဟဂုတ် ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ် ၁ - ခု၊
၂။ ဥပေက္ခာသဟဂုတ် မနောဒ္ဝါရာဝဇ္ဇန်းစိတ် ၁ - ခု၊
၃။ သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁ - ခု၊
ဤသို့ အဟိတ်ကြိယာစိတ် ၃-ပါးပြား၏။

http://www.dhammadownload.com

အာဝဇ္ဇန်း ဒွေ

ပဥ္စဒွါရာဝဇ္ဇန်းစိတ်နှင့် မနောဒွါရာဝဇ္ဇန်းစိတ်ကို အာဝဇ္ဇန်းဒွေဟု ခေါ်၏။ ယင်း အာဝဇ္ဇန်းဒွေသည် ပုထုဇဉ်များ သန္တာန်၌ ရနိုင်သော ကြိယာစိတ်ဖြစ်၏။

မနောဒွါရာဝဇ္ဇန္၌ မနောဒွါရအရ

မနောဒွါရာဝဇ္ဇန်း၏ အနန္တရပစ္စည်းဖြစ်သော ဘဝင်စိတ်သည် မနောဒွါရာဝဇ္ဇန္၌ မနောဒွါရမည်၏။

အဟေတုက ဝိသေသန

ကြိယာစိတ်သည် အဟိတ်ကြိယာ၊ သဟတ်ကြိယာဟု နှစ်မျိုးရှိသောကြောင့် ယုံမှားစရာရှိ၏။ ထို့ကြောင့် သဟိတ်ကြိယာစိတ်ကို တားမြစ်လို၍ အဟေတုကသဒ္ဒါဖြင့် အထူးပြုလျက် အဟိတ်ကြိယာစိတ်ဟု ဆိုရ၏။

မှတ်ချက်။ ။ (က) မနောဒွါရာဝဇ္ဇန်းစိတ်ကို ဆင်ပြောင်ကြီးနှင့်တူသော မဟာဂဖစိတ်ဟုခေါ်၏။ သဗ္ဗညုတဉာဏ်တော်နှင့် အလားတူသော စိတ်ဟုလည်းခေါ်၏။

(ခ) ဟသိတုပ္ပါဒ် စိတ်သည် ဘုရား, ရဟန္တာများ သန္တာန်၌ဖြစ်သော အသောဘနစိတ်ဖြစ်၏။

အဟိတ်စိတ် ၁၈-ပါး

၁။	အကုသလဝိပါက်စိတ်	၇-ပါး
၂။	အဟိတ် ကုသလ ဝိပါက်စိတ်	၈-ပါး
၃။	အဟိတ်ကြိယာစိတ်	၃-ပါး
	ပေါင်း-အဟိတ်စိတ်	**၁၈-ပါး**

http://www.dhammadownload.com

ဇာတိဘေဒအားဖြင့် ရေတွက်ပုံ

၁။	ဝိပါက်စိတ်	၁၅–ပါး
၂။	ကြိယာစိတ်	၃–ပါး
	ပေါင်း–အဟိတ်စိတ်	**၁၈–ပါး**

ဝိပါက်စိတ် ၁၅–ပါး

၁။	အကုသလဝိပါက်စိတ်	၇–ပါး
၂။	အဟိတ် ကုသလ ဝိပါက်စိတ်	၈–ပါး
	ပေါင်း–ဝိပါက်စိတ်	**၁၅–ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သုခသဟဂုတ်စိတ်	၁–ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၁–ပါး
၃။	သောမနဿသဟဂုတ်စိတ်	၂–ပါး
၄။	ဥပေက္ခာသဟဂုတ်စိတ်	၁၄–ပါး
	ပေါင်း–အဟိတ်စိတ်	**၁၈–ပါး**

သဘောတူရာစုပေါင်း၌ ရေတွက်ပုံ

၁။	ဒွေပဉ္စဝိညာဏ်	၁၀–ပါး
၂။	သမ္ပဋိစ္ဆိန်းစိတ်	၂–ပါး
၃။	သန္တီရဏစိတ်	၃–ပါး
၄။	အာဝဇ္ဇန်းစိတ်	၂–ပါး
၅။	ဟသိတုပ္ပါဒ်စိတ်	၁–ပါး
	ပေါင်း–အဟိတ်စိတ်	**၁၈–ပါး**

http://www.dhammadownload.com

မှတ်ချက်။ ။ အဟိတ်စိတ် (၁၈) ပါး၌ သမ္မယုတ်၊ ဝိပ္ပယုတ်မရှိ။ အသင်္ခါရိက၊ သသင်္ခါရိက မရှိ။ ထို့ကြောင့် အဟိတ်စိတ် (၁၈) ပါးကို သမ္မယောဂ ဝိမုတ်စိတ်၊ သင်္ခါရဝိမုတ်စိတ်ဟုမှတ်ပါ။ အဟိတ်စိတ် (၁၈) ပါးလုံးကို ရှေးဆရာအချို့က ဝိပ္ပယုတ်ဟုလည်းကောင်း၊ အသင်္ခါရိကဟုလည်းကောင်း ဆိုကြ၏။ နောက် ဆရာအချို့က အသင်္ခါရိက၊ သသင်္ခါရက နှစ်ပါးလုံး ဖြစ်သင့်သည်ဟု ဆိုကြ၏။ **အသင်္ခါရံ သသင်္ခါရဝိပါကာနိ နပစ္စတိ** စသော ဂါထာကိုထောက်၍ အသင်္ခါရိက၊ သသင်္ခါရိက မရှိကြောင်း ထင်ရှား၏။

အသောဘနစိတ်

အကုသိုလ်စိတ် (၁၂) ပါး၊ အဟိတ်စိတ် (၁၈)ပါး၊ ပေါင်း (၃၀) သော စိတ်ကို အသောဘနစိတ်ဟု ခေါ်၏။

ဇာတိဘေဒအားဖြင့် ရေတွက်ပုံ

၁။	အကုသိုလ်စိတ်	၁၂–ပါး
၂။	ဝိပါက်စိတ်	၁၅–ပါး
၃။	ကြိယာစိတ်	၃–ပါး
	ပေါင်း–အသောဘနစိတ်	**၃၀–ပါး**

ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

၁။	သုခသဟဂုတ်စိတ်	၁–ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၁–ပါး
၃။	သောမနဿသဟဂုတ်စိတ်	၆–ပါး
၄။	ဒေါမနဿသဟဂုတ်စိတ်	၂–ပါး
၅။	ဥပေက္ခာသဟဂုတ်စိတ်	၂၀–ပါး
	ပေါင်း–အသောဘနစိတ်	**၃၀–ပါး**

http://www.dhammadownload.com

သမ္မယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။	သမ္မယုတ်စိတ်	၈–ပါး
၂။	ဝိပ္ပယုတ်စိတ်	၄–ပါး
၃။	အဟိတ်စိတ်	၁၈–ပါး
	ပေါင်း–အသောဘနစိတ်	**၃၀–ပါး**

သခ်ီရဘေဒအားဖြင့် ရေတွက်ပုံ

၁။	အသခ်ီရိကစိတ်	၅–ပါး
၂။	သသခ်ီရိကစိတ်	၅–ပါး
၃။	မောဟမူစိတ်	၂–ပါး
၄။	အဟိတ်စိတ်	၁၈–ပါး
	ပေါင်း–အသောဘနစိတ်	**၃၀–ပါး**

ဟိတ်အားဖြင့် ရေတွက်ပုံ

၁။	သဟိတ်စိတ်	၁၂–ပါး
၂။	အဟိတ်စိတ်	၁၈–ပါး
	ပေါင်း–အသောဘနစိတ်	**၃၀–ပါး**

တစ်နည်း

၁။	ဒွိဟိတ်စိတ်	၁၀–ပါး
၂။	ကေဟိတ်စိတ်	၂–ပါး
၃။	အဟိတ်စိတ်	၁၈–ပါး
	ပေါင်း–အသောဘနစိတ်	**၃၀–ပါး**

[လေ့ကျင့်ခန်း]

၁။ ကိစ္စဘေဒစိတ်ကို ဖော်ပြ၍ အဟိတ်စိတ်၌ ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်ပါးလုံးဖြစ်သင့်သော စိတ်တို့ကို ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၂။ အဟိတ်စိတ်ကို ဝေဒနာဘေဒအားဖြင့် ဖော်ပြ၍၊ သန္တီရဏစိတ် မည်မျှရှိသနည်း၊ ကောက်ပြခဲ့ပါ။

၃။ အသောဘနစိတ်တွင် သခါရဝိမုတ်စိတ် မည်မျှရှိပါသနည်း၊ ဖော်ပြ၍၊ အသောဘနစိတ်တွင် သောမနဿသာဖြစ်၍ သမ္မယုတ်မဟုတ်သော စိတ်တို့ကို သချ်ာမျှ ဖော်ပြခဲ့ပါ။

သောဘနစိတ်

ပါပါဟေတုကမုတ္တာနိ – စသော ဂါထာသည် အကုသိုလ်စိတ်၊ အဟိတ်စိတ်တို့မှတစ်ပါး ကြွင်းသော အကျဉ်း–၅၉၊ အကျယ် ၉၁–ပါးသော စိတ်တို့ကို သောဘန အမည်မှည့်သော ဂါထာဖြစ်၏။ သောဘနစိတ်၏ အချိန်ဒါန်းပြဂါထာလည်းဖြစ်၏။

တင့်တယ်သောဂုဏ်ကိုဆောင်တတ်သောကြောင့်လည်းကောင်း၊ အပြစ်မရှိသော အလောဘ စသော ဟိတ်နှင့်ယှဉ်သောကြောင့်လည်းကောင်း သောဘနစိတ်ဟုခေါ်၏။

ကုသိုလ်အရ

၁။	ကာမာဝစရသောဘနစိတ်	၂၄–ပါး
၂။	ရူပါဝစရစိတ်	၁၅–ပါး
၃။	အရူပါဝစရစိတ်	၁၂–ပါး
၄။	လောကုတ္တရာစိတ်	၈–ပါး
	ပေါင်း–သောဘနစိတ်အကျဉ်း	**၅၉–ပါး**

ကုသိုလ်အရ

၁။	ကာမာသစရသောဘနစိတ်	၂၄–ပါး
၂။	ရူပါဝစရစိတ်	၁၅–ပါး
၃။	အရူပါဝစရစိတ်	၁၂–ပါး
၄။	လောကုတ္တရာစိတ်အကျယ်	၄၀–ပါး
	ပေါင်း–သောဘနစိတ်အကျယ်	**၉၁–ပါး**

http://www.dhammadownload.com

ပါပ။ ။ မိမိကိန်းရာ သတ္တဝါကို အပါယ်အစရှိသော ဆင်းရဲသို့ ရောက်စေတတ်သောကြောင့် အကုသိုလ်စိတ်ကို ပါပ–ဟုခေါ်၏။

အဟေတုက

ဟိတ်နှင့်ယှဉ်ခြင်းမရှိသောကြောင့် စက္ခုဝိညာဏ်စသော အဟိတ်စိတ်ကို အဟေတုကဟုခေါ်၏။

ကာမာဝစရသောဘနစိတ် ၂၄–ပါး

မဟာကုသိုလ်စိတ် ၈–ပါး

(ကျက်ရန်)

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၆။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁–ခု
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁–ခု

ဤသို့အားဖြင့် မဟာကုသိုလ်စိတ် ၈–ပါးပြား၏။

ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

၁။ သောမနဿသဟဂုတ်စိတ် ၄–ပါး
၂။ ဥပေက္ခာသဟဂုတ်စိတ် ၄–ပါး
ပေါင်း–မဟာကုသိုလ်စိတ် **၈–ပါး**

http://www.dhammadownload.com

သမ္မယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။ ဉာဏသမ္မယုတ်စိတ် ၄–ပါး
၂။ ဉာဏဝိပ္ပယုတ်စိတ် ၄–ပါး
ပေါင်း–မဟာကုသိုလ်စိတ် **၈–ပါး**

သခ်ါရဘေဒအားဖြင့် ရေတွက်ပုံ

၁။ အသခ်ါရိကစိတ် ၄–ပါး
၂။ သသခ်ါရိကစိတ် ၄–ပါး
ပေါင်း–မဟာကုသိုလ်စိတ် **၈–ပါး**

ဟိတ်အားဖြင့် ရေတွက်ပုံ

၁။ ဒွိဟိတ်စိတ် ၄–ပါး
၂။ တိဟိတ်စိတ် ၄–ပါး
ပေါင်း–မဟာကုသိုလ်စိတ် **၈–ပါး**

မဟာကုသိုလ်သောမနဿဖြစ်ကြောင်းတရား

၁။ သဒ္ဓါတရား အားကြီးထက်သန်ခြင်း။
၂။ သိမြင်တတ်သော ဉာဏ်ပညာနှင့်ပြည့်စုံခြင်း။
၃။ လှူဖွယ်ဝတ္ထု၊ အလှူခံပုဂ္ဂိုလ်များနှင့် ပြည့်စုံခြင်း စသော အကြောင်းများသည် သောမနဿ ဖြစ်ကြောင်း တရားများဖြစ်ကြ၏။

မဟာကုသိုလ်ဉာဏသမ္မယုတ်ဖြစ်ကြောင်းတရား

၁။ ပညာကိုဖြစ်ပေါ်စေတတ်သော ကံကို ပြုလုပ်ဆည်းပူးခဲ့ခြင်း။
၂။ ဒေါသ၊ ဗျာပါဒမရှိသော ဗြဟ္မာပြည်၌ဖြစ်ရခြင်း။
(စိတ်ဆိုးမှု၊ စိုးရိမ်မှု မရှိခြင်း)

http://www.dhammadownload.com

၃။ ပညိန္ဒြေ (အသိပညာ) ရင့်ကျက်ခြင်း။
၄။ ကိလေသာတို့မှ ကင်းဝေးခြင်း။
၅။ တိဟိတ်ပဋိသန္ဓေ တည်နေခဲ့သူဖြစ်ခြင်း။

မဟာကုသိုလ်အသခ်ါရိကဖြစ်ကြောင်းတရား

၁။ သင့်တင့်လျောက်ပတ်သော အာဝါသ စသည်ကြောင့် ကိုယ်စိတ် နှစ်ပါး ကျန်းမာချမ်းသာခြင်း။
၂။ ရှေးဘဝ၌ ဒါနစသည်တို့ပြုလုပ်ခဲ့သော အလေ့အထရှိခဲ့ခြင်း စသော အကြောင်းများသည် အသခ်ါရိကဖြစ်ကြောင်း တရားများ ဖြစ်ကြ၏။

မှတ်ချက်။ ။ ဥပက္ခာ၊ ဉာဏဝိပ္ပယုတ်၊ သသခ်ါရိကစိတ်တို့ ဖြစ်ကြောင်းကို ပြောင်းပြန်ယူပါ။

မဟာကုသိုလ်စိတ် ဝေါဟာရ ရှင်းလင်းချက်

၁။ ဒါနစသော ကုသိုလ်ကိုပြုလုပ်ရာ၌ နှစ်သက်ဝမ်းမြောက်မှု၊ ရွှင်ပြပြုံးရယ်မှုရှိလျှင် သောမနဿစိတ်ဟု မှတ်ပါ။

၂။ နှစ်သက်ဝမ်းမြောက်မှု၊ ရွှင်ပြပြုံးရယ်မှုများမရှိဘဲ တွေ့ကြုံရသော အာရုံမှန်သမျှကို လျစ်လျူရှုကာ တည်ငြိမ်သော ကိုယ်အမူအရာဖြစ်ပေါ်နေလျှင် ဥပေက္ခာစိတ်ဟု မှတ်ပါ။

၃။ ဒါန၊ သီလ စသော ကုသိုလ်ကိုပြုလုပ်လျှင် အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်၏ဟု ကံ, ကံ၏အကျိုးကို ယုံကြည်ခြင်းကြောင့် ကုသိုလ်ကိုပြုလုပ်လျှင် ဉာဏသမ္ပယုတ်စိတ်ဟု မှတ်ပါ။

၄။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် စဉ်းစားဝေဖန်နိုင်မှုမရှိဘဲ မိဘဆွေမျိုးတို့၏အပြုအမူကိုမြင်၍ အတုယူပြုလုပ်သော ကလေးသူငယ်များ၏ကုသိုလ်စိတ်မျိုးကိုလည်းကောင်း၊ ကံ, ကံ၏အကျိုးကို မယုံကြည်ဘဲ

http://www.dhammadownload.com

ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ပြုလုပ်သော ကုသိုလ်ကိုလည်း ကောင်း ဉာဏဝိပ္ပယုတ်ကုသိုလ်ဟု မှတ်ပါ။

၅။ သူတစ်ပါး တိုက်တွန်းအကြံပေးမှုမပါဘဲ မိမိကိုယ်တိုင် တက်ကြွသော စိတ်ဖြင့် ပြုလုပ်သောကုသိုလ်ကို အသခ်ါရိက ကုသိုလ်ဟုမှတ်ပါ။

၆။ သူတစ်ပါးက အကြံပေးတိုက်တွန်းမှုကြောင့် ပြုလုပ်ရသော ကုသိုလ်ကို သသခ်ါရိက ကုသိုလ်ဟုမှတ်ပါ။

မဟာဝိပါက်စိတ် ၈–ပါး

(ကျက်ရန်)

၁။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသခ်ါရိကစိတ် ၁–ခု
၂။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသခ်ါရိကစိတ် ၁–ခု
၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိကစိတ် ၁–ခု
၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိကစိတ် ၁–ခု
၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသခ်ါရိကစိတ် ၁–ခု
၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသခ်ါရိကစိတ် ၁–ခု
၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိကစိတ် ၁–ခု
၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိကစိတ် ၁–ခု

ဤသို့ မဟာဝိပါက်စိတ် ၈–ပါးပြား၏။

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုက်စိတ်	၄–ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၄–ပါး
	ပေါင်း–မဟာဝိပါက်စိတ်	**၈–ပါး**

http://www.dhammadownload.com

သမ္မယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။	ဉာဏသမ္မယုတ်စိတ်	၄-ပါး
၂။	ဉာဏဝိပ္ပယုတ်စိတ်	၄-ပါး
	ပေါင်း-မဟာဝိပါက်စိတ်	**၈-ပါး**

သခ်ါရဘေဒအားဖြင့် ရေတွက်ပုံ

၁။	အသခ်ါရိကစိတ်	၄-ပါး
၂။	သသခ်ါရိကစိတ်	၄-ပါး
	ပေါင်း-မဟာဝိပါက်စိတ်	**၈-ပါး**

ဟိတ်အားဖြင့် ရေတွက်ပုံ

၁။	ဒွိဟိတ်စိတ်	၄-ပါး
၂။	တိဟိတ်စိတ်	၄-ပါး
	ပေါင်း-မဟာဝိပါက်စိတ်	**၈-ပါး**

မဟာကြိယာစိတ် ၈-ပါး

(ကျက်ရန်)

၁။	သောမနဿသဟဂုတ် ဉာဏသမ္မယုတ် အသခ်ါရိကစိတ်	၁-ခု
၂။	သောမနဿသဟဂုတ် ဉာဏသမ္မယုတ် သသခ်ါရိကစိတ်	၁-ခု
၃။	သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိကစိတ်	၁-ခု
၄။	သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိကစိတ်	၁-ခု
၅။	ဥပေက္ခာသဟဂုတ် ဉာဏသမ္မယုတ် အသခ်ါရိကစိတ်	၁-ခု
၆။	ဥပေက္ခာသဟဂုတ် ဉာဏသမ္မယုတ် သသခ်ါရိကစိတ်	၁-ခု
၇။	ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသခ်ါရိကစိတ်	၁-ခု
၈။	ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသခ်ါရိကစိတ်	၁-ခု

ဤသို့ မဟာကြိယာစိတ် ၈-ပါးပြား၏။

http://www.dhammadownload.com

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။ သောမနဿသဟဂုတ်စိတ် ၄–ပါး
၂။ ဥပေက္ခာသဟဂုတ်စိတ် ၄–ပါး
ပေါင်း–မဟာကြိယာစိတ် ၈–ပါး

သမ္ပယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။ ဉာဏသမ္ပယုတ်စိတ် ၄–ပါး
၂။ ဉာဏဝိပ္ပယုတ်စိတ် ၄–ပါး
ပေါင်း–မဟာကြိယာစိတ် ၈–ပါး

သင်္ခါရဘေဒအားဖြင့် ရေတွက်ပုံ

၁။ အသင်္ခါရိကစိတ် ၄–ပါး
၂။ သသင်္ခါရိကစိတ် ၄–ပါး
ပေါင်း–မဟာကြိယာစိတ် ၈–ပါး

ဟိတ်အားဖြင့် ရေတွက်ပုံ

၁။ ဒွိဟိတ်စိတ် ၄–ပါး
၂။ တိဟိတ်စိတ် ၄–ပါး
ပေါင်း–မဟာကြိယာစိတ် ၈–ပါး

သဟေတုကဝိသေသန

ကုသိုလ်သည် သဟိတ်တစ်မျိုးသာရှိ၏။ အဟိတ်မရှိ။ ထိုသို့ သဟိတ်တစ်မျိုးသာရှိသောကြောင့် သဟေတုက သဒ္ဒါဖြင့် အထူးမပြုဘဲ ''ကာမာသစရကုသိုလ်'' ဟုသာဆိုသည်။

ဝိပါက်စိတ်သည် သဟိတ်ဝိပါက်၊ အဟိတ်ဝိပါက်ဟု နှစ်မျိုးရှိ၍ အဟိတ်ဝိပါက်ကို တားမြစ်လိုသောကြောင့် သဟေတုကသဒ္ဒါဖြင့် အထူးပြု၍ ''သဟိတ်ကာမာဝစရ ဝိပါက်'' ဟု ဆိုရ၏။

http://www.dhammadownload.com

ကြိယာစိတ်သည်လည်း သဟိတ်ကြိယာ၊ အဟိတ်ကြိယာဟု နှစ်မျိုးရှိ၍ အဟိတ်ကြိယာကို တားမြစ်လိုသောကြောင့် သဟေတုကသဒ္ဒါဖြင့် အထူးပြု၍ ''သဟိတ် ကာမာဝစရကြိယာ'' ဟု ဆိုရ၏။

မဟာတပ်ရပုံ။ ။ ကာမာဝစရ ကုသိုလ်၊ သဟိတ် ကာမာဝစရ ဝိပါက်၊ သဟိတ် ကာမာဝစရ ကြိယာစိတ် တို့သည် ရူပါဝစရ၊ အရူပါ ဝစရ၊ လောကုတ္တရာ ကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်တို့ထက် အရေအတွက် များသောကြောင့် မဟာကုသိုလ်၊ မဟာဝိပါက်၊ မဟာကြိယာဟု မဟာ တပ်၍ ဆိုရသည်။

ကာမာဝစရ သောဘနစိတ် ၂၄-ပါး

၁။	မဟာကုသိုလ်စိတ်	၈-ပါး
၂။	မဟာဝိပါက်စိတ်	၈-ပါး
၃။	မဟာကြိယာစိတ်	၈-ပါး
	ပေါင်း-ကာမာဝစရသောဘနစိတ်	၂၄-ပါး

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၁၂-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၁၂-ပါး
	ပေါင်း-ကာမာဝစရသောဘနစိတ်	၂၄-ပါး

သမ္ပယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။	ဉာဏသမ္ပယုတ်စိတ်	၁၂-ပါး
၂။	ဉာဏဝိပ္ပယုတ်စိတ်	၁၂-ပါး
	ပေါင်း-ကာမာဝစရသောဘနစိတ်	၂၄-ပါး

http://www.dhammadownload.com

သခ်ၢိရဘေဒအားဖြင့် ရေတွက်ပုံ

၁။ အသခ်ၢိရိကစိတ် ၁၂–ပါး
၂။ သသခ်ၢိရိကစိတ် ၁၂–ပါး
ပေါင်း–ကာမာဝစရသောဘနစိတ် **၂၄–ပါး**

ဟိတ်အားဖြင့် ရေတွက်ပုံ

၁။ ဒွိဟိတ်စိတ် ၁၂–ပါး
၂။ တိဟိတ်စိတ် ၁၂–ပါး
ပေါင်း–ကာမာဝစရသောဘနစိတ် **၂၄–ပါး**

သင်္ဟဂါထာ။ ။ **ဝေဒနာ ဉာဏ** သခ်ၢိရ ဘေဒေန စသော ဂါထာသည် ကာမာဝစရသောဘနစိတ်ကို အကျဉ်းချုပ်ရေတွက်ပြသော သင်္ဟဂါထာဖြစ်သည်။ ကာမာဝစရ သောဘနစိတ်၏ နိဂုံးကိုပြသောကြောင့် နိဂမနပြ ဂါထာလည်းဟုတ်၏။

စတုဝိသတိ။ ။ ကာမာဝစရကုသိုလ်၊ သဟိတ် ကာမာဝစရဝိပါက် သဟိတ် ကာမာဝစရ ကြိယာစိတ်တို့သည် ဝေဒနာအပြား၊ ဉာဏ်အပြား၊ သခ်ၢိရအပြားအားဖြင့် ကွဲပြားသောကြောင့် ကာမာဝစရဘောဘနစိတ် (၂၄)ပါး ပြားရ၏။

ဒုဝိဓ စသည်ဖြစ်ပုံ

ဒုဝိဓ။ ။ ကာမာဝစရ ကုသိုလ်စိတ်၌ သောမနဿသဟဂုတ်၊ ဥပေက္ခာသဟဂုတ်ဟု ဝေဒနာနှစ်ပါးပြားသောကြောင့် ကုသိုလ်ကို ဝေဒနာအပြားအားဖြင့် မြှောက်လျှင် (၁ × ၂) = ၂ ပါးဖြစ်၏။ ယင်းနှစ်ပါးသည် ဒုဝိဓအရဖြစ်၏။

စတုဗ္ဗိဓ။ ။ ဉာဏသမ္ပယုတ်၊ ဉာဏဝိပ္ပယုတ်ဟု နှစ်ပါးစီပြားပြန်သောကြောင့် ဝေဒနာ ၂–ပါးကို ဉာဏ်အပြားအားဖြင့် မြှောက်လျှင် (၂ × ၂) = ၄ ပါးဖြစ်၏။ ယင်း ၄–ပါးသည် စတုဗ္ဗိဓအရဖြစ်သည်။

http://www.dhammadownload.com

အဋ္ဌဝိဓ ။ ။ အသခ်ီရိုက၊ သသခ်ီရိုကဟု သခ်ီရ ၂-ပါးစီပြားသော ကြောင့် ယင်း ၄-ပါးကို သခ်ီရအပြားအားဖြင့် မြှောက်လျှင် (၄ × ၂) = ၈ ပါးဖြစ်လာ၏။ ယင်း ၈-ပါးသည် အဋ္ဌဝိဓအရဖြစ်၏။

ဆ ။ ။ ကုသိုလ်၊ ဝိပါက်၊ ကြိယာ သုံးပါးကိုပေါင်း၍ ဝေဒနာ ၂-ပါး ဖြင့်မြှောက်လျှင် (၃ × ၂) = ၆ ပါးဖြစ်၏။ ယင်း ၆-ပါးသည် ဆ အရဖြစ်၏။

ဒွါဒသ ။ ။ ယင်း ၆-ပါးကို ဉာဏ်အပြားအားဖြင့် မြှောက်လျှင် (၆ × ၂) = ၁၂ ပါးဖြစ်၏။ ယင်း ၁၂-ပါးသည် ဒွါဒသ အရ ဖြစ်၏။

စတုဝီသတိ။ ။ ယင်း ၁၂-ပါးကို သခ်ီရ အပြားအားဖြင့် မြှောက်လျှင် (၁၂ × ၂) = ၂၄ ပါးဖြစ်၏။ ယင်း ၂၄-ပါးသည် စတုဝီသတိအရ ဖြစ်၏။

ကာမာဝစရစိတ် ၅၄-ပါး

၁။	အကုသိုလ်စိတ်	၁၂-ပါး
၂။	အဟိတ်စိတ်	၁၈-ပါး
၃။	ကာမာဝစရသောဘနစိတ်	၂၄-ပါး
	ပေါင်း-ကာမာဝစရသောဘနစိတ်	**၅၄-ပါး**

အမှာ။ ။ အဝစရပုဒ်ကိုဖြုတ်၍ ကာမစိတ်ဟုလည်း ခေါ်၏။ ရူပါဝစရ စိတ် စသည်တို့၌လည်း ဤနည်းအတိုင်းပင်ဖြစ်၏။

http://www.dhammadownload.com

ကာမစိတ် ၅၄-ပါးကို ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သုခသဟဂုတ်စိတ်	၁-ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၁-ပါး
၃။	သောမနဿသဟဂုတ်စိတ်	၁၈-ပါး
၄။	ဒေါမနဿသဟဂုတ်စိတ်	၂-ပါး
၅။	ဥပေက္ခာသဟဂုတ်စိတ်	၃၂-ပါး
	ပေါင်း-ကာမစိတ်	၅၄-ပါး

သမ္ပယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။	သမ္ပယုတ်စိတ်	၂၀-ပါး
၂။	ဝိပ္ပယုတ်စိတ်	၁၆-ပါး
၃။	အဟိတ်စိတ်	၁၈-ပါး
	ပေါင်း-ကာမစိတ်	၅၄-ပါး

သခါရဘေဒအားဖြင့် ရေတွက်ပုံ

၁။	အသခါရိကစိတ်	၁၇-ပါး
၂။	သသခါရိကစိတ်	၁၇-ပါး
၃။	မောဟမူစိတ်	၂-ပါး
၄။	အဟိတ်စိတ်	၁၈-ပါး
	ပေါင်း-ကာမစိတ်	၅၄-ပါး

ဟိတ်အားဖြင့်ရေတွက်ပုံ

၁။	အဟိတ်စိတ်	၁၈-ပါး
၂။	ကေဟိတ်စိတ်	၂-ပါး
၃။	ဒွိဟိတ်စိတ်	၂၂-ပါး
၄။	တိဟိတ်စိတ်	၁၂-ပါး
	ပေါင်း-ကာမစိတ်	၅၄-ပါး

http://www.dhammadownload.com

တစ်နည်း

၁။	အဟိတ်စိတ်	၁၈–ပါး
၂။	သဟိတ်စိတ်	၃၆–ပါး
	ပေါင်း–ကာမစိတ်	**၅၄–ပါး**

ဇာတိဘေဒအားဖြင့် ရေတွက်ပုံ

၁။	အကုသိုလ်စိတ်	၁၂–ပါး
၂။	မဟာကုသိုလ်စိတ်	၈–ပါး
၃။	ဝိပါက်စိတ်	၂၃–ပါး
၄။	ကြိယာစိတ်	၁၁–ပါး
	ပေါင်း–ကာမစိတ်	**၅၄–ပါး**

အကြောင်းအကျိုးအားဖြင့် ရေတွက်ပုံ

၁။	အကြောင်းကုသိုလ်၊ အကုသိုလ်	၂၀–ပါး
၂။	အကျိုးဝိပါက်စိတ်	၂၃–ပါး
၃။	အကြောင်းအကျိုးမဟုတ်သောကြိယာစိတ်	၁၁–ပါး
	ပေါင်း–ကာမစိတ်	**၅၄–ပါး**

သင်္ဂဟဂါထာ။ ။ ကာမေ တေဝီသပါကာနိ စသော သင်္ဂဟဂါထာသည် ကာမစိတ် ၅၄–ပါးကို ဇာတ်အားဖြင့် ရေတွက်ပြသော **'ဇာတိဘေဒ'** ပြု သင်္ဂဟဂါထာဖြစ်၏။ ကာမစိတ်၏ နိဂုံးကို ပြသောကြောင့် **'နိဂမန'** ပြု ဂါထာလည်းဖြစ်၏။

တေဝီသ။ ။ ကာမေ တေဝီသ ပါကာနိ၌– တေဝီသအရ

၁။	အဟိတ်ဝိပါက်စိတ်	၁၅–ပါး
၂။	မဟာဝိပါက်စိတ်	၈–ပါး
	ပေါင်း–ကာမဝိပါက်စိတ်	**၂၃–ပါး**

http://www.dhammadownload.com

ဝိသတိ။ ။ ပုညာပုညာနိ ဝိသတိ–၌၊ ဝိသတိအရ

၁။	အကုသိုလ်စိတ်	၁၂–ပါး
၂။	မဟာကုသိုလ်	၈–ပါး
	ပေါင်း–ကာမကုသိုလ်, အကုသိုလ်စိတ်	**၂၀–ပါး**

ကောဒသ။ ။ **ကောဒသကြိယာ၌၊ ကောဒသအရ**

၁။	အဟိတ်ကြိယာစိတ်	၃–ပါး
၂။	မဟာကြိယာစိတ်	၈–ပါး
	ပေါင်း–ကာမကြိယာစိတ်	**၁၁–ပါး**

[လေ့ကျင့်ခန်း]

၁။ ''သားသား၊ ဘုန်းဘုန်းကို ဦးချ'' ဟု မိခင်၏ သင်ပြမှုကြောင့် အိမ်သို့ နေ့စဉ်ဆွမ်းခံကြွနေသော ရဟန်းတော်ကို ပြုံးစိစိမျက်နှာဖြင့် ဦးချနေသော ကလေးငယ်သန္တာန်၌ ဖြစ်သင့်သောစိတ်ကို တိကျစွာ ဖော်ပြ၍၊ အိုမင်းမစွမ်းဖြစ်နေသော ထေရ်ကြီး၏ အိပ်ရာ၌ မိမိအသိစိတ်ဖြင့် ပျော်ရွှင်ထက်သန်စွာ သန့်ရှင်းရေးပြုလုပ်ပေးနေသော ရဟန်းငယ်၏သန္တာန်၌ ဖြစ်သင့်သောစိတ်ကို ဖော်ပြပါ။

၂။ ကာမာဝစရ သောဘနစိတ်၏ အဆုံးနိဂုံးပြ သင်္ဂဟဂါထာကို အနက်ရေး၍၊ ကာမစိတ် ၅၄–ပါးကို ဝေဒနာဘေဒအားဖြင့် ရေတွက်ပြခဲ့ပါ။

၃။ ကာမစိတ် ၅၄–ပါးကို ဇာတ်အားဖြင့် ရေတွက်ပြ၍ ကာမေတဝိသပါကာနို၌ တေဝိသအရကို ဖော်ပြခဲ့ပါ။

ကာမစိတ်ပြီး၏။

* * * * *

http://www.dhammadownload.com

ရူပါဝစရစိတ် ၁၅-ပါး

ရူပစိတ် ၁၅-ပါးကို ဈာနဘေဒစိတ်ဟုခေါ်၏။

ရူပကုသိုလ်စိတ် ၅-ပါး

(ကျက်ရန်)

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမဈာန် ကုသိုလ်စိတ် ၁-ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ် ၁-ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ် ၁-ခု၊

၄။ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထဈာန် ကုသိုလ်စိတ် ၁-ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ် ၁-ခု၊

ဤသို့ ရူပကုသိုလ်စိတ် ၅-ပါးပြား၏။

ရူပကုသိုလ်စိတ်ကို ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၄-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၁-ပါး
	ပေါင်း-ရူပကုသိုလ်စိတ်	**၅-ပါး**

မှတ်ချက် ။ ။ ရှေ့ဈာန်စိတ် ၄-ပါး၌ **'သုခေကဂ္ဂတာသဟိတံ'** ဟု ဆိုသောကြောင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် စိတ် ၄-ပါးကို သောမနဿသဟဂုတ်စိတ်ဟု မှတ်ပါ။ ပဉ္စမဈာန်စိတ်၌ **'ဥပေက္ခကဂ္ဂတာသဟိတံ'** ဟု ဆိုသောကြောင့် ပဉ္စမဈာန်စိတ်ကို ဥပေက္ခာသဟဂုတ်စိတ် ဟုမှတ်ပါ။ ရူပဝိပါက်စိတ်၊ ရူပကြိယာစိတ်တို့၌လည်း ဤနည်းအတိုင်းပင်မှတ်ပါ။

http://www.dhammadownload.com

ရူပဝိပါက်စိတ် ၅-ပါး

(ကျက်ရန်)

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် ဝိပါက်စိတ် ၁-ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် ဝိပါက်စိတ် ၁-ခု၊

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် ဝိပါက်စိတ် ၁-ခု၊

၄။ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် ဝိပါက်စိတ် ၁-ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ဝိပါက်စိတ် ၁-ခု၊

ဤသို့ ရူပဝိပါက်စိတ် ၅-ပါး ပြား၏။

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၄-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၁-ပါး
	ပေါင်း-ရူပဝိပါက်စိတ်	**၅-ပါး**

ရူပကြိယာစိတ် ၅-ပါး

(ကျက်ရန်)

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် ကြိယာစိတ် ၁-ခု၊

၂။ ဝိစာရ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယ စျာန် ကြိယာစိတ် ၁-ခု၊

http://www.dhammadownload.com

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် ကြိယာစိတ် ၁-ခု၊

၄။ သုခ၊ ဧကဂ္ဂတာ စျန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် ကြိယာစိတ် ၁-ခု၊

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကြိယာစိတ် ၁-ခု၊

ဤသို့ ရူပကြိယာစိတ် ၅-ပါးပြား၏

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၄-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၁-ပါး
	ပေါင်း-ရူပကြိယာစိတ်	**၅-ပါး**

ရူပစိတ် ၁၅-ပါး

၁။	ရူပကုသိုလ်စိတ်	၅-ပါး
၂။	ရူပဝိပါက်စိတ်	၅-ပါး
၃။	ရူပကြိယာစိတ်	၅-ပါး
	ပေါင်း-ရူပစိတ်	**၁၅-ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၁၂-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၃-ပါး
	ပေါင်း-ရူပစိတ်	**၁၅-ပါး**

http://www.dhammadownload.com

ဗျာနဘေဒအားဖြင့် ရေတွက်ပုံ

၁။	ပထမဗျာန်စိတ်	၃-ပါး
၂။	ဒုတယိစျာန်စိတ်	၃-ပါး
၃။	တတိယစျာန်စိတ်	၃-ပါး
၄။	စတုတ္ထစျာန်စိတ်	၃-ပါး
၅။	ပဉ္စမစျာန်စိတ်	၃-ပါး
	ပေါင်း-ရူပစိတ်	**၁၅-ပါး**

ပထမစျာန်စိတ် ၃-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် ကုသိုလ်စိတ် ၁-ခု၊

၂။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် ဝိပါက်စိတ် ၁-ခု၊

၃။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် ကြိယာစိတ် ၁-ခု၊

ဤသို့ ရူပစိတ်၌ ပထမစျာန်စိတ် ၃-ပါးရှိ၏။

ဒုတိယစျာန်စိတ် ၃-ပါး

၁။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် ကုသိုလ်စိတ် ၁-ခု၊

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် ဝိပါက်စိတ် ၁-ခု၊

၃။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် ကြိယာစိတ် ၁-ခု၊

ဤသို့ ရူပစိတ်၌ ဒုတိယစျာန်စိတ် ၃-ပါးရှိ၏။

http://www.dhammadownload.com

တတိယစျာန်စိတ် ၃-ပါး

၁။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် ကုသိုလ်စိတ် ၁-ခု၊

၂။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် ဝိပါက်စိတ် ၁-ခု၊

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် ကြိယာစိတ် ၁-ခု၊

ဤသို့ ရူပစိတ်၌ တတိယစျာန်စိတ် ၃-ပါးရှိ၏။

စတုတ္ထစျာန်စိတ် ၃-ပါး

၁။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် ကုသိုလ်စိတ် ၁-ခု၊

၂။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် ဝိပါက်စိတ် ၁-ခု၊

၃။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် ကြိယာစိတ် ၁-ခု၊

ဤသို့ ရူပစိတ်၌ စတုတ္ထစျာန်စိတ် ၃-ပါးရှိ၃၏။

ပဉ္စမစျာန်စိတ် ၃-ပါး

၁။ ဥပက္ခာ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကုသိုလ်စိတ် ၁-ခု၊

၂။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ဝိပါက်စိတ် ၁-ခု၊

၃။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် ကြိယာစိတ် ၁-ခု၊

ဤသို့ ရူပစိတ်၌ ပဉ္စမစျာန်စိတ် ၃-ပါးရှိ၏။

http://www.dhammadownload.com

ပဋ္ဌမာစျာနဘေဒေန။ ။ စျာန်အင်္ဂါတို့နှင့်ယှဉ်ပုံ ၅-မျိုး ကွဲပြားသော ကြောင့် ရူပစိတ် ၅-ပါး ပြားရ၏။

တစ်ဖန် ကုသိုလ်၊ ဝိပါက်၊ ကြိုယာဟု ၃-မျိုး ကွဲပြားပြန်သောကြောင့် ရူပစိတ် (၅ × ၃) = ၁၅ ပါး ပြား၏။

စျာန်အင်္ဂါတို့နှင့်ယှဉ်ပုံ ၅-မျိုးပြားပုံ

၁။ စျာန်အင်္ဂါ ၅-ပါးနှင့်ယှဉ်သော အင်္ဂါ ၅-ပါးရှိသော ပထမစျာန်စိတ်၊

၂။ စျာန်အင်္ဂါ ၄-ပါးနှင့်ယှဉ်သော အင်္ဂါ ၄-ပါးရှိသော ဒုတိယစျာန်စိတ်၊

၃။ စျာန်အင်္ဂါ ၃-ပါးနှင့်ယှဉ်သော အင်္ဂါ ၃-ပါးရှိသော တတိယစျာန်စိတ်၊

၄။ စျာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သော အင်္ဂါ ၂-ပါးရှိသော စတုတ္ထစျာန်စိတ်၊

၅။ စျာန်အင်္ဂါ ၂-ပါးနှင့်ယှဉ်သော အင်္ဂါ ၂-ပါးရှိသော ပဉ္စမစျာန်စိတ်၊

ဤသို့ ရူပစိတ်သည် စျာန်အင်္ဂါတို့နှင့်ယှဉ်ပုံ ၅-မျိုး ပြား၏။

စျာန်အင်္ဂါ ။ ။ စျာန်၏ အစိတ်အပိုင်းဖြစ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော တစ်ပါးပါးသော စေတသိက်ကို စျာန်အင်္ဂါဟုခေါ်၏။ လက်၊ ခြေ၊ နား၊ နှာ စသော ကိုယ်၏ အစိတ်အပိုင်းကို ကိုယ်အင်္ဂါဟု ခေါ်သကဲ့သို့တည်း။

စျာန် ။ ။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဟူသော စျာန်အင်္ဂါတို့၏ အပေါင်းကို စျာန်ဟုခေါ်၏။ လက်၊ ခြေ၊ နား၊ နှာ စသော ကိုယ်အင်္ဂါအပေါင်းကို ကိုယ်ဟု ခေါ်သကဲ့သို့တည်း။

စျာန်စိတ် ။ ။ စျာန်နှင့်ယှဉ်သောစိတ်ကို စျာန်စိတ်ဟုခေါ်၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ ဈာန်အင်္ဂါ၊ ဈာန်ဟူသောအမည်သည် စိတ်၏အမည်မဟုတ်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော စေတသိက်တို့၏ အမည်ဖြစ်၏။

အရူပစိတ် ၁၂-ပါး

အရူပစိတ် ၁၂-ပါးကို အာရမ္မဏာဘေဒစိတ်ဟုခေါ်၏။

အရူပကုသိုလ်စိတ် ၄-ပါး

၁။ အာကာသာနဉ္စာယတနကုသိုလ်စိတ် ၁-ခု၊
၂။ ဝိညာဏဉ္စာယတနကုသိုလ်စိတ် ၁-ခု၊
၃။ အာကိဉ္စညာယတနကုသိုလ်စိတ် ၁-ခု၊
၄။ နေဝသညာနာသညာယတနကုသိုလ်စိတ် ၁-ခု၊
ဤသို့ အရူပါဝစရကုသိုလ်စိတ် ၄-ပါးပြား၏။

အရူပဝိပါက်စိတ် ၄-ပါး

၁။ အာကာသာနဉ္စာယတနဝိပါက်စိတ် ၁-ခု၊
၂။ ဝိညာဏဉ္စာယတနဝိပါက်စိတ် ၁-ခု၊
၃။ အာကိဉ္စညာယတနဝိပါက်စိတ် ၁-ခု၊
၄။ နေဝသညာနာသညာယတနဝိပါက်စိတ် ၁-ခု၊
ဤသို့ အရူပါဝစရဝိပါက်စိတ် ၄-ပါး ပြား၏။

အရူပကြိယာစိတ် ၄-ပါး

၁။ အာကာသာနဉ္စာယတနကြိယာစိတ် ၁-ခု၊
၂။ ဝိညာဏဉ္စာယတနကြိယာစိတ် ၁-ခု၊
၃။ အာကိဉ္စညာယတနကြိယာစိတ် ၁-ခု၊
၄။ နေဝသညာနာသညာယတနကြိယာစိတ် ၁-ခု၊
ဤသို့ အရူပါဝစရကြိယာစိတ် ၄-ပါး ပြား၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ အရူပစိတ်သည် ဥပေက္ခာ၊ ကေဂ္ဂတာနှင့်ယှဉ်ခြင်း ကြောင့် ရူပ ပဋ္ဌမဈာန်စိတ်နှင့် အင်္ဂါချင်းတူကြ၏။ ထို့ကြောင့် **'အာရုပ္ပဋ္ဌာပိ ပဋ္ဌမေ'** ဟူသော သင်္ဂဟပါဠိကိုထောက်၍ အရူပစိတ် ၁၂-ပါးလုံးကို ဈာန်အားဖြင့် ပဋ္ဌမဈာန်၊ ဝေဒနာအားဖြင့် ဥပေက္ခာသဟဂုတ်စိတ်ဟု မှတ်ပါ။

အာရမ္မဏာဘေဒေန ။ ။ အာရုံ ၄-ပါး ပြားသောကြောင့် အရူပါဝစရစိတ် ၄-ပါး ပြားရ၏။ တစ်ဖန် ကုသိုလ်၊ ဝိပါက်၊ ကြိယာဟု ၃-မျိုး ပြားပြန်သောကြောင့် အရူပစိတ် (၄×၃) = ၁၂ ပါး ပြားရ၏။

အာရုံနှင့် အရူပစိတ်ကို တွဲပြပုံ

အာရုံ		စိတ်
၁။ ကောင်းကင်ပညတ်အာရုံ	–	အာကာသာနဉ္စာယတနစိတ်
၂။ ပထမာရုပ္ပဝိညာဏ်အာရုံ	–	ဝိညာဏဉ္စာယတနစိတ်
၃။ နတ္ထိဘောပညတ်အာရုံ	–	အာကိဉ္စညာယတနစိတ်
၄။ တတိယာရုပ္ပဝိညာဏ်အာရုံ	–	နေဝသညာနာသညာယတနစိတ်

ဆောင် ။ ။ ကောင်းကင်ခေါ်မှတ်၊ ပညတ်တစ်ဖြာ
ပထမာရုပ္ပ၊ ဝိညာဏနှင့်
ဘာဝနတ္ထိ၊ တတိယရုပ်ပွဲ
ဝိညာဏ်၊ လေးတန်အာရုံ စဉ်တိုင်းတည်း။

မဟဂ္ဂုတ်စိတ် ၂၇-ပါး

၁။ ရူပါဝစရစိတ်	၁၅-ပါး
၂။ အရူပါဝစရစိတ်	၁၂-ပါး
ပေါင်း-မဟဂ္ဂုတ်စိတ်	၂၇-ပါး

http://www.dhammadownload.com

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၁၂–ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၁၅–ပါး
	ပေါင်း–မဟဂ္ဂုတ်စိတ်	**၂၇–ပါး**

ဈာနဘေဒအားဖြင့် ရေတွက်ပုံ

၁။	ပထမဈာန်စိတ်	၃–ပါး
၂။	ဒုတိယဈာန်စိတ်	၃–ပါး
၃။	တတိယဈာန်စိတ်	၃–ပါး
၄။	စတုတ္ထဈာန်စိတ်	၃–ပါး
၅။	ပဉ္စမဈာန်စိတ်	၁၅–ပါး
	ပေါင်း–မဟဂ္ဂုတ်စိတ်	**၂၇–ပါး**

သမ္မယုတ်၊ ဝိပ္ပယုတ် ။ ။ မဟဂ္ဂုတ်စိတ်နှင့် လောကုတ္တရာစိတ်များသည် ဉာဏ်နှင့်ယှဉ်ခြင်းကြောင့် ဉာဏသမ္မယုတ်ဖြစ်ကြ၏ဟု ရှေးဆရာတို့ပြောကြ၏။ သို့သော် အရှင်အနုမျုဒ္ဓါကိုယ်တိုင်က မဟဂ္ဂုတ်စိတ်၊ လောကုတ္တရာစိတ်များ၌ **''ဉာဏသမ္မယုတ္တံ''** ဟူသော စကားရပ်ကို ထည့်သွင်းမဆိုခဲ့ပေ။ ထို့ပြင် စေတသိက်ပိုင်း၌ ပညာယှဉ်သောစိတ်ကိုပြဆိုရာ **''ပညာ ပန ဒ္ဝါဒသသု''** စသော သင်္ဂဟပါဠိစကားရပ်၌လည်းကောင်း၊ ပကိဏ်းပိုင်း ဟေတုသင်္ဂဟ၌ တိဟိတ်စိတ်ကို ပြဆိုရာ **''ပဉ္စတိသမဟဂ္ဂတ လောကုတ္တရာ စိတ္တေသု''** စသော စကားရပ်၌လည်းကောင်း ဉာဏသမ္မယုတ္တ သဒ္ဒါကို ထည့်သွင်းမဆိုခဲ့ပေ။ ထို့ကြောင့် မဟဂ္ဂုတ်စိတ်၊ လောကုတ္တရာစိတ်တို့ကို သမ္မယုတ်၊ ဝိပ္ပယုတ်ဟု မဆိုသင့်ပေ။

အသင်္ခါရိက၊ သသင်္ခါရိက။ ။ ဦးကာကျော်၌ မဟဂ္ဂုတ်စိတ်သည် အသင်္ခါရိကလည်းမဟုတ်၊ သသင်္ခါရိကလည်းမဟုတ်ဟု ပြဆိုပြီးနောက် မဟဂ္ဂုတ်စိတ်သည် သသင်္ခါရိကသာဖြစ်သည်ဟု နောက်–ဒုတိယ တစ်နည်း ထပ်ဖွင့်ပြပြန်၏။

http://www.dhammadownload.com

မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်တို့၌ ''အသခ်ိရိကံ၊ သသခ်ိရိကံ'' ဟု ထည့်သွင်း၍ အရှင်အနုရုဒ္ဓါကိုယ်တိုင် မဆိုခဲ့သောကြောင့် အသခ်ိရိက လည်းမဟုတ်၊ သသခ်ိရိကလည်းမဟုတ်ပေ။

လောကီစိတ် ၈၁-ပါး

၁။	ကာမာဝစရစိတ်	၅၄-ပါး
၂။	ရူပါဝစရစိတ်	၁၅-ပါး
၃။	အရူပါဝစရစိတ်	၁၂-ပါး
	ပေါင်း-လောကီစိတ်	**၈၁-ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သုခသဟဂုတ်စိတ်	၁-ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၁-ပါး
၃။	သောမနဿသဟဂုတ်စိတ်	၃၀-ပါး
၄။	ဒေါမနဿသဟဂုတ်စိတ်	၂-ပါး
၅။	ဥပက္ခာသဟဂုတ်စိတ်	၄၇-ပါး
	ပေါင်း-လောကီစိတ်	**၈၁-ပါး**

သခ်ိရဘေဒအားဖြင့် ရေတွက်ပုံ

၁။	အသခ်ိရိကစိတ်	၁၅-ပါး
၂။	သသခ်ိရိကစိတ်	၁၅-ပါး
၃။	မောဟမူစိတ်	၂-ပါး
၄။	အဟိတ်စိတ်	၁၈-ပါး
၅။	မဟဂ္ဂုတ်စိတ်	၂၆-ပါး
	ပေါင်း-လောကီစိတ်	**၈၁-ပါး**

http://www.dhammadownload.com

သမ္မယောဂအားဖြင့် ရေတွက်ပုံ

၁။	သမ္မယုတ်စိတ်	၂၀-ပါး
၂။	ဝိပ္ပယုတ်စိတ်	၁၆-ပါး
၃။	အဟိတ်စိတ်	၁၈-ပါး
၄။	မဟဂ္ဂုတ်စိတ်	၂၇-ပါး
	ပေါင်း-လောကီစိတ်	**၈၁-ပါး**

ဇာတိဘေဒအားဖြင့် ရေတွက်ပုံ

၁။	အကုသိုလ်စိတ်	၁၂-ပါး
၂။	ကုသိုလ်စိတ်	၁၇-ပါး
၃။	ဝိပါက်စိတ်	၃၂-ပါး
၄။	ကြိယာစိတ်	၂၀-ပါး
	ပေါင်း-လောကီစိတ်	**၈၁-ပါး**

ဘူမိဘေဒအားဖြင့် ရေတွက်ပုံ

၁။	ကာမာဝစရစိတ်	၅၄-ပါး
၂။	ရူပါဝစရစိတ်	၁၅-ပါး
၃။	အရူပါဝစရစိတ်	၁၂-ပါး
	ပေါင်း-လောကီစိတ်	**၈၁-ပါး**

သောမနဿသဟဂုတ်စိတ် ၃၀-ပါး

၁။	လောဘမူသောမနဿသဟဂုတ်စိတ်	၄-ပါး
၂။	အဟိတ်သောမနဿသဟဂုတ်စိတ်	၂-ပါး
၃။	ကာမာဝစရသောဘန သောမနဿသဟဂုတ်စိတ်	၁၂-ပါး
၄။	ရူပါဝစရသောမနဿသဟဂုတ်စိတ်	၁၂-ပါး
	ပေါင်း	**၃၀-ပါး**

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ်စိတ် ၄၎–ပါး

၁။	အကုသိုလ်ဥပေက္ခာသဟဂုတ်စိတ်	၆–ပါး
၂။	အဟိတ်ဥပေက္ခာသဟဂုတ်စိတ်	၁၄–ပါး
၃။	ကာမာဝစရသောဘန	
	ဥပေက္ခာသဟဂုတ်စိတ်	၁၂–ပါး
၄။	ရူပါဝစရဥပက္ခောသဟဂုတ်စိတ်	၃–ပါး
၅။	အရူပါဝစရဥပေက္ခာသဟဂုတ်စိတ်	၁၂–ပါး
	ပေါင်း	**၄၎–ပါး**

လောကီကုသိုလ်စိတ် ၁၎–ပါး

၁။	မဟာကုသိုလ်စိတ်	၈–ပါး
၂။	ရူပါဝစရကုသိုလ်စိတ်	၅–ပါး
၃။	အရူပါဝစရကုသိုလ်စိတ်	၄–ပါး
	ပေါင်း–လောကီကုသိုလ်စိတ်	**၁၎–ပါး**

လောကီဝိပါက်စိတ် ၃၂–ပါး

၁။	အကုသလဝိပါက်စိတ်	၇–ပါး
၂။	အဟိတ်ကုသလဝိပါက်စိတ်	၈–ပါး
၃။	မဟာဝိပါက်စိတ်	၈–ပါး
၄။	ရူပါဝစရဝိပါက်စိတ်	၅–ပါး
၅။	အရူပါဝစရဝိပါက်စိတ်	၄–ပါး
	ပေါင်း–လောကီဝိပါက်စိတ်	**၃၂–ပါး**

http://www.dhammadownload.com

ကြိယာစိတ် ၂၀-ပါး

၁။ အဟိတ်ကြိယာစိတ် ၃-ပါး
၂။ မဟာကြိယာစိတ် ၈-ပါး
၃။ ရူပါဝစရကြိယာစိတ် ၅-ပါး
၄။ အရူပါဝစရကြိယာစိတ် ၄-ပါး
ပေါင်း-ကြိယာစိတ် ၂၀-ပါး

လောကုတ္တရာစိတ်အကျဉ်း ၈-ပါး

လောကုတ္တရာစိတ် ၈-ပါးကို မဂ္ဂင်္ဂဒီပနီဟုခေါ်၏။

မဂ်စိတ် ၄-ပါး

၁။ သောတာပတ္တိမဂ်စိတ် ၁-ခု၊
၂။ သကဒါဂါမိမဂ်စိတ် ၁-ခု၊
၃။ အနာဂါမိမဂ်စိတ် ၁-ခု၊
၄။ အရဟတ္တမဂ်စိတ် ၁-ခု၊
ဤသို့ မဂ်စိတ် ၄-ပါးပြား၏။

မှတ်ချက် ။ ။ မဂ်စိတ် ၄-ပါးကို ကုသိုလ်စိတ်ဟု မှတ်ပါ။

ဖိုလ်စိတ် ၄-ပါး

၁။ သောတာပတ္တိဖိုလ်စိတ် ၁-ခု၊
၂။ သကဒါဂါမိဖိုလ်စိတ် ၁-ခု၊
၃။ အနာဂါမိဖိုလ်စိတ် ၁-ခု၊
၄။ အရဟတ္တဖိုလ်စိတ် ၁-ခု၊
ဤသို့ ဖိုလ်စိတ် ၄-ပါး ပြား၏။

မှတ်ချက် ။ ။ ဖိုလ်စိတ်ကို ဝိပါက်စိတ်ဟုမှတ်ပါ။

http://www.dhammadownload.com

လောကုတ္တရာစိတ်အကျဉ်း ၈–ပါး

၁။ မဂ်စိတ် ၄–ပါး

၂။ ဖိုလ်စိတ် ၄–ပါး

စတုမဂ္ဂပ္ပဘေဒန။ ။ ကွန်ဖြေမထက်မြက်မှု၊ ထက်မြက်မှု၊ အထူးထက်မြက်မှု၊ အစွမ်းကုန်ထက်မြက်မှုအားဖြင့် မဂ်လေးပါး ပြားသောကြောင့် မဂ်နှင့်ယှဉ်သော မဂ်စိတ် ၄–ပါးပြား၏။

ဖိုလ်စိတ် ၄–ပါးပြား

ဝိပါက်(ဖိုလ်)စိတ်သည် ကုသိုလ်စိတ်၏ အကျိုးဖြစ်သောကြောင့် မဂ်နှင့်တူစွာ ၄–ပါးပြား၏။

လောကုတ္တရာစိတ် ၈–ပါး

ကုသိုလ် (မဂ်) စိတ် ၄–ပါး၊ ဝိပါက် (ဖိုလ်) စိတ် ၄–ပါး ပြားသောကြောင့် လောကုတ္တရာစိတ် ၈–ပါးပြား၏။

မှတ်ချက် ။ ။ လောကုတ္တရာစိတ်အကျဉ်း ၈–ပါးကို အကျယ် ၄၀ ပွားရာ၌ သောမနဿ၊ ဉပေက္ခာ နှစ်မျိုးပါရှိသောကြောင့် လောကုတ္တရာစိတ်အကျဉ်း ၈–ပါးသည် သောမနဿလည်း ဟုတ်၏။ ဉပေက္ခာလည်းဟုတ်၏။

လောကုတ္တရာစိတ်အကျဉ်းသည် သမ္မယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်းမဟုတ်။ အသခ်ီရိကလည်းမဟုတ်။ သသခ်ီရိကလည်းမဟုတ်။

မဂ္ဂင်၊ မဂ်၊ မဂ်စိတ်။ ။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဟု ဆိုအပ်သော တစ်ပါးပါးစီသော စေတသိက်တို့ကို မဂ္ဂင်ဟု ခေါ်၏။

ထိုမဂ္ဂင် ၈–ပါးအပေါင်းကို မဂ်ဟုခေါ်၏။ ထိုမဂ်နှင့်ယှဉ်သောစိတ်ကို မဂ်စိတ်ဟုခေါ်၏။

http://www.dhammadownload.com

စိတ်အကျဉ်း ၈၉-ပါး

၁။	အကုသိုလ်စိတ်	၁၂-ပါး
၂။	အဟိတ်စိတ်	၁၈-ပါး
၃။	ကာမာဝစရသောဘနစိတ်	၂၄-ပါး
၄။	ရူပါဝစရစိတ်	၁၅-ပါး
၅။	အရူပါဝစရစိတ်	၁၂-ပါး
၆။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း-စိတ်အကျဉ်း	**၈၉-ပါး**

ဟိတ်(ဟေတုဘေဒ)အားဖြင့် ရေတွက်ပုံ

၁။ အဟိတ်စိတ် ၁၈-ပါး၊ သဟိတ်စိတ် ၇၁-ပါး၊ ပေါင်း၈၉-ပါး။

တစ်နည်း။ ၁။ အဟိတ်စိတ် ၁၈-ပါး

၂။ ဧကဟိတ်စိတ် ၂-ပါး

၃။ ဒွိဟိတ်စိတ် ၂၂-ပါး

၄။ တိဟိတ်စိတ် ၄၇-ပါး

ပေါင်း-စိတ်အကျဉ်း **၈၉-ပါး**

ဝေဒနာဘေဒအားဖြင့်ရေတွက်ပုံ

၁။	သုခသဟဂုတ်စိတ်	၁-ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၁-ပါး
၃။	သောမနဿသဟဂုတ်စိတ်	၃၀-ပါး
၄။	ဒေါမနဿသဟဂုတ်စိတ်	၂-ပါး
၅။	ဥပက္ခာသဟဂုတ်စိတ်	၄၇-ပါး
၆။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း-စိတ်အကျဉ်း	**၈၉-ပါး**

http://www.dhammadownload.com

ဇာတိဘေဒအားဖြင့် ရေတွက်ပုံ

၁။	အကုသိုလ်စိတ်	၁၂–ပါး
၂။	ကုသိုလ်စိတ်	၂၁–ပါး
၃။	ဝိပါက်စိတ်	၃၆–ပါး
၄။	ကြိယာစိတ်	၂၀–ပါး
	ပေါင်း–စိတ်အကျဉ်း	**၈၉–ပါး**

သင်္ဂဟဂါထာ ။ ။ ဒွါဒသာကုသလာ နေဝံ စသော ဂါထာသည် စိတ်အကျဉ်း ၈၉–ပါးကို ဇာတ်အားဖြင့် ရေတွက်ပြသော ဇာတိဘေဒပြ သင်္ဂဟဂါထာဖြစ်၏။

ဘူမိဘေဒအားဖြင့် ရေတွက်ပုံ

၁။	ကာမဝစရစိတ်	၅၄–ပါး
၂။	ရူပါဝစရစိတ်	၁၅–ပါး
၃။	အရူပါဝစရစိတ်	၁၂–ပါး
၄။	လောကုတ္တရာစိတ်	၈–ပါး
	ပေါင်း–စိတ်အကျဉ်း	**၈၉–ပါး**

သင်္ဂဟဂါထာ ။ ။ စတုပညာသဓာကာမေ စသော ဂါထာသည် စိတ်အကျဉ်း ၈၉–ပါးကို ဘုံအားဖြင့် ရေတွက်ပြသော ဘူမိဘေဒပြ သင်္ဂဟဂါထာဖြစ်၏။

ကေဝိသတိအရ

၁။	မဟာကုသိုလ်စိတ်	၈–ပါး
၂။	ရူပါဝစရကုသိုလ်စိတ်	၅–ပါး
၃။	အရူပါဝစရကုသိုလ်စိတ်	၄–ပါး
၄။	လောကုတ္တရာကုသိုလ်စိတ်	၄–ပါး
	ပေါင်း–ကုသိုလ်စိတ်	**၂၁–ပါး**

http://www.dhammadownload.com

ဆတ္တိံသအရ

၁။	အကုသလဝိပါက်စိတ်	၇–ပါး
၂။	အဟိတ်ကုသလဝိပါက်စိတ်	၈–ပါး
၃။	မဟာဝိပါက်စိတ်	၈–ပါး
၄။	ရူပါဝစရဝိပါက်စိတ်	၅–ပါး
၅။	အရူပါဝစရဝိပါက်စိတ်	၄–ပါး
၆။	လောကုတ္တရာဝိပါက်စိတ်	၄–ပါး
	ပေါင်း–ဝိပါက်စိတ်	၃၆–ပါး

နိဂုံး၊ နိဒါန်းပြဂါထာ

ကုတ္ထ မေကူန နဝုတိ ပဘေဒံ ပန မာနသံ – ဟူသော စကားရပ်သည် စိတ်အကျဉ်း ၈၉–ပါးကို နိဂုံးအုပ်ပြသော စကားရပ်ဖြစ်၏။

ကေဝိသသတံဝါထ ဝိဘဇိန္တိ ဝိစက္ခဏာ – ဟူသော စကားရပ်သည် စိတ်အကျယ် ၁၂၁–ပါး၏ နိဒါန်းကိုပြသော စကားရပ်ဖြစ်၏။ ထို့ကြောင့် **ကုတ္ထ မေကူန နဝုတိ**–စသော ဂါထာသည် နိဂုံး၊ နိဒါန်း နှစ်မျိုးစလုံးကိုပြသော သင်္ဂဟဂါထာဖြစ်၏။

မှတ်ချက် ။ ။ ကေူန နဝုတိပဘေဒံဒ်၌၊ ကေူန နဝုတိအရကိုမေးလျှင် စိတ်အကျဉ်း ၈၉–ပါးကို ကောက်ပါ။ ကေဝိသသတံ အရကိုမေးလျှင် စိတ်အကျယ် ၁၂၁–ပါးကို ကောက်ပါ။

[လေ့ကျင့်ခန်း]

၁။ ရူပစိတ် ၅–ပါး ပြားရခြင်းအကြောင်းကိုရေး၍၊ အရူပစိတ်ကို အဘယ်စွာနှင့် ထည့်သွင်းရေတွက်ရမည်နည်း၊ သင်္ဂဟပါဠိထောက်ပြပါ။

၂။ လောကီစိတ်၌ သောမနဿသဟဂုတ်စိတ် မည်မျှရှိပါသနည်း၊ ရေတွက်ပြ၍၊ လောကီစိတ်ကို ဇာတ်အားဖြင့် ရေတွက်ပြပါ။

၃။ စိတ်အကျဉ်း ၈၉–ပါး၌ ဝိပါက်စိတ်တို့ကို ကောက်ပြ၍ နိဂုံး၊ နိဒါန်း နှစ်မျိုးလုံးပြ ဂါထာကို အနက်ပေးပါ။

စိတ်အကျဉ်းပြီး၏။

* * * * *

http://www.dhammadownload.com

လောကုတ္တရာစိတ်အကျယ်-၄၀

မဂ်စိတ်-၂၀

သောတာပတ္တိမဂ်စိတ် ၅-ပါး

(ကျက်ရန်)

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် သောတာပတ္တိ မဂ်စိတ် ၁-ခု။

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သောတာပတ္တိ မဂ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် သောတာပတ္တိ မဂ်စိတ် ၁-ခု။

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သောတာပတ္တိ မဂ်စ်တ် ၁-ခု။

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သောတာပတ္တိ မဂ်စိတ် ၁-ခု။

ဤသို့ သောတာပတ္တိ မဂ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ သောတာပတ္တိမဂ်စိတ် ၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပေက္ခာသဟဂုတ်စိတ် ၁-ပါး ရှိ၏။

သကဒါဂါမိ မဂ်စိတ် ၅-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် သကဒါဂါမိ မဂ်စိတ် ၁-ခု။

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သကဒါဂါမိ မဂ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် သကဒါဂါမိ မဂ်စိတ် ၁-ခု။

http://www.dhammadownload.com

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သကဒါဂါမိ မဂ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သကဒါဂါမိ မဂ်စိတ် ၁-ခု။

ဤသို့ သကဒါဂါမိ မဂ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ သကဒါဂါမိမဂ်စိတ် ၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပက္ခာသဟဂုတ်စိတ် ၁-ပါးရှိ၏။

အနာဂါမိ မဂ်စိတ် ၅-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမစျာန် အနာဂါမိ မဂ်စိတ် ၁-ခု။

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အနာဂါမိ မဂ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် အနာဂါမိ မဂ်စိတ် ၁-ခု။

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အနာဂါမိ မဂ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အနာဂါမိ မဂ်စိတ် ၁-ခု။

ဤသို့ အနာဂါမိ မဂ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ အနာဂါမိမဂ်စိတ် ၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပက္ခာသဟဂုတ်စိတ် ၁-ပါးရှိ၏။

အရဟတ္တမဂ်စိတ် ၅-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

http://www.dhammadownload.com

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

ဤသို့ အရဟတ္တမဂ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ အရဟတ္တမဂ်စိတ် ၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပက္ခာသဟဂုတ်စိတ် ၁-ပါးရှိ၏။

မဂ်စိတ် ၂၀-ပါး

၁။	သောတာပတ္တိမဂ်စိတ်	၅-ပါး
၂။	သကဒါဂါမိမဂ်စိတ်	၅-ပါး
၃။	အနာဂါမိမဂ်စိတ်	၅-ပါး
၄။	အရဟတ္တမဂ်စိတ်	၅-ပါး
	ပေါင်း-မဂ်စိတ်အကျယ်	**၂၀-ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၁၆-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၄-ပါး
	ပေါင်း-မဂ်စိတ်	**၂၀-ပါး**

စျာနဘေဒအားဖြင့် ရေတွက်ပုံ

၁။	ပထမစျာန်စိတ်	၄-ပါး
၂။	ဒုတိယစျာန်စိတ်	၄-ပါး

http://www.dhammadownload.com

၃။	တတိယစျာန်စိတ်	၄-ပါး
၄။	စတုတ္ထစျာန်စိတ်	၄-ပါး
၅။	ပဉ္စမစျာန်စိတ်	၄-ပါး
	ပေါင်း-မဂ်စိတ်	၂၀-ပါး

အမှာ ။ ။ ပထမစျာန် ၄-ပါး စသည်တို့ကို ဆရာက တပည့်များကို တစ်ပါးစီ ကောက်ခိုင်းပါ။

ဖိုလ်စိတ် ၂၀-ပါး

သောတာပတ္တိဖိုလ်စိတ် ၅-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၄။ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

ဤသို့ သောတာပတ္တိဖိုလ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ သောတာပတ္တိဖိုလ်စိတ် ၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပက္ခာသဟဂုတ်စိတ် ၁-ပါးရှိ၏။

သကဒါဂါမိဖိုလ်စိတ် ၅-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

http://www.dhammadownload.com

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

ဤသို့ သကဒါဂါမိဖိုလ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ သကဒါဂါမိဖိုလ်စိတ်၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပက္ခာသဟဂုတ်စိတ် ၁-ပါးရှိ၏။

အနာဂါမိဖိုလ်စိတ် ၅-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွဖြစ်သော ပထမစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

ဤသို့ အနာဂါမိဖိုလ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ အနာဂါမိဖိုလ်စိတ် ၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပက္ခာသဟဂုတ်စိတ် ၁-ပါးရှိ၏။

http://www.dhammadownload.com

အရဟတ္တဖိုလ်စိတ် ၅-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးနှင့်တကွ ဖြစ်သော ပထမစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

ဤသို့ အရဟတ္တဖိုလ်စိတ် ၅-ပါးပြား၏။

မှတ်ချက် ။ ။ အရဟတ္တဖိုလ်စိတ် ၅-ပါးတွင် သောမနဿ သဟဂုတ်စိတ် ၄-ပါး၊ ဥပက္ခာသဟဂုတ်စိတ် ၁-ပါးရှိ၏။

ဖိုလ်စိတ် ၂၀-ပါး

၁။	သောတာပတ္တိဖိုလ်စိတ်	၅-ပါး
၂။	သကဒါဂါမိဖိုလ်စိတ်	၅-ပါး
၃။	အနာဂါမိဖိုလ်စိတ်	၅-ပါး
၄။	အရဟတ္တဖိုလ်စိတ်	၅-ပါး
	ပေါင်း-ဖိုလ်စိတ်	**၂၀-ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၁၆-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၄-ပါး
	ပေါင်း-ဖိုလ်စိတ်	**၂၀-ပါး**

http://www.dhammadownload.com

စျာနဘေဒအားဖြင့် ရေတွက်ပုံ

၁။	ပထမစျာန်စိတ်	၄–ပါး
၂။	ဒုတိယစျာန်စိတ်	၄–ပါး
၃။	တတိယစျာန်စိတ်	၄–ပါး
၄။	စတုတ္ထစျာန်စိတ်	၄–ပါး
၅။	ပဉ္စမစျာန်စိတ်	၄–ပါး
	ပေါင်း–ဖိုလ်စိတ်	**၂၀–ပါး**

အမှာ ။ ။ ပထမစျာန် ၄–ပါး စသည်တို့ကို ဆရာက တပည့်များကို တစ်ပါးစီ ကောက်ခိုင်းပါ။

လောကုတ္တရာစိတ်အကျယ် ၄၀–ပါး

၁။	မဂ်စိတ်	၂၀–ပါး
၂။	ဖိုလ်စိတ်	၂၀–ပါး
	ပေါင်း	**၄၀–ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၃၂–ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၈–ပါး
	ပေါင်း–လောကုတ္တရာစိတ်အကျယ်	**၄၀–ပါး**

သောမနဿသဟဂုတ်စိတ်အကျယ် ၃၂–ပါး

၁။	မဂ်သောမနဿသဟဂုတ်စိတ်	၁၆–ပါး
၂။	ဖိုလ်သောမနဿသဟဂုတ်စိတ်	၁၆–ပါး
	ပေါင်း	**၃၂–ပါး**

ဥပေက္ခာသဟဂုတ်စိတ် ၈–ပါး

၁။	မဂ်ဥပေက္ခာသဟဂုတ်စိတ်	၄–ပါး
၂။	ဖိုလ်ဥပေက္ခာသဟဂုတ်စိတ်	၄–ပါး
	ပေါင်း	**၈–ပါး**

http://www.dhammadownload.com

ဈာနဘေဒအားဖြင့် ရေတွက်ပုံ

၁။	ပထမဈာန်စိတ်	၈–ပါး
၂။	ဒုတိယဈာန်စိတ်	၈–ပါး
၃။	တတိယဈာန်စိတ်	၈–ပါး
၄။	စတုတ္ထဈာန်စိတ်	၈–ပါး
၅။	ပဉ္စမဈာန်စိတ်	၈–ပါး
	ပေါင်း–လောကုတ္တရာစိတ်အကျယ်	**၄၀–ပါး**

ပထမဈာန်စိတ် ၈–ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သောတာပတ္တိမဂ်စိတ် ၁–ခု။

၂။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သကဒါဂါမိမဂ်စိတ် ၁–ခု။

၃။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အနာဂါမိမဂ်စိတ် ၁–ခု။

၄။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အရဟတ္တမဂ်စိတ် ၁–ခု။

၅။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သောတာပတ္တိဖိုလ်စိတ် ၁–ခု။

၆။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် သကဒါဂါမိဖိုလ်စိတ် ၁–ခု။

၇။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အနာဂါမိဖိုလ်စိတ် ၁–ခု။

၈။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ကေဂ္ဂတာ ဈာန်အင်္ဂါ ၅–ပါးနှင့်တကွ ဖြစ်သော ပထမဈာန် အရဟတ္တဖိုလ်စိတ် ၁–ခု။

http://www.dhammadownload.com

ဒုတိယစျာန်စိတ် ၈-ပါး

၁။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သောတာပတ္တိမဂ်စိတ် ၁-ခု။

၂။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သကဒါဂါမိမဂ်စိတ် ၁-ခု။

၃။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အနာဂါမိမဂ်စိတ် ၁-ခု။

၄။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

၅။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၆။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

၇။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

၈။ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါးနှင့်တကွဖြစ်သော ဒုတိယစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

တတိယစျာန်စိတ် ၈-ပါး

၁။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် သောတာပတ္တိမဂ်စိတ် ၁-ခု။

၂။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် သကဒါဂါမိမဂ်စိတ် ၁-ခု။

၃။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယစျာန် အနာဂါမိမဂ်စိတ် ၁-ခု။

http://www.dhammadownload.com

၄။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် အရဟတ္တမဂ်စိတ် ၁-ခု။

၅။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၆။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

၇။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

၈။ ပီတိ၊ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါးနှင့်တကွဖြစ်သော တတိယ စျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

စတုတ္ထစျာန်စိတ် ၈-ပါး

၁။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သောတာပတ္တိမဂ်စိတ် ၁-ခု။

၂။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သကဒါဂါမိမဂ်စိတ် ၁-ခု။

၃။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အနာဂါမိမဂ်စိတ် ၁-ခု။

၄။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

၅။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၆။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

၇။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

http://www.dhammadownload.com

၈။ သုခ၊ ကေဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော စတုတ္ထစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

ပဉ္စမစျာန်စိတ် ၈-ပါး

၁။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သောတာပတ္တိမဂ်စိတ် ၁-ခု။

၂။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သကဒါဂါမိမဂ်စိတ် ၁-ခု။

၃။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အနာဂါမိမဂ်စိတ် ၁-ခု။

၄။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အရဟတ္တမဂ်စိတ် ၁-ခု။

၅။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သောတာပတ္တိဖိုလ်စိတ် ၁-ခု။

၆။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် သကဒါဂါမိဖိုလ်စိတ် ၁-ခု။

၇။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အနာဂါမိဖိုလ်စိတ် ၁-ခု။

၈။ ဥပေက္ခာ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါးနှင့်တကွဖြစ်သော ပဉ္စမစျာန် အရဟတ္တဖိုလ်စိတ် ၁-ခု။

ဤသို့ လောကုတ္တရာစိတ်၌ ပဉ္စမစျာန်စိတ် ၈-ပါး ပြား၏။

တထာ ။ ။ တထာ သကဒါဂါမိမဂ္ဂ (ပ) သမဓိသတိမဂ္ဂစိတ္တာနိ ဟူသော စကားရပ်ဖြင့် အထက်မဂ်စိတ် ၃-ပါး၏ အကျယ်ပွားပုံကိုပြ၏။

http://www.dhammadownload.com

သောတာပတ္တိမဂ်စိတ်နှင့် အလားတူ သကဒါဂါမိမဂ်စိတ်၊ အနာဂါမိမဂ်စိတ်၊ အရဟတ္တမဂ်စိတ်များလည်း ၅-ပါးစီ ပြားကြ၏ဟု တထာသဒ္ဒါဖြင့် ညွှန်ပြ၏။

တထာဖလစိတ္တာနိ ။ ။ **တထာဖလစိတ္တာနိ**-ပါဠိဖြင့် ဖိုလ်စိတ်အကျယ်ပွားပုံကိုပြ၏။

မဂ်စိတ်တို့ကို အကျယ်ပွားသကဲ့သို့ ဖိုလ်စိတ်တို့ကို အကျယ်ပွားလျှင်လည်း အတိအကျ ၂၀-ပင်ဖြစ်လာ၏ဟု တထာ-သဒ္ဒါဖြင့် ညွှန်ပြ၏။

စတ္တာလီသဝိဓံ ။ ။ **ဗျာနဂ်ယောဂဘေဒေန** စသော ဂါထာသည် လောကုတ္တရာ စိတ်အကျယ်ပြားပုံကိုပြသော သင်္ဂဟဂါထာဖြစ်၏။ ဗျာန်အင်္ဂါတို့၏ယှဉ်ပုံ အပြားအားဖြင့် တစ်ပါးပါးသော လောကုတ္တရာစိတ်သည် ငါးပါး ငါးပါးစီပြားသောကြောင့် လောကုတ္တရာစိတ်အကျယ် (၈ × ၅) = ၄၀ ပြား၏။

ဗျာန်အင်္ဂါတို့ယှဉ်ပုံ ၅-မျိုးပြားပုံ

အချို့မဂ်စိတ်၊ ဖိုလ်စိတ်၌ ဗျာန်အင်္ဂါ ၅-ပါးယှဉ်၏။ အချို့စိတ်၌ ဗျာန်အင်္ဂါ ၄-ပါးယှဉ်၏။ အချို့စိတ်၌ ဗျာန်အင်္ဂါ ၃-ပါးယှဉ်၏။ အချို့စိတ်၌ ၂-ပါးယှဉ်၏။ အချို့စိတ်၌ တစ်ဖန် ဗျာန်အင်္ဂါ ၂-ပါးယှဉ်ပြန်၏။ ဤသို့ ဗျာန်အင်္ဂါတို့ယှဉ်ပုံ ၅-မျိုး ကွဲပြား၏။

လောကုတ္တရာစိတ်အကျယ်ပြီး၏။

❐❐❐❐❐

http://www.dhammadownload.com

သောဘနစိတ်အကျယ် ၉၁-ပါး

၁။	ကာမာဝစရသောဘနစိတ်	၂၄-ပါး
၂။	ရူပါဝစရစိတ်	၁၅-ပါး
၃။	အရူပါဝစရစိတ်	၁၂-ပါး
၄။	လောကုတ္တရာစိတ်အကျယ်	၄၀-ပါး
	ပေါင်း	**၉၁-ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သောမနဿသဟဂုတ်စိတ်	၆၆-ပါး
၂။	ဥပေက္ခာသဟဂုတ်စိတ်	၃၅-ပါး
	ပေါင်း-သောဘနစိတ်အကျယ်	**၉၁-ပါး**

ဇာတိဘေဒအားဖြင့် ရေတွက်ပုံ

၁။	ကုသိုလ်စိတ်	၃၇-ပါး
၂။	ဝိပါက်စိတ်	၃၇-ပါး
၃။	ကြိယာစိတ်	၁၇-ပါး
	ပေါင်း-သောဘနစိတ်အကျယ်	**၉၁-ပါး**

သောမနဿသဟဂုတ်စိတ် ၆၆-ပါး

၁။	ကာမာဝစရသောဘနသောမနဿသဟဂုတ်စိတ်	၁၂-ပါး
၂။	ရူပါဝစရသောမနဿသဟဂုတ်စိတ်	၁၂-ပါး
၃။	လောကုတ္တရာသောမနဿသဟဂုတ်စိတ်	၃၂-ပါး
	ပေါင်း	**၆၆-ပါး**

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ်စိတ် ၃၅-ပါး

၁။	ကာမာဝစရသောဘနဥပေက္ခာသဟဂုတ်စိတ်	၁၂-ပါး
၂။	ရူပါဝစရဥပေက္ခာသဟဂုတ်စိတ်	၃-ပါး
၃။	အရူပါဝစရဥပေက္ခာသဟဂုတ်စိတ်	၁၂-ပါး
၄။	လောကုတ္တရာဥပေက္ခာသဟဂုတ်စိတ်	၈-ပါး
	ပေါင်း	**၃၅-ပါး**

သောဘနစိတ်အကျယ်ပြီး၏။

စိတ်အကျယ် ၁၂၁-ပါး

၁။	အကုသိုလ်စိတ်	၁၂-ပါး
၂။	အဟိတ်စိတ်	၁၈-ပါး
၃။	ကာမာဝစရသောဘနစိတ်	၂၄-ပါး
၄။	ရူပါဝစရစိတ်	၁၅-ပါး
၅။	အရူပါဝစရစိတ်	၁၂-ပါး
၆။	လောကုတ္တရာစိတ်အကျယ်	၄၀-ပါး
	ပေါင်း-စိတ်အကျယ်	**၁၂၁-ပါး**

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။	သုခသဟဂုတ်စိတ်	၁-ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၁-ပါး
၃။	သောမနဿသဟဂုတ်စိတ်	၆၂-ပါး
၄။	ဒေါမနဿသဟဂုတ်စိတ်	၂-ပါး
၅။	ဥပေက္ခာသဟဂုတ်စိတ်	၅၅-ပါး
	ပေါင်း-စိတ်အကျယ်	**၁၂၁-ပါး**

http://www.dhammadownload.com

သမ္မယောဂဘေဒအားဖြင့် ရေတွက်ပုံ

၁။	သမ္မယုတ်စိတ်	၂၀–ပါး
၂။	ဝိပ္ပယုတ်စိတ်	၁၆–ပါး
၃။	အဟိတ်စိတ်	၁၈–ပါး
၄။	ရူပါဝစရစိတ်	၁၅–ပါး
၅။	အရူပါဝစရစိတ်	၁၂–ပါး
၆။	လောကုတ္တရာစိတ်အကျယ်	၄၀–ပါး
	ပေါင်း–စိတ်အကျယ်	**၁၂၁–ပါး**

သခ်ီရဘေဒအားဖြင့် ရေတွက်ပုံ

၁။	အသခ်ီရိကစိတ်	၁၇–ပါး
၂။	သသခ်ီရိကစိတ်	၁၇–ပါး
၃။	မောဟမူစိတ်	၂–ပါး
၄။	အဟိတ်စိတ်	၁၈–ပါး
၅။	ရူပါဝစရစိတ်	၁၅–ပါး
၆။	အရူပါဝစရစိတ်	၁၂–ပါး
၇။	လောကုတ္တရာစိတ်အကျယ်	၄၀–ပါး
	ပေါင်း–စိတ်အကျယ်	**၁၂၁–ပါး**

ဇာတိဘေဒအားဖြင့် ရေတွက်ပုံ

၁။	အကုသိုလ်စိတ်	၁၂–ပါး
၂။	ကုသိုလ်စိတ်	၃၇–ပါး
၃။	ဝိပါက်စိတ်	၅၂–ပါး
၄။	ကြိယာစိတ်	၂၀–ပါး
	ပေါင်း–စိတ်အကျယ်	**၁၂၁–ပါး**

http://www.dhammadownload.com

ဟိတ်(ဟေတုဘေဒ)အားဖြင့် ရေတွက်ပုံ

၁။ အဟိတ်စိတ် ၁၈–ပါး
၂။ သဟိတ်စိတ် ၁၀၃–ပါး
ပေါင်း–စိတ်အကျယ် **၁၂၁–ပါး**

တစ်နည်း

၁။ အဟိတ်စိတ် ၁၈–ပါး
၂။ ဧကဟိတ်စိတ် ၂–ပါး
၃။ ဒွိဟိတ်စိတ် ၂၂–ပါး
၄။ တိဟိတ်စိတ်အကျယ် ၇၉–ပါး
ပေါင်း–စိတ်အကျယ် **၁၂၁–ပါး**

ဘူမိဘေဒအားဖြင့် ရေတွက်ပုံ

၁။ ကာမာဝစရစိတ် ၅၄–ပါး
၂။ ရူပါဝစရစိတ် ၁၅–ပါး
၃။ အရူပါဝစရစိတ် ၁၂–ပါး
၄။ လောကုတ္တရာစိတ်အကျယ် ၄၀–ပါး
ပေါင်း–စိတ်အကျယ် **၁၂၁–ပါး**

သောမနဿသဟဂုတ်စိတ် ၆၂–ပါး

၁။ လောဘမူသောမနဿသဟဂုတ်စိတ် ၄–ပါး
၂။ အဟိတ်သောမနဿသဟဂုတ်စိတ် ၂–ပါး
၃။ ကာမာဝစရသောဘန သောမနဿသဟဂုတ်စိတ် ၁၂–ပါး
၄။ ရူပါဝစရသောမနဿသဟဂုတ်စိတ် ၁၂–ပါး
၅။ မဂ်သောမနဿသဟဂုတ်စိတ် ၁၆–ပါး
၆။ ဖိုလ်သောမနဿသဟဂုတ်စိတ် ၁၆–ပါး
ပေါင်း **၆၂–ပါး**

http://www.dhammadownload.com

ဥပေက္ခာသဟဂုတ်စိတ် ၅၅-ပါး

၁။	အကုသိုလ်ဥပေက္ခာသဟဂုတ်စိတ်	၆-ပါး
၂။	အဟိတ်ဥပေက္ခာသဟဂုတ်စိတ်	၁၈-ပါး
၃။	ကာမာဝစရသောဘနဥပေက္ခာသဟဂုတ်စိတ်	၁၂-ပါး
၄။	ရူပါဝစရဥပေက္ခာသဟဂုတ်စိတ်	၃-ပါး
၅။	အရူပါဝစရဥပေက္ခာသဟဂုတ်စိတ်	၁၂-ပါး
၆။	လောကုတ္တရာဥပေက္ခာသဟဂုတ်စိတ်	၈-ပါး
	ပေါင်း	**၅၅-ပါး**

ကုသိုလ်စိတ် ၃၀-ပါး

၁။	မဟာကုသိုလ်စိတ်	၈-ပါး
၂။	ရူပါဝစရကုသိုလ်စိတ်	၅-ပါး
၃။	အရူပါဝစရကုသိုလ်စိတ်	၄-ပါး
၄။	လောကုတ္တရာကုသိုလ်စိတ်	၂၀-ပါး
	ပေါင်း	**၃၀-ပါး**

ဝိပါက်စိတ် ၅၂-ပါး

၁။	အကုသလဝိပါက်စိတ်	၇-ပါး
၂။	အဟိတ်ကုသလဝိပါက်စိတ်	၈-ပါး
၃။	မဟာဝိပါက်စိတ်	၈-ပါး
၄။	ရူပါဝစရဝိပါက်စိတ်	၅-ပါး
၅။	အရူပါဝစရဝိပါက်စိတ်	၄-ပါး
၆။	လောကုတ္တရာဝိပါက်စိတ်	၂၀-ပါး
	ပေါင်း	**၅၂-ပါး**

http://www.dhammadownload.com

ပထမစျာန်စိတ် ၁၁-ပါး

၁။	ရူပါဝစရပထမစျာန်စိတ်	၃-ပါး
၂။	လောကုတ္တရာပထမစျာန်စိတ်	၈-ပါး
	ပေါင်း-ပထမစျာန်စိတ်	၁၁-ပါး

ဒုတိယစျာန်စိတ် ၁၁-ပါး

၁။	ရူပါဝစရဒုတိယစျာန်စိတ်	၃-ပါး
၂။	လောကုတ္တရဒုတိယစျာန်စိတ်	၈-ပါး
	ပေါင်း-ဒုတိယစျာန်စိတ်	၁၁-ပါး

တတိယစျာန်စိတ် ၁၁-ပါး

၁။	ရူပါဝစရတတိယစျာန်စိတ်	၃-ပါး
၂။	လောကုတ္တရာတတိယစျာန်စိတ်	၈-ပါး
	ပေါင်း-တတိယစျာန်စိတ်	၁၁-ပါး

စတုတ္ထစျာန်စိတ် ၁၁-ပါး

၁။	ရူပါဝစရစတုတ္ထစျာန်စိတ်	၃-ပါး
၂။	လောကုတ္တရာစတုတ္ထစျာန်စိတ်	၈-ပါး
	ပေါင်း-စတုတ္ထစျာန်စိတ်	၁၁-ပါး

ပဉ္စမစျာန်စိတ် ၂၃-ပါး

၁။	ရူပါဝစရပဉ္စမစျာန်စိတ်	၃-ပါး
၂။	အရူပါဝစရပဉ္စမစျာန်စိတ်	၁၂-ပါး
၃။	လောကုတ္တရာပဉ္စမစျာန်စိတ်	၈-ပါး
	ပေါင်း-ပဉ္စမစျာန်စိတ်	၂၃-ပါး

http://www.dhammadownload.com

ဈာန်စိတ်ပေါင်း ။ ။ **ယထာ စ ရူပါဝစရံ** စသော ၂-ဂါထာသည် ဈာန်စိတ်တို့ကို စုပေါင်းရေတွက်ပြသော သင်္ဂဟဂါထာဖြစ်၏။

သင်္ဂဟဂါထာ ။ ။ **သတ္တတိ သဝိဓံ ပုညံ** စသော သင်္ဂဟဂါထာသည် ကုသိုလ်စိတ်နှင့် ဝိပါက်စိတ်တို့၏အကျယ်ကိုပြသော ဂါထာဖြစ်၏။ စိတ်အကျယ်ကို ဇာတ်အားဖြင့် ရေတွက်ပြသော ဇာတိဘေဒပြ ဂါထာလည်းဖြစ်၏။

[လေ့ကျင့်ခန်း]

၁။ လောကုတ္တရာစိတ်အကျယ်ကို ဈာနဘေဒအားဖြင့် ရေတွက်ပြ၍ လောကုတ္တရာစိတ်အကျယ် ၄၀-ပြားရခြင်းအကြောင်းကိုရေးပါ။

၂။ လောကုတ္တရာစိတ်အကျယ်ပြားပုံပြ သင်္ဂဟပါဠိကိုရေး၍ စိတ်အကျယ် ၁၂၁-ပါးကို ဟိတ်အားဖြင့် ရေတွက်ပြပါ။

၃။ စိတ်အကျယ် ၁၂၁-ပါးကို ဘူမိဘေဒအားဖြင့် ရေတွက်ပြ၍ ထိုစိတ်အကျယ်တွင် ဥပေက္ခာစဟဂုတ်စိတ်တို့ကို ကောက်ပြခဲ့ပါ။

စိတ်ပိုင်းပြီး၏။



http://www.dhammadownload.com

စေတသိက်ပိုင်း

ကေုပ္ပါဒ နိရောဓစ စသောဂါထာသည် စေတသိက် လက္ခဏာ ၄-ပါးကို ပြသော သင်္ဂဟဂါထာဖြစ်၏။

စေတသိက်လက္ခဏာ ၄-ပါး

၁။ ကေုပ္ပါဒ = စိတ်နှင့်အတူတကွဖြစ်ခြင်း၊
၂။ ကေနိရောဓ = စိတ်နှင့်အတူတကွချုပ်ခြင်း၊
၃။ ကောလမ္ဗဏ = စိတ်နှင့်အာရုံတူခြင်း
၄။ ကေဝတ္ထုက = စိတ်နှင့်တူသော **မှီရာဝတ္ထုရှိခြင်း။**

ဖော်ပြပါ လက္ခဏာ ၄-ပါးကို **စေတသိက်လက္ခဏာဟုခေါ်**၏။ စေတောယုတ္တ လက္ခဏာဟုလည်းကောင်း၊ **သမ္မယုတ္တလက္ခဏာဟုလည်း** ကောင်း ခေါ်ကြသေး၏။

မှတ်ချက် ။ ။ မည်သည့် စေတသိက်မဆို (ကာမဘုံ၊ ရူပဘုံ) ၌ စိတ်မှာ ယှဉ်သောအခါ ဤစေတသိက်လက္ခဏာ ၄ပါး နှင့် ညီညွတ်ရ၏။ အရူပဘုံ၌ ရုပ်မရှိသောကြောင့် ကေဝတ္ထုက လက္ခဏာ တစ်ပါးယုတ်လျော့၏။

စေတသိက် ၅၂-ပါးသည် စိတ်၌မှီ၍ စိတ်နှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လျက် စိတ်ကိုခြယ်လှယ်သောတရားဖြစ်၏။ ထို့ကြောင့် စိတ်သည် အမှီခံနာမ်တရားဖြစ်၏။ စေတသိက်သည် အမှီနာမ် (မှီတတ်သောနာမ်) တရားဖြစ်၏။

http://www.dhammadownload.com

စေတသိက် ၅၂-ပါး

၁။	အညသမာန်းစေတသိက်	၁၃ ပါး
၂။	အကုသိုလ်စေတသိက်	၁၄ ပါး
၃။	သောဘနစေတသိက်	၂၅ ပါး
	ပေါင်း-စေတသိက်	**၅၂ ပါး**

အမှာ ။ ။ စေတသိက် ၅၂-ပါးကို အစု (ရာသီ)အားဖြင့် ရေတွက်ပြပါဟု မေးလျှင် ဤအတိုင်း ဖြေပါ။

သင်္ဂဗစိတ္ထသာဓာရဏစေတသိက် သဘောလက္ခဏာ

၁။ **ဖဿ** = အာရုံကို တွေ့ထိခြင်း လက္ခဏာ။

၂။ **ဝေဒနာ** = အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာ။

၃။ **သညာ** = အာရုံကိုမှတ်သားခြင်း (အမှတ်အသားပြု၍ သိခြင်း) လက္ခဏာ၊

၄။ **စေတနာ** = အာရုံ၌ ယှဉ်ဖက်တရားတို့ကို စေ့ဆော်ခြင်း၊ (တိုက်တွန်းခြင်း) လက္ခဏာ၊

၅။ **ကေဂ္ဂတာ** = တစ်ခုတည်းသော အာရုံကိုသာ ယူသည်ဖြစ်၍ တည်ကြည်ခြင်း၊ အာရုံ၌ မပျံ့လွင့်ခြင်းလက္ခဏာ၊

၆။ **ဇီဝိတိန္ဒြေ** = ယှဉ်ဖက်တရားတို့ကို စောင့်ထိန်းခြင်း၊ (အစိုးရခြင်း) လက္ခဏာ၊

၇။ **မနသိကာရ** = စိတ်ထဲ၌ အာရုံပေါ်လာအောင် ပြုပြင်ပေးခြင်း လက္ခဏာ (အာရုံကို နှလုံးသွင်းခြင်းလက္ခဏာ)။

အလုံးစုံသောစိတ်နှင့် ဆက်ဆံသောကြောင့် ဖဿစသော စေတသိက် ၇-ပါးတို့ကို သင်္ဂဗစိတ္တသာဓာရဏစေတသိက်ဟုခေါ်၏။ စိတ်ဖြစ်တိုင်း ပါဝင်သော စေတသိက်ဟု မှတ်ပါ။

မှတ်ချက် ။ ။ ဝေဒနာ စေတသိက်သည် ကောင်းသော ဘောဇဉ်၏ အရသာကို ခံစားသောမင်းနှင့်တူ၏။ ဖဿ စေတ

http://www.dhammadownload.com

သိက်သည် ချဉ်သီးစားသူကို မြင်၍ သွားရည် ကျသူနှင့်တူ၏။ သညာသည် အမှတ်အသားပြုသို့ သော လက်သမားနှင့်တူ၏။ စေတနာသည် တပည့်ကြီး၊ လက်သမားဆရာကြီး၊ စသူတို့နှင့်တူ၏။ ဇီဝိတိန္ဒြေသည် ကြာကို စောင့်ရှောက်သော ရေနှင့်တူ၏။ အထိန်းနှင့်လည်းတူ၏။ လှေလှော်သူနှင့် လည်းတူ၏။ မနသိကာရသည် (အာဇာနည်မြင်းကို မောင်းနှင်သော) ရထားထိန်း (ရထားမောင်းသူ)နှင့် တူ၏။

ပကိဏ်းစေတသိက် ၆-ပါး

၁။ **ဝိတက်** = ယှဉ်ဖက်တရားတို့ကို အာရုံသို့ တင်ပေးခြင်း လက္ခဏာ၊ ကြံစည်ခြင်း လက္ခဏာ၊
၂။ **ဝိစာရ** = အာရုံကို ထပ်၍ ထပ်၍ယူခြင်း၊ သုံးသပ်ခြင်း လက္ခဏာ၊
၃။ **အဓိမောက္ခ** = အာရုံကိုဆုံးဖြတ်ချက်ချခြင်း လက္ခဏာ၊
၄။ **ဝီရိယ** = အားထုတ်ခြင်းလက္ခဏာ၊
၅။ **ပီတိ** = အာရုံကို နှစ်သက်ခြင်းလက္ခဏာ၊
၆။ **ဆန္ဒ** = လိုလားတောင့်တခြင်းလက္ခဏာ၊

စိတ်အားလုံးနှင့် မယှဉ်ဘဲ ဟိုစိတ်မှာတချို့၊ သည်စိတ်မှာ တချို့ ရောရောပြွမ်းပြွမ်း ယှဉ်သောကြောင့် ဝိတက်စသော စေတသိက် ၆-ပါးကို ပကိဏ်းစေတသိက်ဟု ခေါ်၏။

မှတ်ချက် ။ ။ ဝိတက်သည် မင်းကျွမ်းဝင်သူနှင့်တူ၏။ ခေါင်းလောင်း၏ ရှေးဦးစွာ မည်သောအသံ၊ ကြေးစည်အသံနှင့်တူ၏။ ဝိစာရသည် ခေါင်းလောင်းကြေးစည်၏ ကြေးညည်းသံနှင့်တူ၏။ အဓိမောက္ခသည် တံခါးတိုင်နှင့်တူ၏။ ဆန္ဒသည် လေးသမားနှင့်တူ၏။

အညသမာနိစေတသိက် ၁၃-ပါး

၁။	သဗ္ဗစိတ္တသာဓာရဏစေတသိက်	၇-ပါး
၂။	ပကိဏ်းစေတသိက်	၆-ပါး
	ပေါင်း-အညသမာနိစေတသိက်	**၁၃-ပါး**

http://www.dhammadownload.com

သောဘနကို ထောက်စာလျှင် အသောဘနတို့သည် အညမည်၏။ အသောဘနကို ထောက်စာလျှင် သောဘနတို့သည် အညမည်၏။ ထိုသို့ အညအမည်ရသော အသောဘန၊ သောဘနတို့နှင့် လိုက်လျော ညီမျှယှဉ်နှိုင်ကြသောကြောင့် အညသမာန်း စေတသိက်ဟု ခေါ်၏။

အည ။ ။ သောဘနစိတ်၌ ယှဉ်ခိုက် အသောဘနစိတ်သည် အညအပါဒါန်မည်၏။ သောဘနစိတ်သည် အညအရမည်၏။ အသောဘနစိတ်၌ ယှဉ်ခိုက် သောဘနစိတ်သည် အညအပါဒါန်မည်၏။ အသောဘနစိတ်သည် အညအရမည်၏။

အကုသိုလ်စေတသိက် ၁၄-ပါးနှင့် သဘောလက္ခဏာ

၁။ **မောဟ** = အာရုံ၏ အမှန်သဘောကို ဖုံးကွယ်ခြင်း လက္ခဏာ၊

၂။ **အဟိရိက** = ကာယဒုစရိုက် စသည်တို့မှ မရှက်ခြင်း လက္ခဏာ၊

၃။ **အနောတ္တပ္ပ** = ကာယဒုစရိုက် စသည်တို့မှ မကြောက်လန့်ခြင်း လက္ခဏာ၊

၄။ **ဥဒ္ဓစ္စ** = စိတ်၏မငြိမ်သက်ခြင်း၊ ပျံ့လွင့်ခြင်းလက္ခဏာ၊

၅။ **လောဘ** = လောကီအာရုံ ကာမဂုဏ်တို့၌ လိုချင်တပ်မက်ခြင်း လက္ခဏာ၊

၆။ **ဒိဋ္ဌိ** = မှားမှားယွင်းယွင်းသိခြင်း (အယူမှားခြင်း) လက္ခဏာ၊

၇။ **မာန** = မိမိကိုယ်ကို ငါသာလျှင် မြတ်၏ဟု တံခွန်ကဲ့သို့ ထောင်လွှား တက်ကြွခြင်း လက္ခဏာ၊

၈။ **ဒေါသ** = ခက်ထန်ကြမ်းတမ်းခြင်း လက္ခဏာ၊

၉။ **ကုက္ကုစ္စ** = သူတစ်ပါး ဂုဏ်သိန်၊ စည်းစိမ် ချမ်းသာကို ငြူစူ စောင်းမြောင်းခြင်းလက္ခဏာ။

၁၀။ **မစ္ဆရိယ** = မိမိစည်းစိမ်ကို ဝန်တို (လျှို့ဝှက်) ခြင်း လက္ခဏာ၊

၁၁။ **ကုက္ကုစ္စ** = ဒုစရိုက်ကို ပြုပြီးမှလည်းကောင်း၊ သုစရိုက်ကို မပြု

http://www.dhammadownload.com

ခဲ့၍လည်းကောင်း၊ နောင်တ တစ်ဖန်ပူပန်ခြင်း လက္ခဏာ။

၁၂။ **ထိန** = စိတ်၏ မခန့်မလန်းဆန်းဘဲ ခပ်ထိုင်းထိုင်း ဖြစ်နေခြင်း လက္ခဏာ။

၁၃။ **မိဒ္ဓ** = ယှဉ်ဖက်စေတသိက်များ (မခန့်မလန်းဆန်းဘဲ မှိုင်းတိုင်းတိုင်းဖြစ်နေခြင်း) လက္ခဏာ။

၁၄။ **ဝိစိကိစ္ဆာ** = ဘုရား တရား စသည်များ၌ ယုံမှားခြင်း လက္ခဏာ။

မှတ်ချက် ။ ။ ဤစေတသိက် ၁၄-ပါးသည် အကုသိုလ်စိတ်၌သာ ယှဉ်ခြင်းကြောင့် အကုသိုလ်စေတသိက်မည်၏။ မောဟသည် မျက်စိ၏ တိမ်လွှာနှင့်တူ၏။ အဟိရိကသည် ရွာဝက်နှင့်တူ၏။ အနောတ္တပ္ပသည် ပိုးပရန်ကောင်နှင့်တူ၏။ ဥဒ္ဓစ္စသည် ကျောက်ခဲကို ပစ်ချလိုက်သော အခါ လွင့်တက်သောပြာနှင့်တူ၏။ လောဘသည် မျောက်နဲ့စေးနှင့်တူ၏။ မာနသည် တံခွန်၊ အလံနှင့်တူ၏။ ဒေါသသည် မြွေပွေး မြွေဟောက်နှင့်တူ၏။

သောဘနသာမာရဏ စေတသိက် ၁၉-ပါး

၁။ **သဒ္ဓါ** ။ ။ ဘုရား အစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရား တို့ကို ကြည်လင်စေခြင်းလက္ခဏာ (စစ်မှန်သော ဘုရား၊ တရား၊ သံဃာနှင့် ကံ၊ ကံ၏အကျိုးစသည်တို့ကို ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ ကျေကျေနပ်နပ်ရှိခြင်း လက္ခဏာ)။

မှတ်ချက် ။ ။ မစစ်မှန်သော ဘုရား တရား စသည်တို့ကို ယုံကြည်ခြင်းကို သဒ္ဓါတု၊ မိစ္ဆာဓိမောက္ခဟုခေါ်၏။

၂။ **သတိ**။ ။ ဘုရား အစရှိသော ကောင်းသောအာရုံ၌ သမ္မယုတ်တရား တို့ကို အောက်မေ့စေခြင်းလက္ခဏာ။ (ကုသိုလ်ဆိုင်ရာကို အောက်မေ့စေခြင်း၊ အမှတ်ရခြင်း လက္ခဏာ။)

http://www.dhammadownload.com

မှတ်ချက် ။ ။ မစစ်မှန်သော ဘုရား၊ တရား စသည်ကို အမှတ်ရမှု၊ အကုသိုလ်ဆိုင်ရာကို အမှတ်ရမှုများသည် သတိအစစ်မဟုတ်၊ မိစ္ဆာသတိသာဖြစ်၏။ တရားကိုယ်မှာ သညာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သာဖြစ်၏။

၃။ **ဟိရီ** = ကာယဒုစရိုက် စသည်တို့မှ ရှက်ခြင်းလက္ခဏာ။

၄။ **ဩတ္တပ္ပ** = ကာယဒုစရိုက် စသည်တို့မှ ကြောက်လန့်ခြင်းလက္ခဏာ။

မှတ်ချက် ။ ။ ဘုန်းတော်ကြီးကျောင်းသို့ သွားရမှု၊ ဥပုသ်စောင့်မှုဆိုင်ရာတို့၌ ရှက်ကြောက်ခြင်းသည် ဟိရီ၊ ဩတ္တပ္ပ မဟုတ်။ မာယာသာဖြစ်၏။ တရားကိုယ်မှာ တဏှာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်၏။ မကောင်းမှုပြုလုပ်ပြီးနောက် ပတ်ဝန်းကျင်ကသိ၍ ရှက်ကြောက်မှုမျိုးသည် ဒေါမနဿပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်၏။ ဟိရီနှင့် ဩတ္တပ္ပကို လောကပါလ ကမ္ဘာစောင့်တရားဟု ဘုရားရှင် မိန့်ကြားတော်မူ၏။ လူသားတို့၏သန္တာန်၌ ဤတရားနှစ်မျိုး ရှိနေခြင်းကြောင့်သာ လူသားများ ယဉ်ကျေးနေကြ၏။ ဤတရားနှစ်မျိုး ပျောက်ကွယ်သွားသောအခါ လူသားများ တိရစ္ဆာန်အဆင့်သို့ ရောက်သွားကြပေလိမ့်မည်။

၅။ **အလောဘ** = လောကီအာရုံ ကာမဂုဏ်ကို မလိုချင် မစုံမက်ခြင်း လက္ခဏာ။

၆။ **အဒေါသ** = မခက်ထန် မကြမ်းတမ်းခြင်းလက္ခဏာ။

၇။ **တတြမဇ္ဈတ္တတာ။** = ထိုထိုအာရုံ၌ သမ္မာယုတ် တရားတို့ကို လျစ်လျူရှုခြင်းလက္ခဏာ။ (စိတ်၊ စေတသိက်တို့ကို ဆိုင်ရာ ကိစ္စ၌ အပိုအလွန်မရှိရအောင် အလယ်အလတ်၌ တည့်မတ်ခြင်း)။

၈။ **ကာယပဿဒ္ဓိ** = စေတသိက် အပေါင်း၏ ငြိမ်းအေးခြင်းလက္ခဏာ။

http://www.dhammadownload.com

၉။ **စိတ္တပဿဒ္ဓိ** = စိတ်၏ငြိမ်းအေးခြင်း လက္ခဏာ။
၁၀။ **ကာယလဟုတာ** = စေတသိက်အပေါင်း၏ လျင်မြန် ပေါ့ပါးခြင်း လက္ခဏာ။
၁၁။ **စိတ္တလဟုတာ** = စိတ်၏လျင်မြန် ပေါ့ပါးခြင်း လက္ခဏာ။
၁၂။ **ကာယမုဒုတာ** = စေတသိက်အပေါင်း၏ နူးညံ့ခြင်းလက္ခဏာ။
၁၃။ **စိတ္တမုဒုတာ** = စိတ်၏နူးညံ့ခြင်းလက္ခဏာ။
၁၄။ **ကာယကမ္မညတာ** = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှုဌ ခန့်ညားခြင်းလက္ခဏာ။
၁၅။ **စိတ္တကမ္မညတာ** = စိတ်၏ ကုသိုလ်ကောင်းမှုဌ ခန့်ညားခြင်း လက္ခဏာ။
၁၆။ **ကာယပါဂုညတာ** = စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှုဌပြွမ်း တီးလေ့လာခြင်း လက္ခဏာ (စေတသိက် အပေါင်း၏ ကျင်နာခြင်းမှ ငြိမ်းအေးခြင်း လက္ခဏာ။)
၁၇။ **စိတ္တပါဂုညတာ** = စိတ်၏ ကုသိုလ်ကောင်းမှုဌ ပြွမ်းတီးလေ့လာခြင်း လက္ခဏာ။ (စိတ်၏ ကျင်နာခြင်းမှ ငြိမ်းအေးခြင်း လက္ခဏာ။)
၁၈။ **ကာယဇုကတာ** = စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်း လက္ခဏာ။
၁၉။ **စိတ္တဇုကတာ** = စိတ်၏ဖြောင့်မတ်ခြင်းလက္ခဏာ။

ဤစေတသိက် ၁၉-ပါးတို့သည် သောဘနစိတ်အားလုံးနှင့် ဆက်ဆံသောကြောင့်သောဘနသာဓာရဏစေတသိက်တို့မည်၏။(သောဘန စိတ်ဖြစ်တိုင်း ပါဝင်သော စေတသိက်ဟု ဆိုလို၏။)

မှတ်ချက် ။ ။ သဒ္ဓါသည် ရေကိုကြည်လင်စေတတ်သော ပတ္တမြားနှင့် တူ၏။ ဟိရီသည် အမျိုးကောင်းသမီးနှင့်တူ၏။ ဩတ္တပ္ပ

http://www.dhammadownload.com

သည် ပြည့်တန်ဆာမနှင့်တူ၏။ အလောဘသည် ကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်သော ရဟန္တာနှင့်တူ၏။ အဒေါသသည် မိတ်ဆွေနှင့်တူ၏။

ဝိရတီစေတသိက် ၃-ပါး

၁။ **သမ္မာဝါစာ** = (အသက်မွေးမှုနှင့် မစပ်ဆိုင်သော) ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာ။

၂။ **သမ္မာကမ္မန္တ** = (အသက်မွေးမှုနှင့် မစပ်ဆိုင်သော) ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းလက္ခဏာ။

၃။ **သမ္မာအာဇီဝ** = (အသက်မွေးမှုနှင့် စပ်ဆိုင်သော) ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးဟု ဆိုအပ်သော ဒုရာဇီဝမှ ရှောင်ကြဉ်ခြင်းလက္ခဏာ။

ဝိရမိတမ္ပဝတ္ထုဟူသော မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ်တတ်သောကြောင့် သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ကို ဝိရတီစေတသိက်ဟု ခေါ်၏။

အပ္ပမညာ စေတသိက် ၂-ပါး

၁။ **ကရုဏာ** = အတိုင်းမသိသော ဒုက္ခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ သနားခြင်းလက္ခဏာ။

၂။ **မုဒိတာ** = အတိုင်းမသိသော သုခိတ သတ္တဝါ ပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းလက္ခဏာ။

ဤ၍ဤ၌မှဟု အတိုင်းအရှည် ပမာဏ မရှိသော သတ္တဝါပညတ်ကို အာရုံပြုခြင်းကြောင့် ကရုဏာ၊ မုဒိတာတို့ကို အပ္ပမညာ စေတသိက်ဟု ခေါ်၏။

ပညိန္ဒြေ = ပညိန္ဒြေသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တ စသော အပြားအားဖြင့် ထိုးထွင်း၍သိခြင်း လက္ခဏာရှိ၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ သိမ္ဘကိစ္စ၌ အစိုးတရဖြစ်သောကြောင့် ပညိန္ဒြေဟုခေါ်၏။ ပညိန္ဒြေ စေတသိက်ကိုပင် ပညာဟုလည်းကောင်း၊ အမောဟဟုလည်းကောင်း ခေါ်ကြသေး၏။

သောဘနစေတသိက် ၂၅-ပါး

၁။	သောဘနသာဓာရဏာစေတသိက်	၁၉-ပါး
၂။	ဝိရတီစေတသိက်	၃-ပါး
၃။	အပ္ပမညာစေတသိက်	၂-ပါး
၄။	ပညိန္ဒြေစေတသိက်	၁-ပါး
	ပေါင်း - သောဘနစေတသိက်	**၂၅-ပါး**

လောဘ၊ ဒေါသစသော အပြစ်မရှိဘဲ တင့်တယ်သောကြောင့် ဤစေတသိက် ၂၅-ပါးကို သောဘနစေတသိက်ဟုခေါ်သည်။

သောဘနစေတသိက်ပြီ၏။

❀❀❀❀❀

သင်္ဂဟဂါထာ ။ ။**ဇောဘာဝတာစ(ပ)ဒ္ဓိပညာသ ပဝုစ္စရေဟူသော** ဂါထာသည် အုပ်စုသုံးစုခွဲ၍ ပြဆိုခဲ့သော စေတသိက် ၅၂-ပါးတို့ကို အကျဉ်းချုံးလျက် နိဂုံးအုပ်ပြသော ဂါထာဖြစ်၏။

တေရသညသမာနာစဖြင့် ''ဖဿောဝေဒနာ'' စသော အညသမာန်း စေတသိက် အုပ်စု အကျယ်ကို အကျဉ်းချုံးပြ၏။

စုဒ္ဒသာကုသလာ တထာဖြင့် ''မောဟော အဟိရိကံ'' စသော အကုသိုလ် စေတသိက် အုပ်စုအကျယ်ကို အကျဉ်းချုံးပြ၏။

သောဘနာပဉ္စဝီသဖြင့် ''သဒ္ဓါ သတိ'' စသော သောဘန စေတသိက် အုပ်စု အကျယ်ကို အကျဉ်းချုံးပြ၏။

ဣတိ ဒ္ဝိပညာသ ပဝုစ္စရေဖြင့် ယင်းစကားသုံးရပ်ကိုပေါင်းလျှင် စေတသိက် ၅၂-ပါးဖြစ်၏ဟု နိဂုံးအုပ်ပြ၏။

http://www.dhammadownload.com

[လေ့ကျင့်ခန်း]

၁။ အရှုပဘုံ၌ ရသင့်သော စေတသိက်လက္ခဏာများကို ရေး၍ စိတ်ကို အခြေခံ၍ စိတ်နှင့်အတူယှဉ်တွဲ ဖြစ်ပေါ်နေသော စေတသိက်တို့ကို အစုအားဖြင့် ရေတွက်ပြခဲ့ပါ။

၂။ လူ့သန္တာန်၌ စိတ်သဘောတရားဖြစ်ပေါ်နေတိုင်း ပါဝင်ခွင့်ရှိသော စေတသိက်တို့ကို ဖော်ပြ၍၊ ကားမောင်းသူနှင့်တူသော စေတသိက်၊ မင်းကျွမ်းဝင်သူနှင့်တူသော စေတသိက်၊ ပြည့်တန်ဆာမနှင့်တူသော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

၃။ (က) ဇီဝိတိန္ဒြေ (ခ) ကုက္ကုစ္စ (ဂ) ကရုဏာတို့၏ သဘော လက္ခဏာကို ရေး၍ သောဘနာပဉ္စဝိသဟူသော အကျဉ်းသခ်ေပ စကားရပ်၏ အကျယ်ဝိတ္ထာရစကားရပ်ကို ပါဠိရေးခဲ့ပါ။

သမ္မယောဂနည်း၏ နိဒါန်းပြ

တေသံ စိတ္တာ ဝိယုတ္တာနံ စသော ဂါထာသည် သမ္မယောဂနည်း၏ သဘောလက္ခဏာနှင့် ပဋိညာဉ်ကိုပြသော ဂါထာဖြစ်၏။ သမ္မယောဂနည်းကို ပြလို၍ အစချီသော ပလ္လင်ခံ နိဒါန်းကိုပြသော ဂါထာလည်းဟုတ်၏။

တေသံ စိတ္တာ ဝိယုတ္တာနံ ။ ။ တေသံ စိတ္တာ ဝိယုတ္တာနံဟူသော ပါဠိကိုထောက်၍ စေတသိက်သည် စိတ်နှင့်ကင်းကွာ၍ မဖြစ်နိုင်။

စိတ္တုပ္ပါဒေသု ။ ။ စိတ္တုပ္ပါဒေသု အရ၊ စိတ်ကိုသာ ယူရမည်။

http://www.dhammadownload.com

သမ္မယောဂနည်း

တေသံစိတ္တာ ဝိယုတ္တာနံ၊ စိတ္တုပ္ပါဒေသု ပစ္စေကံ၊ သမ္မယောဂေါ **ပဝုစ္စတိ** – ဟူသော စကားရပ်ကိုထောက်၍ စိတ်နှင့်ကင်းကွာလျက်မဖြစ်နိုင်ကုန်သော စေတသိက်တို့၏ စိတ်တို့၌ အသီးသီးယှဉ်ပုံ ယှဉ်ဟန်ကို ပြသောနည်းကို သမ္မယောဂနည်းဟု ခေါ်၏။

သမ္မယောဂနည်း ဥဒ္ဒေသ

သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ စသောဂါထာသည် သမ္မယောဂနည်း၏ အကျဉ်းချုပ် ခေါင်းစဉ်ပြသော ဥဒ္ဒေသဂါထာ ဖြစ်၏။

သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ၇-ပါးသည် စိတ်အားလုံး၌ ယှဉ်၏။ ပကိဏ်း စေတသိက် ၆-ပါးသည် (ဒွေပဉ္စဝိညာဏ် ၁၀- မှ တစ်ပါး) စိတ်အားလုံး၌ ယှဉ်ထိုက်သည့်အားလျော်စွာ ယှဉ်၏။ အကုသိုလ် စေတသိက် ၁၄-ပါးသည် အကုသိုလ်စိတ်၌သာ ယှဉ်ထိုက်သည့် အားလျော်စွာ ယှဉ်၏။ သောဘနစေတသိက် ၂၅-ပါးသည် သောဘနစိတ်၌သာ ယှဉ်ထိုက်သည့် အားလျော်စွာ ယှဉ်၏။

ဤ သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိစသော ဂါထာ၏ သတ်မှတ်ချက်ကို အခြေခံ၍ စိတ်ကို အကုသိုလ်စိတ်၊ အဟိတ်စိတ်၊ သောဘနစိတ်ဟု သုံးမျိုးခွဲပြီးလျှင် ထိုစိတ်တစ်မျိုးတစ်မျိုး၌ ယှဉ်နိုင်သော စေတသိက်တို့ကို သင်္ဂဟနည်းလာ သဘောသွားအတိုင်း ရှာဖွေလျှင် အောက်ပါအတိုင်း ဖြစ်၏။

အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော စေတသိက် ၂၇-ပါး

၁။	အညသမာနံ စေတသိက်	၁၃-ပါး
၂။	အကုသိုလ် စေတသိက်	၁၄-ပါး
	ပေါင်းအကုသိုလ်စိတ်၌ယှဉ်သောစေတသိက်	**၂၇-ပါး**

http://www.dhammadownload.com

ထို ၂၇-ပါးတွင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသည် အကုသိုလ်စိတ် ၁၂-ပါးခွဲ အပြည့်အစုံ ယှဉ်၏။ ပကိဏ်းစေတသိက် ၆-ပါး၊ အကုသိုလ်စေတသိက် ၁၄-ပါး၊ ပေါင်း ၂၀-ပါးသည် အကုသိုလ်စိတ် ၁၂-ပါးခွဲ ထိုက်သည်အားလျော်စွာ ယှဉ်၏။

အဟိတ်စိတ် ၁၈-ပါးခွဲယှဉ်သော စေတသိက် ၁၂-ပါး

အဟိတ်စိတ်ခွဲ ဆန္ဒကြဉ် အညသမာန်း စေတသိက် ၁၂-ပါးယှဉ်၏။ ထိုတွင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသည် အဟိတ်စိတ်ခွဲ အပြည့်အဝယှဉ်၏။ ဆန္ဒကြဉ် ပကိဏ်းစေတသိက် ၅-ပါးသည် ယှဉ်ထိုက်သည့်အားလျော်စွာ ယှဉ်၏။

သောဘနစိတ်ခွဲ ယှဉ်သော စေတသိက် ၃၈-ပါး

၁။	အညသမာန်း စေတသိက်	၁၃-ပါး
၂။	သောဘန စေတသိက်	၂၅-ပါး
	ပေါင်း	**၃၈-ပါး**

ထိုတွင် သောဘနစိတ်ခွဲ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး အပြည့်အဝယှဉ်၏။ ပကိဏ်း စေတသိက် ၆-ပါး၊ သောဘန စေတသိက် ၂၅-ပါး၊ ပေါင်း ၃၁-ပါးသည် ယှဉ်ထိုက်သည့် အားလျော်စွာ ယှဉ်၏။

အမှာ ။ ။ စေတသိက်ပိုင်းခွဲ သမ္မယောဂနည်းသည် လွန်စွာ အရေးပါ၏။ သမ္မယောဂနည်းကို အလွတ်ရအောင် သရုပ်ခွဲထားပါ။

အညသမာန်း သမ္မယောဂနည်း ၇-ပါး
(ကျက်ရန်)

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ယှဉ်သောစိတ်

သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသည် စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး တို့ခွဲယှဉ်၏ မယှဉ်သောစိတ်မရှိ။

http://www.dhammadownload.com

ထို့ကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးသည် စိတ် အများဆုံး ယှဉ်သော စေတသိက်ဖြစ်၏။

ဝိတက်ယှဉ်သောစိတ် ၅၅-ပါး

၁။	ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ် ကာမစိတ်	၄၄-ပါး
၂။	ပထမဈာန်စိတ်	၁၁-ပါး
	ပေါင်း - ဝိတက်ယှဉ်သောစိတ်	**၅၅-ပါး**

ဝိတက်မယှဉ်သောစိတ် ၆၆-ပါး

၁။	ဒွေပဉ္စဝိညာဏ်	၁၀-ပါး
၂။	ဒုတိယဈာန်စိတ်	၁၁-ပါး
၃။	တတိယဈာန်စိတ်	၁၁-ပါး
၄။	စတုတ္ထဈာန်စိတ်	၁၁-ပါး
၅။	ပဉ္စမဈာန်စိတ်	၂၃-ပါး
	ပေါင်း - ဝိတက်မယှဉ်သောစိတ်	**၆၆-ပါး**

ဝိစာရယှဉ်သောစိတ် ၆၆-ပါး

၁။	ဒွေပဉ္စဝိညာဏ ၁၀-ကြဉ်ကာမစိတ်	၄၄-ပါး
၂။	ပထမဈာန်စိတ်	၁၁-ပါး
၃။	ဒုတိယဈာန်စိတ်	၁၁-ပါး
	ပေါင်း - ဝိစာရယှဉ်သောစိတ်	**၆၆-ပါး**

http://www.dhammadownload.com

ဝိစာရ မယှဉ်သောစိတ် ၅၅-ပါး

၁။	ဒွေ ပဉ္စဝိညာဏ်	၁၀-ပါး
၂။	တတိယစျာန်စိတ်	၁၁-ပါး
၃။	စတုတ္ထစျာန်စိတ်	၁၁-ပါး
၄။	ပဉ္စမစျာန်စိတ်	၂၃-ပါး
	ပေါင်း - ဝိစာရမယှဉ်သောစိတ်	**၅၅-ပါး**

အဓိမောက္ခယှဉ်သောစိတ် ၈၈-ပါး

၁။	ဝိစိကိစ္ဆာသဟဂုတ်ကြဉ်သော အကုသိုလ်စိတ်	၁၁-ပါး
၂။	ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ် အဟိတ်စိတ်	၈-ပါး
၃။	ကာမာဝစရ သောဘနစိတ်	၂၄-ပါး
၄။	ရူပါဝစရစိတ်	၁၅-ပါး
၅။	အရူပါဝစရစိတ်	၁၂-ပါး
၆။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း-အဓိမောက္ခယှဉ်သောစိတ်	**၈၈-ပါး**

အဓိမောက္ခ မယှဉ်သောစိတ် ၁၁-ပါး

၁။	ဝိစိကိစ္ဆာသဟဂုတ်စိတ်	၁-ပါး
၂။	ဒွေပဉ္စဝိညာဏ်	၁၀-ပါး
	ပေါင်း - အဓိမောက္ခ မယှဉ်သောစိတ်	**၁၁-ပါး**

http://www.dhammadownload.com

ဝိရိယယှဉ်သောစိတ် ၇၃-ပါး

၁။	အကုသိုလ်စိတ်	၁၂-ပါး
၂။	မနောဒွါရာဝဇ္ဇန်းစိတ်	၁-ပါး
၃။	ဟသိတုပ္ပါဒ်စိတ်	၁-ပါး
၄။	ကာမာဝစရ သောဘနစိတ်	၂၄-ပါး
၅။	ရူပါဝစရစိတ်	၁၅-ပါး
၆။	အရူပါဝစရစိတ်	၁၂-ပါး
၇။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း-ဝိရိယယှဉ်သောစိတ်	**၇၃-ပါး**

ဝိရိယမယှဉ်သောစိတ် ၁၆-ပါး

၁။	ပဉ္စဒွါရာဝဇ္ဇန်းစိတ်	၁-ပါး
၂။	ဒွေပဉ္စဝိညာဏ်	၁၀-ပါး
၃။	သမ္ပဋိစ္ဆိန်းစိတ်	၂-ပါး
၄။	သန္တီရဏစိတ်	၃-ပါး
	ပေါင်း-ဝိရိယမယှဉ်သောစိတ်	**၁၆-ပါး**

ပီတိယှဉ်သောစိတ် ၅၁-ပါး

၁။	လောဘမူ သောမနဿသဟဂုတ်စိတ်	၄-ပါး
၂။	အဟိတ် သောမနဿသဟဂုတ်စိတ်	၂-ပါး
၃။	ကာမာဝစရသောဘန သောမနဿ သဟဂုတ်စိတ်	၁၂-ပါး
၄။	ပထမစျာန်စိတ်	၁၁-ပါး
၅။	ဒုတိယစျာန်စိတ်	၁၁-ပါး
၆။	တတိယစျာန်စိတ်	၁၁-ပါး
	ပေါင်း-ပီတိယှဉ်သောစိတ်	**၅၁-ပါး**

http://www.dhammadownload.com

ပိတိမယှဉ်သောစိတ် ၇၀-ပါး

၁။	ဒေါမနဿ သဟဂုတ်စိတ်	၂ - ပါး
၂။	ဥပေက္ခာ သဟဂုတ်စိတ်	၅၅ - ပါး
၃။	ကာယဝိညာဏ်စိတ်	၂ - ပါး
၄။	စတုတ္ထဈာန်စိတ်	၁၁ - ပါး
	ပေါင်း - ပိတိမယှဉ်သောစိတ်	**၇၀ - ပါး**

ဆန္ဒယှဉ်သောစိတ် ၆၉-ပါး

၁။	လောဘမူစိတ်	၈ - ပါး
၂။	ဒေါသမူစိတ်	၂ - ပါး
၃။	ကာမာဝစရသောဘနစိတ်	၂၄ - ပါး
၄။	ရူပါဝစရစိတ်	၁၅ - ပါး
၅။	အရူပါဝစရစိတ်	၁၂ - ပါး
၆။	လောကုတ္တရာစိတ်	၈ - ပါး
	ပေါင်း - ဆန္ဒယှဉ်သောစိတ်	**၆၉ - ပါး**

ဆန္ဒမယှဉ်သောစိတ် ၂၀-ပါး

၁။	မောဟမူစိတ်	၂ - ပါး
၂။	အဟိတ်စိတ်	၁၈ - ပါး
	ပေါင်း - ဆန္ဒမယှဉ်သောစိတ်	**၂၀ - ပါး**

မှတ်ချက် ။ ။ အဓိမောက္ခ၊ ဝီရိယ၊ ဆန္ဒတို့သည် စိတ်အကျဉ်း၌ ယှဉ်ကြ၏။။ ဝိတက်၊ ဝိစာရ၊ ပီတိ စေတသိက်တို့သည် စိတ်အကျယ်၌ ယှဉ်ကြ၏။။

http://www.dhammadownload.com

ပကိဏ်း စေတသိက် ၆-ပါးလုံး ယှဉ်သောစိတ်

၁။	လောဘမူ သောမနဿသဟဂုတ်စိတ်	၄ - ပါး
၂။	ကာမာဝစရသောဘနသောမနဿ သဟဂုတ်စိတ်	၁၂ - ပါး
၃။	ပထမစျာန်စိတ်	၁၁ - ပါး
	ပေါင်း - ပကိဏ်းစေတသိက် ၆-ပါးလုံး ယှဉ်သောစိတ်	၂၇ - ပါး

ပကိဏ်း စေတသိက် ၆-ပါးလုံး မယှဉ်သောစိတ်

ဒွေပဉ္စဝိညာဏ် ၁၀

သပ္ပိတိကသုခ သဟဂုတ်စိတ်

ပီတိယှဉ်သောစိတ် ၅၁-ပါးသည်, သပ္ပိတိကသုခ သဟဂုတ်စိတ် ဖြစ်၏။

(ပီတိယှဉ်သောစိတ် ၅၁-ပါးကို ကောက်ပါ။)

နိပ္ပိတိကသုခ သဟဂုတ်စိတ်

၁။	သုခသဟဂုတ် ကာယဝိညာဏ်စိတ်	၁ - ပါး
၂။	စတုတ္ထစျာန်စိတ်	၁၁ - ပါး
	ပေါင်း	၁၂ - ပါး

သင်္ဂဟဂါထာ ။ ။ တေ ပန စိတ္တုပ္ပါဒါ ယထာက္ကမံနှင့် ဆသင်္ဂီ ပဋ္ဌပညာသ စသော နှစ်ဂါထာတို့သည် ပကိဏ်းစေတသိက် သမ္ပယောဂနည်းကို အကျဉ်းချုပ် ပေါင်းယူရေတွက်ပြသော ဂါထာများ ဖြစ်၏။ ထိုတွင် -

ဆသင်္ဂီ ပဋ္ဌပညာသစသော ပထမဂါထာဖြင့် ပကိဏ်းစေတသိက်တို့ မယှဉ်သော စိတ်အရေအတွက်တို့ကို အစဉ်အတိုင်း ပြ၏။

(ပကိဏ္ဏက ဝိဝဇ္ဇိတာကို ထောက်ပါ)။

http://www.dhammadownload.com

ပဋ္ဌပညာသ ဆသဋ္ဌစသော နောက်ဂါထာဖြင့် ပကိဏ်းစေတသိက် တို့ယှဉ်သော စိတ်အရေအတွက်တို့ကို အစဉ်အတိုင်းပြ၏။
(သ ပကိဏ္ဏကာကို ထောက်ပါ။)

ယထာက္ကမအရတွဲစပ်ပုံ

စေတသိက်	မယှဉ်သောစိတ်	ယှဉ်သောစိတ်	ပေါင်း
၁။ ဝိဘက်	ဆသဋ္ဌိ	ပဋ္ဌပညာသ	၁၂၁
၂။ ဝိစာရ	ပဋ္ဌပညာသ	ဆသဋ္ဌိ	၁၂၁
၃။ အဓိမောက္ခ	ကောဒသ	အဋ္ဌသတ္တတိ	၈၉
၄။ ဝီရိယ	သောဠသ	တိသတ္တတိ	၈၉
၅။ ပီတိ	သတ္တတိ	ကေပညာသ	၁၂၁
၆။ ဆန္ဒ	ဝီသတိ	ကေ္ကနသတ္တတိ	၈၉

အမှာ ။ ။ ဆသဋ္ဌိ ပဋ္ဌပညာသစသော သင်္ချာပုဒ်တို့၏ အရကို ဝိတက် ယှဉ်သောစိတ် ၅၅၊ မယှဉ်သောစိတ် ၆၆၊ စသည်ဖြင့် နောက်၌ ပြခဲ့သည့်အတိုင်း ကောက်ပါ။

အညသမာန်း သမ္ပယောဂနည်းရေတွက်ပုံ

၁။	သဗ္ဗစိတ္တသာဓာရဏာ စေတသိက်တို့ စိတ်အားလုံး၌ ယှဉ်ပုံ	၁-နည်း
၂။	ဝိတက်၏ စိတ် ၅၅-ပါး၌ ယှဉ်ပုံ	၁-နည်း
၃။	ဝိစာရ၏ စိတ် ၆၆-ပါး၌ ယှဉ်ပုံ	၁-နည်း
၄။	အဓိမောက္ခ၏ စိတ် ၇၈-ပါး၌ ယှဉ်ပုံ	၁-နည်း
၅။	ဝီရိယ၏ စိတ် ၇၃-ပါး၌ ယှဉ်ပုံ	၁-နည်း
၆။	ပီတိ၏ စိတ် ၅၁-ပါး၌ ယှဉ်ပုံ	၁-နည်း
၇။	ဆန္ဒ၏ စိတ် ၆၉-ပါး၌ ယှဉ်ပုံ	၁-နည်း
	ပေါင်း - အညသမာန်းသမ္ပယောဂနည်း	၇-နည်း

http://www.dhammadownload.com

စက်လှည့်ပုံ

၁။ ဝိတက်သာ ယှဉ်၍ ပီတိမယှဉ်သောစိတ်
၂။ ပီတိသာ ယှဉ်၍ ဝိတက်မယှဉ်သောစိတ်
၃။ ဝိတက်-ပီတိ နှစ်ပါးစုံ ယှဉ်သောစိတ်
၄။ ဝိတက်-ပီတိ နှစ်ပါးစုံမယှဉ်သောစိတ်

အမှာ။ ။ ဤနည်းအတိုင်း ကြွင်းသော စေတသိက်တို့၌လည်း စက်လှည့်၍ သရုပ်ခွဲပါလေ။

[လေ့ကျင့်ခန်း]

၁။ အဓိမောက္ခ၊ ဝီရိယ နှစ်ပါးစုံယှဉ်သော စိတ်တို့ကို သခ်ျာမျှပြ၍၊ သမ္မယောဂနည်း အဓိပ္ပာယ်ကို ရေးခဲ့ပါ။

၂။ ပကိဏ်း စေတသိက် ၆-ပါးလုံး ယှဉ်သော လောကီစိတ်ကို ဖော်ပြ၍၊ ပဉ္စပညာသဆသဋ္ဌိစသောဂါထာ၌ ကျေနသတ္တတိအရကိုကောက်ပြပါ။

၃။ နိပ္ပိတိက သုခသဟတုတ်စိတ်ကို ဖော်ပြ၍၊ သတ္တ သမ္ဘတ္တ ယုဇ္ဇန္တီ ဟူသော စကားရပ်၏ အကျယ်ကိုပြသော စကားရပ်ကိုပါဠိရေးပါ။

အကုသိုလ်စေတသိက် သမ္မယောဂနည်း ၅-ပါး
(ကျက်ရန်)

သဗ္ဗာကုသလဓာရဏာစေတသိက် ယှဉ်သောစိတ်

မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ စေတသိက် ၄-ပါးတို့သည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်ကြ၏။ (သဗ္ဗာပုညေသု စတ္တာရော အရ) အကုသိုလ်စိတ် အားလုံးနှင့် ဆက်ဆံသောကြောင့် ယင်းစေတသိက် ၄-ပါးကို သဗ္ဗာကုသလသာဓာရဏာ စေတသိက်ဟုခေါ်၏။

(အကုသိုလ်စိတ်ဖြစ်တိုင်း ပါရှိသော စေတသိက်ဟု မှတ်ပါ)

http://www.dhammadownload.com

လောဘယှဉ်သောစိတ်

လောဘစေတသိက်သည် လောဘမူစိတ် ၈-ပါး၌သာ ယှဉ်၏။

ဒိဋ္ဌိယှဉ်သောစိတ်

ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌သာ ယှဉ်၏။

မာနယှဉ်သောစိတ်

မာနစေတသိက်သည် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၌ သာ ယှဉ်၏။ (လောဘ၊ မာန၊ ဒိဋ္ဌိ သုံးပါးတို့သည် လောဘမူ စိတ်၌သာယှဉ်၏။ လောဘမူလေ တယော ဂတာ အရ ဖြစ်၏။)

ဒေါသ၊ ကုက္ကုစ္စ ယှဉ်သောစိတ်

ဒေါသ၊ ကုက္ကုစ္စ ၄-ပါးတို့သည် ဒေါသမူ စိတ် ၂-ပါး၌သာ ယှဉ်ကြ၏။ (ဒေါသမူလေသုစတ္တာရော အရဖြစ်၏။)

ထိန၊ မိဒ္ဓ ယှဉ်သောစိတ်

ထိန၊ မိဒ္ဓ စေတသိက် ၂-ပါးသည် သသင်္ခါရိက စိတ်၌သာယှဉ်၏။
(သသင်္ခါရေ ဒွယံ အရဖြစ်၏။)

ဝိစိကိစ္ဆာယှဉ်သောစိတ်

ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌သာ ယှဉ်၏။
(ဝိစိကိစ္ဆာ စိစိကိစ္ဆာစိတ္တေစ အရဖြစ်၏။)

ထို့ကြောင့် ဤဝိစိကိစ္ဆာစေတသိက်သည် စေတသိက် ၅၂-ပါးတွင်၊ စိတ်အနည်းဆုံးယှဉ်သော စေတသိက်ဖြစ်သည်။

သင်္ခါဂါထာ ။ ။ သဗ္ဗာပုညေသု စတ္တာရော စသော ၂-ဂါထာသည် အကုသိုလ်စေတသိက် သမ္ပယောဂနည်း ၅-နည်း ကို အကျဉ်းချုပ် ရေတွက်ပြသော သင်္ခါဂါထာ ဖြစ်၏။

သမ္ပယုဇ္ဇန်တိ ပဒ္ဓဓာ ။ ။ သမ္ပယုဇ္ဇန်တိ ပဒ္ဓဓာဖြင့် အကုသိုလ်စေတသိက် သမ္ပယောဂနည်း ၅-နည်းကို ပြသည်။

http://www.dhammadownload.com

အကုသိုလ်စေတသိက် သမ္မယောဂနည်း ၅-နည်းကို ရေတွက်ပုံ

၁။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စဟူသော
သဗ္ဗာကုသလသာမာရဏ စေတသိက်တို့
အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်ပုံ ၁-နည်း

၂။ လောဘ၊ ဒိဋ္ဌိ၊ မာန ၃-ပါးတို့ လောဘမူ
စိတ် ၈-ပါး၌ ယှဉ်ပုံ ၁-နည်း

၃။ ဒေါသ၊ ကြွသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၄-ပါးတို့
ဒေါသမူစိတ် ၂-ပါး၌ ယှဉ်ပုံ ၁-နည်း

၄။ ထိန၊ မိဒ္ဓ၊ ၂-ပါးတို့ သသင်္ခါရိကစိတ်
၅-ပါး၌ ယှဉ်ပုံ ၁-နည်း

၅။ ဝိစိကိစ္ဆာစေတသိက်က ဝိစိကိစ္ဆာ
သဟဂုတ်စိတ်၌ ယှဉ်ပုံ ၁-နည်း

[လေ့ကျင့်ခန်း]

၁။ လောကမူစိတ်၌သာယှဉ်သော အကုသိုလ်စေတသိက်တို့ကို သင်္ဂဟ
ပါဠိထောက်လျက် ဖြေဆို၍ အောက်ပါ လူသားတို့ သန္တာန်၌
ဖြစ်သင့်သော စိတ်တို့ကို ဖော်ပြပါ။
(က) ဘဝင်မြင့်စိတ်ကြီးဝင်သူ၊
(ခ) သည်းမခံတတ် ရန်ဖြစ်တတ်သူ၊
(ဂ) စာမေးပွဲခိုးဖြေရန် မရွက်သူ၊
(ဃ) အလိုရမ်မက်ကြီးသူ၊
(င) အနာဂတ်ဘဝ၌ ဒွိဟဖြစ်သူ၊
(စ) ဝန်တိုသူ၊

၂။ ဒေါသမူစိတ်၌သာ ယှဉ်သော အကုသိုလ်စေတသိက်တို့ကို ရေး၍၊
ဒုစရိုက်မှုပြုတိုင်း ပါဝင်နိုင်သော အကုသိုလ်စေတသိက်တို့ကို ဖော်ပြပါ။

http://www.dhammadownload.com

၃။ မောဟမူစိတ်၌သာ ယှဉ်သော အကုသိုလ်စေတသိက်တို့ကို ရေး၍ အောက်ပါတရားတို့ကို ရေးခဲ့ပါ။

(က) ဒေါသမူစိတ်၌ ယှဉ်နိုင်သော အကုသိုလ် စေတသိက်။

(ခ) စိတ်အနည်းဆုံး ယှဉ်သော စေတသိက်။

သောဘနစေတသိက် သမယောဂနည်း

သောဘနသာဓာရဏ ၁၉–ပါးတို့ယှဉ်ရာစိတ်

သောဘနသာဓာရဏ စေတသိက် ၁၉–ပါးသည် သောဘနစိတ် အကျဉ်း ၅၉–ပါး၊ အကျယ် ၉၁–ပါးတို့၌ ယှဉ်၏။

ဝိရတီ ၃–ပါး ယှဉ်ရာစိတ်

၁။ မဟာကုသိုလ်စိတ်	၈–ပါး
၂။ လောကုတ္တရာစိတ်	၈–ပါး
ပေါင်း	**၁၆–ပါး**

ဝိရတိယှဉ်ပုံထူး။ ။ ဝိရတိ စေတသိက်တို့သည် လောကုတ္တရာစိတ်၌ ယှဉ်သောအခါ ဒုစရိုက် ဒုရာဇိဝအားလုံးမှ အကုန်အစင် ရှောင်ကြဉ်သောအားဖြင့် လောကုတ္တရာစိတ်ဖြစ်တိုင်း ဖြစ်တိုင်းမှာ အမြဲ ၃–ပါးလုံး အတူတကွ တစ်ပြိုင်နက် ယှဉ်ကြပါသည်။

မဟာကုသိုလ်စိတ်၌ယှဉ်သောအခါ ဒုစရိုက် ဒုရာဇိဝတို့မှ ရှောင်ကြဉ်ရာ တစ်ရံတစ်ခါ၌သာ ယှဉ်ကြ၏။ ထိုသို့ယှဉ်ရာ၌ အသီးအသီး တစ်ပါးစီ တစ်ပါးစီသာ ယှဉ်ကြ၏။ ဤသို့ ယှဉ်ပုံထူး၏။

ဝိသုံဝိသုံ။ ။ ဝစီဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာဝါစာ ယှဉ်ခိုက် သမ္မာကမ္မန္တ၊ သမ္မာအာဇီဝတို့ မယှဉ်ကြ၊ ကာယဒုစရိုက်မှ ရှောင်ကြဉ်၍ သမ္မာကမ္မန္တယှဉ်ခိုက် သမ္မာဝါစာ၊ သမ္မာအာဇီဝတို့ မယှဉ်ကြ။

ဒုရာဇိဝမှ ရှောင်ကြဉ်၍ သမ္မာအာဇီဝယှဉ်ခိုက် သမ္မာဝါစာ၊ သမ္မာကမ္မန္တတို့ မယှဉ်ကြ၊ ဤသို့ အသီးသီးယှဉ်ကြ၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ သူတစ်ပါးအသက်ကို သတ်ဖြတ်မှု၊ သူတစ်ပါးပစ္စည်းကို ခိုးဝှက်မှု စသည်တို့ကို ပြုလုပ်လျက် မတရားအသက်မွေးမှုကို ဒုရာဇီဝဟုခေါ်၏။

အပွမညာ ၂-ပါးယှဉ်သောစိတ်

၁။	မဟာကုသိုလ်စိတ်	၈-ပါး
၂။	မဟာကြိယာစိတ်	၈-ပါး
၃။	ပဉ္စမစျာန်ကြဉ်သော မဟဂ္ဂုတ်စိတ်	၁၂-ပါး
	ပေါင်း	**၂၈-ပါး**

ကေစိဝါဒအရ အပွမညာယှဉ်သောစိတ်

၁။	မဟာကုသိုလ် သောမနဿသဟဂုတ်စိတ်	၄-ပါး
၂။	မဟာကြိယာ ဒသောမနဿသဟဂုတ်စိတ်	၄-ပါး
၃။	ပဉ္စမစျာန်ကြဉ်သော မဟဂ္ဂုတ်စိတ်	၁၂-ပါး
	ပေါင်း	**၂၀-ပါး**

မှတ်ချက် ။ ။ မဟာကုသိုလ် ဥပေက္ခာ သဟဂုတ်စိတ် ၄-ပါး၊ မဟာကြိယာ ဥပေက္ခာသဟဂုတ်စိတ် ၄-ပါး၊ ပေါင်း ဥပေက္ခာ သဟဂုတ်စတ် ၈-ပါးတို့၌ ကရုဏာ၊ မုဒိတာတို့ မယှဉ်ကြဟု ကေစိ (အချို့) ဆရာများက မိန့်ဆိုကြ၏။ ထိုကေစိဆရာများ အလိုအားဖြင့် အပွမညာယှဉ်သောစိတ်မှာ ၂၀-ပါးသာဖြစ်၏။ နောက်ဝါဒကို ကေစိဝါဒဟုခေါ်၍၊ ရှေ့ ၂၈-ပါး ဝါဒကို သမာနဝါဒဟုခေါ်၏။

ကဒါစိ ။ ။ အပွမညာ စေတသိက်တို့သည် သတ္တဝါပညတ်ကို အာရုံပြု၍ သနားမှု၊ ဝမ်းမြောက်မှုဖြစ်ရာ အခါ၌သာ ယှဉ်ကြ၏။ ဘုရား စသည်ကို အာရုံပြုသောအခါ၌သာ မယှဉ်ကြ။

http://www.dhammadownload.com

နာနာ ။ ။ အပွမညာ စေတသိက်တို့သည် ၂-ပါး အတူမယှဉ်ကြပါ။ အသီးအခြား တစ်ပါးစီ တစ်ပါးစီသာ ယှဉ်ကြ၏။ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားမှုဖြစ်သောအခါ ကရုဏာယှဉ်၏။ မုဒိတာမယှဉ်။ သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်မှုဖြစ်သောအခါ မုဒိတာယှဉ်၏။ ကရုဏာမယှဉ်ပါ။

ပညာယှဉ်သောစိတ်

၁။	ဉာဏ်သမ္မယုတ်ကာမာဝစရစိတ်	၁၂-ပါး
၂။	မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်	၃၅-ပါး
	ပေါင်း - ပညာစေတသိက် ယှဉ်သောစိတ်	**၄၇-ပါး**

သင်္ဂဟဂါထာ ။ ။ ကေ့ူနဝိသတိ ဓမ္မာ စသော ၂-ဂါထာသည် သောဘန စေတသိက် သမ္မယောဂနည်း ၄-နည်းကို အကျဉ်းချုပ် ရေတွက်ပြသော သင်္ဂဟဂါထာဖြစ်၏။ ဇကူနဝိသတိ၊ ဇကူနသဋ္ဌိ စသည်တို့၏ အရကိုနားလည်လောက်ပြီဖြစ်၍ ကောက်မပြတော့ပါ။

သောဘနစေတသိက် သမ္မယောဂနည်း ၄-ပါး

၁။	သောဘနသာဓာရဏ စေတသိက် ၁၉-ပါးက၊ သောဘနစိတ် ၅၉-ပါး၊ အကျယ် ၉၁-ပါး၌ယှဉ်ပုံ	၁-နည်း
၂။	ဝိရတီ စေတသိက် ၃-ပါးက စိတ် ၁၆-ပါး၌ယှဉ်ပုံ	၁-နည်း
၃။	အပွမညာ စေတသိက် ၂-ပါးက စိတ် ၂၈-ပါး၌ ယှဉ်ပုံ	၁-နည်း
၄။	ပညာစေတသိက်က စိတ် ၄၇-ပါး၌ ယှဉ်ပုံ	၁-နည်း
	ပေါင်း	**၄-နည်း**

http://www.dhammadownload.com

အမှာ ။ ။ ထိုသမ္မယောဂ ၄-နည်းသည် သမ္မယုတ္တာ စတုဧဝံဠ္ဍ စတုဓာအရ ဖြစ်၏။

သမ္မယောဂနည်း ၁၆-ပါး

၁။	အညသမာန်းစေတသိက် သမ္မယောဂနည်း	၇-ပါး
၂။	အကုသိုလ် စေတသိက် သမ္မယောဂနည်း	၅-ပါး
၃။	သောဘနစေတသိက် သမ္မယောဂနည်း	၄-ပါး
	ပေါင်း - သမ္မယောဂနည်း	၁၆-ပါး

နိယတယောဂီ အနိယတယောဂီ

ကုသာ မဿေရ ကုက္ကုစ္စ စသော ၂-ဂါထာဖြင့် နိယတ ယောဂီ အနိယတယောဂီ စေတသိက်တို့ကို ပြ၏။

မိမိတို့ ယှဉ်ဖက်စိတ် ဖြစ်တိုင်း ဖြစ်တိုင်း အမြဲယှဉ်လျက် ပါရှိသော စေတသိက်ကို နိယတယောဂီ စေတသိက်ဟု ခေါ်၏။

မိမိတို့ ယှဉ်ဖက်စိတ် ဖြစ်တိုင်းဖြစ်တိုင်း အမြဲမယှဉ်ဘဲ တစ်ခါတစ်ရံ ၌သာယှဉ်သော စေတသိက်တို့ကို အနိယတယောဂီ စေတသိက်ဟု ခေါ်၏။

အနိယတယောဂီ စေတသိက် ၁၁-ပါး

၁။	ကုသာ၊ မဿေရ၊ ကုက္ကုစ္စ စေတသိက်	၃-ပါး
၂။	ဝိရတီ စေတသိက်	၃-ပါး
၃။	ကရုဏာ၊ မုဒိတာ စေတသိက်	၂-ပါး
၄။	မာနစေတသိက်	၁-ပါး
၅။	ထိန၊ မိဒ္ဓ စေတသိက်	၂-ပါး
	ပေါင်း	၁၁-ပါး

http://www.dhammadownload.com

နာနာကဒါစိ စေတသိက် ၈-ပါး

၁။	ကြသာ၊ မစ္ဆေရ၊ ကုက္ကုစ္စ စေတသိက်	၃-ပါး
၂။	ဝိရတီ စေတသိက်	၃-ပါး
၃။	ကရုဏာ၊ မုဒိတာ စေတသိက်	၂-ပါး
	ပေါင်း	၈-ပါး

မှတ်ချက် ။ ။ ဝိရတီသည် မဟာကုသိုလ်စိတ်၌ ယှဉ်သော လောကီဝိရတီ၊ လောကုတ္တရာစိတ်၌ ယှဉ်သော လောကုတ္တရာဝိရတီဟု နှစ်မျိုးရှိ၏။ ထိုတွင် **လောကီယေသု ပန ကာမာဝစရကုသလေသွေ ဝ ကဒါစိ သန္ဒိဿန္တိ ဝိသုံဝိသုံ** – ဟူသော စကားရပ်ကိုထောက်၍ လောကီဝိရတီသာ နာနာကဒါစိ (အနိယတယောဂီ) ဖြစ်၏။ လောကုတ္တရာဝိရတီအား အနိယတယောဂီမဟုတ်၊ နိယတယောဂီသာဖြစ်၏။

နာနာကဒါစိ စေတသိက်တို့၏ နာနာကဒါစိ ယှဉ်ရာစိတ်များ

၁။ ကြသာ၊ မစ္ဆေရ၊ ကုက္ကုစ္စတို့သည် ဒေါသမူဒွေ၌ နာနာကဒါစိအဖြစ်ဖြင့် ယှဉ်ကြ၏။

၂။ ဝိရတီ စေတသိက် ၃-ပါးသည် မဟာကုသိုလ်စိတ် ၈-ပါး၌ နာနာကဒါစိ အဖြစ်ဖြင့် ယှဉ်ကြ၏။

၃။ ကရုဏာ၊ မုဒိတာတို့သည် ပဉ္စမစျာန်ကြဉ် မဟဂ္ဂုတ်စိတ် ၁၂-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပေါင်း ၂၈-ပါး ၌ နာနာကဒါစိ အဖြစ်ဖြင့် ယှဉ်၏။

နာနာဖြစ်ပုံ ။ ။ သူတစ်ပါး စည်းစိမ်ကို ငြူစူသောအခါ၌ ကြသာယှဉ်၏။ မစ္ဆရိယ၊ ကုက္ကုစ္စတို့ မယှဉ်ကြပါ။ မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ၌ မစ္ဆရိယ ယှဉ်၏။ ကြသာ၊ ကုက္ကုစ္စတို့ မယှဉ်ကြပါ။ ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်တို့၌ နောင်တတစ်ဖန် စိုးရိမ်ပူပန်သောအခါ ကုက္ကုစ္စယှဉ်၏။ ကြသာ၊ မစ္ဆရိယတို့ မယှဉ်ကြပါ ဤကား ကြသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့၏ နာနာ ဖြစ်ပုံတည်း။

http://www.dhammadownload.com

ကဒါစိဖြစ်ပုံ ။ ။ သူတစ်ပါးစည်းစိမ်ကို ငြူစူသောအခါ၌သာ ကျသာယှဉ်၍၊ မငြူစူသော အခါ၌ ကျသာ မယှဉ်ပါ၊ မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ၌သာ မစ္ဆရိယယှဉ်၍၊ မလျှို့ဝှက်သော အခါ၌ မစ္ဆရိယမယှဉ်ပါ။ ပြုအပ်ပြီးသော ဒုစရိုက်၊ မပြုအပ်သေးသော သုစရိုက်တို့၌ နောင်တတစ်ဖန် စိုးရိမ်ပူပန်သောအခါ၌သာ ကုက္ကုစ္စယှဉ်၍၊ နောင်တတစ်ဖန် စိုးရိမ်ပူပန်မှုမရှိသောအခါ၌ ကုက္ကုစ္စ မယှဉ်ပါ။ ဤကား – ကျသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့၏ ကဒါစိဖြစ်ပုံတည်း။

အမှာ ။ ။ ဝိရတီ၊ အပ္ပမညာ စေတသိက်တို့၏ နာနာ (ဝိသုံဝိသုံ) ဖြစ်ပုံနှင့် ကဒါစိ ဖြစ်ပုံကို သောဘနစေတသိက် သမ္မယောဂနည်း၌ ပြန်ကြည့်ပါ။

ကဒါစိ စေတသိက် ၁–ပါး

မာနသည် ကဒါစိစေတသိက် ဖြစ်၏၊ ထိုမာန စေတသိက်သည် ဒိဋ္ဌဂတဝိပ္ပယုတ် ၄–ပါး၌ ကဒါစိအဖြစ်ဖြင့် ယှဉ်၏။

ကဒါစိဖြစ်ပုံ ။ ။ မိမိကိုယ်ကိုငါသာလျှင်မြတ်၏ဟု ထောင်လွှားသောအခါ၌ မာနယှဉ်၏၊ မထောင်လွှားသောအခါ၌ မာနမယှဉ်။ ဤကားမာန၏ ကဒါစိဖြစ်ပုံတည်း။

သဟ ကဒါစိ စေတသိက် ၂–ပါး

ထိန မိဒ္ဓသည် သဟကဒါစိ စေတသိက်ဖြစ်၏၊ ထို ထိန မိဒ္ဓ ၂–ပါးသည် သသခါရိကစိတ် ၅–ပါး၌ သဟကဒါစိအဖြစ်ဖြင့် ယှဉ်ကြ၏။

သဟကဒါစိ ဖြစ်ပုံ ။ ။ နာမက္ခန္ဓာ ၄–ပါးတို့၏ မခန့် (မလန်းဆန်း) သောအခါ ထိနမိဒ္ဓယှဉ်၏။ နာမက္ခန္ဓာ ၄–ပါးတို့ခန့် (လန်းဆန်း) သောအခါ ထိန မိဒ္ဓမယှဉ်၊ ဤကား ကဒါစိဖြစ်ပုံတည်း။

http://www.dhammadownload.com

ထိနမိဒ္ဓ ၂-ပါးသည် မကွေမကွာ အတူတကွ ယှဉ်သောကြောင့် သဟ (အတူတကွ) ဖြစ်၏။ ဤကား သဟ ဖြစ်ပုံတည်း။

နိယတယောဂီ စေတသိက် - ၄၁

၁။	အညသမာန်း စေတသိက်	၁၃-ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ ဒေါသ၊ ဝိစိကိစ္ဆာဟူသော အကုသိုလ် စေတသိက်	၈-ပါး
၃။	သောဘနသာ ဓာရဏာစေတသိက်	၁၉-ပါး
၄။	ပညာစေတသိက်	၁-ပါး
	ပေါင်း	**၄၁-ပါး**

စက်လှည့်သရုပ်ခွဲပုံ

၁။	စိတ် ၈၉-ပါးတွင် ကရုဏာသာယှဉ်၍ ပညာမယှဉ်သောစိတ်	၈-ပါး
၂။	ပညာသာယှဉ်၍ ကရုဏာ မယှဉ်သောစိတ်	၂၇-ပါး
၃။	ကရုဏာ - ပညာ နှစ်ပါးစုံယှဉ်သောစိတ်	၂၀-ပါး
၄။	ကရုဏာ - ပညာ နှစ်ပါးစုံမယှဉ်သောစိတ်	၃၄-ပါး

စေတသိက် ၅၂-ပါးတွင် -

၁။ အနိယတ ယောဂီသာဖြစ်၍ နိယတယောဂီမဟုတ်သော စေတသိက်မှာ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၃-ပါး၊ အပ္ပမညာ ၂-ပါး၊ မာန ထိန - မိဒ္ဓ၊ ပေါင်း ၈ - ပါးဖြစ်၏။

၂။ နိယတယောဂီသာဖြစ်၍ အနိယတယောဂီမဟုတ်သော စေတသိက်မှာ နိယတယောဂီဖြစ်သော စေတသိက် ၄၁-ပါးဖြစ်၏။

၃။ အနိယယောဂီ၊ နိယတယောဂီ နှစ်ပါးစုံဖြစ်သော စေတသိက်မှာ ဝိရတီ စေတသိက် ၃-ပါးဖြစ်၏။

http://www.dhammadownload.com

[လေ့ကျင့်ခန်း]

၁။ လောကီစိတ်၊ လောကုတ္တရာစိတ်တို့၌ ဝိရတီစေတသိက်၏ ယှဉ်ပုံအထူးကို ရေး၍၊ အပ္ပမညာ စေတသိက်တို့ယှဉ်သော စိတ်ကို သမာနဝါဒ၊ ကေစိဝါဒအရ ခွဲခြားကောက်ပြခဲ့ပါ။

၂။ လောကီဝိရတီနှင့် လောကုတ္တရာ ဝိရတီတို့တွင် အဘယ် ဝိရတီသည် အနိယတ ယောဂီ ဖြစ်ပါသနည်း၊ သင်္ဘပါဠိ ထောက်ဖြေဆို၍၊ အပ္ပမညာ စေတသိက်၏ နာနာဖြစ်ပုံကို ရေးပါ။

၃။ သသခါရေ ဒွယံတတထာ၍ ဒွယံအရနှင့် အဋ္ဌဝီသတိယံ ဒွယံ၌ ဒွယံအရတို့၏ ထူးခြားပုံကို ရေး၍၊ နာနာကဒါစိ စေတသိက် တို့ကို ဖော်ပြခဲ့ပါ။

သင်္ဘာနည်းကို သင်ကြားနည်း

စိတ်တစ်ခုကို မူတည်၍ ထိုစိတ်၌ ရနိုင်သမျှ စေတသိက်များကို သမ္မယောဂနည်းများထဲမှ ရှာဖွေလျက် စုပေါင်း ရေတွက်ပြရသော နည်းသည် သင်္ဘာနည်းဖြစ်၏။ ထို့ကြောင့် သမ္မယောဂနည်းကို ကျေညက်ထားလျှင် သင်္ဘာနည်း ကိစ္စပြီးတော့၏။ သမ္မယောဂနည်းကိုသာ အထပ်ထပ် သင်ကြားပြီးမှသာ သင်္ဘာနည်းကို သင်ကြားသင့်၏။

သင်္ဘာနည်းအရ ရှာဖွေနည်း

သင်္ဘာနည်းအရ စိတ်တစ်ခု၌ စေတသိက် မည်မျှ ယှဉ်နိုင်သနည်းဟု သိလိုလျှင် –

၁။ ထိုစိတ်သည် အကုသိုလ်စိတ်၊ အဟိတ်စိတ်၊ သောဘနစိတ် သုံးမျိုးတွင် မည်သည့် စိတ်အမျိုးအစားထဲတွင် ပါဝင်သနည်းဟု ရှေးဦးစွာ ရှာဖွေ စိစစ်ပါ။

၂။ ထိုစိတ်သည် အကုသိုလ်စိတ်ထဲတွင် ပါဝင်ပါက –

(က) အညသမာနံ စေတသိကံ သမ္မယောဂနည်း။

(ခ) အကုသိုလ်စေတသိက် သမ္မယောဂနည်းများ၌ ရှာဖွေရရှိသော စေတသိက်တို့ကို အဖြေထုတ်ပါ။

http://www.dhammadownload.com

၃။ ထိုစိတ်သည် အဟိတ်စိတ်ထဲတွင် ပါဝင်ပါက ဆန္ဒကြွင်အညသမာန်း သမ္မယောဂနည်း၌ ရှာဖွေ၍ ရရှိသော စေတသိက်တို့ကို အဖြေထုတ်ပါ။

၄။ ထိုစိတ်သည် သောဘနစိတ် ၅၉-ပါးတွင် ပါဝင်ပါက -

(က) အညသမာန်း စေတသိက်သမ္မယောဂနည်း၊

(ခ) သောဘနစေတသိက် သမ္မယောဂနည်းများ၌ ရှာဖွေ၍ ရရှိသော စေတသိက်တို့ကို အဖြေထုတ်ပါ။

နမူနာ ရှာဖွေပုံ

လောဘမူ ပထမ အသင်္ခါရကစိတ်၌ယှဉ်သော စေတသိက်

ဤအသင်္ခါရိက စိတ်သည် အကုသိုလ်စိတ်ထဲတွင် ပါဝင်ခြင်းကြောင့် အညသမာန်းသမ္မယောဂနည်းနှင့် အကုသိုလ်စေတသိက် သမ္မယောဂနည်းတို့၌ ရှာဖွေရမည်။

လောဘမူ ပထမ အသင်္ခါရိကစိတ်သည် သဗ္ဗစိတ္တသာဓာရဏ စေတသိက်ယှဉ်ရာ စိတ် ၈၉-ပါးထဲမှာ ပါရှိ၏။ ဝိတက်ယှဉ်ရာ စိတ် ၅၅-ပါးထဲမှာလည်း ပါရှိ၏။ ဝိစာရ ယှဉ်ရာစိတ် ၆၆-ပါးထဲမှာလည်း ပါရှိ၏။ အဓိမောက္ခယှဉ်ရာ စိတ် ၈၈-ပါးထဲမှာလည်းပါရှိ၏။ ဝီရိယယှဉ်ရာစိတ် ၇၃-ပါးထဲမှာလည်း ပါရှိ၏။ ပီတိယှဉ်ရာစိတ် ၅၁-ပါးထဲမှာ လည်း ပါရှိ၏။ ဆန္ဒယှဉ်ရာစိတ် ၆၉-ပါးထဲမှာလည်း ပါရှိ၏။ အကုသိုလ် စေတသိက် သမ္မယောဂနည်းတွင် မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ယှဉ်သော အကုသိုလ်စိတ် ၁၂-ပါးထဲမှာလည်း ပါရှိ၏။ လောဘယှဉ်ရာ လောဘမူစိတ် ၈-ပါးထဲမှာလည်း ပါရှိ၏။ ဒိဋ္ဌိယှဉ်ရာ ဒိဋ္ဌိဂတသမ္ပ ယုတ်စိတ် ၄-ပါးထဲမှာလည်း ပါရှိ၏။ ထို့ကြောင့် လောဘမူ ပထမ အသင်္ခါရိကစိတ်၌

၁။	အညသမာန်း စေတသိက်	၁၃-ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄-ပါး
၃။	လောဘ၊ ဒိဋ္ဌိ	၂-ပါး
	ပေါင်း	၁၉-ပါး ယှဉ်၏

http://www.dhammadownload.com

အမှာ ။ ။ ဤနည်းအတိုင်း အခြားစိတ်တို့၌ ယှဉ်သော စေတသိက်တို့ကိုလည်း ဆရာက ရှာဖွေပြပါလေ။

သင်္ဂဟနည်း ၃၃-ပါး

သင်္ဂဟ၌ ပဝက္ခာမိ၊ တေသံ ဒါနိ ယထာရဟံဟူသော စကားရပ်သည် သင်္ဂဟနည်းကို ပြလိုရင်း အစချီသော ပဋ္ဌာန်းပြ အချီစကား ဖြစ်၏။

ထိုထိုစိတ်၌ ရထိုက်သမျှသော စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသောနည်းကို သင်္ဂဟနည်းဟု ခေါ်၏။

သင်္ဂဟနယ ဥဒ္ဒေသပြဂါထာများ

ဆတ္တိံသာနုတ္တရမ္ဗာ စသော ဂါထာများသည် သင်္ဂဟနည်း ၅-မျိုး၏ ခေါင်းစဉ် ဥဒ္ဒေသကိုပြသော သင်္ဂဟနယ ဥဒ္ဒေသပြဂါထာများ ဖြစ်ကြ၏။

ပဉ္စဓာ တတ္ထ သင်္ဂဟော

၁။ ဖြစ်သင့်သလို လောကုတ္တရာစိတ်၌ စေတသိက် ၃၆-ပါးယှဉ်၏။
၂။ မဟဂ္ဂုတ်စိတ်၌ စေတသိက် ၃၅-ပါး ယှဉ်၏။
၃။ ကာဝစရသောဘနစိတ်၌ စေတသိက် ၃၈-ပါး ယှဉ်၏။
၄။ အကုသိုလ်စိတ်၌ စေတသိက် ၂၇-ပါး ယှဉ်၏။
၅။ ဖြစ်သင့်သလို အဟိတ်စိတ်၌ စေတသိက် ၁၂-ပါး ယှဉ်၏။

ဤသို့ သင်္ဂဟနည်း ၅-မျိုးခေါင်းစဉ်ကို ပဉ္စဓာတတ္ထသင်္ဂဟော၌ ပဉ္စဓာအရယူရမည်။

လောကုတ္တရာစိတ် သင်္ဂဟနည်း

လောကုတ္တရာ ပထမစျာန်စိတ် ၈-ပါး၌ယှဉ်သော စေတသိက် ၃၆-ပါး

၁။	အညသမာန်း စေတသိက်	၁၃-ပါး
၂။	အပွမညာကြွင်သော သောဘနစေတသိက်	၂၃-ပါး
	ပေါင်း	၃၆-ပါး

http://www.dhammadownload.com

လောကုတ္တရာ ဒုတိယစျာန်စိတ် ၈-ပါးခွဲယှဉ်သော စေတသိက် ၃၅-ပါး

၁။ ဝိတက်ကြဉ်သောအညသမာန်း စေတသိက် ၁၂-ပါး
၂။ အပွမညာကြဉ်သော သောဘနစေတသိက် ၂၃-ပါး
ပေါင်း ၃၅-ပါး

လောကုတ္တရာ တတိယစျာန်စိတ် ၈-ပါးခွဲယှဉ်သော စေတသိက် ၃၄-ပါး

၁။ ဝိတက်၊ ဝိစာရကြဉ်သောအညသမာန်းစေတသိက် ၁၁-ပါး
၂။ အပွမညာကြဉ်သော သောဘနစေတသိက် ၂၃-ပါး
ပေါင်း ၃၄-ပါး

လောကုတ္တရာ စတုတ္ထစျာန်စိတ် ၈-ပါးခွဲယှဉ်သော စေတသိက် ၃၃-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သောအညသာမန်း စေတသိက် ၁၀-ပါး
၂။ အပွမညာကြဉ်သော သောဘနစေတသိက် ၂၃-ပါး
ပေါင်း ၃၃-ပါး

လောကုတ္တရာ ပဉ္စမစျာန်စိတ် ၈-ပါးခွဲယှဉ်သော စေတသိက် ၃၃-ပါး

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ ကြဉ်သောအညသမာန်း စေတသိက် ၁၀-ပါး
၂။ အပွမညာကြဉ်သော သောဘနစေတသိက် ၂၃-ပါး
ပေါင်း ၃၃-ပါး

http://www.dhammadownload.com

အပွမညာဝဇ္ဇိတာ ။ ။ လောကုတ္တရာစိတ်က နိဗ္ဗာန်ကို အာရုံပြု၏။ အပွမညာက သတ္တဝါပညတ်ကို အာရုံပြု၏။ ဤသို့ အာရုံပြုပုံချင်း မတူသောကြောင့် လောကုတ္တရာစိတ်၌ အပွမညာ စေတသိက် မယှဉ်ပါ။

ပဋိမဇ္ဈာနိကစိတ္တေသုပိ။ ။ စတုတ္ထဈာန်စိတ်မှာသာ ၃၃-ပါး ယှဉ်သည် မဟုတ်၊ ပဋိမဈာန်စိတ်မှာလည်း ၃၃-ပါး ပင်ယှဉ်၏။ သို့သော် သုခဝေဒနာအရပ်၌ ဥပေက္ခာဝေဒနာကို လဲလှယ်ထည့်သွင်းရမည်ဟုသိစေလိုသောကြောင့် ပဋိမဈာနိက စိတ္တေသုပိ စသည်ကို မိန့်ဆိုရ၏။ စတုတ္ထဈာန်၌ သုခဝေဒနာနှင့်တကွ စေတသိက် ၃၃-ပါး ယှဉ်၏။ ပဋိမဈာန်၌ ဥပေက္ခာဝေဒနာနှင့်တကွ စေတသိက် ၃၃-ပါး ယှဉ်၏။ ဤမျှသာထူးသည်။

ပဋိကဈာနဝသေန ။ ။ ပဋိကဈာန်၊ စတုက္ကဈာန်ဟု ဈာန်နှစ်မျိုး ရှိ၏။ ထိုနှစ်မျိုးတွင် ပဋိကဈာန်၏ အပြားအားဖြင့် -

၁။ ပထမဈာန်စိတ်၌ သင်္ဂဟသည် ဆတ္တိံသတည်း။

၂။ ဒုတိယဈာန်စိတ်၌ သင်္ဂဟသည် ပဉ္စတ္တိံသတည်း။

၃။ တတိယဈာန်စိတ်၌ သင်္ဂဟသည် စတုတ္တိံသတည်း။

၄။ စတုတ္ထဈာန်စိတ်၌ သင်္ဂဟသည် တေတ္တိံသတည်း။

၅။ ပဋိမဈာန်စိတ်၌ သင်္ဂဟသည် တေတ္တိံသတည်း။

ဤသို့ သင်္ဂဟနည်း ၅-ပါး ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com

စတုက္ကစျာန်၏ အပြားအားဖြင့်

၁။ ပထမစျာန်စိတ်၌ သင်္ဂဟသည် ဆတ္တိံသတည်း။
၂။ ဒုတိယစျာန်စိတ်၌ သင်္ဂဟသည် စတုတ္တိံသတည်း။
၃။ တတိယစျာန်စိတ်၌ သင်္ဂဟသည် တေတ္တိံသတည်း။
၄။ စတုတ္ထစျာန်စိတ်၌ သင်္ဂဟသည် တေတ္တိံသတည်း။
ဤသို့ သင်္ဂဟနည်း ၄-နည်း ဖြစ်ပေါ်လာ၏။

မှတ်ချက် ။ ။ စတုက္ကနည်း၌ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၅-ပါးအပေါင်းကို ပထမစျာန်၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၄-ပါး အပေါင်းကို ဒုတိယစျာန်။ သုခ၊ ဧကဂ္ဂတာ စျာန်အင်္ဂါ ၃-ပါး အပေါင်းကို တတိယစျာန်။ ဥပေက္ခာ၊ ဧကဂ္ဂတာစျာန် အင်္ဂါ ၃-ပါး အပေါင်းကို စတုတ္ထစျာန်ဟု ခေါ်၏။

လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-နည်းကို ရေတွက်ခိုင်းလျှင် ပဉ္စကစျာန်အတိုင်း ရေတွက်ပါလေ။

မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း

မဟဂ္ဂုတ်ပထမစျာန် ၃-ပါး၌ ယှဉ်သော စေတသိက်

၁။	အညသမာန်း စေတသိက်	၁၃-ပါး
၂။	ဝိရတီကြွင်သော သောဘနစေတသိက်	၂၂-ပါး
ပေါင်း-မဟဂ္ဂုတ်ပထမစျာန်စိတ်၌ယှဉ်သောစေတသိက်		၃၅-ပါး

ပစ္စေကမေဝ ။ ။ ကရုဏာသည် ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၏။ မုဒိတာသည် သုခိတ သတ္တဝါပညတ်ကို အာရုံပြု၏။ ဤသို့ အာရုံမတူသောကြောင့် ကရုဏာနှင့် မုဒိတာတို့သည် အသီးသီး တစ်ပါးစီသာ ယှဉ်ကြ၏။ ကရုဏာယှဉ်ခိုက် မုဒိတာ မယှဉ်။ မုဒိတာ ယှဉ်ခိုက် ကရုဏာ မယှဉ်။

http://www.dhammadownload.com

ကရုဏာ မုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ ဟူသော စကားအရ မဟဂ္ဂုတ်ပထမစျာန်စိတ် ၃-ပါး၌ -

၁။ အများဆုံးယှဉ်သော စေတသိက်၊

၂။ အမြဲတမ်းယှဉ်သော စေတသိက်၊

၃။ တစ်ပြိုင်နက်ယှဉ်သော စေတသိက်ဟု သုံးမျိုး ကွဲပြားလာ၏။ ထိုတွင် ယှဉ်နိုင်သမျှ စေတသိက်တို့ကို စုပေါင်း၍ အများဆုံး ယှဉ်သော စေတသိက်အဖြစ် အဖြေထုတ်ပါ။ အများဆုံး ယှဉ်သော စေတသိက်တွင် အနိယတယောဂီ၊ (နာနာကဒါစိ) အမည်ရသော စေတသိက်တို့ကို နှုတ်၍ ကြွင်းသော စေတသိက်တို့ကို အမြဲတမ်းယှဉ်သော စေတသိက်အဖြစ် အဖြေထုတ်ပါ။ အမြဲတမ်း ယှဉ်သော စေတသိက်နှင့် (အများဆုံး ယှဉ်သော စေတသိက်ထဲမှ ကြဉ်ထားခဲ့သော) အနိယတ ယောဂီ စေတသိက် တစ်ပါးပါးကို ပေါင်း၍ တစ်ပြိုင်နက် ယှဉ်သော စေတသိက်အဖြစ် အဖြေထုတ်ပါ။

ထို့ကြောင့် မဟဂ္ဂုတ် ပထမစျာန်စိတ် သုံးပါး၌ -

၁။ အများဆုံးယှဉ်သော စေတသိက်	၃၅-ပါး
၂။ အမြဲတမ်းယှဉ်သော စေတသိက်	၃၃-ပါး
၃။ တစ်ပြိုင်နက်ယှဉ်သော စေတသိက်	၃၄-ပါး ဖြစ်၏။

အများဆုံး တစ်ပြိုင်နက်ယှဉ်သော စေတသိက်ဟုလည်း တစ်ခါတစ်ရံ မေးတတ်၏။ အများဆုံး နောက်သို့ မလိုက်ဘဲ တစ်ပြိုင်နက် နောက်သို့ လိုက်ကာ တစ်ပြိုင်နက် အဖြေအတိုင်း ၃၄-ပါးဟု အဖြေထုတ်ပါ။ ကာမ သောဘနစိတ် သင်္ဃာနည်း အကုသိုလ်စိတ် သင်္ဃာနည်း တို့၌လည်း ဤနည်းအတိုင်းပင် အဖြေထုတ်ပါလေ။

http://www.dhammadownload.com

မဟဂ္ဂုတ်ဒုတိယစျာန် စိတ် ၃-ပါး၌ယှဉ်သောစေတသိက်

၁။	ဝိတက်ကြဉ်သောအညသမာန်း စေတသိက်	၁၂-ပါး
၂။	ဝိရတီကြဉ်သော သောဘန စေတသိက်	၂၂-ပါး
	ပေါင်း	၃၄-ပါး

မဟဂ္ဂုတ် တတိယစျာန်စိတ် ၃-ပါး၌ယှဉ်သော စေတသိက်

၁။	ဝိတက်၊ ဝိစာရကြဉ်သောအညသမာန်းစေတသိက်	၁၁-ပါး
၂။	ဝိရတီကြဉ်သော သောဘနစေတသိက်	၂၂-ပါး
	ပေါင်း	၃၃-ပါး

မဟဂ္ဂုတ် စတုတ္ထစျာန်စိတ် ၃-ပါး၌ယှဉ်သော စေတသိက်

၁။	ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သောအညသမန်းစေတသိက်	၁၀-ပါး
၂။	ဝိရတီကြဉ်သေ ်သာဘန စေတသိက်	၂၂-ပါး
	ပေါင်း	၃၂-ပါး

မဟဂ္ဂုတ် ပဉ္စမစျာန်စိတ် ၁၅-ပါး၌ယှဉ်သော စေတသိက်

၁။	ဝိတက်၊ ဝိစာရ၊ ပီတိကြဉ်သောအညသမန်းစေတသိက်	၁၀-ပါး
၂။	ဝိရတီအပ္ပမညာကြဉ်သော သောဘန စေတသိက်	၂၀-ပါး
	ပေါင်း	၃၀-ပါး

သင်္ဂဟနည်း ၅-ပါး

၁။	ပထမစျာန်စိတ်၌ စေတသိက် ၃၅-ပါးယှဉ်ပုံ	၁-နည်း
၂။	ဒုတိယစျာန်စိတ်၌ စေတသိက် ၃၄-ပါးယှဉ်ပုံ	၁-နည်း
၃။	တတိယစျာန်စိတ်၌ စေတသိက် ၃၃-ပါးယှဉ်ပုံ	၁-နည်း
၄။	စတုတ္ထစျာန်စိတ်၌ စေတသိက် ၃၂-ပါးယှဉ်ပုံ	၁-နည်း
၅။	ပဉ္စမစျာန်စိတ်၌ စေတသိက် ၃၀-ပါးယှဉ်ပုံ	၁-နည်း

မဟဂ္ဂုတ်စိတ်သင်္ဂဟနည်းပြီး၏။

http://www.dhammadownload.com

ကာမာဝစရ သောဘနစိတ် သင်္ဂဟနည်း

သောမနဿ သဟဂုတ် ဉာဏသမ္မယုတ် အသင်္ခါရိက စိတ်နှင့် သသင်္ခါရက စိတ်တို့ကို ပထမ (အစုံ) ဒွေဟု ခေါ်၏။ ဒုတိယ အစုံ စသည်တို့ကိုလည်း ဆက်လက် ရေတွက်ပါလေ။

မဟာကုသိုလ် ပထမဒွေဠ္ဍ ယှဉ်သော စေတသိက်

၁။ အညသမာန်း စေတသိက် ၁၃-ပါး
၂။ သောဘန စေတသိက် ၂၅-ပါး
ပေါင်း ၃၈-ပါး

မှတ်ချက် ။ ။ မဟာကုသိုလ် ပထမဒွေသည် စေတသိက် အများဆုံး ယှဉ်သော စိတ်ဖြစ်၏။

အပ္ပမညာဝိရတိယော (ပ) ယောဇေတဗ္ဗာ ။ မဟာကုသိုလ် ပထမဒွေဠ္ဍ ၃၈-ပါး ယှဉ်သော်လည်း အပ္ပမညာဝိရတီ ငါးပါးလုံးသည် တစ်ပြိုင်နက် မယှဉ်ကြ။ အသီးအသီး တစ်ပါးစီသာ ယှဉ်ကြ၏။

ထို့ကြောင့် မဟာကုသိုလ် ပထမဒွေဠ္ဍ -

၁။ အများဆုံးယှဉ်သော စေတသိက် ၃၈-ပါး
၂။ အမြဲတမ်းယှဉ်သော စေတသိက် ၃၃-ပါး
၃။ တစ်ပြိုင်နက်ယှဉ်သော စေတသိက် ၃၄-ပါး

မဟာကုသိုလ် ဒုတိယဒွေဠ္ဍယှဉ်သော စေတသိက်

၁။ အညသမန်း စေတသိက် ၁၃-ပါး
၂။ ပညာန္ဒြေကြဉ်သော သောဘနစေတသိက် ၂၄-ပါး
ပေါင်း ၃၇-ပါး

မဟာကုသိုလ် တတိယဒွေဠ္ဍယှဉ်သော စေတသိက်

၁။ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး
၂။ သောဘနစေတသိက် ၂၅-ပါး
ပေါင်း ၃၇-ပါး

http://www.dhammadownload.com

မဟာကုသိုလ် စတုတ္ထဒွေဠ္ဍယှဉ်သော စေတသိက်

၁။ ဝိတိက္ကဉ်သော အညသမာန်း စေတသိက် ၁၂-ပါး
၂။ ပညိန္ဒြေကြဉ်သော သောဘနစေတသိက် ၂၄-ပါး
ပေါင်း ၃၆-ပါး

မဟာကြိယာ ပထမဒွေဠ္ဍယှဉ်သော စေတသိက်

၁။ အညသမာန်း စေတသိက် ၁၃-ပါး
၂။ ဝိရတီကြဉ်သော သောဘနစေတသိက် ၁၂-ပါး
ပေါင်း ၂၅-ပါး

ာကြိယာ ပထမဒွေဠ္ဍ –

၁။ အများဆုံးယှဉ်သော စေတသိက် ၃၅-ပါး
၂။ အမြဲတမ်းယှဉ်သော စေတသိက် ၃၃-ပါး
၃။ တစ်ပြိုင်နက်ယှဉ်သော စေတသိက် ၃၄-ပါး

မဟာကြိယာ ဒုတိယဒွေဠ္ဍယှဉ်သော စေတသိက်

၁။ အညသမာန်း စေတသိက် ၁၃-ပါး
၂။ ဝိရတီ ပညိန္ဒြေကြဉ်သော သောဘနစေတသိက် ၁၁-ပါး
ပေါင်း ၂၄-ပါး

မဟာကြိယာ တတိယဒွေဠ္ဍယှဉ်သော စေတသိက်

၁။ ဝိတိက္ကဉ်သောစေတသိက် ၁၂-ပါး
၂။ ဝိရတီကြဉ်သော သောဘနစေတသိက် ၁၂-ပါး
ပေါင်း ၂၄-ပါး

မဟာကြိယာ စတုတ္ထဒွေဠ္ဍယှဉ်သော စေတသိက်

၁။ ဝိတိက္ကဉ်သော အညသမာန်း စေတသိက် ၁၂-ပါး
၂။ ဝိရတီ ပညိန္ဒြေကြဉ်သော သောဘနစေတသိက် ၁၁-ပါး
ပေါင်း ၂၃-ပါး

http://www.dhammadownload.com

မဟာဝိပါက် ပထမဒွေဠ်ယှဉ်သော စေတသိက်

၁။ အညသမာန်း စေတသိက် ၁၃-ပါး
၂။ ဝိရတီ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀-ပါး
ပေါင်း ၃၃-ပါး

မဟာဝိပါက် ဒုတိယဒွေဠ်ယှဉ်သော စေတသိက်

၁။ အညသမာန်း စေတသိက် ၁၃-ပါး
၂။ သောဘန သာမာရဏ စေတသိက် ၁၉-ပါး
ပေါင်း ၃၂-ပါး

မဟာဝိပါက် တတိယဒွေဠ်ယှဉ်သော စေတသိက်

၁။ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး
၂။ ဝိရတီ အပ္ပမညာကြဉ်သော သောဘနစေတသိက် ၂၀-ပါး
ပေါင်း ၃၂-ပါး

မဟာဝိပါက် စတုတ္ထဒွေဠ်ယှဉ်သော စေတသိက်

၁။ ပီတိကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး
၂။ သောဘန သာမာရဏ စေတသိက် ၁၉-ပါး
ပေါင်း ၃၁-ပါး

ကာမာဝစရ သောဘနစိတ် သင်္ဂဟနည်း ၁၂-နည်း

၁။ မဟာကုသိုလ်ပထမဒွေဠ် စေတသိက် ၃၈-ပါးယှဉ်ပုံ ၁-နည်း
၂။ မဟာကုသိုလ်ဒုတိယဒွေဠ် စေတသိက် ၃၇-ပါးယှဉ်ပုံ ၁-နည်း
၃။ မဟာကုသိုလ်တတိယဒွေဠ် စေတသိက် ၃၇-ပါးယှဉ်ပုံ ၁-နည်း
၄။ မဟာကုသိုလ်စတုတ္ထဒွေဠ် စေတသိက် ၃၆-ပါးယှဉ်ပုံ ၁-နည်း
၅။ မဟာကြိယာ ပထမဒွေဠ် စေတသိက် ၃၅-ပါးယှဉ်ပုံ ၁-နည်း
၆။ မဟာကြိယာ ဒုတိယဒွေဠ် စေတသိက် ၃၄-ပါးယှဉ်ပုံ ၁-နည်း
၇။ မဟာကြိယာ တတိယဒွေဠ် စေတသိက် ၃၄-ပါးယှဉ်ပုံ ၁-နည်း

http://www.dhammadownload.com

၈။ မဟာကြွိယာ စတုတ္ထဒွေဋ္ဌ စေတသိက် ၃၃–ပါးယှဉ်ပုံ ၁–နည်း
၉။ မဟာဝိပါက် ပထမဒွေဋ္ဌ စေတသိက် ၃၃–ပါးယှဉ်ပုံ ၁–နည်း
၁၀။ မဟာဝိပါက် ဒုတိယဒွေဋ္ဌ စေတသိက် ၃၂–ပါးယှဉ်ပုံ ၁–နည်း
၁၁။ မဟာဝိပါက် တတိယဒွေဋ္ဌ စေတသိက် ၃၂–ပါးယှဉ်ပုံ ၁–နည်း
၁၂။ မဟာဝိပါက် စတုတ္ထဒွေဋ္ဌ စေတသိက် ၃၁–ပါးယှဉ်ပုံ ၁–နည်း

ပေါင်း ၁၂–နည်း

ဂါထာ ။ ။ အဋ္ဌတ္တိံသ သတ္တတ္တိံသ ဒွယံစသော ဂါထာသည် ကာမာဝစရ သောဘနစိတ် သင်္ဂဟနည်းကို အကျဉ်းချုံး ရေတွက်ပြသောဂါထာဖြစ်၏။ ကာမာဝစရ သောဘနစိတ် သင်္ဂဟနည်းအဆုံး ဂါထာများလည်း ဖြစ်ကြ၏။

စိတ်နှင့်သင်္ဂဟနည်းကိုတွဲစပ်ပုံ

စိတ်		ကုသိုလ်စိတ်၌	ကြိယာစိတ်၌	ဝိပါက်စိတ်၌
၁။	ပထမဒွေး	အဋ္ဌတ္တိံသ	ပဉ္စတ္တိံသ	တေတ္တိံသသ
၂။	ဒုတိယဒွေး	သတ္တတ္တိံသ	စတုတ္တိံသ	ဗာတ္တိံသ
၃။	တတိယဒွေး	သတ္တတ္တိံသ	စတုတ္တိံသ	ဗာတ္တိံသ
၄။	စတုတ္ထဒွေး	ဆတ္တိံသ	တေတ္တိံသ	ကေတ္တိံသ

ကာမာဝစရသောဘနစိတ် သင်္ဂနည်းပြီး၏

သင်္ဂဟဂါထာ ။ ။ နဝိဇ္ဇန္တေတ္တ စသော ဂါထာသည် သောဘန သင်္ဂဟနည်းတို့ဝယ် ထိုထိုသောဘနစိတ်၌ မယှဉ်နိုင်သော စေတသိက်တို့ကို ပေါင်းယူရေတွက်ပြသော ဂါထာဖြစ်၏။

မဟာကြွိယာစိတ်နှင့် မဟဂ္ဂုတ်စိတ်တို့၌ ဝိရတီမယှဉ်။ လောကုတ္တရာစိတ်၌ အပွမညာမယှဉ်။ မဟာဝိပါက်စိတ်၌ ဝိရတီ၊ အပွမညာ နှစ်ပါးလုံး မယှဉ်။

http://www.dhammadownload.com

၁။ ဝိရတီသာယှဉ်၍ အပွမညာမယှဉ်သော သောဘနစိတ်မှာ လောကုတ္တရာစိတ်ဖြစ်၏။

၂။ အပွမညာသာယှဉ်၍ ဝိရတီမယှဉ်သော သောဘနစိတ်မှာ မဟာကြိယာစိတ်နှင့် ပဋ္ဌမဈာန်ကြဉ် မဟဂ္ဂုတ်စိတ်ဖြစ်၏။

၃။ ဝိရတီ၊ အပွမညာ ၂-ပါးလုံးယှဉ်သော သောဘနစိတ်မှာ မဟာကုသိုလ်စိတ်ဖြစ်၏။

၄။ ဝိရတီ၊ အပွညာ ၂-ပါးလုံးမယှဉ်သော သောဘနစိတ်မှာ မဟာဝိပါက်စိတ်ဖြစ်၏။

ဝိသေသကပြဂါထာ။ ။ **အနုတ္တရေစျာနဓမ္မာ** စသော ဂါထာသည် ဝိသေသက စေတသိက်တို့ကို အကျဉ်းချုပ်ရေတွက်ပြသော ဂါထာဖြစ်၏။

ဝိသေသက။ ။ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုတတ်သော စေတသိက်တို့ကို ဝိသေသကစေတသိက်ဟုခေါ်၏။

ဝိသေသကစေတသိက်များ –

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ (ဝေဒနာ)	၄-ပါး
၂။ အပွမညာ စေတသိက်	၂-ပါး
၃။ ဝိရတီ စေတသိက်	၃-ပါး
၄။ ပညာစေတသိက်	၁-ပါး
ပေါင်း	၁၀-ပါး

အနုတ္တရေစျာနဓမ္မာ

၁။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခဟူသော စျာန်တရားတို့သည် လောကုတ္တရာစိတ်၌ စိတ်ချင်းကွဲပြား ထူးခြားအောင်ပြုလုပ်ကြ၏။

၂။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခဟူသော စျာန်တရားတို့နှင့် အပွမညာ စေတသိက်တို့သည် မဟဂ္ဂုတ်စိတ်၌ စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုလုပ်ကြ၏။

http://www.dhammadownload.com

၃။ အပွမည္ာ၊ ဝိရတီ၊ ဉာဏ်၊ ပီတိတို့သည် ကာမာဝစရ သောဘနစိတ်၌ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုလုပ်ကြ၏။

စိတ်ချင်းကွဲပြား ထူးခြားအောင်ပြုလုပ်ပုံ

ဝိတက်သည် လောကုတ္တရာစိတ်တွင် ပထမစျာန်စိတ်၌သာ ယှဉ်၏။ ဒုတိယစျာန်စိတ် စသည်တို့၌ မယှဉ်ပါ။ ဤသို့ ဝိတက်၏ယှဉ်မှု မယှဉ်မှု ကြောင့် ပထမစျာန်စိတ်က တစ်မျိုး၊ ဒုတိယစျာန်စိတ် စသည်တို့က တစ်မျိုးစီအားဖြင့် ကွဲပြားထူးခြား၏။ ဝိတက်သည် ဤသို့ စိတ်ချင်းကွဲပြား ထူးခြားအောင်ပြုလုပ်၏။

ဝိစာရသည် လောကုတ္တရာစိတ်တွင် ပထမစျာန်စိတ်၊ ဒုတိယစျာန်စိတ်တို့၌သာယှဉ်၏။ တတိယစျာန်စိတ် စသည်တို့၌မယှဉ်ပါ။ ဤသို့ ဝိစာရ၏ ယှဉ်မှု – မယှဉ်မှုကြောင့် ပထမစျာန်စိတ်၊ ဒုတိယစျာန်စိတ်တို့က တစ်မျိုး၊ တတိယစျာန်စိတ် စသည်တို့က တစ်မျိုးစီအားဖြင့် ကွဲပြားထူးခြားရ၏။ ဝိစာရသည် ဤသို့ စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုလုပ်၏။

ဤနည်းကိုမှီ၍ ပီတိ၊ သုခတို့ကိုလည်း ရေးတတ်ပါစေ၊ အပွမည္ာ စေတသိက်သည် မဟဂ္ဂုတ်စိတ်တွင် ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်စိတ်တို့၌သာယှဉ်၏။ ပဉ္စမစျာန်စိတ်၌ မယှဉ်ပါ။ ဤသို့ အပွမည္ာ၏ယှဉ်မှု၊ မယှဉ်မှုကြောင့်၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကတစ်မျိုး၊ ပဉ္စမစျာန်စိတ်ကတစ်မျိုးစီအားဖြင့် ကွဲပြားထူးခြားရ၏။ အပွမည္ာသည် ဤသို့ စိတ်ချင်းကွဲပြား ထူးခြားအောင် ပြုလုပ်၏။

ဝိရတီသည် ကာမာဝစရ သောဘနစိတ်တွင် မဟာကုသိုလ်စိတ်၌သာ ယှဉ်၏။ မဟာဝိပါက် မဟာကြိယာစိတ်တို့၌မယှဉ်၊ ဤသို့ ဝိရတီ၏ယှဉ်မှု၊ မယှဉ်မှုကြောင့် မဟာကုသိုလ်စိတ်က တစ်မျိုး၊ မဟာဝိပါက်၊ မဟာကြိယာစိတ်တို့က တစ်မျိုးစီအားဖြင့် ကွဲပြားထူးခြားရ၏။ ဝိရတီသည် ဤသို့ စိတ်ချင်း ကွဲပြားထူးခြားအောင် ပြုလုပ်၏။

http://www.dhammadownload.com

ဉာဏ် (ပညာ) သည် ကာမာဝစရ သောဘနစိတ်တွင် ဉာဏသမ္ပယုတ်စိတ် ၁၂-ပါး၌သာယှဉ်၏။ ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး၌မယှဉ်။ ဤသို့ ဉာဏ်၏ယှဉ်မှု – မယှဉ်မှုကြောင့် ဉာဏသမ္ပယုတ်စိတ်ကတစ်မျိုး၊ ဉာဏဝိပ္ပယုတ်စိတ်က တစ်မျိုးအားဖြင့် ကွဲပြားထူးခြားရ၏။ ဉာဏ်သည် ဤသို့ စိတ်ချင်းကွဲပြားထူးခြားအောင် ပြုလုပ်၏။ ကြွင်းသော စေတသိက်တို့ကို ဤနည်းကိုမှီ၍ ရေးတတ်ပါစေ။

အကုသိုလ်သင်္ဂဟနည်း

လောဘမူ ပထမ အသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

၁။	အညသမာန်းစေတသိက်	၁၃-ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄-ပါး
၃။	လောဘ၊ ဒိဋ္ဌိ	၂-ပါး
	ပေါင်း	၁၉-ပါး

လောဘမူ ဒုတိယ အသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

၁။	အညသမာန်းစေတသိက်	၁၃-ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄-ပါး
၃။	လောဘ၊ မာန	၂-ပါး
	ပေါင်း	၁၉-ပါး

လောဘမူ တတိယအသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

၁။	ပီတိကြဉ်အညသမာန်းစေတသိက်	၁၂-ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄-ပါး
၃။	လောဘ၊ ဒိဋ္ဌိ	၂-ပါး
	ပေါင်း	၁၈-ပါး

http://www.dhammadownload.com

လောဘမူ စတုတ္ထ အသခ်ါရိကစိတ်၌ယှဉ်စော စေတသိက်

၁။	ပီတိကြဉ် အညသမာန်း စေတသိက်	၁၂–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
၃။	လောဘ၊ မာန	၂–ပါး
	ပေါင်း	**၁၈–ပါး**

ဒေါသမူ အသခ်ါရိကစိတ်၌ယှဉ်သော စေတသိက်

၁။	ပီတိဩဉ်အညသမာန်းစေတသိက်	၁၂–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
၃။	ဒေါသ၊ ကြ္ကသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ	၄–ပါး
	ပေါင်း	**၂၀–ပါး**

ပစ္စေကမေဝ။ ။ ဒေါသမူ အသခ်ါရိကစိတ်၌ စေတသိက် ၂၀–ပါး ယှဉ်သော်လည်း ကြ္ကသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့ ၃–ပါး တစ်ပြိုင်နက် မယှဉ်ကြ၊ တစ်ရံတစ်ခါ အသီးအခြား တစ်ပါးစီသာ ယှဉ်ကြ၏။ ကြ္ကသာသည် သူတစ်ပါးစည်းစိမ်ကိုအာရုံပြု၏။ မစ္ဆရိယသည် မိမိစည်းစိမ်ကို အာရုံပြု၏။ ကုက္ကုစ္စသည် ပြုအပ်ပြီးသော ဒုစရိုက်နှင့် မပြုအပ်သေးသော သုစရိုက်တို့ကို အာရုံပြု၏။ ဤသို့ အာရုံကွဲပြားခြင်းကြောင့် ၃–ပါးလုံး တစ်ပြိုင်နက် မယှဉ်ကြပါ။ ထို့ကြောင့် ဒေါသမူ အသခ်ါရိကစိတ်၌ –

(၁)	အများဆုံးယှဉ်သော စေတသိက်	၂၀–ပါး
(၂)	အမြဲတမ်းယှဉ်သော စေတသိက်	၁၇–ပါး
(၃)	တစ်ပြိုင်နက်ယှဉ်သော စေတသိက်	၁၈–ပါး

လောဘမူ ပထမ သသခ်ါရိကစိတ်၌ယှဉ်သော စေတသိက်

၁။	အညသမာန်း စေတသိက်	၁၃–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
၃။	လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ	၄–ပါး
	ပေါင်း	**၂၁–ပါး**

http://www.dhammadownload.com

လောဘမူ ဒုတိယ သသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

၁။ အညသမာန်း စေတသိက် ၁၃-ပါး
၂။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ၄-ပါး
၃။ လောဘ၊ မာန၊ ထိန၊ မိဒ္ဓ ၄-ပါး
ပေါင်း ၂၁-ပါး

လောဘမူ တတိယ သသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

၁။ ပီတိကြဉ်အညသမာန်း စေတသိက် ၁၂-ပါး
၂။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ၄-ပါး
၃။ လောဘ၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓ ၄-ပါး
ပေါင်း ၂၀-ပါး

လောဘမူ စတုတ္ထ သသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

၁။ ပီတိကြဉ်အညသမာန်း စေတသိက် ၁၂-ပါး
၂။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ၄-ပါး
၃။ လောဘ၊ မာန၊ ထိန၊ မိဒ္ဓ ၄-ပါး
ပေါင်း ၂၀-ပါး

ဒေါသမူ သသင်္ခါရိကစိတ်၌ယှဉ်သော စေတသိက်

၁။ ပီတိအကြဉ်အညသမာန်း စေတသိက် ၁၂-ပါး
၂။ မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ ၄-ပါး
၃။ ဒေါသ၊ ကုသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၄-ပါး
၄။ ထိန၊ မိဒ္ဓ ၂-ပါး
ပေါင်း ၂၂-ပါး

ဒေါသမူ သသင်္ခါရိကစိတ်၌ -

(က) အများဆုံးယှဉ်သော စေတသိက် ၂၂-ပါး
(ခ) အမြဲတမ်းယှဉ်သော စေတသိက် ၁၇-ပါး
(ဂ) တစ်ပြိုင်နက်ယှဉ်သော စေတသိက် ၁၈-ပါး
ယှဉ်၏။

http://www.dhammadownload.com

ဥဒ္ဓစ္စသဟဂုတ်စိတ်၌ယှဉ်သော စေတသိက်

၁။	ဆန္ဒ၊ ပီတိကြဉ်အညသမာန်းစေတသိက်	၁၁–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
	ပေါင်း	**၁၅–ပါး**

ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော စေတသိက်

၁။	ဆန္ဒ၊ ပီတိ၊ အဓိမောက္ခကြဉ် အညသမာန်း စေတသိက်	၁၀–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
၃။	ဝိစိကိစ္ဆာစေတသိက်	၁–ပါး
	ပေါင်း	**၁၅–ပါး**

လောဘမူစိတ် ၈–ပါး၌ယှဉ်သော စေတသိက်

၁။	အညသမာန်းစေတသိက်	၁၃–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
၃။	လောဘ၊ ဒိဋ္ဌိ၊ မာန၊ ထိန၊ မိဒ္ဓ	၅–ပါး
	ပေါင်း	**၂၂–ပါး**

ဒေါသမူဒွေ၌ယှဉ်သော စေတသိက်

၁။	ပီတိကြဉ်အညသမာန်း စေတသိက်	၁၂–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
၃။	ဒေါသ၊ ဣဿာ၊ မစ္ဆရိယ ကုက္ကုစ္စ	၄–ပါး
၄။	ထိန၊ မိဒ္ဓ	၂–ပါး
	ပေါင်း	**၂၂–ပါး**

မောဟမူဒွေ၌ယှဉ်သော စေတသိက်

၁။	ဆန္ဒ၊ ပီတိကြဉ် အညသမာန်းစေတသိက်	၁၁–ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄–ပါး
၃။	ဝိစိကိစ္ဆာ စေတသိက်	၁–ပါး
	ပေါင်း	**၁၆–ပါး**

http://www.dhammadownload.com

စိတ်နှင့်စေတသိက် သချိုင်္ဂများကို တွဲပြပုံ

စိတ်		ယှဉ်သောစေတသိက်
ပထမအသင်္ခါရိက	ဇောနဝိသ	၁၉
ဒုတိယအသင်္ခါရိက	ဇောနဝိသ	၁၉
တတိယအသင်္ခါရိက	အဋ္ဌာရသ	၁၈
စတုတ္ထအသင်္ခါရိက	အဋ္ဌာရသ	၁၈
ပဉ္စမအသင်္ခါရိက	ဝိသတိ	၂၀
ပထမသသင်္ခါရိက	ဧကဝိသ	၂၁
ဒုတိယသသင်္ခါရိက	ဧကဝိသ	၂၁
တတိယသသင်္ခါရိက	ဝိသတိ	၂၀
စတုတ္ထသသင်္ခါရိက	ဝိသတိ	၂၀
ပဉ္စမသသင်္ခါရိက	ဒွါဝိသ	၂၂
ဉဒ္ဓစ္စသဟဂုတ်	ပန္နရသ	၁၅
ဝိစိကိစ္ဆာသဟဂုတ်	ပန္နရသ	၁၅

ဂဏနဝေသနသတ္တစာ ။ ။ အကုသိုလ်စိတ် ၁၂ ပါး၌ယှဉ်သော စေတသိက်တို့ကို အသီးသီး တစ်မျိုးစီ ပေါင်းစုရေတွက်လျှင် သင်္ဂဟနည်း ၁၂-နည်း ဖြစ်သင့်သော်လည်း ဂဏန်း သချိုင်္ဂအမျိုးအစားအားဖြင့် သချိုင်္ဂတူ ပေါင်းယူသော ဂဏနာနည်း၏ အစွမ်း အားဖြင့် သင်္ဂဟနည်း ၇-နည်းသာ ရှိ၏။

အကုသိုလ်စိတ် သင်္ဂဟနည်း ၇-ပါး

၁။ ပထမ ဒုတိယ အသင်္ခါရိကစိတ်နှစ်ပါး၌
ဇောနဝိသသင်္ဂဟ ၁-နည်း

၂။ တတိယ၊ စတုတ္ထ အသင်္ခါရိက စိတ်နှစ်ပါး၌
အဋ္ဌာရသသင်္ဂဟ ၁-နည်း

၃။ ပဉ္စမအသင်္ခါရိကစိတ်၌ ဝိသသင်္ဂဟ ၁-နည်း

http://www.dhammadownload.com

၄။ ပထမ၊ ဒုတိယ သဿခါရိကစိတ်နှစ်ပါး၌
ဇောဝိသဿဇ်ဟ ၁-နည်း
၅။ တတိယ၊ စတုတ္ထ သဿခါရိကစိတ်နှစ်ပါး၌
ဝိသဿဇ်ဟ ၁-နည်း
၆။ ပဉ္စမ သဿခါရိကစိတ်၌ ဒွါဝိသဿဇ်ဟ ၁-နည်း
၇။ ဥဒ္ဓစ္စ သဟဂုတ်စိတ်နှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ်၌
ပန္နရသသဇ်ဟ ၁-နည်း
ပေါင်း **၇-နည်း**

သဇ်ဟဂါထာ ။ ။ သာဓာရဏာစ စတ္တာရော စသော ဂါထာသည် အကုသိုလ်စိတ်အားလုံး၌ အပြဲယှဉ်နိုင်သော စေတသိက်တို့ကို ဟောကြားချုပ် ပေါင်းစုရေတွက်ပြသော ဂါထာဖြစ်၏။ ထို့ကြောင့် ဤဂါထာကို သဗ္ဗာကုသလယောဂီ စေတသိက်ကိုပြသောဂါထာ ဟုမှတ်ပါ။

သဗ္ဗာကုသလယောဂီ စေတသိက်

၁။ သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါး
၂။ ဆန္ဒ၊ ပီတိ၊ အဓိမောက္ခကြွင်းသော
အညသမာန်း စေတသိက် ၁၀-ပါး
ပေါင်း-သဗ္ဗာကုသလယောဂီစေတသိက် **၁၄-ပါး**

မှတ်ချက် ။ ။ သဗ္ဗာကုသလ သာဓာရဏ စေတသိက် ၄-ပါးသည် အကုသိုလ် ၁၂-ပါးလုံး၌သာယှဉ်၏။ အဟိတ်စိတ်စသော အခြားစိတ်များနှင့်မယှဉ်ကြ။ သဗ္ဗာကုသလ ယောဂီ စေတသိက်သည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌လည်း ယှဉ်၏။ အခြားစိတ်များ၌လည်း ယှဉ်၏။ သဗ္ဗာကုသလသာဓရဏ စေတသိက်နှင့် သဗ္ဗာကုသလယောဂီ စေတသိက်တို့သည် ဤသို့ထူးခြားကြ၏။

အကုသိုလ်စိတ် သဇ်ဟနည်းပြီး၏။

❖ ❖ ❖ ❖ ❖

http://www.dhammadownload.com

အဟိတ်စိတ်သင်္ဃဟနည်း

၁။ **ဟသိတုပ္ပဒ်စိတ်၌ယှဉ်သော စေတသိက် –**
ဟသိတုပ္ပဒ်စိတ်၌ ဆန္ဒကြဉ် အညသမာန်း စေတသိက် ၁၂–ပါး ယှဉ်၏။

၂။ **ဝုဋ္ဌောစိတ်၌ယှဉ်သော စေတသိက် –**
ဝုဋ္ဌောစိတ်၌ ဆန္ဒ၊ ပီတိကြဉ် အညသမာန်း စေတသိက် ၁၁–ပါး ယှဉ်၏။

၃။ **သောမနဿ သဟဂုတ် သန္တီရဏစိတ်၌ယှဉ်သော စေတသိက်–**
ဆန္ဒ ဝိရိယကြဉ် အညသမာန်း စေတသိက် ၁၁–ပါးယှဉ်၏။

၄။ **ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေ၊ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂–ပါး၌ယှဉ်သော စေတသိက်–**
ဆန္ဒ၊ ပီတိ၊ ဝိရိယကြဉ် အညသမာန်း စေတသိက် ၁၀–ပါးယှဉ်၏။

၅။ **ဒွေပဉ္စဝိညာဏ် ၁၀–၌ ယှဉ်သော စေတသိက်–**
သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါး။

မှတ်ချက် ။ ။ ဒွေပဉ္စဝိညာဏ် ၁၀–သည် စေတသိက် အနည်းဆုံး ယှဉ်သော စိတ်ဖြစ်၏။

အဟိတ်စိတ် သင်္ဃဟနည်း ၄–ပါး

၁။	ဟသိတုပ္ပဒ်စိတ်၌ စေတသိက် ၁၂–ပါးယှဉ်ပုံ	၁–နည်း
၂။	ဝုဋ္ဌော၊ သောမနဿ သဟဂုတ် သန္တီရဏစိတ်တို့၌ စေတသိက် ၁၁–ပါးယှဉ်ပုံ	၁–နည်း
၃။	မနောဓာတ်သုံးပါး၊ အဟိတ်ပဋိသန္ဓေစိတ် ၂–ပါးတို့၌ စေတသိက် ၁၀–ပါးယှဉ်ပုံ	၁–နည်း
၄။	ဒွေ ပဉ္စဝိညာဏ် ၁၀–၌၊ စေတသိက် ခုနစ်ပါးယှဉ်ပုံ	၁–နည်း
	ပေါင်း–အဟိတ်စိတ်၌ သင်္ဃဟနည်း	၄–နည်း

http://www.dhammadownload.com

ဂါထာ ။ ။ အဟေတုကေသု သဗ္ဗတ္ထ၊ သတ္တ သေသာ ယထာရဟံ၊ ဟူသော ဂါထာစကားရပ်သည် အဟိတ်စိတ်၌ အညသမာန်း စေတသိက်တို့ ယှဉ်ပုံကိုပြသော စကားရပ်ဖြစ်၏။ သဗ္ဗစိတ္တ သာဓာရဏ စေတသိက်တို့သည် အဟိတ်စိတ်အားလုံး၌ ယှဉ်၍ ဆန္ဒမှကြွင်းသော ပကိဏ်းစေတသိက်ငါးပါးတို့သည် အဟိတ်စိတ်၌ ယှဉ်ထိုက်သည့်အားလျော်စွာ ယှဉ်ကြ၏ဟု ဆိုလို၏။

အဟိတ်စိတ်အားလုံး၌ယှဉ်သော စေတသိက်
သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး

နိဂုံး ။ ။ ဣတိ ဝိတ္ထာရတော ဝုတ္တော၊ တေတ္တိံသဝိဓ သင်္ဂဟော ဟူသော စကားရပ်သည် သင်္ဂဟနည်း ၃၃-နည်းကို နိဂုံးအုပ်ပြသော စကားရပ်ဖြစ်၏။

သင်္ဂဟနည်း ၃၃-နည်း

၁။	လောကုတ္တရာစိတ် သင်္ဂဟနည်း	၅-နည်း
၂။	မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း	၅-နည်း
၃။	ကာမာဝစရ သောဘနစိတ် သင်္ဂဟနည်း	၁၂-နည်း
၄။	အကုသိုလ်စိတ် သင်္ဂဟနည်း	၇-နည်း
၅။	အဟိတ်စိတ် သင်္ဂဟနည်း	၄-နည်း
	ပေါင်း-သင်္ဂဟနည်း	၃၃-နည်း

သင်္ဂဟနည်းပြီး၏။

▲▲▲

နိဂုံးနှင့်မှာထားချက်။ ။ ဣတ္ထံ စိတ္တာ ဝိယုတ္တာနံ စသော ဂါထာသည် နိဂုံးနှင့် မှာထားချက်ကိုပြသောဂါထာဖြစ်၏။ ထိုတွင် ဣတ္ထံ စိတ္တာ ဝိယုတ္တာနံ၊ သမ္မယောဂဒ္ဒ သင်္ဂဟံ၊ ဥဒ္ဒါဟူသော စကားရပ်ဖြင့် နိဂုံးကိုပြ၏။

http://www.dhammadownload.com

ဘေဒံ ယထာ ယောဂံ၊ စိတ္တေန သမမုဒ္ဒိသေ ဟူသော စကားရပ်ဖြင့် မှာထားချက်ကိုပြ၏။

သမ္မယောဂနည်း၊ သင်္ဂဟနည်းအထူး

ယှဉ်ရာစိတ်ကို ပိုင်းခြားသတ်မှတ်လို၍ စေတသိက်တို့၏စိတ်၌ယှဉ်ပုံ ယှဉ်ဟန်ကိုပြသောနည်းသည် သမ္မယောဂနည်းမည်၏။ ယှဉ်ထိုက်သမျှ စေတသိက်များကို ပိုင်းခြားသတ်မှတ်လို၍ စိတ်တစ်မျိုးတစ်မျိုး၌ ရထိုက်သမျှ စေတသိက်ကို ပေါင်းစုရေတွက်ပြသောနည်းသည် သင်္ဂဟနည်းမည်၏။ ဤသို့ထူးခြား၏။

စိတ္တေန သမမုဒ္ဒိသေ။ ။ ယှဉ်ရာစိတ်နှင့် အရေအတွက်ညီမျှသော စေတသိက်အပြားကို ထုတ်ပြရမည်ဟု အရှင်အနုရုဒ္ဓါဆရာမိန့်ကြားခဲ့၏။

ဖဿသည် စိတ် ၈၉-ပါး၌ယှဉ်၍၊ ဖဿ စေတသိက်လည်း ၈၉-ပါးပင်ပြား၏။ ဝိတက်သည် စိတ် ၅၅-ပါးနှင့်ယှဉ်၍ ဝိတက်စေတသိက်လည်း ၅၅-ပါးပင်ပြား၏။ မောဟသည် အကုသိုလ်စိတ် ၁၂-ပါးနှင့်ယှဉ်၍ မောဟ စေတသိက်လည်း ၁၂-ပါးပင်ပြား၏။ ဤသို့ စသည်ဖြင့် စေတသိက်ကုန်အောင် ဆရာက သင်ပြရမည်။ သမ္မယောဂနည်းကို ကျေညက်ပါက အခက်အခဲမရှိနိုင်ပါ။

စေတသိက်ချင်း ယှဉ်ပုံ

ညဝါဆိုသောအခါ သမ္မယောဂနည်း၊ သင်္ဂဟနည်းကို နားလည်ရုံဖြင့် မလုံလောက်သေးပါ။ စေတသိက်ချင်းယှဉ်သော (တဒုဘယမိဿက) နည်းကို နားလည်ထားရန်လိုအပ်ပါသည်။ စေတသိက်ချင်းယှဉ်သောနည်းကို နားလည်ထားပါမှ ညဝါကို သဘောပေါက်လွယ်မည်။ သို့ဖြစ်ပါ၍ စေတသိက်ချင်းယှဉ်သောနည်းကိုလည်း ဆက်လက် လေ့လာကြပါ။

http://www.dhammadownload.com

စေတသိက်ချင်းယှဉ်ပုံ

စေတသိက်	ယှဉ်စိတ်	ယှဉ်စေ	စေ	မှတ်ချက်
ဖဿ	၈၉	၅၂	၅၁	ဖဿကြဉ် (ဝေစသည်တူပြီ)
ဝိတက်	၅၅	၅၂	၅၁	ဝိတက်ကြဉ် (ဝိစာရလည်းတူ)
အဓိ	၇၈	၅၁	၅၀	အဓိနှင့်ဝိစိကြဉ်
ဝီရိယ	၇၃	၅၂	၅၁	ဝီရိယကြဉ်
ပီတိ	၅၁	၄၇	၄၆	ပီတိ၊ ဒေါ ၄ ဝိစိကြဉ်
ဆန္ဒ	၆၉	၅၁	၅၀	ဆန္ဒ၊ ဝိစိကိစ္ဆာကြဉ်
မောဟ	၁၂	၂၇	၂၆	မောကြဉ်(အဟိရိကစသည်တူပြီ)
လောဘ	၈	၂၂	၂၁	လော၊ ဒေါစတုက်၊ ဝိစိကြဉ်
ဒိဋ္ဌိ	၄	၂၁	၂၀	ဒိဋ္ဌိ၊ ဒေါစတုက်၊ မာန ဝိစိကြဉ်
မာန	၄	၂၁	၂၀	မာန၊ ဒေါစတုက်၊ဒိဋ္ဌိ၊မာန၊ဝိစိကြဉ်
ဒေါသ	၂	၂၂	၂၁	ဒေါ၊ ပီ၊ လော၊ ဒိဋ္ဌိ၊ မာန၊ ဝိစိကြဉ်
ကုသာ	၂	၂၂	၁၉	ကု, မ, ကုစ္စတို့ကိုထပ်ကြဉ်
ထိန	၅	၂၆	၂၅	ထိန၊ ဝိစိကြသ် (မိဒ္ဓလည်းတူပြီ)
ဝိစိကိစ္ဆာ	၁	၁၅	၁၄	စိ၊ ဆန္ဒ၊ ပီ၊ ဓိ၊ လော ၃၊ ဒေါ ၄, ထိ၊ မိဒ္ဓကြဉ်
သဒ္ဓါ	၅၉	၃၈	၃၇	သဒ္ဓါကြဉ် (သတိစသည့်တူပြီ)
သမ္မာဝါစာ	၁၆	၃၈	၃၃	ဝိရတိနှင့်ပမဉ်ကြဉ် (ကမ္မန္တတူပြီ)
ကရုဏာ	၂၈	၃၈	၃၃	ဝိရတိနှင့်ပမဉ်ကြဉ် (မုဒိတူပြီ)
ပညာ	၄၇	၃၈	၃၇	ပညာကြဉ်

http://www.dhammadownload.com

အမှာ ။ စေတသိက်တစ်ပါးပါး၌ယှဉ်သော စေတသိက်တို့ကို သိလိုပါက-

၁။ ထိုထို စေတသိက်၏ယှဉ်ရာစိတ်ကို သမ္မယောဂနည်းအားလျော်စွာ ရှာဖွေပါ။

၂။ ထို့နောက် ယင်းစိတ်များ၌ ယှဉ်ထိုက်သမျှသော စေတသိက်တို့ကို သင်္ဂဟနည်း သဘောသွားအတိုင်း ရှာဖွေပါ။

၃။ ယင်း စေတသိက်များထဲမှ အရင်းခံ မူလစေတသိက်ကို ပယ်နှုတ်ထားလိုက်ပါ။

၄။ ကြွင်းသောစေတသိက်များသည် ယင်းပယ်နှုတ်ထားသော စေတသိက်နှင့်ယှဉ်ထိုက်သော စေတသိက်များဖြစ်၏။

ဖဿနှင့်ယှဉ်သော စေတသိက်

၁။ ဖဿသည် စိတ် ၈၉-ပါး၌ယှဉ်သည်။ (သမ္မယောဂနည်း)။

၂။ ထိုစိတ် ၈၉-ပါး၌ စေတသိက် ၅၂-ပါးယှဉ်သည်။ (သင်္ဂဟနည်း)။

၃။ ယင်းစေတသိက် ၅၂-ပါးထဲမှ အရင်းခံမူလ ဖဿစေတသိက်ကို နှုတ်လိုက်ပါက -

၄။ ကျန်စေတသိက် ၅၁-ပါးသည် ဖဿနှင့်ယှဉ်သော စေတသိက်များဖြစ်သည်။

ထို့ကြောင့် ''ဖဿသည် စိတ်တစ်ခု ယုတ်ကိုးဆယ် ဖဿကြဉ်သော စေတသိက် ၅၁-ပါးနှင့်ယှဉ်သည်'' ဟုမှတ်ပါ။ ဇယားနှင့်တိုက်ဆိုင်ကြည့်ပါ။

ဝီတိနှင့်ယှဉ်သော စေတသိက်

၁။ ဝီတိသည် စတုတ္ထဈာန်မှတစ်ပါး သောမနဿသဟဂုတ် ၅၁-ပါး၌ ယှဉ်သည်။

၂။ ထို ၅၁-ပါးသောစိတ်၌ (ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကစ္စ၊ ဝိစိကိစ္ဆာကြဉ်) စေတသိက် ၄၇-ပါး ယှဉ်နိုင်သည်။

http://www.dhammadownload.com

၃။ ထို့ကြောင့် ပိတိသည် ပိတိ၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကစ္စ၊ ဝိစိကိစ္ဆာကြဉ် စေတသိက် ၄၆–ပါးနှင့် ယှဉ်နိုင်သည်။
ကြွင်းသော စေတသိက်များကိုလည်း ဤနည်းအတိုင်း ဆက်လက် လေ့လာပါလေ။

[လေ့ကျင့်ခန်း]

၁။ အဋ္ဌတ္တိံသ သတ္တတ္တိံသ ဒွယံစသော ဂါထာ၌ သတ္တတ္တိံသအရကို ကောက်ပြ၍၊ ယင်း သတ္တတ္တိံသ၏ အကျယ်ပြ သင်္ဂဟပါဠိကိုရေးပါ။

၂။ ကာမာဝစရ သောဘနစိတ်တို့၌ ပိတိစေတသိက်၏ စိတ်ချင်း ထူးခြားအောင် ပြုလုပ်ပုံကိုရေး၍၊ ဒေါသမူအသင်္ခါရိကစိတ်၌ –
(က) အမျှားဆုံးယှဉ်သော စေတသိက် –
(ခ) အမြဲတမ်းယှဉ်သော စေတသိက် –
(ဂ) တစ်ပြိုင်နက်ယှဉ်သော စေတသိက်တို့ကို သချ်ာမျှပြခဲ့ပါ။

၃။ လောဘမူစိတ် ၈–ပါးလုံး၌ယှဉ်သော စေတသိက်တို့ကို ကောက်ပြ၍ အောက်ပါတရားတို့ကို ဖော်ပြခဲ့ပါ။
(က) စိတ်အမျှားဆုံးယှဉ်သော စေတသိက် –
(ခ) စိတ်အနည်းဆုံးယှဉ်သော စေတသိက် –
(ဂ) စေတသိက်အမျှားဆုံးယှဉ်သောစိတ် –
(ဃ) စေတသိက် အနည်းဆုံးယှဉ်သောစိတ် –
(င) အဟိတ်စိတ်အားလုံး၌ယှဉ်သော စေတသိက် –

စေတသိက်ပိုင်းပြီး၏။



http://www.dhammadownload.com

ပကိဏ်းပိုင်း

ပဋ္ဌာန်း။ သမ္မယုတ္တာ ယထာယောဂံ စသော ၂-ဂါထာသည် အနုသန္ဓေခေါင်းစဉ် မာတိကာနှင့် ပဋ္ဌာန်းကိုပြသော သင်္ဂဟဂါထာဖြစ်၏။

သင်္ဂဟ ၆-မျိုး

၁။ **ဝေဒနာသင်္ဂဟ** ။ ဝေဒနာအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်။

၂။ **ဟေတုသင်္ဂဟ** ။ ဟိတ်အပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်။

၃။ **ကိစ္စသင်္ဂဟ** ။ ကိစ္စအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်။

၄။ **ဒွါရသင်္ဂဟ** ။ ဒွါရအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်။

၅။ **အာရမ္မဏသင်္ဂဟ**။ အာရုံအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်။

၆။ **ဝတ္ထုသင်္ဂဟ** ။ ဝတ္ထုအပြားအားဖြင့် စိတ်တို့ကို ပေါင်းယူရာ စကားရပ်။

ပကိဏ္ဏကသင်္ဂဟ၌ ဤသို့ သင်္ဂဟ ၆-မျိုးပြား၏။

http://www.dhammadownload.com

ပကိဏ္ဏကသင်္ဂဟ။ ။ ဝေဒနာသင်္ဂဟ စသော သင်္ဂဟ ၆-မျိုးကို ရောပြွမ်းပေါင်းစုရ်၍ ပြဆိုရာဖြစ်သောကြောင့် ပကိဏ္ဏက သင်္ဂဟဟုခေါ်၏။

တေပညာသ သဘာဝတော

တေပညာသ သဘာဝတော၌ တေပညာသအရ -

(၁) အာရုံကိုသိခြင်း လက္ခဏာအားဖြင့် စိတ် ၁-ပါး

(၂) စေတသိက် ... ... ၅၂-ပါး

ပေါင်း **၅၃-ပါး**

မှတ်ချက်။ ။ ယင်း ၅၃ ပါးကို နာမ်တေပညာသဟုလည်းခေါ်၏။

စိတ္တုပ္ပါဒဝသေနေဝ။ ။ ဤ၌ စိတ္တုပ္ပါဒအရ စိတ်ကိုသာ ယူရမည်။ စေတသိက်ကို မယူရန် ဝေသဒ္ဒါဖြင့်တားမြစ်၏။

ဝေဒနာသင်္ဂဟ

ဝေဒနာ ၃-ပါး။ (၁) သုခဝေဒနာ

(၂) ဒုက္ခဝေဒနာ

(၃) အဒုက္ခမသုခဝေဒ

ဤသို့ အာရမ္မဏာနုဘဝန လက္ခဏာ (အာရုံကို ခံစားခြင်းသဘော လက္ခဏာ) နည်းအားဖြင့် ဝေဒနာ ၃-မျိုးပြား၏။

ဝေဒနာ ၅-ပါး။ (၁) သုခဝေဒနာ

(၂) ဒုက္ခဝေဒနာ

(၃) သောမနဿဝေဒနာ

(၄) ဒေါမနဿဝေဒနာ

(၅) ဥပေက္ခာဝေဒနာ

ဤသို့ ဘူမိယဘေဒနည်းအားဖြင့် ဝေဒနာ ၅-မျိုးပြား၏။

http://www.dhammadownload.com

အာရုံ ၃-မျိုး ။ ။ အာရုံသည် ကုဋ္ဌာရုံ၊ အနိဋ္ဌာရုံ၊ ကုဋ္ဌမဇ္ဈတ္တာရုံ ဟု ၃-မျိုးပြား၏။

၁။ ကုဋ္ဌာရုံ – အလိုရှိအပ် ကောင်းမြတ်သောအာရုံ။

၂။ အနိဋ္ဌာရုံ – အလိုမရှိအပ်၊ မကောင်းမြတ်သောအာရုံ။

၃။ ကုဋ္ဌမဇ္ဈတ္တာရုံ – ကုဋ္ဌာရုံလောက်လည်းမကောင်း၊ အနိဋ္ဌာရုံလောက်လည်း မဆိုးရွားဘဲ အလယ်အလတ်မျှ အလိုရှိအပ်သောအာရုံ။

အာရမ္မဏာနုဘဝန လက္ခဏာအားဖြင့် ဝေဒနာ ၃-မျိုးပြားပုံ

၁။ ကုဋ္ဌာရုံကို ခံစားသော ဝေဒနာသည် သာယာသောအားဖြင့် ခံစား၏။ ဤခံစားမှုမျိုးကို သုခဝေဒနာဟုခေါ်၏။

၂။ အနိဋ္ဌာရုံကို ခံစားသော ဝေဒနာသည် မသာယာသောအားဖြင့် ခံစား၏။ ဤခံစားမှုမျိုးကို ဒုက္ခဝေဒနာဟုခေါ်၏။

၃။ ကုဋ္ဌမဇ္ဈတ္တာရုံကို ခံစားသော ဝေဒနာသည် သာယာသည်လည်း မဟုတ်၊ မသာယာသည်လည်းမဟုတ်၊ လျစ်လျူရှုသောအားဖြင့် ခံစား၏။ ဤခံစားမှုမျိုးကို အဒုက္ခမသုခဝေဒနာဟုခေါ်၏။ ဤသို့ အာရုံခံစားပုံ သဘောလက္ခဏာအားဖြင့် ဝေဒနာ ၃-မျိုးပြား၏။

ဝေဒနာအားဖြင့် စိတ်ကိုဝေဖန်ပုံ

၁။	သုခသဟဂုတ်စိတ်	၁-ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၁-ပါး
၃။	သောမနဿ သဟဂုတ်စိတ်	၆၂-ပါး
၄။	ဒေါမနဿ သဟဂုတ်စိတ်	၂-ပါး
၅။	ဥပေက္ခာ သဟဂုတ်စိတ်	၅၅-ပါး
	ပေါင်း – စိတ်အကျယ်	၁၂၁-ပါး

http://www.dhammadownload.com

ဝေဒနာနှင့်ယှဉ်သောစိတ်ကို နားလည်ရုံဖြင့် မလုံလောက်ပါ။ သက်ဆိုင်ရာ ဝေဒနာနှင့်ယှဉ်သော စေတသိက်တို့ကိုလည်း နားလည်ရန် လိုအပ်ပါသည်။ ထို့ကြောင့် စေတသိက်ချင်းယှဉ်ပုံကို ဆက်လက်လေ့လာရန် ဇယားဖြင့်ပြမည်။

ဝေဒနာအားဖြင့် စေတသိက်ကို ဝေဖန်ပုံ

စေတသိက် - ၅၂	သုခဝေဒနာ	ဒုက္ခဝေဒနာ	သောမနဿသဟဂတ	ဒေါမနဿသဟဂတ	ဥပက္ခာသဟဂတ	အကုသိုလ်တစ်ဖွဲ့
ဒေါသ၊ ကုသာ၊ မစ္ဆရိယ၊ကုက္ကုစ္စ-၄				။		၈
ဝိစိကိစ္ဆာ ၁					။	
ဗီတိ ၁			။			
လော၊ ဒိ၊ မာ၊ သောဘန ၂၅-၂၈			။		။	၂၈
ကိဏ်း ၅ သဗ္ဗာကု ၄ ထိနမိဒ္ဓ ၁၁			။	။	။	၁၁
ဝေကြဉ်သဗ္ဗစိတ္တသာဓာရဏ ၆	။	။	။	။	။	၆
ဝေဒနာ ၁						၁
ထိုထိုဝေဒနာနှင့်ယှဉ်သောစေတသိက်						၅၂

ဇယားကွက်၌ အပေါ်နှင့်အောက်သည် ဂဟိတဂ္ဂဟဏနည်းဖြစ်၏။ လက်ဝဲ လက်ယာသည် အဂ္ဂဟိတဂ္ဂဟဏ နည်းဖြစ်၏။ ဇယားကွက်သဘောကို နောက်၌ အသီးသီး ကောက်ပြထားပါသည်။

http://www.dhammadownload.com

သုခဝေဒနာနှင့်ယှဉ်သောစိတ်

သုခဝေဒနာသည် အဟိတ်ကုသလဝိပါက် သုခသဟဂုတ် ကာယဝိညာဏ်စိတ် ၁–ပါး၌ယှဉ်၏။ ထို့ကြောင့် ယင်းစိတ်ကို သုခသဟဂုတ်စိတ် ဟုခေါ်၏။

သုခဝေဒနာနှင့်ယှဉ်သော စေတသိက်

သုခဝေဒနာသည် သုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ယှဉ်၏။ (သမ္မယောဂနည်း) ထိုသုခသဟဂုတ် ကာယဝိညာဏ်စိတ်၌ သမ္ဗစိတ္တ သာဓာရဏ စေတသိက် ၇–ပါးယှဉ်၏။ (သင်္ဂဟနည်း)

ထိုတွင် သုခဝေဒနာကြဉ် ကြွင်းသော သမ္ဗစိတ္တသာဓာရဏ စေတသိက် ၆–ပါးသည် သုခဝေဒနာနှင့်ယှဉ်သော စေတသိက်စိတ်ဟု ခေါ်၏။

ဒုက္ခဝေဒနာနှင့်ယှဉ်သောစိတ်

ဒုက္ခဝေဒနာသည် အကုသလဝိပါက် ဒုက္ခသဟဂုတ် ကာယဝိညာဏ် စိတ် ၁–ပါး၌ယှဉ်၏။ ထို့ကြောင့် ယင်းစိတ်ကို ဒုက္ခသဟဂုတ်စိတ်ဟုခေါ်၏။

ဒုက္ခဝေဒနာနှင့်ယှဉ်သော စေတသိက်

ဒုက္ခဝေဒနာသည် ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ယှဉ်၏။ (သမ္မယောဂနည်း)။

ထိုဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ သမ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါးယှဉ်၏။ (သင်္ဂဟနည်း)

ထိုတွင် – ဒုက္ခဝေဒနာကြဉ် ကြွင်းသော သမ္ဗစိတ္တသာဓာရဏ စေတသိက် ၆–ပါးသည် ဒုက္ခဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ ''**သုခ ဒုက္ခာ ဝေဒနာနှင့်၊ ယှဉ်လာလေရိပ်၊ စေတသိက်ကား၊ ခြောက်ပါးညီမျှ**'' ဟု နောက်၌လာလတ္တံ့။

http://www.dhammadownload.com

သောမနဿ ဝေဒနာနှင့်ယှဉ်သောစိတ်

သောမနဿဝေဒနာသည် –

၁။	လောဘမူသောမနဿ သဟဂုတ်စိတ်	၄–ပါး
၂။	အဟိတ်သောမနဿ သဟဂုတ်စိတ်	၂–ပါး
၃။	ကာမာဝစရ သောဘန သောမနဿသဟဂုတ်စိတ်	၁၂–ပါး
၄။	ပထမဈာန်စိတ်	၁၁–ပါး
၅။	ဒုတိယဈာန်စိတ်	၁၁–ပါး
၆။	တတိယဈာန်စိတ်	၁၁–ပါး
၇။	စတုတ္ထဈာန်စိတ်	၁၁–ပါး
	ပေါင်း	**၆၂–ပါး**

၌ယှဉ်၏။

ထို့ကြောင့် ထို ၆၂–ပါးကို သောမနဿသဟဂုတ်စိတ်ဟုခေါ်၏။

သောမနဿ ဝေဒနာနှင့်ယှဉ်သော စေတသိက်

သောမနဿ ဝေဒနာသည် သောမနဿ သဟဂုတ်စိတ် ၆၂–ပါး၌ ယှဉ်၏။ (သမ္မယောဂနည်း)။

ထိုသောမနဿသဟဂုတ်စိတ် ၆၂–ပါး၌၊ ဒေါသ၊ ကြွေးကြော်မှု၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၄ရ–ပါးယှဉ်၏။ (သင်္ဂဟနည်း)။

ထိုတွင် (သောမနဿ) ဝေဒနာကိုကြဉ်၊ ကြွင်းသော စေတသိက် ၄၆–ပါးသည် သောမနဿ ဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။ ဤသည်ကိုရည်ရွယ်၍ ''**သောမနဿဝယ်၊ လေးဆယ့်နှင့်ခြောက်**'' ဟု နောက်၌ လာလတ္တံ့။

မှတ်ချက် ။ ။ ဒေါသ၊ ကြွေးကြော်မှု၊ မစ္ဆရိယ၊ ကုက္ကုစ္စ လေးပါးသည် ဒေါသမူဇွေ၌သာ ယှဉ်၏။ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာစိတ်၌သာယှဉ်၏။ သောမနဿ သဟဂုတ်စိတ်၌ မယှဉ်ကြပါ။ ထို့ကြောင့် ယင်းစေတသိက် ၅–ပါးကို ကြဉ်ရ၏။

http://www.dhammadownload.com

ဒေါမနဿ ဝေဒနာနှင့်ယှဉ်သောစိတ်

ဒေါမနဿဝေဒနာသည် ဒေါသမူစိတ် နှစ်ပါးဌာယှဉ်၏။ ထို့ကြောင့် ယင်းဒေါသမူဒွေကို ဒေါမနဿသဟဂုတ်စိတ်ဟုခေါ်၏။

ဒေါမနဿဝေဒနာနှင့်ယှဉ်သော စေတသိက်

ဒေါမနဿဝေဒနာသည် ဒေါသမူဒွေဌာယှဉ်၏။ (သမ္မယောဂနည်း)။ ထိုဒေါသမူဒွေးဌာ ပီတိ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဝိစိကိစ္ဆာကြဉ်သော စေတသိက် ၂၂-ပါးယှဉ်၏။ (သင်္ဂဟနည်း)။

ထိုတွင် (ဒေါမနဿ) ဝေဒနာကြဉ်၊ ကြွင်းသော စေတသိက် ၂၁-ပါးသည် ဒေါမနဿ ဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။

ဤသည်ကို ရည်ရွယ်၍ **''ထို့နောက် ဒေါမန၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာ''** ဟု နောက်ဌာလာလတ္တံ့။

မှတ်ချက် ။ ။ ပီတိသည် သောမနဿ သဟဂုတ်စိတ်ဌာသာယှဉ်၏။ လောဘ၊ ဒိဋ္ဌိ၊ မာနသည် လောဘမူစိတ်ဌာသာယှဉ်၏။ ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာသဟဂုတ်စိတ် တစ်ပါးဌာသာယှဉ်၏။ ဒေါသမူဒွေဌာမယှဉ်။ ထို့ကြောင့် ပီတိစသော စေတသိက်ငါးပါးကိုကြဉ်ရ၏။

ဥပေက္ခာဝေဒနာနှင့်ယှဉ်သောစိတ်

ဥပေက္ခာ ဝေဒနာသည်, ဥပေက္ခာ သဟဂုတ်စိတ် ၅၅-ပါးဌာယှဉ်၏။ (သမ္မယောဂနည်း)။

ထိုဥပေက္ခာ သဟဂုတ်စိတ် ၅၅-ပါးဌာ ပီတိ၊ ဒေါသ၊ ကုသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စကြဉ်သော စေတသိက် ၄၆-ပါးယှဉ်၏။ (သင်္ဂဟနည်း)။

ထိုတွင် (ဥပေက္ခာ) ဝေဒနာကြဉ် ကြွင်းသော စေတသိက် ၄၆-ပါးသည် ဥပေက္ခာ ဝေဒနာနှင့်ယှဉ်သော စေတသိက်ဖြစ်၏။ ဤသည်ကို ရည်ရွယ်၍ **''ဥပေက္ခာဌာ ယှဉ်လာဖြစ်မြောက်၊ လေးဆယ့်ခြောက်သည်''** ဟု နောက်ဌာလာလတ္တံ့။

http://www.dhammadownload.com

မှတ်ချက် ။ ။ ပီတိသည် သောမနဿ သဟဂုတ်စိတ်၌သာယှဉ်၏။ ဒေါသ၊ ကြွက္ကုစ္စ လေးပါးသည် ဒေါသမူဒွေ၌သာယှဉ်၏။ ဥပေက္ခာသဟဂုတ်စိတ်၌ မယှဉ်ပါ။ ထို့ကြောင့် ယင်းစေတသိက်ငါးပါးကိုကြဉ်ရ၏။

ဆောင် ။ ။ **သုခဒုက္ခ၊ ဝေဒနာနှင့်၊ ယှဉ်လာလေရိပ်၊ စေတသိက်ကား၊ ခြောက်ပါးညီမျှ၊ သောမနဿဝယ်၊ လေးဆယ့်နှင့်ခြောက်၊ ထိုနောက်ဒေါမန၊ ယှဉ်သမျှစစ်၊ နှစ်ဆယ့်တစ်သာ၊ ဥပေက္ခာ၌၊ ယှဉ်လာဖြစ်မြောက်၊ လေးဆယ့်ခြောက်သည်၊ ရွေးကောက်လေတော့ မခဲတည်း။**

အထက်ကပြဆိုခဲ့သော စေတသိက်ယှဉ်ပုံနည်းသည် ဂဟိတဂ္ဂဏနည်းဖြစ်၏။ ယူပြီးသည်ကို ထပ်ယူရသောနည်းကို ဂဟိတဂ္ဂဟဏနည်းဟု ခေါ်၏။ ထိုနည်းကိုလေ့လာပြီးနောက် အဂ္ဂဟိတဂ္ဂဟဏ (ယူပြီးသည်ကို ထပ်မယူရသော) နည်းကို ဆက်လက်လေ့လာသင့်၏။

ဆောင် ။ ။ **ဝေဒနာတစ်၊ ခြောက်ပါးဖြစ်၏၊ နှစ်မှာဌဝီ၊ သုံးလီဆယ့်တစ်၊ ငါးဖြစ်ခြောက်ခု၊ မ-တစ်ခု၊ ပေါင်းစုငါးဆယ့်နှစ်။**

ဝေဒနာတစ်ပါးနှင့်ယှဉ်သော စေတသိက် ၆-ပါး

ပီတိ၊ ဒေါသ၊ ကြွက္ကုစ္စ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဟူသော စေတသိက် ၆-ပါးသည် ဝေဒနာတစ်ပါးနှင့်သာယှဉ်၏။

ရှင်းလင်းချက် ။ ။ ပီတိသည် သောမနဿ သဟဂုတ်စိတ်၌သာ ယှဉ်ခြင်းကြောင့် သောမနဿ ဝေဒနာတစ်ပါးနှင့်သာယှဉ်၏။ ဒေါသ၊ ကြွက္ကုစ္စ၊ မစ္ဆရိယ၊ ကုက္ကုစ္စ ၄-ပါးသည် ဒေါသမူဒွေ၌သာယှဉ်ခြင်းကြောင့် ဒေါမနဿဝေဒနာ တစ်ပါးနှင့်သာယှဉ်၏။

ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ သဟဂုတ်စိတ် တစ်ပါး၌သာ ယှဉ်ခြင်းကြောင့် ဥပေက္ခာ ဝေဒနာတစ်ပါးနှင့်သာယှဉ်၏။

http://www.dhammadownload.com

ဝေဒနာ ၂-ပါးနှင့်ယှဉ်သော စေတသိက် ၂၈-ပါး

၁။	လောဘ၊ ဒိဋ္ဌိ၊ မာန	၃-ပါး
၂။	သောဘန စေတသိက်	၂၅-ပါး
	ပေါင်း	၂၈-ပါး

ထိုစေတသိက် ၂၈-ပါး ယှဉ်သော လောဘမူစိတ် ၈-ပါး၊ သောဘန စိတ် ၅၉-ပါးတို့တွင် သျောမနဿ ဝေဒနာနှင့် ဥပေက္ခာဝေဒနာ နှစ်ပါး သာပါရှိ၏။ ထို့ကြောင့် ဝေဒနာနှစ်ပါးနှင့်ယှဉ်သော စေတသိက်များသည် ထိုလောဘ စသော ၂၈-ပါးပင်ဖြစ်၏။

ဝေဒနာ ၃-ပါးနှင့်ယှဉ်သော စေတသိက် ၁၁-ပါး

၁။	ဝီတိက္ကဉ် ပကိဏ်းစေတသိက်	၅-ပါး
၂။	မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၄-ပါး
၃။	ထိန - မိဒ္ဓ	၂-ပါး
	ပေါင်း	၁၁-ပါး

ဝေဒနာ ၅-ပါးနှင့်ယှဉ်သော စေတသိက် ၆-ပါး
ဝေဒနာကြဉ်သော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆-ပါး။

မည်သည့်ဝေဒနာနှင့်မျှ မယှဉ်သော စေတသိက် ၁-ပါး
ဝေဒနာစေတသိက်သည် မည်သည့်ဝေဒနာနှင့်မှမယှဉ်။

သင်္ဂဟဂါထာ ။ ။ သုခ ဒုက္ခ မုပေက္ခာတိ စသော ပထမဂါထာသည် ဝေဒနာအပြားကို အကျဉ်းချုပ်ပြသော သင်္ဂဟဂါထာဖြစ်၏။ သုခ မေကတ္တ ဒုက္ခဋ္ဌ စသောဒုတိယဂါထာသည် ဝေဒနာနှင့်ယှဉ်သောစိတ်တို့ကို အကျဉ်းချုပ်ပြသော ဂါထာဖြစ်၏။

http://www.dhammadownload.com

အာရမ္မဏာ နုဘဝနနည်းအရ စိတ်ကို ဝေဒနာဖြင့်ဝေဖန်ပုံ

၁။	သုခသဟဂုတ်စိတ်	၆၃–ပါး
၂။	ဒုက္ခသဟဂုတ်စိတ်	၃–ပါး
၃။	ဥပေက္ခာသဟဂုတ်စိတ်	၅၅–ပါး
	ပေါင်း–စိတ်အကျယ်	**၁၂၁–ပါး**

အမှာ ။ ။ ဤနည်းသည် သင်္ဂြိုဟ်ကျမ်း၌ တိုက်ရိုက်မလာ။

ဝေဒနာကို ဘုံ၊ ပုဂ္ဂိုလ်ဖြင့် ဝေဖန်ပုံ

ကာမဘုံ၌ ပုထုဇဉ် ၄–ယောက်၊ အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် ၂–ယောက် တို့ သန္တာန်မှာ ဝေဒနာ ၅–ပါးလုံးဖြစ်၏။ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များ၏ သန္တာန်၌ ဒေါမနဿ ဝေဒနာကြဉ်သော ဝေဒနာ ၄–ပါးဖြစ်၏။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် ၄–ယောက်သန္တာန်၌ သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ၂–ပါးသာဖြစ်၏။

ရူပ၊ အရူပဘုံ၌ သောမနဿ၊ ဥပေက္ခာဝေဒနာ ၂–ပါးသာဖြစ်၏။

ဟေတုသင်္ဂဟ

ဟိတ် ၆–ပါး ။ ။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟဟူ၍ ဟိတ် ၆–ပါးပြား၏။ ထိုတွင် အမောဟဟူသည် ပညိန္ဒြေစေတသိက်ပင်ဖြစ်၏။

အဟိတ်စိတ်ကို ဝီထိစဉ်အားဖြင့် ရေတွက်ပုံ

၁။	ပဉ္စဒ္ဝါရာဝဇ္ဇနစိတ်	၁–ပါး
၂။	ဒွေပဉ္စဝိညာဏ်	၁၀–ပါး
၃။	သမ္ပဋိစ္ဆိန်းစိတ်	၂–ပါး
၄။	သန္တီရဏစိတ်	၃–ပါး

http://www.dhammadownload.com

၅။	ဝုဋ္ဌောစိတ်	၁–ပါး
၆။	ဟသိတုပ္ပါဒ်စိတ်	၁–ပါး
	ပေါင်း–အဟိတ်စိတ်	**၁၈–ပါး**

သဟိတ်စိတ် ၎၁–ပါး။ ။ အဟိတ်စိတ်သည် ၁၈–ပါးမှကြွင်းသော ၎၁–ပါးသည် သဟိတ်စိတ်မည်၏။

ကောဟိတ်စိတ် ၂–ပါး။ ။ မောဟမူစိတ် ၂–ပါးသည် ကောဟိတ်စိတ်မည်၏။

ဒွိဟိတ်စိတ် ၂၂–ပါး

၁။	လောဘမူစိတ်	၈–ပါး
၂။	ဒေါသမူစိတ်	၂–ပါး
၃။	ဉာဏဝိပ္ပယုတ်ကာမာဝစရသောဘနစိတ်	၁၂–ပါး
	ပေါင်း–ဒွိဟိတ်စိတ်	**၂၂–ပါး**

တိဟိတ်စိတ် ၄၎–ပါး

၁။	ဉာဏသမ္ပယုတ်ကာမာဝစရသောဘနစိတ်	၁၂–ပါး
၂။	မဟဂ္ဂုတ် လောကုတ္တရာစိတ်	၃၅–ပါး
	ပေါင်း–တိဟိတ်စိတ်	**၄၎–ပါး**

ထိုတိဟိတ်စိတ်၌ အလောဘ၊ အဒေါသ၊ အမောဟ၊ ဟိတ် ၃–ပါး ယှဉ်၏။

ဒွိဟိတ်စိတ် ၂၂–ပါးကို ဆိုင်ရာဟိတ်နှင့်တွဲစပ်ပုံ

	စိတ်		ယှဉ်သောစိတ်
၁။	လောဘမူစိတ်	၈–ပါး	လောဘ၊ မောဟ
၂။	ဒေါသမူစိတ်	၂–ပါး	ဒေါသ၊ မောဟ
၃။	ဉာဏဝိပ္ပယုတ်ကာမာဝစရ ဝစရသောဘနစိတ်	၁၂–ပါး	အလောဘ၊ အဒေါသ

http://www.dhammadownload.com

ဟိတ်အားဖြင့် စေတသိက်ကို ရေတွက်ပုံ

ဆောင် ။ ။ အဟိတ်တေရ၊ ကေနှစ်ဆယ်၊ ဒွိဝယ်ဌစက်၊ တိဟိတ်မှတ်၊ ရလတ်သုံးဆယ့်ငါး။

အဟိတ်စေတသိက် ၁၃-ပါး

၁။ အဟိတ်စိတ်၌ယှဉ်သော ဆန္ဒကြဉ် အညသမာန်းစေတသိက် ၁၂-ပါး
၂။ မောဟမူဒွေ၌ယှဉ်သော မောဟ ၁-ပါး
ပေါင်း ၁၃-ပါး

ရှင်းလင်းချက်။ ။ ဆန္ဒကြဉ်သော အညသမာန်း စေတသိက် ၁၂-ပါးသည် အဟိတ်စိတ်၌ယှဉ်ခိုက် အဟိတ်စေတသိက်ပင်ဖြစ်၏။ မောဟမူဒွေ၌ မောဟသည်လည်း အခြား ယှဉ်ဖက်ဟိတ်မရှိသောကြောင့် အဟိတ်စေတသိက်ပင်ဖြစ်၏။

ကေဟိတ်စေတသိက် ၂၀-ပါး

၁။ မောဟမူဒွေ၌ယှဉ်သော မောဟကြဉ်စေတသိက် ၁၅-ပါး
၂။ ဒွိဟိတ်စိတ်၌ယှဉ်သော လောဘ၊ ဒေါသ၊ မောဟ အလောဘ၊ အဒေါသဟူသောဟိတ် ၅-ပါး
ပေါင်း ၂၀-ပါး

ရှင်းလင်းချက်။ ။ မောဟမူဒွေ၌ယှဉ်သော မောဟကြဉ် စေတသိက် ၁၅-ပါးသည် မောဟဟိတ် တစ်ပါးနှင့်သာ ယှဉ်သောကြောင့် ကေဟိတ်စေတသိက်များဖြစ်၏။

လောဘမူစိတ် ၈-ပါးတွင် စေတသိက် ၂၂-ပါးယှဉ်ရာ၌ လောဘ၊ မောဟ ဟိတ်နှစ်ပါး ပါဝင်၏။ ထိုတွင် လောဘသည် မောဟဟိတ်တစ်ပါးနှင့်လည်းကောင်း၊ မောဟသည်လည်း လောဘဟိတ်တစ်ပါးနှင့်လည်းကောင်း ယှဉ်၏။

http://www.dhammadownload.com

ဒေါသမူဒွေ၌ စေတသိက် ၂၂-ပါး ယှဉ်ရာ၌၊ ဒေါသ၊ မောဟ ဟိတ်နှစ်ပါး ပါဝင်၏။ ထိုတွင် ဒေါသသည် မောဟတစ်ပါးနှင့်လည်း ကောင်း၊ မောဟသည်လည်း ဒေါသဟိတ်တစ်ပါးနှင့်လည်းကောင်းယှဉ်၏။

ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါး၌ စေတသိက် ၃၇-ပါး ယှဉ်ရာ၌ အလောဘ၊ အဒေါသဟိတ်နှစ်ပါး ပါဝင်၏။ ထိုတွင် အလောဘသည် အဒေါသဟိတ်တစ်ပါးနှင့်လည်းကောင်း၊ အဒေါသသည်လည်း အလောဘ ဟိတ်တစ်ပါးနှင့်လည်းကောင်း ယှဉ်၏။ ထို့ကြောင့် ယင်းဟိတ် ၅-ပါးသည် ကောဟိတ်စေတသိက်များဖြစ်၏။

ဒွိဟိတ်စေတသိက် ၄၈-ပါး

၁။ ဒွိဟိတ်စိတ်၌ယှဉ်သော ဟိတ်ငါးပါးကိုကြဉ်သော စေတသိက် ၄၅-ပါး

၂။ တိဟိတ်စိတ်၌ယှဉ်သော အလောဘ၊ အဒေါသ အမောဟစိတ် ၃-ပါး

ပေါင်း-ဒွိဟိတ်စေတသိက် ၄၈-ပါး

ရှင်းလင်းချက်။ ။ ဒွိဟိတ်စိတ် ၂၂-ပါးမှာဝိစိကိစ္ဆာနှင့် ပညာကြဉ် စေတသိက် ၅၀-ပါး ယှဉ်ရာ၌ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ ဟိတ် ၅-ပါး ပါဝင်၏။ ထိုဟိတ် ၅-ပါးကို နုတ်ပါက စေတသိက် ၄၅-ပါးကျန်၏။ ယင်းစေတသိက် ၄၅-ပါးသည် ဒွိဟိတ်စေတသိက်ဖြစ်၏။

တိဟိတ်စိတ် ၄၇-ပါး၌ စေတသိက် ၃၈-ပါးယှဉ်ရာ၌ အလောဘသည် အဒေါသ၊ အမောဟ၊ ဟိတ် ၃-ပါး ပါဝင်၏။ ထိုတွင် အလောဘသည် အဒေါသ၊ အမောဟ ဟိတ်နှစ်ပါးနှင့်ယှဉ်၏။ အဒေါသသည်လည်း အလောဘ၊ အမောဟ ဟိတ် ၂-ပါးနှင့်ယှဉ်၏။ အမောဟသည်လည်း အလောဘ၊ အဒေါသ ဟိတ် ၂-ပါးနှင့်ယှဉ်၏။ ထို့ကြောင့်ယင်းဟိတ် ၅-ပါးသည် ဒွိဟိတ်စေတသိက်ဖြစ်၏။

http://www.dhammadownload.com

တိဟိတ်စေတသိက် ၃၅-ပါး

တိဟိတ်စိတ်၌ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃-ပါးကြဉ်သော စေတသိက် ၃၅-ပါးသည် တိဟိတ်စေတသိက်ဖြစ်၏။

အဂ္ဂဟိတဂ္ဂဟဏာနည်း

ဆောင် ။ ။ သုံးကေဟိတ်၊ ဒွိဟိတ်ကိုးလီ၊ သတ္တဝိတိဟိတ်၊ ပဋ္ဌဟိတ် တစ်၊ ဆယ့်နှစ်ဆဟိတ်၊ ဒွေပညိတ်၊ နိမိတ်ထင်မျှကြဲ။

ဟိတ်တစ်ပါးနှင့်ယှဉ်သော စေတသိက် ၃-ပါး

လောဘ၊ ဒေါသ၊ ဝိစိကိစ္ဆာ ၃-ပါး

ဟိတ်နှစ်ပါးနှင့်ယှဉ်သော စေတသိက် ၉-ပါး

မောဟ၊ ဒိဋ္ဌိ၊ မာန၊ ကြသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ အလောဘ၊ အဒေါသ၊ အမောဟ၊ ပေါင်း ၉-ပါး။

ဟိတ် ၃-ပါးနှင့်ယှဉ်သော စေတသိက် ၂၆-ပါး

၁။	အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ	၃-ပါး
၂။	ထိန၊ မိဒ္ဓ	၂-ပါး
၃။	ဟိတ် ၃-ပါးကိုကြဉ်သော သောဘနစေတသိက်	၂၁-ပါး
	ပေါင်း	၂၆-ပါး

ဟိတ် ၅-ပါးနှင့်ယှဉ်သော စေတသိက် ၁-ပါး

ဟိတ် ၅-ပါးနှင့်ယှဉ်သော စေတသိက် ၁-ပါးမှာ ဝီတိဖြစ်၏။

ဟိတ် ၆-ပါးနှင့်ယှဉ်သော စေတသိက် ၁၂-ပါး

ဝီတိကြဉ် အညသမာန်း စေတသိက် ၁၂-ပါး။

ဖော်ပြခဲ့သော စေတသိက်အားလုံးတို့ကို ပေါင်းလျှင် ၅၂-ပါးဖြစ်၏။

http://www.dhammadownload.com

သင်္ဂဟဂါထာ ။ ။ လောဘောဒေါသောစ မောဟောစ စသော ဂါထာသည် ဇာတိဘေဒအားဖြင့် ပြားသော ဟိတ် ၆-ပါးကို အကျဉ်းချုပ် ရေတွက်ပြသော ဂါထာ ဖြစ်၏။ ဟေတုဇာတိဘေဒပြဂါထာတည်း။

အကုသိုလ်စိတ်၌ယှဉ်သော လောဘ၊ ဒေါသ၊ မောဟကို အကုသိုလ် ဟိတ်ဟုခေါ်၏။ ကုသိုလ်စိတ်၌ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟကို ကုသိုလ်ဟိတ်ဟုခေါ်၏။ ဝိပါက်ကြိယာစိတ်၌ယှဉ်သော အလောဘ၊ အဒေါသ၊ အမောဟကို အဗျာကတဟိတ်ဟုခေါ်၏။

အဟေတုကာဒ္ဒါရသေကာ စသော ဂါထာသည် အဟိတ်စိတ်၊ ကေဟိတ်စိတ် စသည်တို့၏ သရုပ်ကို အကျဉ်းချုပ်ပြသော ဂါထာဖြစ်၏။

ဟိတ်ကို ဘုံပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပုံ

၁။ ကာမဘုံ၌ ဟိတ် ၆-ပါးလုံးဖြစ်နိုင်၏။

(က) အဟိတ်စိတ် ၁၈-ပါး
(ခ) ဧကဟိတ်စိတ် ၂-ပါး
(ဂ) ဒွိဟိတ်စိတ် ၂၂-ပါး
(ဃ) တိဟိတ်စိတ် ၃၈-ပါး

မှတ်ချက် ။ ။ ကာမဘုံ၌ မဟဂ္ဂုတ်ဝိပါက် ၉-ပါးကို မရနိုင်သော ကြောင့် တိဟိတ်စိတ် ၃၈-ပါးသာရ၏။ ကာမဘုံ၌ ပုထုဇဉ် ၄-ယောက်၊ အောကဖလဋ္ဌာန်ပုဂ္ဂိုလ် ၂-ယောက်တို့သန္တာန်၌ ဟိတ် ၆-ပါးလုံးဖြစ်၏။ အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ် သန္တာန်၌ ဒေါသဟိတ်ကြဉ် ဟိတ် ၅-ပါးဖြစ်၏။ မဂ္ဂဋ္ဌာန် ၄၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ် သန္တာန်၌ အလောဘ၊ အဒေါသ၊ အမောဟ ၃-ပါးဖြစ်၏။

http://www.dhammadownload.com

၂။ ရူပဘုံ၌ ဒေါသကြဉ်ဟိတ် ၅-ပါးဖြစ်၏။

(က) အဟိတ်စိတ် ၁၂-ပါး
(ခ) ဧကဟိတ်စိတ် ၂-ပါး
(ဂ) ဒွိဟိတ်စိတ် ၁၈-ပါး
(ဃ) တိဟိတ်စိတ် ၃၉-ပါး

မှတ်ချက် ။ ။ ရူပဘုံ၌ ဃာနဝိညာဏ်စိတ် ၂-ပါး၊ ဇိဝှာဝိညာဏ်စိတ် ၂-ပါး၊ ကာယဝိညာဏ်စိတ် ၂-ပါး၊ ပေါင်း အဟိတ်စိတ် ၆-ပါး မဖြစ်သောကြောင့် အဟိတ်စိတ် ၁၂-ပါးသာဖြစ်၏။ ရူပဘုံ၌ မဟာဝိပါက်စိတ်မဖြစ်သောကြောင့် မဟာဝိပါက် ဒွိဟိတ်စိတ် ၄-ပါးကို မရနိုင်။ ထို့ကြောင့် ဒွိဟိတ်စိတ် ၁၈-ပါးသာရ၏။

ရူပဘုံ၌ မဟာဝိပါက်ဉာဏသမ္မယုတ် ၄-ပါး၊ အရူပဝိပါက်စိတ် ၄-ပါး ပေါင်း ၈-ပါးကို မရနိုင်ခြင်းကြောင့် တိဟိတ်စိတ် ၃၉-ပါးသာရ၏။

ရူပဘုံ၌ တိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက် သန္တာန်မှာ ဒေါသကြဉ်ဟိတ် ၅-ပါးဖြစ်၏။ မဂ္ဂဋ္ဌာန် ၄-ယောက်နှင့် အရဟတ္တဖလဋ္ဌာန် သန္တာန်မှာ အလောဘ၊ အဒေါသ၊ အမောဟဟိတ် ၃-ပါးသာရ၏။

၃။ အရူပဘုံ၌ ဒေါသကြဉ်ဟိတ် ၅-ပါး

(က) အဟိတ်စိတ်၌ မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး
(ခ) ဧကဟိတ်စိတ် ၂-ပါး
(ဂ) ဒွိဟိတ်စိတ် ၁၈-ပါး
(ဃ) တိဟိတ်စိတ် ၂၇-ပါး

မှတ်ချက် ။ ။ အရူပဘုံ၌ မဟာဝိပါက်ဉာဏ သမ္မယုတ် ၄-ပါးရူပစိတ် ၁၅-ပါး၊ သောတာပတ္တိမဂ်စိတ် တစ်ပါးကို မရသောကြောင့် တိဟိတ်စိတ် ၂၇-ပါးသာရ၏။

http://www.dhammadownload.com

အရှုပတိဟိတ်ပုထုဇဉ်နှင့် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် ၃-ယောက်တို့ သန္တာန်၌ ဒေါသကြဉ်ဟိတ် ၅-ပါးဖြစ်၏။ အထက်မဂ္ဂဋ္ဌာန် ၃-ယောက်နှင့် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သန္တာန်၌ အလောဘ၊ အဒေါသ၊ အမောဟ ဟိတ် ၃-ပါးဖြစ်၏။

[လေ့ကျင့်ခန်း]

၁။ ပတ်ဝန်းကျင်အာရုံနှင့်တွေ့ကြုံလာသောအခါ အာရုံအားလျော်စွာ လူသား၏ရင်ထဲ၌ ဖြစ်ပေါ်လာနိုင်သော ခံစားချက်ဝေဒနာအမျိုးအစားကို ဖော်ပြ၍၊ အောက်ပါစေတသိက်တို့ကို ဖော်ပြခဲ့ပါ။

(က) သောနဿ ဝေဒနာနှင့်သာယှဉ်၍၊ ဥပေက္ခာဝေဒနာနှင့် မယှဉ်သော စေတသိက်။

(ခ) ဥပေက္ခာဝေဒနာနှင့်သာယှဉ်၍၊ သောမနဿဝေဒနာနှင့် မယှဉ်သော စေတသိက်။

၂။ ဒ္ဝိဟိတ်စိတ်ကို ဆိုင်ရာဟိတ်နှင့် တွဲစပ်ဖော်ပြ၍၊ ဟိတ်နှစ်ပါးနှင့် ယှဉ်သော စေတသိက်တို့ကို ဖော်ပြခဲ့ပါ။

၃။ တိဟိတ်စိတ်တို့ကို ဇာတ်အားဖြင့်ဖော်ပြ၍၊ ဟေတုဇာတိဘေဒပြဂါထာကို အနက်ပေးပါ။

ကိစ္စသင်္ဂဟ

ကိစ္စ ။ ။ လူတို့၏ လုပ်ငန်းကို ကိစ္စဟုခေါ်သကဲ့သို့၊ ထို့အတူ စိတ်တည်းဟူသော ပရမတ္ထတရားတို့၏ ပဋိသန္ဓိ (ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်း) စသော အခြင်းအရာလုပ်ငန်းမှန်သမျှကို ကိစ္စဟုခေါ်၏။

ကိစ္စ ၁၄-ပါး

၁။ ပဋိသန္ဓေကိစ္စ
၂။ ဘဝင်ကိစ္စ
၃။ အာဝဇ္ဇန်းကိစ္စ
၄။ ဒဿနကိစ္စ
၅။ သဝနကိစ္စ
၆။ ဃာယနကိစ္စ

http://www.dhammadownload.com

၇။ သာယနကိစ္စ
၈။ ဖုသနကိစ္စ
၉။ သမ္ပဋိစ္ဆိန်းကိစ္စ
၁၀။ သန္တီရဏကိစ္စ
၁၁။ ဝုဋ္ဌောကိစ္စ
၁၂။ ဇောကိစ္စ
၁၃။ တဒါရုံကိစ္စ
၁၄။ စုတိကိစ္စ

ဌာန ။ ။ လူတို့၏အလုပ်ရုံကို ဌာနဟုခေါ်သကဲ့သို့၊ ထို့အတူ ကိစ္စကို ပြုလုပ်ဖို့ရာ(စုတိစသော) ရှေ့စိတ်နှင့် (ပထမဘဝင်စသော) နောက်စိတ် ၂-ခုတို့၏အကြား စိတ်တစ်ခုဖြစ်လောက်ရာ ကာလကို ဌာနဟုခေါ်၏။

ဌာန ၁၀-ပါး

၁။ ပဋိသန္ဓေဌာန
၂။ ဘဝင်ဌာန
၃။ အာဝဇ္ဇန်းဌာန
၄။ ပဉ္စဝိညာဏ်ဌာန
၅။ သမ္ပဋိစ္ဆိန်းဌာန
၆။ သန္တီရဏဌာန
၇။ ဝုဋ္ဌောဌာန
၈။ ဇောဌာန
၉။ တဒါရုံဌာန
၁၀။ စုတိဌာန

ဌာန ၁၀-ပါးသာ ပြားရခြင်းအကြောင်း

အာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိန်းတို့၏အကြား ကာလသည် စက္ခုဝိညာဏ်၊ သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့၏ ဖြစ်ရာ ဌာနဖြစ်သောကြောင့် ထိုစက္ခုဝိညာဏ် စသော ၅-ကိစ္စ၏ ဖြစ်ရာဌာနကို ပဉ္စဝိညာဏဌာနဟု တစ်ဌာနတည်း ပေါင်းယူရသောကြောင့် ကိစ္စ ၁၄-ပါးပြားသော်လည်း ဌာန ၁၀-ပါးသာ ပြားရ၏။

ပဉ္စဝိညာဏဌာနဒီပနေ

ဤ၌ အာဒိသဒ္ဒါဖြင့် သမ္ပဋိစ္ဆိန်းဌာန၊ သန္တီရဏဌာန၊ ဝုဋ္ဌောဌာန၊ ဇောဌာန၊ တဒါရုံဌာနတို့ကို ယူရ၏။

http://www.dhammadownload.com

ကိစ္စ ၁၄–ပါးအဓိပ္ပာယ်

၁။ ပဋိသန္ဓေကိစ္စ ။ ။ လွန်ခဲ့ပြီးသော အတိတ်ဘဝနှင့် ပစ္စုပ္ပန်ဘဝကို တစ်စပ်တည်းကဲ့သို့ ဆက်စပ်ပေးမှုသည် ပဋိသန္ဓေကိစ္စမည်၏။

၂။ ဘဝင်ကိစ္စ ။ ။ ဘဝတစ်ခု၏ အကြောင်းအဖြစ်ဖြင့် (ဘဝ မပြတ်အောင်) ဆက်စပ်ပေးမှုသည် ဘဝင်ကိစ္စမည်၏။

၃။ အာဝဇ္ဇန်းကိစ္စ ။ ။ ထင်လာသော အာရုံ ၆–ပါးကို ဆင်ခြင်မှုသည် အာဝဇ္ဇန်းကိစ္စမည်၏။

၄။ ဒဿနကိစ္စ ။ ။ ရူပါရုံကို မြင်ခြင်းသည် ဒဿနကိစ္စမည်၏။

၅။ သဝနကိစ္စ ။ ။ သဒ္ဒါရုံကိုကြားခြင်းသည် သဝနကိစ္စမည်၏။

၆။ ဃာယနကိစ္စ ။ ။ ဂန္ဓာရုံကိုနမ်းခြင်းသည် ဃာယနကိစ္စမည်၏။

၇။ သာယနကိစ္စ ။ ။ ရသရုံကို သာယာခြင်း (လျက်ခြင်း) ကိစ္စသည် သာယနကိစ္စမည်၏။

၈။ ဖုသနကိစ္စ ။ ။ ဖောဋ္ဌဗ္ဗာရုံကိုတွေ့ထိခြင်းသည် ဖုသနကိစ္စ မည်၏။

၉။ သမ္ပဋိစ္ဆနကိစ္စ ။ ။ အာရုံ ၅–ပါးကို ခံယူခြင်းသည် သမ္ပဋိစ္ဆိန်း ကိစ္စမည်၏။

၁၀။ သန္တီရဏကိစ္စ ။ ။ အာရုံ ၅–ပါးကို စုံစမ်းခြင်းသည် သန္တီရဏကိစ္စ မည်၏။

၁၁။ ဝုဋ္ဌောကိစ္စ ။ ။ အာရုံ ၅–ပါးကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ် ခြင်းသည် ဝုဋ္ဌောကိစ္စမည်၏။

၁၂။ ဇောကိစ္စ ။ ။ အာရုံအရသာကို ခံစားခြင်းသည် ဇောကိစ္စ မည်၏။

http://www.dhammadownload.com

၁၃။ တဒါရုံကိစ္စ ။ ။ ဇောဇ်၏အာရုံကို ဆက်ယူခြင်း၊ အာရုံပြုခြင်း သည် တဒါရုံကိစ္စမည်၏။

၁၄။ စုတိကိစ္စ ။ ။ ထင်ရှားရှိသော ဖြစ်ဆဲဘဝမှ ရွှေ့လျောခြင်း သည် စုတိကိစ္စမည်၏။

ဌာန ၁၀-ပါး အဓိပ္ပာယ်

၁။ ပဋိသန္ဓေဌာန ။ ။ စုတိနှင့် ဘဝင်အကြား ကာလသည် ပဋိသန္ဓေ ဌာနမည်၏။

၂။ ဘဝင်ဌာန ။ (က) ပဋိသန္ဓေနှင့် အာဝဇ္ဇန်းတို့၏အကြားကာလ၊
(ခ) ဇောနှင့် အာဝဇ္ဇန်းတို့၏အကြားကာလ၊
(ဂ) တဒါရုံနှင့် အာဝဇ္ဇန်းတို့၏အကြားကာလ၊
(ဃ) ဝုဋ္ဌောနှင့် အာဝဇ္ဇန်းတို့၏အကြားကာလ၊
(င) ဇောနှင့် စုတိတို့၏အကြားကာလ၊
(စ) တဒါရုံနှင့် စုတိတို့၏အကြားကာလ၊
သည် ဘဝင်ဌာနမည်၏။

၃။ အာဝဇ္ဇန်းဌာန ။ ။ ဘဝင်နှင့် ပဉ္စဝိညာဏ်တို့၏အကြားကာလ၊ ဘဝင်နှင့် ဇောတို့၏အကြားကာလသည် အာဝဇ္ဇန်းဌာနမည်၏။

၄။ ပဉ္စဝိညာဏ်ဌာန။ ။ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိန်းတို့၏အကြား ကာလသည် ပဉ္စဝိညာဏ်ဌာနမည်၏။

၅။ သမ္ပဋိစ္ဆိန်းဌာန ။ ။ ပဉ္စဝိညာဏ်နှင့် သန္တီရဏတို့၏အကြား ကာလ သည် သမ္ပဋိစ္ဆိန်းဌာနမည်၏။

http://www.dhammadownload.com

၆။ သန္ဓိရဏဌာန ။ ။ သမ္ဗဒ္ဓိစိန်းနှင့် ဝုဋ္ဌောတို့၏အကြားကာလသည် သန္ဓိရဏဌာနမည်၏။

၇။ ဝုဋ္ဌောဌာန ။ ။ သန္ဓိရဏနှင့် ဇောတို့၏ အကြားကာလ၊ သန္ဓိရဏနှင့် ဘဝင်တို့၏အကြားကာလသည် ဝုဋ္ဌောဌာနမည်၏။

၈။ ဇောဌာန ။ (က) ဝုဋ္ဌောနှင့် တဒါရုံ၏အကြားကာလ၊

(ခ) ဝုဋ္ဌောနှင့် ဘဝင်တို့၏အကြားကာလ၊

(ဂ) ဝုဋ္ဌောနှင့် စုတိတို့၏အကြားကာလ၊

(ဃ) မနောဒွါရာဝဇ္ဇန်းနှင့် တဒါရုံတို့၏အကြားကာလ၊

(င) မနောဒွါရာဝဇ္ဇန်းနှင့် ဘဝင်တို့၏အကြားကာလ၊

(စ) မနောဒွါရာဝဇ္ဇန်းနှင့် စုတိတို့၏အကြားကာလသည် ဇောဌာနမည်၏။

၉။ တဒါရုံဌာန ။ ။ ဇောနှင့် ဘဝင်တို့၏အကြားကာလ၊ ဇောနှင့် စုတိတို့၏အကြားကာလသည် တဒါရုံဌာနမည်၏။

၁၀။ ဇောဌာန ။ (က) ဇောနှင့် ပဋိသန္ဓေတို့၏အကြားကာလ၊

(ခ) တဒါရုံနှင့် ပဋိသန္ဓေတို့၏အကြားကာလ၊

(ဂ) ဘဝင်နှင့် ပဋိသန္ဓေတို့၏အကြားကာလသည် စုတိဌာနမည်၏။

http://www.dhammadownload.com

ကိစ္စဖြင့် စိတ်ကိုဝေဖန်ပုံ

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော စိတ် ၁၉–ပါး

၁။	ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်	၂–ပါး
၂။	မဟာဝိပါက်စိတ်	၈–ပါး
၃။	မဟဂ္ဂုတ်ဝိပါက်စိတ်	၉–ပါး
	ပေါင်း	**၁၉–ပါး**

အမှာ ။ ။ ဤစိတ် ၁၉–ပါးကို ပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်ဟုခေါ်၏။

ပဋိသန္ဓေစိတ် ၁၉–ပါးကို ဟိတ်အားဖြင့် ရေတွက်ပုံ

၁။	အဟိတ်ပဋိသန္ဓေစိတ်	၂–ပါး
၂။	သဟိတ်ပဋိသန္ဓေစိတ်	၁၇–ပါး
	ပေါင်း–ပဋိသန္ဓေစိတ်	**၁၉–ပါး**

တစ်နည်း –

၁။	အဟိတ်ပဋိသန္ဓေစိတ်	၂–ပါး
၂။	ဒွိဟိတ် ပဋိသန္ဓေစိတ်	၄–ပါး
၃။	တိဟိတ်ပဋိသန္ဓေစိတ်	၁၃–ပါး
	ပေါင်း–ပဋိသန္ဓေစိတ်	**၁၉–ပါး**

ဘူမိဘေဒနည်းအားဖြင့် ရေတွက်ပုံ

၁။	ကာမပဋိသန္ဓေစိတ်	၁၀–ပါး
၂။	ရူပပဋိသန္ဓေစိတ်	၅–ပါး
၃။	အရူပ ပဋိသန္ဓေစိတ်	၄–ပါး
	ပေါင်း–ပဋိသန္ဓေစိတ်	**၁၉–ပါး**

http://www.dhammadownload.com

ဝေဒနာဘေဒအားဖြင့် ရေတွက်ပုံ

၁။ သောမနဿ သဟဂုတ် ပဋိသန္ဓေစိတ် ၈–ပါး

၂။ ဥပေက္ခာသဟဂုတ် ပဋိသန္ဓေစိတ် ၁၁–ပါး

ပေါင်း–ပဋိသန္ဓေစိတ် **၁၉ပါး**

အာဝဇ္ဇန်းကိစ္စတပ်သော စိတ် ၂–ပါး

၁။ ပဉ္စဒ္ဝါရာဝဇ္ဇန်းစိတ် ၁–ပါး

၂။ မနောဒ္ဝါရာဝဇ္ဇန်းစိတ် ၁–ပါး

ပေါင်း–အာဝဇ္ဇန်းကိစ္စတပ်သောစိတ် **၂–ပါး**

ဒဿနစသော ကိစ္စတပ်သည့်စိတ်များ

၁။ စက္ခုဝိညာဏ်ဒွေသည် ဒဿနကိစ္စတပ်၏။

၂။ သောတဝိညာဏ်ဒွေသည် သဝနကိစ္စတပ်၏။

၃။ ဃာနဝိညာဏ်ဒွေသည် ဃာယနကိစ္စတပ်၏။

၄။ ဇိဝှာဝိညာဏ်ဒွေသည် သာယနကိစ္စတပ်၏။

၅။ ကာယဝိညာဏ်ဒွေသည် ဖုသနကိစ္စတပ်၏။

သမ္ပဋိစ္ဆိန်းကိစ္စတပ်သောစိတ် ၂–ပါး

သမ္ပဋိစ္ဆိန်းဒွေသည် သမ္ပဋိစ္ဆိန်းကိစ္စတပ်၏။

သန္တီရဏကိစ္စတပ်သော စိတ် ၃–ပါး

သန္တီရဏစိတ် ၃–ပါးသည် သန္တီရဏကိစ္စတပ်၏။

ဝုဋ္ဌောကိစ္စတပ်သော စိတ် ၁–ပါး

မနောဒ္ဝါရာဝဇ္ဇန်းသည် ပဉ္စဒ္ဝါရ၌ ဝုဋ္ဌောကိစ္စတပ်၏။

ဇောကိစ္စတပ်သော စိတ် ၅၅–ပါး

၁။ အကုသိုလ်စိတ် ၁၂–ပါး

၂။ ကုသိုလ်စိတ် ၂၁–ပါး

၃။ ဖိုလ်စိတ် ၉–ပါး

http://www.dhammadownload.com

၄။	အာဝဇ္ဇန်းဒွေကြဉ်ကြိယာစိတ်	၁၈–ပါး
	ပေါင်း–ဇောကိစ္စတပ်သောစိတ်	**၅၅–ပါး**

တဒါရုံကိစ္စတပ်သောစိတ် ၁၁–ပါး

၁။	သန္တီရဏစိတ်	၃–ပါး
၂။	မဟာဝိပါက်စိတ်	၈–ပါး
	ပေါင်း–တဒါရုံကိစ္စတပ်သောစိတ်	**၁၁–ပါး**

၅–ကိစ္စတပ်သောစိတ် ၂–ပါး

ဥပက္ခာသဟဂုတ် သန္တီရဏစိတ် ၂–ပါးသည်၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စ၊ သန္တီရဏကိစ္စဟူ၍ ၅–ကိစ္စတပ်၏။

၄–ကိစ္စတပ်သောစိတ် ၈–ပါး

မဟာဝိပါက်စိတ် ၈–ပါးသည်၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စဟူ၍ ၄–ကိစ္စတပ်၏။

၃–ကိစ္စတပ်သောစိတ် ၉–ပါး

မဟဂ္ဂုတ် ဝိပါက်စိတ် ၉–ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စဟူ၍ ၃–ကိစ္စတပ်၏။

၂–ကိစ္စတပ်သောစိတ် ၂–ပါး

၁။ သောမနဿ သန္တီရဏစိတ် တစ်ပါးသည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စဟူ၍ ၂–ကိစ္စတပ်၏။

၂။ ဥဒ္ဒေါစိတ်သည် ဥဒ္ဒေါကိစ္စ၊ အာဝဇ္ဇန်းကိစ္စဟူ၍ ၂–ကိစ္စတပ်၏။

၁–ကိစ္စတပ်သောစိတ် ၆၈–ပါး

၁။	ဇော	၅၅–ပါး
၂။	မနောဓာတ်	၃–ပါး
၃။	ဒွေပဉ္စဝိညာဏ်	၁၀–ပါး
	ပေါင်း–၁–ကိစ္စတပ်သောစိတ်	**၆၈–ပါး**

http://www.dhammadownload.com

ယထာသမ္ဘဝဖြစ်ပုံ

၁။ ဇော ၅၅–ပါးသည် ဇောကိစ္စ
၂။ မနောဓာတ် ၃–ပါးတွင်ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ
၃။ သမ္ပဋိစ္ဆိန်းဒွေသည် သမ္ပဋိစ္ဆိန်း
၄။ စက္ခုဝိညာဏ်ဒွေသည် ဒဿနကိစ္စ
၅။ သောတဝိညာဏ်ဒွေသည် သဝနကိစ္စ
၆။ ဃာနဝိညာဏ်ဒွေသည် ဃာယနကိစ္စ
၇။ ဇိဝှာဝိညာဏ်ဒွေသည် သာယနကိစ္စ
၈။ ကာယဝိညာဏ်ဒွေသည် ဖုသနကိစ္စ

ဤသို့ အသီးအသီး တစ်ကိစ္စသာတပ်ကြ၏။ ဤကား ယထာသမ္ဘဝ မေကကိစ္စာနိဋ္ဌ ယထာသမ္ဘဝဖြစ်ပုံတည်း။

အမှာ ။ ။ တစ်ကိစ္စတပ်သောစိတ်များကို ဆိုင်ရာကိစ္စများနှင့် တွဲစပ်ပြပါဟုမေးလျှင်လည်း ဤအတိုင်းပင်ဖြေပါလေ။

သင်္ဂဟဂါထာ။ ။ ပဋိသန္ဓာဒယောနာမ – စသော ပထမဂါထာသည် ကိစ္စသင်္ဂဟ ကိစ္စာနိနာမမှစ၍ **အဋ္ဌမဟာ ဝိပါကာ နိစေဝ သန္တီရဏာတ္တယဥ္စေတိ ကောဒသ တဒါရမ္မဏ ကိစ္စာနိ** တိုင်အောင် သော စကားရပ်များကို အကျဉ်းချုပ်ပြသော သင်္ဂဟဂါထာဖြစ်၏။

အဋ္ဌသဋ္ဌိ ယထာ ဒွေ စ – စသော ဒုတိယဂါထာသည်။ **တေသုပန ဒွေ ဥပေက္ခာသဟဂတသန္တီရဏစိတ္တာနိ** စသော စကားရပ်မှစ၍ သေသာနိပန (ပ) ယထာသမ္ဘဝမေကကိစ္စာနိ – တိုင်အောင်သော စကား ရပ်တို့ကို အကျဉ်းချုပ်ပြသော သင်္ဂဟဂါထာဖြစ်၏။

ယထာက္ကမတွဲစပ်ပုံ

ကိစ္စနှင့်ဌာန	ဇော	ဒ္ဝေ	တိ	စတု	ပဉ္စ
စိတ်	အဋ္ဌသဋ္ဌိ	ဒွေ	နဝ	အဋ္ဌ	ဒွေ

http://www.dhammadownload.com

ကိစ္စကို ဘုံအားဖြင့် ဝေဖန်ပုံ

၁။ ကာမဘုံ၌ ကိစ္စ ၁၄–ပါး၊ ဌာန ၁၀–ပါးလုံးရ၏။

၂။ ရူပဘုံ၌ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စ၊ တဒါရုံကိစ္စတို့ကို မရနိုင်သောကြောင့် ယင်းတို့မှကြွင်းသောကိစ္စ ၁၀–ပါးကိုသာရ၏။ တဒါရမ္မဏ ဌာနကိုမရနိုင်သောကြောင့် ထိုတဒါရမ္မဏဌာနမှကြွင်းသော ဌာန ၉–ပါးကိုသာရ၏။

၃။ အရူပဘုံ၌ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ၊ ဇောကိစ္စ၊ စုတိကိစ္စဟူ၍ ကိစ္စ ၅–ပါးကိုသာရ၏။ ဌာနလည်း ထို ၅–ပါးကိုသာရ၏။

[လေ့ကျင့်ခန်း]

၁။ ပဋိသန္ဓေကိစ္စတပ်သော စိတ်တို့ကို ဟိတ်အားဖြင့် ဝေဖန်ပြ၍၊ ပြုဖွယ်ကိစ္စ ၂–ခုရှိသော စိတ်တို့ကို ဆိုင်ရာကိစ္စနှင့် တွဲစပ်ခဲ့ပါ။

၂။ ကိစ္စ ၁၄–ပါးရှိလျက် ဌာန ၁၀–ပါးသာ ရှိရပုံကို ရှင်းလင်းဖြေဆို၍ ပဉ္စဝိညာဏ ဌာနာဒိဝသေန၌ အာဒိသဒ္ဒါဖြင့် ယူရမည့်ဌာနတို့ကို ဖော်ပြခဲ့ပါ။

၃။ တစ်ကိစ္စတပ်သောစိတ်တို့ကို ဆိုင်ရာစိတ်တို့နှင့်တွဲစပ်ဖော်ပြ၍ ဝိစိကိစ္ဆာသဟဂုတ်စိတ်၏ ပြုဖွယ်ကိစ္စကို ဖော်ပြခဲ့ပါ။

ဒွါရသင်္ဂဟ

ဒွါရ ၆–ပါး ။ ။ စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ၊ မနောဒွါရ ဟူ၍ ဒွါရ ၆–ပါးပြား၏။

ဒွါရအဓိပ္ပာယ်။ ။ ဒွါရသဒ္ဒါသည် တံခါးပေါက်ဟူသော အနက်ကို ဟော၏။ တံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့၊ ထို့အတူ စက္ခုပသာဒ စသည်တို့သည်လည်း သက်ဆိုင်ရာ ဝီထိစိတ်တို့၏ ဝင်ရောက် (ဖြစ်ပေါ်) ကြောင်းဖြစ်၏။ ဤသို့ တံခါးပေါက်နှင့်တူသောကြောင့် စက္ခုပသာဒ စသည်တို့ကိုလည်း ဒွါရဟု ခေါ်၏။

http://www.dhammadownload.com

ဝိဂြိုဟ်နှင့် တရားကိုယ်ပြ

တတ္ထ စက္ခုမေဝ စက္ခု ဒွါရံ – စသော စကားရပ်သည် ဒွါရ ၆–ပါး တို့၏ ဝိဂြိုဟ်နှင့် တရားကိုယ်ကိုပြ၏။ ထို့ကြောင့် စက္ခဒွါရ စသည်တို့ကို အောက်ပါအတိုင်း ဝိဂြိုဟ်ပြုရမည်။

စက္ခုမေဝ ဒွါရံ စက္ခုဒွါရံ
သောတမေဝ ဒွါရံ သောတဒွါရံ
ဃာနမေဝ ဒွါရံ ဃာနဒွါရံ
ဇိဝှာယေဝ ဒွါရံ ဇိဝှာဒွါရံ
ကာယောဧဝ ဒွါရံ ကာယဒွါရံ
မနောယေဝ ဒွါရံ မနောဒွါရံ

ဒွါရ ၆–ပါးကို တရားကိုယ်ကောက်ပုံ

စက္ခုပသာဒသည်	စက္ခုဒွါရမည်၏။
သောတပသာဒသည်	သောတာဒွါရမည်၏။
ဃာနပသာဒသည်	ဃာနဒွါရမည်၏။
ဇိဝှာပသာဒသည်	ဇိဝှာဒွါရမည်၏။
ကာယပသာဒသည်	ကာယဒွါရမည်၏။
ဘဝင်ဟုံစွဲဒ ၁၉–ပါးသည်	မနောဒွါရမည်၏။

မှတ်ချက် ။ ။ ဘဝင်စိတ် ၁၉–ပါးကို ဘဝင်ဟုံပစ္ဆေဒ ၁၉–ပါးဟုခေါ်၏။

စက္ခုဒွါရဠဖြစ်သောစိတ် ၄၆–ပါး

၁။	ပဥ္စဒွါရာဝဇ္ဇန်းစိတ်	၁–ပါး
၂။	စက္ခုဝိညာဏ်စိတ်	၂–ပါး
၃။	သမ္ပဋိစ္ဆိန်းစိတ်	၂–ပါး
၄။	သန္တီရဏစိတ်	၃–ပါး
၅။	ဝုဋ္ဌောစိတ်	၁–ပါး
၆။	ကာမာဝစရဇော	၂၉–ပါး

http://www.dhammadownload.com

၇။ တဒါရုံ မဟာဝိပါက်စိတ် ၈–ပါး
ပေါင်း–စက္ခုဒ္ဒါရဌ်ဖြစ်သောစိတ် ၄၆–ပါး

ယထာရဟံ ။ ။ စက္ခုဒ္ဒါရဝယ် ဝီထိစိတ်များဖြစ်ရာ၌ ၄၆–ပါးလုံး တစ်ပြိုင်နက်ဖြစ်ကြသည်မဟုတ်။ အာရုံ၊ ဘုံ၊ ပုဂ္ဂိုလ်၊ မနသိကာရ အလိုက်ထိုက်သည့်အားလျော်စွာသာ ဖြစ်ကြ၏။

စက္ခုဒ္ဒါရဌ် အာရုံအားလျော်စွာဖြစ်ပေါ်ပုံ

သဗ္ဗထာပိ ပနေတ္ထ အနိဋ္ဌေ အာရမ္မဏေ အကုသလ ဝိပါကာနေဝ ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ ဟူသော ပါဠိကို ထောက်၍ အာရုံသည် အနိဋ္ဌာရုံဖြစ်လျှင် အကုသလဝိပါက် စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ တဒါရုံများဖြစ်ကြ၏။

ကာမေ ကုသလ ဝိပါကာနိဟူသော ပါဠိကိုထောက်၍ အာရုံသည် ကာမာရုံဖြစ်လျှင် ကုသလဝိပါက်စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိန်း၊ သန္တီရဏ၊ တဒါရုံများဖြစ်ကြ၏။

အတိကာမေ ပန သောမနဿ သဟဂတာနေဝ သန္တီရဏ တဒါရမ္မဏာနိ ဟူသောပါဠိကိုထောက်၍ အာရုံသည် အတိကာမာရုံဖြစ်လျှင် သောမနဿ သန္တီရဏ၊ တဒါရုံစိတ်များ ဖြစ်ကြ၏။

ကာမမဇ္ဈ တ္တာရုံဖြစ်လျှင် ဥပေက္ခာသန္တီရဏ၊ တဒါရုံစိတ်များဖြစ်ကြ၏။

ဘုံအားလျော်စွာဖြစ်ပုံ

ဘုံအားဖြင့် ကာမဘုံ၌ စက္ခုဒ္ဒါရဌ်ဖြစ်သော စိတ် ၄၆–ပါးလုံးဖြစ်၏။ ရူပဘုံ၌ တဒါရုံ ဝိပါက်စိတ်များ မဖြစ်ခြင်းကြောင့် တဒါရုံမှကြွင်းသော ဝီထိစိတ်များဖြစ်ကြ၏။ စက္ခုဒ္ဒါရိကစိတ်များ အရူပဘုံ၌ လုံးဝမဖြစ်ကြ။

ပုဂ္ဂိုလ်အားလျော်စွာဖြစ်ပုံ

၁။ ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ ကုသိုလ်ဇော၊ အကုသိုလ်ဇောများသာဖြစ်ကြ၏။ ရဟန္တာ သန္တာန်၌ ကြိယာဇောသာဖြစ်၏။

http://www.dhammadownload.com

မနသိကာရအားလျော်စွာ ဖြစ်ပုံ

ပုထုဇဉ်၊ သေက္ခပုဂ္ဂိုလ်တို့သန္တာန်၌ ယောနိသော မနသိကာရရှိလျှင် ကုသိုလ်ဖောဖြစ်၏။ အယောနိသောမနသိကာရရှိလျှင် အကုသိုလ်ဖော ဖြစ်၏။

တထာ (ပ) ဘဝန္တိ ။ ။ တထာ ပဋ္ဌဒ္ဓါရာ ဝဇ္ဇန စသော စကားရပ်ဖြင့် သောတဒ္ဓါရ စသည်တို့၌ဖြစ်သော စိတ်တို့ကို ညွှန်ပြ၏။ **သောတဝိညာဏာဒိဝသေန** ၌ အာဒိသဒ္ဒါဖြင့် ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ် တို့ကိုယူရ၏။

သောတဒ္ဓါရာဒိသုပိ။ ဤ၌ အာဒိသဒ္ဒါဖြင့်၊ ဃာနဒ္ဓါရ၊ ဇိဝှာဒ္ဓါရ၊ ကာယဒ္ဓါရတို့ကို ယူရမည်။

သောတဒ္ဓါရ၌ဖြစ်သော စိတ် ၄၆-ပါး

၁။	ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်	၁-ပါး
၂။	သောတဝိညာဏ်စိတ်	၂-ပါး
၃။	သမ္ပဋိစ္ဆိန်းစိတ်	၂-ပါး
၄။	သန္တီရဏစိတ်	၃-ပါး
၅။	ဝုဋ္ဌောစိတ်	၁-ပါး
၆။	ကာမဇော	၂၉-ပါး
၇။	တဒါရုံမဟာဝိပါက်စိတ်	၈-ပါး
	ပေါင်း	၄၆-ပါး

ဃာနဒ္ဓါရ၌ဖြစ်သော စိတ် ၄၆-ပါး

၁။	ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်	၁-ပါး
၂။	ဃာနဝိညာဏ်စိတ်	၂-ပါး
၃။	သမ္ပဋိစ္ဆိန်းစိတ်	၂-ပါး
၄။	သန္တီရဏစိတ်	၃-ပါး
၅။	ဝုဋ္ဌောစိတ်	၁-ပါး

http://www.dhammadownload.com

၆။	ကာမဇော	၂၉–ပါး
၇။	တဒါရုံမဟာဝိပါက်စိတ်	၈–ပါး
	ပေါင်း	**၄၆–ပါး**

ဇိဝှါဒွါရဋ္ဌဖြစ်သောစိတ် ၄၆–ပါး

၁။	ပဉ္စဒွါရာဝဇ္ဇန်းစိတ်	၁–ပါး
၂။	ဇိဝှာဝိညာဏ်စိတ်	၂–ပါး
၃။	သမ္ပဋိစ္ဆိန်းစိတ်	၂–ပါး
၄။	သန္တီရဏစိတ်	၃–ပါး
၅။	ဝုဋ္ဌောစိတ်	၁–ပါး
၆။	ကာမဇော	၂၉–ပါး
၇။	တဒါရုံမဟာဝိပါက်စိတ်	၈–ပါး
	ပေါင်း	**၄၆–ပါး**

ကာယဒွါရဋ္ဌဖြစ်သောစိတ် ၄၆–ပါး

၁။	ပဉ္စဒွါရာဝဇ္ဇန်းစိတ်	၁–ပါး
၂။	ကာယဝိညာဏ်စိတ်	၂–ပါး
၃။	သမ္ပဋိစ္ဆိန်းစိတ်	၂–ပါး
၄။	သန္တီရဏစိတ်	၃–ပါး
၅။	ဝုဋ္ဌောစိတ်	၁–ပါး
၆။	ကာမဇော	၂၉–ပါး
၇။	တဒါရုံမဟာဝိပါက်စိတ်	၈–ပါး
	ပေါင်း	**၄၆–ပါး**

ပဉ္စဒွါရဋ္ဌဖြစ်သောစိတ် ၅၄–ပါး

စက္ခဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှါဒွါရ၊ ကာယဒွါရဟူသော ဒွါရကို ပဉ္စဒွါရဟုခေါ်၏။

http://www.dhammadownload.com

ထိုပဋ္ဌာန်းရ (ငါးဒွါရ) ၌ဖြစ်သော စိတ်တို့ကို သဘောတူရာ ပေါင်းစု၊ ရေတွက်လျှင် ကာမစိတ် ၅၄–ပါးပင်ဖြစ်၏။ **ကျွတိသမ္ဗဒ္ဓာဝိ ပဋ္ဌာန်းရေ စတုပညာသစိတ္တာနိ ကာမာဝစရာနေဝ** ကို ကောက်ပါ။

မနောဒွါရ၌ဖြစ်သောစိတ် ၆၇–ပါး

၁။	မနောဒွါရာဝဇ္ဇန်းစိတ်	၁–ပါး
၂။	ဇောစိတ်	၅၅–ပါး
၃။	တဒါရုံစိတ်	၁၁–ပါး
	ပေါင်း	**၆၇–ပါး**

တဒါရမ္မဏအထူး

စက္ခဒွါရ၌ဖြစ်သော စိတ်တို့ကိုပြသော **တတ္ထ ပဋ္ဌာန်းရာဝဇ္ဇန (ပ) တဒါရမ္မဏာဝသေန** ဟူသော စကားရပ်၌ သန္တီရဏ ၃–ပါးကို အသီးအခြား ယူပြီးသောကြောင့် တဒါရဏအရ တဒါရုံမဟာဝိပါက်စိတ် ၈–ပါးကိုသာ ယူရ၏။

မနောဒွါရ၌ဖြစ်သောစိတ်တို့ကိုပြသော၊ မနောဒွါရေ ပန (ပ) တဒါရမ္မဏာဝသေန ဟူသော စကားရပ်၌ တဒါရမ္မဏအရ တဒါရုံစိတ် ၁၁–ပါးလုံးကို ယူရ၏။ ဤသို့ တဒါရမ္မဏသဒ္ဒါနှစ်ခု ထူးခြား၏။

ဒွါရဝိမုတ်စိတ် ၁၉–ပါး

၁။	ဥပေက္ခာသန္တီရဏစိတ်	၂–ပါး
၂။	မဟာဝိပါက်စိတ်	၈–ပါး
၃။	မဟဂ္ဂုတ်ဝိပါက်စိတ်	၉–ပါး
	ပေါင်း	**၁၉–ပါး**

ဤစိတ် ၁၉–ပါးသည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်ခိုက် မည်သည့်ဒွါရ၌မျှ မဖြစ်ခြင်းကြောင့် ဒွါရဝိမုတ်စိတ်မည်၏။

http://www.dhammadownload.com

တစ်ဒွါရ၌ဖြစ်သောစိတ်

၁။	ဒွေပဉ္စဝိညာဏ်	၁၀–ပါး
၂။	မဟဂ္ဂုတ် လောကုတ္တရာ (အပွနာ) ဧော	၂၆–ပါး
	ပေါင်း	၃၆–ပါး

ယထာရဟဖြစ်ပုံ

ဒွေ ပဉ္စဝိညာဏ် ၁၀–တွင် –

၁။	စက္ခုဝိညာဏ်ဒွေသည်	စက္ခုဒွါရ၌ဖြစ်၏။။
၂။	သောတဝိညာဏ်ဒွေသည်	သောတဒွါရ၌ဖြစ်၏။။
၃။	ဃာနဝိညာဏ် ဒွေသည်	ဃာနဒွါရ၌ဖြစ်၏။။
၄။	ဇိဝှာဝိညာဏ်ဒွေသည်	ဇိဝှာဒွါရ၌ဖြစ်၏။။
၅။	ကာယဝိညာဏ်ဒွေသည်	ကာယဒွါရ၌ဖြစ်၏။။
၆။	မဟဂ္ဂုတ် လောကုတ္တရာဧော ၂၆–ပါးသည်	မနောဒွါရ၌ဖြစ်၏။။

ငါးဒွါရ၌ဖြစ်သော စိတ် ၃–ပါး

မနောဓာတ် ၃–ပါးသည် ငါးဒွါရ၌ဖြစ်၏။။

အမြဲ ၆–ဒွါရ၌ဖြစ်သော စိတ် ၃၁–ပါး

၁။	သောမနဿသဟဂုတ် သန္တီရဏစိတ်	၁–ပါး
၂။	ဝုဋ္ဌောစိတ်	၁–ပါး
၃။	ကာမဧော	၂၉–ပါး
	ပေါင်း	၃၁–ပါး

ရံခါ ၆–ဒွါရ၌ဖြစ်၍၊ ရံခါ ၆–ဒွါရမှလွတ်သော စိတ်

၁။	ဥပက္ခာသဟဂုတ်သန္တီရဏစိတ်	၂–ပါး
၂။	မဟာဝိပါက်စိတ်	၈–ပါး
	ပေါင်း	၁၀–ပါး

http://www.dhammadownload.com

မှတ်ချက် ။ ။ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် ၂-ပါးသည် သန္တီရဏကိစ္စ၊ တဒါရုံကိစ္စတပ်ခိုက် ၆-ဒွါရ၌ဖြစ်၏။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်ခိုက် ၆-ဒွါရ မှလွတ်၏။

မဟာဝိပါက်စိတ် ၈-ပါးသည် တဒါရုံကိစ္စတပ်ခိုက် ၆-ဒွါရ၌ဖြစ်၏။ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်ခိုက် ၆-ဒွါရမှလွတ်၏။

အခါခပ်သိမ်း ၆-ဒွါရမှလွတ်သောစိတ် ၉-ပါး မဟဂ္ဂုတ်ဝိပါက် ၉-ပါးသည် ၆-ဒွါရမှ အမြဲလွတ်၏ ဒွါရဖြင့် စေတသိက်ကို ဝေဖန်ပုံ

ဝိရတိစေတသိက် ၃-ပါးသည် မနောဒွါရ၌သာဖြစ်၏။ ပဉ္စဒွါရ၌ မဖြစ်။ အကုသိုလ်စေတသိက် ၁၄-ပါးသည် ၆-ဒွါရ၌ဖြစ်၏။

အပ္ပမညာ စေတသိက် ၂-ပါးသည် မဟာကုသိုလ်၊ မဟာကြိယာ၊ ရူပကုသိုလ်၊ ရူပကြိယာစိတ်တို့၌ယှဉ်ခိုက် မနောဒွါရ၌ဖြစ်၏။ ရူပဝိပါက်၌ ယှဉ်ခိုက် ၆-ဒွါရမှလွတ်၏။

အညသမာန်း ၁၃-ပါး၊ ဝိရတိအပ္ပမညာကြဉ် သောဘနစေတသိက် ၂၀-ပါး၊ ပေါင်း ၃၃-ပါးသော စေတသိက်တို့သည် ရံခါ ၆-ဒွါရ၌ဖြစ်၍ ရံခါ ၆-ဒွါရမှလွတ်၏။

ယထာက္ကမတွဲစပ်ပုံ

ကေဒွါရိက	ပဉ္စဒွါရိက	ဆဒွါရိက	ဆဒွါရိကဝိမုတ္တ	သဗ္ဗထာဝိမုတ္တ
ဆတ္တိံသတိ	တီဏိ	ကေတ္တိံသ	ဒသဓာ	နဝဓာ

ဒွါရကို ဘုံအားဖြင့်ဝေဖန်ပုံ

၁။ ကာမဘုံ၌ ဒွါရ ၆-ပါးလုံးဖြစ်၏။

၂ ရူပဘုံ၌ စက္ခုဒွါရ၊ သောတဒွါရ၊ မနောဒွါရ ၃-ပါးသာဖြစ်၏။

၃။ အရူပဘုံ၌ မနောဒွါရတစ်ပါးသာဖြစ်၏။

http://www.dhammadownload.com

[လေ့ကျင့်ခန်း]

၁။ ဒွါရ ၆-ပါးကို တရားကိုယ်အရ ကောက်ပြ၍၊ ပဋ္ဌဒွါရဥ်ဖြစ်သော စိတ်သည် ကာမ၊ မဟဂ္ဂုတ်၊ လောကုတ္တရာဟူသော စိတ် ၃-မျိုးတွင် မည်သည့်စိတ်ဖြစ်ပါသနည်း။ သင်္ဂဟပါဠိထောက်ဖြေပါ။

၂။ စိတ် ၈၉-ပါးတွင် မနောဒွါရဥ်သာဖြစ်သောစိတ်ကို ဖော်ပြ၍၊ တစ်ဒွါရဥ်ဖြစ်သောစိတ်ကို ဆိုင်ရာဒွါရနှင့် တွဲစပ်ပြပါ။

၃။ ဥပက္ခာသန္တီရဏစိတ် ၂-ပါးသည် အဘယ်အခါ၌ ၆-ဒွါရဥ်ဖြစ်၍၊ အဘယ်အခါ၌ ၆-ဒွါရမှလွတ်ပါသနည်း။ ဖြေဆို၍ ၆-ဒွါရဥ် အမြဲဖြစ်သော စိတ်ကိုရေးခဲ့ပါ။

အာရမ္မဏသင်္ဂဟ

အာရုံ ၆-ပါး

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူ၍ အာရုံ ၆-ပါးပြား၏။

အဆင်း စသည်ကို အာရုံခေါ်ရပုံ

အားမရှိသောယောကျ်ားသည် တုတ်ချောင်း၊ ကြိုးတန်း စသည်ကို ဆွဲကိုင်၍ သွားလာရသကဲ့သို့ စိတ်၊ စေတသိက်များသည် အာရုံတစ်ခုခုကို စွဲမှီ၍ ဖြစ်ရသောကြောင့်လည်းကောင်း၊ ဥယျာဉ်ပန်းခြံစသည်များသည် လူသားများ မွေ့လျော်ပျော်ပါးရာဖြစ်သကဲ့သို့ ရူပါရုံစသော အာရုံများသည် လည်း စိတ်၊ စေတသိက်တို့ မွေ့လျော်ပျော်ပါးရာဖြစ်သောကြောင့် လည်းကောင်း အဆင်းစသည်ကို အာရုံဟုခေါ်၏။

ဝိဂ္ဂဟနှင့် တရားကိုယ်ပြပါဠိ

တတ္ထ ရူပမေဝ ရူပါရမ္မဏံ (ပ) သင်္ဂယှတိ – ဟူသော စကားရပ်၌ အာရုံ ၆-ပါး၏ ဝိဂ္ဂဟနှင့် တရားကိုယ် အရကောက်ပြသော စကား ဖြစ်၏။ ထို့ကြောင့် ရူပရမ္မဏံ စသည်ကို အောက်ပါအတိုင်း ဝိဂ္ဂဟပြုရမည်။

http://www.dhammadownload.com

ရူပမေဝ အာရမ္မဏံ ရူပါရမ္မဏံ။
သဒ္ဒါယေဝ အာရမ္မဏံ သဒ္ဒါရမ္မဏံ။
ဂန္ဓောယေဝ အာရမ္မဏံ ဂန္ဓာရမ္မဏံ။
ရသောယေဝ အာရမ္မဏံ ရသာရမ္မဏံ။
ဖောဋ္ဌဗ္ဗမေဝ အာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ။
ဓမ္မောယေဝ အာရမ္မဏံ ဓမ္မာရမ္မဏံ။

အာရုံ ၆-ပါး တရားကိုယ်ကောက်ပုံ

၁။ အဆင်းဟူသမျှ (ဝဏ္ဏယတန) သည် ရူပါရုံမည်၏။
၂။ အသံဟူသမျှ (သဒ္ဒါယတန) သည် သဒ္ဒါရုံမည်၏။
၃။ အနံ့ဟူသမျှ (ဂန္ဓာယတန) သည် ဂန္ဓာရုံမည်၏။
၄။ အရသာဟူသမျှ (ရသာယတန) သည် ရသာရုံမည်၏။
၅။ အတွေ့အထိဟူသမျှ (ဖောဋ္ဌဗ္ဗာယတန) သည် ဖောဋ္ဌဗ္ဗာရုံမည်၏။
၆။ ပသာဒရုပ်-၅၊ သုခုမရုပ်-၁၆၊ စိတ်-၈၉၊
စေတသိက်-၅၂၊ နိဗ္ဗာန်ပညတ်သည် ဓမ္မာရုံမည်၏။

ဤအာရုံ ၆-ပါးတွင် ရူပါရုံစသော အာရုံ ၅-ပါးသည် ရုပ်နာမ် အာရုံခွဲလျှင် ရုပ်အာရုံတည်း။ ကာမ၊ မဟဂ္ဂုတ် စသည်ဖြင့်ခွဲလျှင် ကာမ အာရုံတည်း။ ပစ္စုပ္ပန်စသော ကာလအားဖြင့်ခွဲလျှင် ပစ္စုပ္ပန်အာရုံတည်း။ အဇ္ဈတ္တစသော သန္တာန်အားဖြင့်ခွဲလျှင် အဇ္ဈတ္တအာရုံ၊ ဗဟိဒ္ဓအာရုံတည်း။ ပညတ်၊ ပရမတ်ခွဲလျှင် ပရမတ်အာရုံတည်း။

ဓမ္မာရုံ၌ကား ကာမ၊ မဟဂ္ဂုတ်၊ အပ္ပမာဏ၊ ပညတ် ၄-မျိုးလုံး ပါဝင်၏။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ် ၄-မျိုးလုံးပါဝင်၏။ အဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်မျိုးလုံးပါဝင်၏။ ရုပ်, နာမ် ပရမတ်များပါဝင်ကြ၏။

အာရုံ ၆-ပါး တရားကိုယ်များကို စုပေါင်းရေတွက်ရလျှင် စိတ် ၈၉၊ စေတသိက်-၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်ဟူသော ပရမတ္ထတရား ၄-ပါးနှင့် ပညတ်တရားတို့ဖြစ်ကြ၏။

http://www.dhammadownload.com

ထိုထိုဒွါရိကစိတ်တို့၏ အာရုံကိုပြ ပါဠိ

တတ္ထ စက္ခုဒ္ဒါရိကစိတ္တာနံ (ပ) ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိဟူသော စကားရပ်ဖြင့် စက္ခုဒ္ဒါရိကစိတ် စသော ထိုထိုစိတ်တို့၏ အာရုံကိုပြ၏။

ထိုတွင် –

တတ္ထ စက္ခုဒ္ဒါရိက စိတ္တာနံမှစ၍ တာနိ စ ပစ္စုပ္ပန္နာနိယေဝ တိုင်အောင်သော စကားရပ်ဖြင့် ပဉ္စဒ္ဒါရိကစိတ်တို့၏ အာရုံကိုပြ၏။

အနောဒ္ဒါရိကစိတ္တာနံ ပန (ပ) ကာလဝိမုတ္တဉ္စ ယထာရဟ မာရမ္မဏံဟောတိ ဟူသော စကားရပ်ဖြင့် မနောဒ္ဒါရိကစိတ်တို့၏ အာရုံကို ပြ၏။

ဒွါရဝိမုတ္တာနဉ္စ (ပ) ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ ဟူသော စကားရပ်ဖြင့် ဒွါရဝိမုတ်စိတ်တို့၏ အာရုံကိုပြ၏။

ပဉ္စဒွါရိကစိတ်တို့ကို ဆိုင်ရာအာရုံနှင့် တွဲစပ်ပုံ

၁။ စက္ခုဒ္ဒါရိကစိတ် ၄၆–ပါးသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။
၂။ သောတဒွါရိကစိတ် ၄၆–ပါးသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။
၃။ ဃာနဒွါရိကစိတ် ၄၆–ပါးသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၏။
၄။ ဇိဝှာဒွါရိကစိတ် ၄၆–ပါးသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။
၅။ ကာယဒွါရိကစိတ် ၄၆–ပါးသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

မနောဒွါရိကစိတ်၏အာရုံ

မနောဒွါရိကစိတ် ၆၇–ပါးသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ်ဖြစ်သော အာရုံ ၆–ပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏။

မှတ်ချက် ။ ။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ အာရုံဟူသည် စိတ် ၈၉–ပါး၊ စေတသိက် ၅၂–ပါး၊ ရုပ် ၂၈–ပါးပင်ဖြစ်၏။ ကာလဝိမုတ်ဟူသည် နိဗ္ဗာန်ပညတ်ပင်ဖြစ်၏။

http://www.dhammadownload.com

ယထာရဟံ ။ ။ ကာမဇော၊ အဘိညာဉ်ဇောနှင့် အဘိညာဉ်ဇောမှ ကြွင်းသော မဟဂ္ဂုတ် လောကုတ္တရာဇောတို့အား လျော်စွာအာရုံပြု၏။ ဤသို့လျော်စွာ အာရုံပြုသည်ကို ယထာရဟဟု ဆိုသည်။ အကျယ်ကို အောက်ပါအတိုင်း ဆက်လက်လေ့လာပါ။

မနောဒွါရိက ဇောစိတ်ကို –

၁။ ကာမဇော

၂။ မဘိညာဉ်ဇော

၃။ အဘိညာဉ်ဇောမှကြွင်းသော မဟဂ္ဂုတ်လောကုတ္တရာဇောဟု ၃-မျိုး ခွဲပါ။

ကာမဇောအာရုံ

ဟသိတုပ္ပါဒ် ကြဉ် ကာမဇော ၂၈-ပါးသည် ကာလသုံးပါး၌ဖြစ်သော အာရုံ ၆-ပါး၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်ကို အာရုံပြု၏။

ဟသိတုပ္ပါဒ်သည် ကာလသုံးပါး၌ဖြစ်သော အာရုံ ၆-ပါးကိုသာ အာရုံပြု၏။ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်ကို အာရုံမပြု။

အဘိညာဉ်ဇောအာရုံ

ဤနေရာ၌ အဘိညာဉ်ဇောဟူသည် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ၊ ဣဒ္ဓိဝိဓ၊ စေတောပရိယ၊ ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်များပင်ဖြစ်၏။

ထိုတွင် –

၁။ ဒိဗ္ဗစက္ခုအဘိညာဉ်သည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

၂ ဒိဗ္ဗသောတအဘိညာဉ်သည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

၃။ ဣဒ္ဓိဝိဓအဘိညာဉ်သည် အာရုံ ၆-ပါး၊ ကာလ ၃-ပါးကို အာရုံပြု၏။

၄။ စေတောပရိယအဘိညာဉ်သည် အတိတ်၊ အနာဂတ်ကာလနှစ်ပါး၌ ဖြစ်သော ဓမ္မာရုံကိုအာရုံပြု၏။

http://www.dhammadownload.com

တစ်နည်း။ ။ သန္တတိ၊ အဒ္ဓါပစ္စုပ္ပန်၏အစွမ်းဖြင့် ကာလ ၃-ပါးဌိ ဖြစ်သော ဓမ္မာရုံကို အာရုံပြု၏။

၅။ ပုဗ္ဗေနိဝါသာနုဿတိသည် အတိတ်ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါးကို အာရုံပြု၏။

ဤသို့ အဘိညာဉ်ဇောများသည် ကာလ ၃-ပါး၊ ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါးတို့ကို ထိုက်သလို အာရုံပြု၏။

ကြွင်းသောမဟဂ္ဂုတ် လောကုတ္တရာဇောတို့၏ အာရုံ

၁။ ရူပါဝစရနှင့် ပထမာရုပ္ပ၊ တတိယာရုပ္ပဇောများသည် ကာလဝိမုတ် ဖြစ်သော ပညတ်၊ ဓမ္မာရုံကို အာရုံပြု၏။

၂။ ဒုတိယာရုပ္ပ၊ စတုတ္ထာရုပ္ပဇောများသည် အတိတ်ကာလ၌ဖြစ်သော မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြု၏။

၃။ လောကုတ္တရာဇောသည် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ဓမ္မာရုံကို အာရုံပြု၏။

ဤသို့ မဟဂ္ဂုတ် လောကုတ္တရာဇောများသည် အတိတ်ကာလနှင့် ကာလဝိမုတ်အာရုံကို ထိုက်သလို အာရုံပြု၏။

ဒွါရဝိမုတ်စိတ်အာရုံ

ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတပ်သော ဒွါရဝိမုတ်စိတ်များသည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီးသော ဘဝဟောင်းက ဆဒ္ဒါရိက မရဏာ သန္ဓဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်၊ အတိတ်ပညတ်ဖြစ်သော ကံ၊ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို ဖြစ်သင့်သည့်အားလျော်စွာ အာရုံပြု၏။

ယထာသမ္ဘဝံ ။ ။ ပဋိသန္ဓေ၊ ဘဝင်၊ စုတိဟု ဆိုအပ်သော ဒွါရဝိမုတ် စိတ်များသည် ပစ္စုပ္ပန်၊ အတိတ်ပညတ်ဖြစ်၍ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို ထိုက်သလို အာရုံပြု၏။

http://www.dhammadownload.com

အာရုံပြုပုံမှာ အောက်ပါအတိုင်းဖြစ်၏ –

၁။ (က) ကာမာဝစရ ပဋိသန္ဓေ၊ ဘဝင်စိတ်များ၏ အာရုံသည် ပညတ်ရုံဖြစ်အံ့၊ ၆–ဒွါရ၊ ပစ္စုပ္ပန်၊ အတိတ်ကာလ၊ ကမ္မနိမိတ်၊ ကာမဝစရစုတိစိတ်သည် ၆–ဒွါရ၊ အတိတ်ကာလ၊ ကမ္မနိမိတ်၊

(ခ) ကာမဝစရ ပဋိသန္ဓေ၊ ဘဝင်၊ စုတိ ၃–ပါးစုံ၏အာရုံသည် ဓမ္မာရုံဖြစ်အံ့၊ မနောဒွါရ အတိတ်ကာလ၊ ကံ၊ ကမ္မနိမိတ်၊

(ဂ) ကာမပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်၏အာရုံသည် ရူပါရုံဖြစ်အံ့၊ မနောဒွါရ၊ ကေန် ပစ္စုပ္ပန်ကာလ၊ ဂတိနိမိတ်ဟူ၍ အသီးသီး အာရုံပြု၏။ ဤသို့ ကာမပဋိသန္ဓေ၊ ဘဝင်၊ စုတိစိတ်များသည် ၆–ဒွါရ ပစ္စုပ္ပန် အတိတ်၊ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်ကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏။

၂။ မဟဂ္ဂုတ် ပဋိသန္ဓေ၊ ဘဝင်၊ စုတိတို့တွင် –

(က) ရူပ ပဋိသန္ဓေ ဘဝင် စုတိစိတ် ၅–ပါးနှင့် ပထမာရုပ္ပ၊ တတိယာရုပ္ပပဋိသန္ဓေဘဝင်၊ စုတိနှစ်ပါးသည် ဓမ္မာရုံ၊ မနောဒွါရ ကသိုဏ်းပညတ် စသော ကမ္မနိမိတ်ကို အာရုံပြု၏။

(ခ) ဒုတိယာရုပ္ပ၊ စတုတ္ထာရုပ္ပ ပဋိသန္ဓေဘဝင် စုတိစိတ်နှစ်ပါးသည် ဓမ္မာရုံ၊ မနောဒွါရ အတိတ်ကာလ မဟဂ္ဂုတ် ကမ္မနိမိတ်ကို အာရုံပြု၏။

ဤသို့ မဟဂ္ဂုတ် ပဋိသန္ဓေဘဝင် စုတိစိတ်များသည် မနောဒွါရ ပညတ်၊ အတိတ်ကာလ ကမ္မနိမိတ်ကို ထိုက်သည့်အားလျော်စွာ အာရုံပြုကြ၏။

http://www.dhammadownload.com

ပဋ္ဌိသန္ဓေစိတ် ၁၉-ပါးတို့၏ အာရုံအကျယ်

အပါယ်ပဋ္ဌိသန္ဓေစိတ်၏အာရုံ

အကုသလ ဝိပါက် ဥပက္ခာ သဟဂုတ် သန္တီရဏ - ဟူသော အပါယ်ပဋ္ဌိသန္ဓေစိတ်သည် ဥဒ္ဓစ္စ စေတနာကြဉ် အကုသိုလ် (စေတနာ) ကံ ၁၁-ပါးဟူသော ဓမ္မာရုံ၊ ထိုအကုသိုလ်ကံကို ပြုလုပ်စဉ်က ကံနှင့်ဆက်စပ်ရအပ်ဖူးသော သား၊ ငါး၊ ကံပြီးမြောက်ရန် အဆောက်အဦ အခြံအရံဖြစ်သော တုတ်၊ လုံကန်၊ ဓား၊ လုံ၊ လေး၊ မြား စသော ကမ္မနိမိတ်ဟုဆိုအပ်သော အာရုံ ၆-ပါး၊ အခြားမဲ့ဖြစ်လတ္တံ့သော ဘဝင် ရောက်အပ် ခံစားအပ်သော အမိဝမ်းရေး၊ ငရဲအိုး၊ ငရဲထိန်း၊ ငရဲမီးလျှံ၊ ခွေးနက်ကြီး စသော ဂတိနိမိတ်ဟုဆိုအပ်သော ရူပါရုံ၊ ဤကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၏။

ကာမသုဂတိ ပဋ္ဌိသန္ဓေစိတ် ၉-ပါး၏ အာရုံ

အဟိတ်ကုသလ ဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏ ပဋ္ဌိသန္ဓေစိတ် ၁-ပါး၊ မဟာဝိပါက် ပဋ္ဌိသန္ဓေစိတ် ၈-ပါးဟူသော ကာမသုဂတိ ပဋ္ဌိသန္ဓေစိတ် ၉-ပါးသည် မဟာကုသိုလ် (စေတနာ) ကံ ၈-ပါးဟူသော ဓမ္မာရုံ။

ထိုကုသိုလ်ကံကို ပြုလုပ်စဉ်က ကံနှင့် ဆက်စပ်ရအပ်ဖူးသော ကံပြီးမြောက်ရန် အဆောက်အဦ၊ အခြံအရံဖြစ်သော ကျောင်း, ဘုရား, စေတီ, ဆွမ်း, သင်္ကန်း, ထီး, ဖိနပ် စသော ကမ္မနိမိတ်ဟု ဆိုအပ်သော အာရုံ ၆-ပါး၊ အခြားမဲ့ဖြစ်လတ္တံ့သောဘဝင် ရအပ် ခံစားအပ်သော အမိဝမ်းရေး၊ နတ်သမီး၊ ဗိမာန်၊ ပဒေသာပင် စသော ဂတိနိမိတ်ဟု ဆိုအပ်သော ရူပါရုံ၊ ဤကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ၃-ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

http://www.dhammadownload.com

ရူပါဝစရ ပထမစျာန် ပဋိသန္ဓေစိတ်၏အာရုံ

ရူပါဝစရ ပထမစျာန် ပဋိသန္ဓေစိတ်သည် –

၁။	ကသိုဏ်းပညတ်	၁၀–ပါး
၂။	အသုဘပညတ်	၁၀–ပါး
၃။	ကာယဂတာသတိ၏ အာရုံဖြစ်သော ဆံ အစရှိသော ကောဋ္ဌာသပညတ်	၁–ပါး
၄။	အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်	၁–ပါး
၅။	မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မဝိဟာရ တရား ၃–ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်	၃–ပါး
	ပေါင်း	**၂၅–ပါး**

ဤ ၂၅–ပါးသော ပညတ် ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

ရူပါဝစရ ဒု၊ တ၊ စတုတ္ထစျာန် ပဋိသန္ဓေစိတ်၏အာရုံ

ရူပါဝစရ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန် ပဋိသန္ဓေစိတ်များသည် –

၁။	ကသိုဏ်းပညတ်	၁၀–ပါး
၂။	အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်	၁–ပါး
၃။	မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မဝိဟာရ တရား ၃–ပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်	၃–ပါး
	ပေါင်း	**၁၄–ပါး**

http://www.dhammadownload.com

ဤ ၁၄-ပါးသော ပညတ်ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြုကြ၏။

ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေစိတ်၏အာရုံ

ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေစိတ်သည် -

၁။	ကသိုဏ်းပညတ်	၁၀-ပါး
၂။	အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက် ဝင်သက်ပညတ်	၁-ပါး
၃။	ဥပေက္ခာ ဗြဟ္မဝိဟာရတရား၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်	၁-ပါး
	ပေါင်း	၁၂-ပါး

ဤ ၁၂-ပါး ၌ ပညတ်ကမ္မနိမိတ်ဟုဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်၏အာရုံ

အာကာသာနဉ္စာယတန ပဋိသန္ဓေစိတ်သည် အာကာသကသိုဏ်းသည် ကြဉ်အပ်သောကသိုဏ်း ၉-ပါးတွင် တစ်ပါးပါးကို ခွာ၍ရအပ်သော ကောင်းကင်ပညတ် ကမ္မနိမိတ်ဟုဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

ဝိညာဏဉ္စာယတန ပဋိသန္ဓေစိတ်၏အာရုံ

ဝိညာဏဉ္စာ ယတန ပဋိသန္ဓေစိတ်သည် ရှေးဘဝ အဖျ တ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

အကိဉ္စညာယတန ပဋိသန္ဓေစိတ်၏အာရုံ

အာကိဉ္စညာယတန ပဋိသန္ဓေစိတ်သည် အာကာသာဉ္စာယတန ကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ် ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

http://www.dhammadownload.com

နေဝသညာနာသညာယတန ပဋိသန္ဓေစိတ်၏အာရုံ

နေဝသညာနာသညယတန ပဋိသန္ဓေစိတ်သည် ရှေးဘဝ အဏ္ဍဇာ သန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတနကုသိုလ် မဟဂ္ဂုတ် ကမ္မနိမိတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

အမှာ ။ ။ မနောဒွါရိက ဇောစိတ်တို့၏ အာရုံကိုပြသော နေရာမှစ၍ ဤနေရာအထိ စကားရပ်များကို မူလတန်းနှင့် အခြေခံကို သင်ယူစ စာသင်သားများအား သင်မပေးပါနှင့်။

ဆောင် ။ ။ ရူကာပန္နာ၊ အဏ္ဍဇာ၊ ရူပ ပရမတ်၊ အစုခြောက်ဖြာ၊ ရသင့်ရာ၊ သေချာခွဲဝေမှတ်။

အာရုံများကို အုပ်စု (၆) မျိုးခွဲပုံ

ရူ ။ ။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟု ၆–မျိုး တစ်စု။

ကာ ။ ။ ကာမအာရုံ၊ မဟဂ္ဂုတ်အာရုံ၊ အပ္ပမာဏအာရုံ၊ ပညတ် အာရုံဟု အာရုံ ၄–မျိုးတစ်စု။

ပန္နာ ။ ။ ပစ္စုပ္ပန်အာရုံ၊ အတိတ်အာရုံ၊ အနာဂတ်အာရုံ၊ ကာလ ဝိမုတ်အာရုံဟု အာရုံ ၄–မျိုးတစ်စု။

အဏ္ဍဇာ ။ ။ အဏ္ဍဇာအာရုံ၊ ဗဟိဒ္ဓအာရုံ၊ အဏ္ဍဇာဗဟိဒ္ဓဝိမုတ်အာရုံဟု အာရုံ ၃–မျိုးတစ်စု။

ရူပ ။ ။ ရုပ်အာရုံ၊ နာမ်အာရုံ၊ ပညတ်အာရုံဟု အာရုံ ၃–မျိုးတစ်စု။

ပရမတ် ။ ။ ပရမတ်အာရုံ၊ ပညတ်အာရုံဟု အာရုံ ၂–မျိုး တစ်စု။

ဤသို့ အုပ်စု (၆) စု ခွဲထားရမည်။

အာရုံ (၆) မျိုး၏ တရားကိုယ်

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဟူသော အာရုံ ၆–ပါး၏ တရားကိုယ်များကို အထက်က ပြခဲ့ပြီးပါပြီ။

http://www.dhammadownload.com

ကာမစသောအာရုံ ၄-မျိုး၏ တရားကိုယ်

၁။ ကာမအာရုံ ။ ကာမစိတ် ၅၄၊ စေ ၅၂၊ ရုပ် ၂၈ (အာရုံ-၆)
၂။ မဟဂ္ဂုတ်အာရုံ ။ မဟဂ္ဂုတ်စိတ် ၂၇၊ စေ ၃၅ (ဓမ္မာရုံ)
၃။ အပ္ပမာဏအာရုံ ။ လောကုတ္တရာစိတ် ၈၊ စေ ၃၅၊ နိဗ္ဗာန် (ဓမ္မာရုံ)
၄။ ပညတ်အာရုံ ။ ကသိဏ်းပညတ် နာမပညတ်စသည် (ဓမ္မာရုံ)

ပစ္စုပ္ပန်စသော အာရုံ ၄-မျိုး၏ တရားကိုယ်

၁။ ပစ္စုပ္ပန်အာရုံ ။ ဖြစ်ဆဲစိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ (အာရုံ-၆)
၂။ အတိတ်အာရုံ ။ ဖြစ်ပြီးစိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ (အာရုံ-၆)
၃။ အနာဂတ်အာရုံ ။ ဖြစ်လတ္တံ့စိတ် ၈၉၊ စေ၅၂၊ ရုပ်၂၈(အာရုံ-၆)
၄။ ကာလဝိမုတ်အာရုံ။ နိဗ္ဗာန်၊ ပညတ် (ဓမ္မာရုံ)

အဇ္ဈတ္တစသောအာရုံ ၃-မျိုး၏ တရားကိုယ်

၁။ အဇ္ဈတ္တအာရုံ ။ မိမိသန္တာန်၌ ဖြစ်သောစိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈ (အာရုံ-၆)
၂။ ဗဟိဒ္ဓအာရုံ ။ အပ၌ဖြစ်စေ စိတ် ၈၉၊ စေ ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ နတ္ထိဘောပညတ်မှတစ်ပါး ပညတ်အမျိုးမျိုး (အာရုံ-၆)
၃။ အဇ္ဈတ္တဗဟိဒ္ဓဝိမုတ်အာရုံ။ နတ္ထိဘောပညတ် (ဓမ္မာရုံ)

ရုပ်စသော အာရုံ ၃-မျိုး၏ တရားကိုယ်

၁။ ရုပ်အာရုံ ။ ရုပ် ၂၈ပါး (အာရုံ-၆)
၂။ နာမ်အာရုံ ။ စိတ် ၈၉၊ စေ ၅၂၊ နိဗ္ဗာန် (ဓမ္မာရုံ)
၃။ ပညတ်အာရုံ ။ ပညတ်အမျိုးမျိုး (ဓမ္မာရုံ)

http://www.dhammadownload.com

ပရမတ်၊ ပညတ်အာရုံ ၂-မျိုး၏ တရားကိုယ်

၁။ ပရမတ်အာရုံ ။ စိတ် ၈၉၊ စေ ၅၁၊ ရုပ် ၂၈၊ နိဗ္ဗာန် (အာရုံ-၆)
၂။ ပညတ်အာရုံ ။ ပညတ်အမျိုးမျိုး (ဝမ္မာရုံ)

ဤသို့ အုပ်စုလိုက် ခွဲသောအခါ ပရမတ္ထတရား ၄-ပါးနှင့် ပညတ်တရားများသည် အုပ်စုတိုင်း၌ ပါဝင်ပြီး အကြွင်းအကျန် လုံးဝမရှိကြတော့ပါ။ အုပ်စုတိုင်း၌ အာရုံတစ်မျိုးကိုသာ အာရုံပြုလျှင် ဇောန်အာရုံပြုသည်။ အာရုံနှစ်မျိုး သုံးမျိုးကို အာရုံပြုလျှင် အနေကန်အာရုံဟုလည်း သဘောပေါက်နိုင်ပါသည်။

ဇောန်၊ အနေကန် အာရုံပြုသောစိတ်များ

တေသု စက္ခုဝိညာဏဒိနိမှစ၍ လောကုတ္တရာစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ တိုင်အောင်သောစကားရပ်ဖြင့် ထိုထိုအာရုံကို ဇောန်၊ အနေကန်အာရုံပြုသော စိတ်တို့ကိုပြ၏။

ထိုတွင် -

တေသု စက္ခုဝိညာဏာဒီနိ (ပ) ကာမာဝစရာရမ္မဏာနေဝ။

အာရုပ္ပေသု (ပ) နိဗ္ဗာနာရမ္မဏာနိ - ဟူသော စကားရပ်များဖြင့် ဇောန်အာရုံပြုသော စိတ်တို့ကိုပြ၏။

အကုသလာနိစေဝမှစ၍ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိတိုင်အောင် စကားရပ်ဖြင့် အနေကန်အာရုံပြုသော စိတ်တို့ကိုပြ၏။

တေသု စက္ခုဝိညာဏာဒီနိ (ပ) သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိတိုင် အောင် စကားရပ်ဖြင့် ကာမစိတ် ၅၄၊ အဘိညာဉ်ဒွေတို့၏ အာရုံကိုပြ၏။

ပစ္စုပ္ပန်ရူပါရုံစသော အာရုံတစ်ပါးစီကိုသာ အာရုံပြုသော စိတ် ၁၀-ပါး

စက္ခုဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။
သောတညာဏ်ဒွေသည် ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

http://www.dhammadownload.com

ဃာနဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ဂန္ဓာရုံကို အာရုံပြု၏။
ဇိဝှာဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရသာရုံကို အာရုံပြု၏။
ကာယဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၏။

ပစ္စုပ္ပန်ပဉ္စာရုံကို အာရုံပြုသောစိတ် ၃-ပါး

မနောဓာတ် ၃-ပါးသည် ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။

ကာမတရားကိုသာအာရုံပြုသောစိတ် ၁၂-ပါး

၁။	သန္တီရဏစိတ်	၃-ပါး
၂။	မဟာဝိပါက်စိတ်	၈-ပါး
၃။	ဟသိတုပ္ပါဒ်စိတ်	၁-ပါး
	ပေါင်း	**၁၂-ပါး**

ဤ ၁၂-ပါးသည် ကာမစိတ် ၅၄၊ စေတသိက် ၅၂၊ ရုပ် ၂၈ ဟူသော ကာမတရားတို့ကိုသာ အာရုံပြု၏။

မှတ်ချက် ။ ။ ကာမာဝစရာ ရမ္မဏာနေဝ၌ ဝေသဒ္ဒါဖြင့် မဟဂ္ဂုတ် ပညတ်၊ အပ္ပမာဏ အာရုံတို့ကို တားမြစ်၏။

ဒွေ ပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ပါး၊ ဤစိတ် ၁၂-ပါး၊ ပေါင်း ၂၅-ပါးသည် ကာမကို ကောန်အာရုံပြု၏။ ဂါထာတွင် ပဉ္စဝိသပရိတ္တမှိ၌ ပဉ္စဝိသအရဖြစ်၏။

လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသောစိတ် ၂၀

၁။	မဟာကုသိုလ်စိတ်	၁၂-ပါး
၂။	မဟာကုသိုလ်ဉာဏဝိပ္ပယုတ်စိတ်	၄-ပါး
၃။	မဟာကြိယာ ဉာဏဝိပ္ပယုတ်စိတ်	၄-ပါး
	ပေါင်း	**၂၀-ပါး**

ဤစိတ် ၂၀ သည် လောကုတ္တရာကြဉ်သော (လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ပညတ်ဟူသော) အလုံးစုံသော အာရုံကို အာရုံပြု၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ ဤစိတ် ၂၀ သည် ဂါထာတွင် ဝိသာနုတ္တရမုတ္တမှိ၌ ဝိသအရဖြစ်၏။

အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသောစိတ် ၅-ပါး

၁။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်	၄-ပါး
၂။ ကုသိုလ်အဘိညာဉ်စိတ်	၁-ပါး
ပေါင်း	**၅-ပါး**

ဤငါးပါးသော စိတ်သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်စိတ် ၈ရာ၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ဟူသော အလုံးစုံသော အာရုံကို အာရုံပြု၏။

မှတ်ချက် ။ ။ ဤစိတ်ငါးပါးသည် ဂါထာတွင် အဂ္ဂမဂ္ဂဖလုဇ္ဈိတေပဉ္စ၌ ပဉ္စအရဖြစ်၏။

အလုံးစုံသောအာရုံကို အာရုံပြုသောစိတ် ၆-ပါး

၁။ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်	၄-ပါး
၂။ ကြိယာအဘိညာဉ်စိတ်	၁-ပါး
၃။ ဝုဋ္ဌာစိတ်	၁-ပါး
ပေါင်း	**၆-ပါး**

ဤ ၆-ပါးသောစိတ်သည် စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ နိဗ္ဗာန်၊ ပညတ်ဟူသော အလုံးစုံသော အာရုံကို အာရုံပြု၏။

မှတ်ချက် ။ ။ ဤစိတ် ၆-ပါးသည် ဂါထာတွင် သဗ္ဗတ္ထဆစ္စေတိဋ္ဌ ဆအရ ဖြစ်၏။ ဤစိတ် ၆-ပါးကို နိပ္ပဒေသ သဗ္ဗာရမ္မဏစိတ်ဟုခေါ်၏။ အကုသိုလ်စိတ် စသော ၂၅ပါး သောစိတ်ကို သဗ္ဗဒေသ သဗ္ဗာရမ္မဏစိတ်ဟုခေါ်၏။

http://www.dhammadownload.com

မဟဂ္ဂုတ် ကေန်အာရုံပြုသောစိတ် ၆-ပါး

၁။	ဝိညာဏဉ္စာယတနစိတ်	၃-ပါး
၂။	နေဝသညာ နာသညာယတနစိတ်	၃-ပါး
	ပေါင်း	**၆-ပါး**

မှတ်ချက် ။ ။ ဤစိတ် ၆-ပါးသည် မဟဂ္ဂုတ် (ဓမ္မာရုံကို) ကေန်အာရုံပြု၏။

မှတ်ချက် ။ ။ ဤစိတ် ၆-ပါးသည် ဂါထာတွင် ဆစိတ္တာနိ မဟဂ္ဂတေ ၂ ပဒအရဖြစ်၏။ အာကာသာနဉ္စာယတနကုသိုလ်၊ ကြီယာဟူသော ပထမာရုပ္ပဝိညာဏ်၊ အာကိဉ္စ ညာယတနကုသိုလ်၊ ကြီယာဟူသော တတိယာရုပ္ပဝိညာဏ်တို့ကို မဟဂ္ဂတာရမ္မဏာနိ၌ မဟဂ္ဂတာရမ္မဏအရယူပါ။ (ကမ္မဋ္ဌာန်းပိုင်း၊ စာပိုဒ် ၃၇၊ ၃၉ ကိုထောက်)။

ပညတ်ကို ကေန်အာရုံပြုသော စိတ် ၂၁-ပါး

၁။	အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ်	၁၅-ပါး
၂။	အာကာသာနဉ္စာယတနစိတ်	၃-ပါး
၃။	အာကိဉ္စညာယတနစိတ်	၃-ပါး
	ပေါင်း-ပညတ်(ဓမ္မာရုံ)ကို ကေန်အာရုံပြုသောစိတ်	**၂၁-ပါး**

မှတ်ချက် ။ ။ ဤစိတ် ၂၁-ပါးသည် ဂါထာတွင် ကေဝိသတိ ဝေါဟာရ၌ ကေဝိသတိအရဖြစ်၏။

နိဗ္ဗာန်ကို ကေန်အာရုံပြုသောစိတ် ၈-ပါး

လောကုတ္တရာစိတ် ၈-ပါးသည် နိဗ္ဗာန် (အပ္ပမာဏဓမ္မာရုံ) ကို ကေန်အာရုံပြု၏။

http://www.dhammadownload.com

ကုသိုလ်အဘိညာဉ်အာရုံ

ကုသိုလ်အဘိညာဉ်သည် –

၁။ ဒိဗ္ဗစက္ခု ကုသိုလ်အဘိညာဉ်

၂။ ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်

၃။ ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်

၄။ စေတောပရိယ ကုသိုလ်အဘိညာဉ်

၅။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်

၆။ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်

၇။ အနာဂတံသ ကုသိုလ်အဘိညာဉ်ဟု (၇) မျိုးပြား၏။

ထိုတွင် –

၁။ ဒိဗ္ဗစက္ခုကုသိုလ် အဘိညာဉ်သည် ဒူရ၊ ပဋိစ္ဆန္န၊ သဏ္ဌာ၊ သုခုမဖြစ်သော ပစ္စုပ္ပန်ရူပါရုံကို အာရုံပြု၏။

၂။ ဒိဗ္ဗသောတ ကုသိုလ်အဘိညာဉ်သည် ဒူရ၊ ပဋိစ္ဆန္န၊ သဏ္ဌာ၊ သုခုမဖြစ်သော ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၏။

၃။ ဣဒ္ဓိဝိဓ ကုသိုလ်အဘိညာဉ်သည် ပါဒကဖြစ်သော ရူပါဝစရ ကုသိုလ်ပဉ္စမစျာန်၊ သတသဟဿ စသော နိမ္မိတရုပ်ဟုဆိုအပ်သော အာရုံ ၆–ပါးကို အာရုံပြု၏။

၄။ စေတောပရိယ ကုသိုလ်အဘိညာဉ်သည် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါးဌိတညဉ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော သူတစ်ပါးတို့၏ စိတ် ၈၆–ခု၊ စေတသိက် ဒွေပညာသဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

၅။ ပုဗ္ဗေနိဝါသာနုဿတိ ကုသိုလ်အဘိညာဉ်သည် ပုဗ္ဗေနိဝုဋ္ဌဖြစ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော စိတ်ရှစ်ဆယ့်ခုနစ်ခု၊ စေတသိက်ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော ခန္ဓာငါးပါး၊

http://www.dhammadownload.com

ထိုခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန် အမည်အမျိုးမျိုး စသော ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြု၏။

၆။ ယထာကမ္မူပဂ ကုသိုလ်အဘိညာဉ်သည် အတိတ်ဖြစ်သော လောကီ ကုသိုလ်၊ အကုသိုလ်ကံဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

၇။ အနာဂတံသ ကုသိုလ်အဘိညာဉ်သည် အနာဂတ်ဖြစ်သော အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်သော စိတ်ရှစ်ဆယ့်ခုနစ်ခု၊ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးမျိုး စသော ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြု၏။

ကြိယာအဘိညာဉ်၏အာရုံ

ဒိဗ္ဗစက္ခု ကြိယာအဘိညာဉ်၊ ဒိဗ္ဗသောတ ကြိယာအဘိညာဉ်၊ ယထာကမ္မူပဂ ကြိယာအဘိညာဉ်တို့သည် ကုသိုလ်အဘိညာဉ်နှင့်တူကြ၏။

၁။ ဣဒ္ဓိဝိဓ ကြိယာအဘိညာဉ်သည် ပါဒကဖြစ်သော ရူပါဝစရကြိယာ ပဉ္စမစျာန်၊ သတသဟဿ စသော နိမ္မိတရုပ်ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြု၏။

၂။ စေတောပရိယ ကြိယာအဘိညာဉ်သည် လွန်လေပြီးသော ခုနစ်ရက်မှစ၍ လာလတ္တံ့သော ခုနစ်ရက်တိုင်အောင် ကာလသုံးပါး၌တည်သော သူတစ်ပါးတို့၏ စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။

၃။ ပုဗ္ဗေနိဝါသာနုဿတိ ကြိယာအဘိညာဉ်သည် ပုဗ္ဗေနိဝုဋ္ဌဖြစ်သော စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ ဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှလျှောက်၍ သိအပ်သော နိဗ္ဗာန်၊ အမည်အမျိုးမျိုး စသော ပညတ်ဟုဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြု၏။

http://www.dhammadownload.com

၄။ အနာဂတံသကြိယာ အဘိညာဉ်သည် အနာဂတ်ဖြစ်သော စိတ်တစ်ခု ယုတ်ကိုးဆယ်၊ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးမှလျော်က်၍ သိအပ်သော နိဗ္ဗာန်၊ အမည် အမျိုးမျိုး စသော ပညတ်ဟုဆိုအပ်သော အာရုံ ၆–ပါးကို အာရုံပြု၏။

မဟဂ္ဂုတ်အာရုံအကျယ်

ဝိညာဏဉ္စာယတနစိတ် ၃–ပါး၏ အာရုံ

၁။ ဝိညာဏဉ္စာယတန ကုသိုလ်စိတ်သည် ဤဘဝ၊ ရှေးဘဝ အဖျ တ္တ သန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာယတန ကုသိုလ်ဟုဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြု၏။

၂။ ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် ရှေးဘဝ အဖျ တ္တသန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံ အာရုံပြု၏။

၃။ ဝိညာဏဉ္စာယတနကြိယာစိတ်သည် ဤဘဝ အဖျ တ္တ သန္တာန်၌ ဖြစ်ဖူးသော အာကာသာနဉ္စာယတနကြိယာ၊ ဤဘဝ ရှေးဘဝ အဖျ တ္တသန္တာန်၌ဖြစ်ဖူးသော အာကာသာနဉ္စာ ယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြု၏။

နေဝသညာ နာသညာ ယတနစိတ် ၃–ပါး၏အာရုံ

၁။ နေဝသညာ နာသညာယတန ကုသိုလ်စိတ်သည် ဤဘဝ၊ ရှေးဘဝ အဖျ တ္တသန္တာန်၌ ဖြစ်ဖူးသော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ် သော မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြု၏။

၂။ နေဝသညာ နာသညာယတနဝိပါက်စိတ်သည် ရှေးဘဝ အဖျ တ္တ သန္တာန်၌ ဖြစ်ဖူသော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ်ဓမ္မာရုံကို အာရုံပြု၏။

http://www.dhammadownload.com

၃။ နေဝသညာ နာသညာယတနကြိယာစိတ်သည် ဤဘဝ အဖျ တွ သန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတနကြိယာ၊ ဤဘဝ ရှေးဘဝ အဖျ တွသန္တာန်၌ဖြစ်ဖူးသော အာကိဉ္စညာယတနကုသိုလ်ဟု ဆိုအပ်သော မဟဂ္ဂုတ် ဓမ္မာရုံကို အာရုံပြု၏။

ပညတ်အာရုံအကျယ်

ရူပါဝစရ ပထမစျာန်စိတ် ၃-ပါး၏အာရုံ

ရူပါဝစရ ပထမစျာန်စိတ် ၃-ပါးသည်

၁။	ကသိုဏ်းပညတ်	၁၀-ပါး
၂။	အသုဘပညတ်	၁၀-ပါး
၃။	ကာယဂတာသတိ၏ အာရုံဖြစ်သောဆံပင် အစရှိသော ကာယအစုပညတ်	၁-ပါး
၄။	အာနာပါနဿတိ၏ အာရုံဖြစ်သော ထွက်သက်ဝင်သက်ပညတ်	၁-ပါး
၅။	မေတ္တာကရုဏာ မုဒိတာ ဥပဟ္စဝိဟာရတရား သုံးပါး၏ အာရုံဖြစ်သော အတိုင်းမသိသော သတ္တဝါပညတ်	၃-ပါး
	ပေါင်း	၂၅-ပါး

ဤ ၂၅-ပါးသော ပညတ်ဓမ္မာရုံကို အာရုံပြု၏။
(ကမ္မဋ္ဌာန်းပိုင်း၊ စာပိုဒ် ၂၁၊ ၂၂၊ ၂၃)

ရူပါဝစရ ဒု၊ တ၊ စတုတ္ထစျာန်တို့၏အာရုံ

ရူပါဝစရ ဒုတိယစျာန်စိတ် ၃-ပါး၊ တတိယစျာန်စိတ် ၃-ပါး၊ စတုတ္ထစျာန်စိတ် ၃-ပါး၊ ပေါင်း ၉-ပါးသည် -

၁။	ကသိုဏ်းပညတ်	၁၀-ပါး

http://www.dhammadownload.com

၂။ အာနာပါနသဿတိ အာရုံဖြစ်သော
ထွက်သက်ဝင်သက်ပညတ် ၁-ပါး
၃။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဗြဟ္မဝိဟာရ
တရား ၃-ပါးတို့၏ အာရုံဖြစ်သောအတိုင်း
မသိသော သတ္တဝါပညတ် ၃-ပါး
ပေါင်း-ပညတ် ၁၄-ပါး

ဤ ၁၄-ပါးသော ပညတ်ဓမ္မာရုံကို အာရုံပြု၏။
(ကမ္မဋ္ဌာန်းပိုင်း၊ စာပိုဒ် ၂၁၊ ၂၃)

ရူပါဝစရ ပဉ္စမစျာန်စိတ် ၃-ပါး၏အာရုံ

ရူပါဝစရ ပဉ္စမစျာန်စိတ် ၃-ပါးသည် -
၁။ ကသိုဏ်းပညတ် ၁၀-ပါး
၂။ အာနာပါနဿတိ၏ အာရုံဖြစ်သော
ထွက်သက်ဝင်သက်ပညတ် ၁-ပါး
၃။ ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အာရုံဖြစ်သော
အတိုင်းမသိသော သတ္တဝါပညတ် ၁-ပါး
ပေါင်း-ပညတ် ၁၂-ပါး

ဤ ၁၂-ပါးသော ပညတ်ဓမ္မာရုံကို အာရုံပြု၏။
(ကမ္မဋ္ဌာန်းပိုင်း၊ စာပိုဒ် ၂၁၊ ၂၄)

အာကာသာနဉ္စာယတနစိတ် ၃-ပါး၏အာရုံ

အာကာသာနဉ္စာယတနစိတ် ၃-ပါးသည် အာကာသကြဉ်၊ ကသိုဏ်း ၉-ပါးတို့တွင် တစ်ပါးပါးကို ခွာ၍ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၏။ (ကမ္မဋ္ဌာန်းပိုင်း စာပိုဒ် ၃၆)

အာကိဉ္စညာယတနစိတ် ၃-ပါး၏အာရုံ

အာကိဉ္စညာယတနစိတ် ၃-ပါးသည် အာကိဉ္စညာယတနကုသိုလ်၊ ကြိယာ၏ မရှိခြင်းတည်းဟူသော နတ္ထိဘောပညတ်ဟု ဆိုအပ်သော ဓမ္မာရုံကို အာရုံပြု၏။ (ကမ္မဋ္ဌာန်းပိုင်း စာပိုဒ် ၃၈)

http://www.dhammadownload.com

သေသအပါဒါန်နှင့် သေသအရ

သေသာနီ မဟဂ္ဂတစိတ္တာနီ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနီ ဟူသော ဝါကျ၌ သေသအပါဒါန်အဖြစ် –

၁။	အဘိညာဉ်စိတ်	၂–ပါး
၂။	ဝိညာဏဉ္စာယတနစိတ်	၃–ပါး
၃။	နေဝသညာ နာသညာယတနစိတ်	၃–ပါး
	တို့ကိုယူပါ။	

သေသအရ –

၁။	အဘိညာဉ်ဒွေမှတစ်ပါးရှုပစိတ်	၁၅–ပါး
၂။	အာကာသာနဉ္စာယတနစိတ်	၃–ပါး
၃။	အာကိဉ္စညာယတနစိတ်	၃–ပါး
	ပေါင်း	**၂၁–ပါး**
	ကိုယူပါ။	

ပညတ္တာရမ္မဏအရ

၁။	ကသိုဏ်းပညတ်	၁၀–ပါး
၂။	အသုဘပညတ်	၁၀–ပါး
၃။	ဆံမွှေးအစရှိသော ကောဋ္ဌာသပညတ်	၁–ပါး
၄။	အာနာပါနပညတ်	၁–ပါး
၅။	ဗြဟ္မဝိဟာရတရား ၄–ပါး၏	
	အာရုံဖြစ်သော သတ္တဝါပညတ်	၄–ပါး
၆။	ကောင်းကင်ပညတ်	၁–ပါး
၇။	နတ္ထိဘောပညတ်	၁–ပါး
	ပေါင်း–ပညတ်	**၂၈–ပါး**

ဤ ၂၈–ပါးသော ပညတ်ကို ပညတ္တာရမ္မဏာနိ၌ ပညတ္တာရမ္မဏာ အရယူပါ။ (ကမ္မဋ္ဌာန်းပိုင်း၊ စာပိုဒ် ၁၁၊ ၂၂၊ ၂၃၊ ၂၄၊ ၃၆၊ ၃၈)

http://www.dhammadownload.com

မှတ်ချက် ။ ။ ကေဝိသတိ ဝေါဟာရေ၌ ဝေါဟာရအရကို ဖော်ပြခဲ့ပါဟုမေးလျှင်လည်း ဤပညတ် ၂၈-ပါးကိုပင်ဖြေပါလေ။

သတ္တာဓာ တတ္ထ သင်္ဂဟော

၁။ ပဉ္စသပရိတ္တမှိ ကာမဂေန် ၂၅-ပါး
၂။ ဆစိတ္တာနိ မဟဂ္ဂတေ မဟဂ္ဂုတ်ကေန် ၆-ပါး
၃။ ကေဝိသတိဝေါဟာရေ ပညတ်ကေန် ၂၁-ပါး
၄။ အဋ္ဌနိဗ္ဗာနဂေါစရေ နိဗ္ဗာန်ကေန် ၈-ပါး
၅။ ဝိသာနုတ္တရမုတ္တမှိ လောကုတ္တရာကြဉ်
အလုံးစုံ အာရုံပြုစိတ် ၂၀-ပါး
၆။ အဂ္ဂမဂ္ဂဖလုဖ္ပတ္တိ တေပဉ္စ အရဟတ္တမဂ်၊
အရဟတ္တဖိုလ်ကြဉ် အလုံးစုံအာရုံပြုစိတ် ၅-ပါး
၇။ သဗ္ဗတ္ထဆစ္စေတိ အလုံးစုံအာရုံပြုသောစိတ် ၆-ပါး

ဤ (၇) မျိုးကို သတ္တာဓာ တတ္ထ သင်္ဂဟောဟူသော ဝါကျ၌ သတ္တာဓာ အရယူပါ။

ကေန်လက်ာ

ပဉ္စဝိကာမ၊ ဆ,မဟဂ္ဂါ၊ ရှစ်ဖြာနိဗ္ဗာန်၊ နာမ်တစ်ဆယ့်လေး၊ တေရသရုပ်၊ ပစ္စုပ်ထို့တူ၊ တိတ်မူဆမှတ်၊ နာဂတ်မရှိ၊ ဝိမုတ်နှစ်ဆယ့်ကိုး၊ (ရှေးရိုးကျမ်းညီ)၊ ဇောဝိပညတ်၊ ပရမတ္ထ နဝတိသာ၊ ဆဓာအဖျတ်၊ ဗာဟျာတ်ဆဒ္ဓိ၊ နှစ်စီပဉ္စ၊ ဓမ္မသုံးဆယ့်ငါး၊ တစ်ပါးဌ,ဝိ၊ ဒွေးနှစ်လိတည်း၊ ငါးလိမှာသုံး၊ ဆယ့်နှစ်သုံးပင်၊ (သီကုံးချိုအေး)၊ ဆယ်လေးကိုးလီ၊ ပဉ္စဝိသုံးတန်၊ ကေန်ရှေးရှု၊ အာရုံပြုသည်၊ သောတုနောင်လာ မခဲတည်း။

အနေကန်လက်ာ

မခဲစေရန်၊ အနေကန်ကို၊ အကျဉ်းဆိုအံ့၊ ပိုယိုကင်းပ၊ ကာမ,မဟဂ္ဂုတ်၊ ဝိမုတ်ပညတ်၊ ပရမတ်ဟု၊ ငါးရပ်တူလစ်၊ သုံးဆယ့်တစ်စီ၊ ပစ္စုပ်တိတ၊ နာဂတနှင့် ဓမ္မရုပ်နာဓ၊ ခြောက်တန်ပေါင်းရုံး၊ လေးဆယ့်သုံးစီ၊ သုံးလိ

http://www.dhammadownload.com

အဖျတ်၊ စွဲလတ်မှိုရောဂါ၊ ငါးဆယ့်ခြောက်မှန်၊ နိဗ္ဗာန်ဂေါဒသ၊ ပဉ္စင်္ဂဝယ်၊ လေးဆယ်နှင့်ခြောက်၊ ရွေးကောက်စေမှု၊ ဥဒါန်းပြုသည်၊ စေ့ငုဖန်ခါထပ်လဲတည်း။

အာရုံများကို အုပ်စုခွဲ သင်ကြားပုံ

အာရုံ (၆) ပါး

အာရမ္မဏိကစိတ်		ဖဿ	သဒ္ဒါ	ဝေဒနာ	သညာ	စေတနာ	ဇီဝိတ	မနသိကာရ
စက္ခုဝိညာဏ်	၂	။						၁
သောတဝိညာဏ်	၂		။					၁
ဃာနဝိညာဏ်	၂			။				၁
ဇိဝှာဝိညာဏ်	၂				။			၁
ကာယဝိညာဏ်	၂					။	၁	
မနောဓာတ်	၃	။	။	။	။	။		၅
၁၂၊ ၂၀၊ ၅၊ ၆	၄၃	။	။	။	။	။	။	၆
၆၊ ၂၁၊ ၈	၃၅						။	၁
အာရမ္မဏိကစိတ်ပေါင်း ကောန်		၂	၂	၂	၂	၂	၃၅	
အနေကာန်		၄၆	၄၆	၄၆	၄၆	၄၆	၄၃	

http://www.dhammadownload.com

ညွှန်ကြားချက် ။ ။ ဇယားတွင် လက်ဝဲဘက်၌ ၁၂၊ ၂၀၊ ၅၊ ၆ ဟူသော ဂဏန်းများအရကို အထက်က ကောက်ပြခဲ့ပြီးဖြစ်၍ ထပ်မကောက်တော့ပါ။ ၁၂ သည် ကာမကိုသာ အာရုံပြုသောစိတ်ဖြစ်၏။ ၂၀ သည် လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုသောစိတ်ဖြစ်၏။ ၅ သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသောစိတ်ဖြစ်၏။ ၆ သည် အလုံးစုံကို အာရုံပြုသောစိတ်ဖြစ်၏။

ထို ၁၂၊ ၂၀၊ ၅၊ ၆ ကို မနောဒွါရာဝဇ္ဇန်း၊ ကာမဇောတစ်ခု ယုတ်သုံးဆယ်၊ တဒါရုံကောဒသ၊ အဘိညာဉ်ဒွေဟု ပေါင်းကောက်ပါ။

တစ်ဖန် ၆၊ ၂၁၊ ၈ ဂဏန်းတို့တွင် ၆ သည် မဟဂ္ဂုတ် ကေန်ဖြစ်၏။ ၂၁ သည် ပညတ်ကေန်ဖြစ်၏။ ၈ သည် နိဗ္ဗာန်ကေန်ဖြစ်၏။

ယင်းတို့ကို အဘိညာဉ်ဒွေမှတစ်ပါး မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅ ဟု ပေါင်းကောက်ပါ။

ရူပါရုံကို ကေန်အာရုံပြုသောစိတ်

စက္ခုဝိညာဉ်ဒွေသည် ရူပါရုံကို ကေန်အာရုံပြု၏။

ရူပါရုံကို အနေကန် အာရုံပြုသောစိတ်

၁။	မနောဓာတ်	၃–ပါး
၂။	မနောဒွါရာဝဇ္ဇန်း	၁–ပါး
၃။	ကာမဇော	၂၉–ပါး
၄။	တဒါရုံ	၁၁–ပါး
၅။	အဘိညာဉ်စိတ်	၂–ပါး
	ပေါင်း	၄၆–ပါး

မှတ်ချက် ။ ။ ကေန် အနေကန် နှစ်ရပ်ကိုပေါင်းလျှင် –

ရူပါရုံကို အာရုံပြုသောစိတ် ၄၈–ပါးရှိ၏။ ဇယားကွက်ကိုကြည့်၍ သဒ္ဒါရုံ ကေန် ၂–ပါး၊ အနေကန် ၄၆–ပါး စသည်ဖြင့် ရေတွက်ပါလေ။

http://www.dhammadownload.com

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့ကိုအာရုံပြုသော စိတ် ၂-ပါး စီကို ရည်ရွယ်၍ ''နှစ်စီပဉ္စ'' ဟု လင်္ကာဆို၏။ အနေကန်အာရုံပြုသော စိတ် ၄၆-ပါးကို ရည်ရွယ်၍ ''ပဉ္စဒ္ဒဝယ်၊ လေးဆယ်နှင့်ခြောက်'' ဟု ဆို၏။

ဓမ္မာရုံကို ကောန်အာရုံပြုသောစိတ် ၃၅-ပါး

အဘိညာဉ်ဒွေမှတစ်ပါး မဟဂ္ဂုတ်၊ လောကုတ္တရာစိတ် ၃၅-ပါးသည် ဓမ္မာရုံကို ကောန်အာရုံပြု၏။ (ဓမ္မသုံးဆယ့်ငါးအရေဖြစ်၏)။

ဓမ္မာရုံကို အနေကန်အာရုံပြုသောစိတ် ၄၃-ပါး

၁။	မနောဒွါရာဝဇ္ဇန်းစိတ်	၁-ပါး
၂။	ကာမဇော	၂၉-ပါး
၃။	တဒါရုံ	၁၁-ပါး
၄။	အဘိညာဉ်	၂-ပါး
	ပေါင်း-ဓမ္မာရုံအနေကန်	**၄၃-ပါး**

(ဓမ္မရုပ် နာမ် (ပ) လေးဆယ့်သုံးစီ အရတည်း)

မှတ်ချက် ။ ။ ကောန်၊ အနေကန် ၂-ရပ်ကို ပေါင်းလျှင် ဓမ္မာရုံကို အာရုံပြုသောစိတ် ၇၆-ပါးတည်း။

http://www.dhammadownload.com

ကာမစသော အာရုံ ၄-မျိုး

အာရမ္မဏိကစိတ်	ဒဋ္ဌ	ဃာန	ဇိဝှာ	ကာယ	သောတ
၁၀၊ ၃၊ ၁၂	။				၁
အကု ၁၂၊ မဟာကု၊ ကြွ,ညာဏ်ဝိပ်-၈	။	။		။	၃
မနောဒွါရာဝဇ္ဇန်း မဟာကုသံ ၄၊ ကြွသံ ၄၊ အဘိ ၂	။	။	။	။	၄
ဝိညာ၊ နေဝ ၆		။			၁
အဘိညာဉ်ကြဉ်ရှု ၁၅၊ အာကာ၊ အာကိ ၆				။	၁
လောကုတ္တရာစိတ် ၈			။		၁
အာရမ္မဏစိတ်ပေါင်း ဇကန်	၂၅	၆	၈	၂၁	
အနေကန်	၃၁	၃၁	၁၁	၃၁	

ညွှန်ကြားချက်။ ။ ကာမ၊ မဟဂ္ဂုတ်၊ အပ္ပမာဏ၊ ပညတ်၊ အာရုံ ၄-မျိုးကို တိကမာတိကာ၌ ပရိတ္တာရမ္မဏတိတ် အမည်ဖြင့် ဟောတော်မူ၏။ အပေါ်ဆုံးဇယားကွက်၌ ''၁၀၊ ၃၊ ၁၂'' တို့ကို ကောက်သောအခါ ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ခု၊ သန္တီရဏ ၃-ခု၊ မဟာဝိပါက်စိတ် ၈-ခု၊ ဟသိတုပ္ပါဒ်ဟု ကောက်ပါ။

http://www.dhammadownload.com

ကာမကောန် ၂၅-ပါး

၁။	ဒွေပဉ္စဝိညာဏ်	၁၀-ပါး
၂။	မနောဓာတ်	၃-ပါး
၃။	သန္တီရဏ	၃-ပါး
၄။	မဟာဝိပါက်စိတ်	၈-ပါး
၅။	ဟသိတုပ္ပါဒ်စိတ်	၁-ပါး
	ပေါင်း-ကာမကောန်	**၂၅-ပါး**

ပဉ္စဝိကာမအရဖြစ်၏။

ကာမအနောကန် ၃၁-ပါး

၁။	အကုသိုလ်စိတ်	၁၂-ပါး
၂။	မနောဒွါရဝဇ္ဇန်း	၁-ပါး
၃။	မဟာကုသိုလ်စိတ်	၈-ပါး
၄။	မဟာကြိယာစိတ်	၈-ပါး
၅။	အဘိညာဉ်စိတ်	၂-ပါး
	ပေါင်း-ကာမအနောကန်	**၃၁-ပါး**

ကာမမဟဂ္ဂုတ် (ပ) သုံးဆယ့်တစ်စီ အရဖြစ်၏။

ကောန်၊ အနောကန် ၂-ရပ်ကိုပေါင်းလျှင် ကာမကို အာရုံပြုသော စိတ် ၅၆-ပါး ဖြစ်၏။

မဟဂ္ဂုတ်ကောန် ၆-ပါး

မဟဂ္ဂုတ်ကောန်ကို ပြခဲ့ပြီးပြီ။ အနောကန်သည် ကာမနောကန်နှင့်တူ၏။

အပ္ပမာဏ (နိဗ္ဗာန်) ကောန် ၈-ပါး

လောကုတ္တရာစိတ် ၈-ပါးသည် အပ္ပမာဏတရားကို ကောန်အာရုံပြု၏။

http://www.dhammadownload.com

အပ္ပမာဏ (နိဗ္ဗာန်) အနေကန် ၁၁-ပါး

၁။	မနောဒွါရာဝဇ္ဇန်းစိတ်	၁-ပါး
၂။	မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်	၄-ပါး
၃။	မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်	၄-ပါး
၄။	အသိညာဉ်စိတ်	၂-ပါး
	ပေါင်း-နိဗ္ဗာန်အနေကန်	**၁၁-ပါး**

နိဗ္ဗာန်ကော်ဒသ အရဖြစ်၏။

ပညတ်ကေန ၂၁-ပါး

ပညတ်ကေန်ကို ပြခဲ့ပြီးပြီ။ အနေကန်သည် ကာမအနေကန်နှင့် တူ၏။

ပစ္စုပ္ပန်စသော အာရုံ ၄-မျိုး

အာရမ္မဏိကစိတ်		ပစ္စုပ္ပန်-ဘဝင်စိတ်	အတိတ်ဘဝင်စိတ်	အနာဂတ်ဘဝင်စိတ်	ကာလမိုလွတ်စိတ်	အာရုံရေပြင်း
ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃		။				၁
တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁၊		။	။	။		၃
၂၀၊ ၅၊ ၆		။	။	။	။	၄
ဝိညာ၊ နေဝ ၆			။			၁
အဘိညာဉ်ကြဉ်ရှု၊ ၁၅၊ အာကာ၊ အာကိ ၆၊ လောကုတ် ၈၊					။	၁
အာရမ္မဏိကစိတ်ပေါင်း	ကေန်	၁၃	၆		၂၉	
	အနေကန်	၄၃	၄၃	၄၃	၃၁	

http://www.dhammadownload.com

ညွှန်ကြားချက်။ ။ ၂၀၊ ၅၊ ၆ ကို ကာမအနေကန်အတိုင်း ကောက်ပါ။ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ကာလဝိမုတ်၊ အာရုံ ၄-မျိုးကို အတိတာရမ္မဏတိက်အမည်ဖြင့် ဟောတော်မူ၏။

ပစ္စုပ္ပန်ကေန် ၁၃-ပါး

ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ပါး၊ ပေါင်း ၁၃-ပါးသည် ပစ္စုပ္ပန်အာရုံကို ကေန်အာရုံပြု၏။

ပစ္စုပ္ပန်အနေကန် ၄၃-ပါး

ပစ္စုပ္ပန်အနေကန်သည် မမ္မာရုံအနေကန်နှင့်တူ၏။

မှတ်ချက် ။ ။ အတိတ်ကေန်သည် မဟဂ္ဂုတ်ကေန်နှင့်တူ၏။ အနာဂတ် ကေန်မရှိ၊ အတိတ်၊ အနာဂတ် အနေကန်တို့သည် မမ္မာရုံအနေကန်နှင့်တူ၏။

ကာလဝိမုတ်ကေန် ၂၉-ပါး

၁။	အဘိညာဉ်ဒွေမှတစ်ပါး၊ ရူပစိတ်	၁၅-ပါး
၂။	အာကာသာနဉ္စာယတနစိတ်	၃-ပါး
၃။	အာကိဉ္စညာယတနစိတ်	၃-ပါး
၄။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း	၂၉-ပါး

ဝိမုတ် ၂၉-အရဖြစ်၏။

ကာလဝိမုတ် အနေကန်သည် ကာမအနေကန်နှင့်တူ၏။

http://www.dhammadownload.com

အဖျ တွစသော အာရုံ ၃-မျိုး

အာရမ္မဏိကစိတ်		အဖျ တွ	ဘဝင်	အဖစ်, ဘဝင်္ဂ်	အာရုံပေါင်း
၁၀၊ ၃၊ ၁၂	၂၅	။	။		၂
၂၀၊ ၅၊ ၆	၃၁	။	။	။	၃
ဝိညာ၊ နေဝ ၆	၆	။			၁
အာကိဉ္စညာယတနစိတ်	၃			။	၁
၁၈ + ၈ (ရူ၊ အာကာ၊ ကုတ်)	၂၆		။		၁
အာရမ္မဏိကစိတ်ပေါင်း	ဇကန်	၆	၂၆	၃	
	အနေကန်	၅၆	၅၆	၃၁	

ညွှန်ကြားချက်။ ။ ၅၆-ကို ကာမစိတ် စတုပညာသ၊ အဘိညာဉ်ဒွေ ဟုဆိုပါ။

အာကိဉ္စညာယတနစိတ်။ ။ အာကိဉ္စညာယတနစိတ်၏အာရုံဖြစ်သော နတ္ထိဘော ပညတ်သည် ပထမာရုပ္ပ ဝိညာဏ်ဟူသော အဖျ တွတရား၏ မရှိခြင်း အဘာဝပညတ်မျှသာဖြစ်၏။ ထို့ကြောင့် အဖျ တွသက်သက်လည်းမဟုတ်၊ ဗဟိဒ္ဓစစ်စစ်လည်းမဟုတ် ရကား ယင်းနတ္ထိဘောပညတ်အာရုံသည် အဖျ တွ-ဗဟိဒ္ဓဝိမုတ်သာဖြစ်၏။

အာရုံနှစ်ပါးကို ပေါင်းစပ်ထားရုံမျှသာဖြစ်သောကြောင့် အဖျ တွ-ဗဟိဒ္ဓအာရုံကို အသီးအခြား ထည့်သွင်းပြဆိုမှုမပြုဘဲ ချန်ထားခဲ့ရ၏။

ဤ အဖျ တွ၊ ဗဟိဒ္ဓ၊ အဖျ တွဗဟိဒ္ဓဝိမုတ်အာရုံတို့ကို အဖျ တွာရမ္မဏာတိက်အမည်ဖြင့် ဟောတော်မူ၏။

http://www.dhammadownload.com

အဖျ တ္တကေန် ၆-ပါး

၁။	ဝိညာဏဉ္စာယတနစိတ်	၃-ပါး
၂။	နေဝသညာနာသညာယတနစိတ်	၃-ပါး
	ပေါင်း-အဖျ တ္တကေန်	**၆-ပါး**

အဖျ တ္တအနေကန် ၅၆-ပါး

၁။	ကာမစိတ်	၅၄-ပါး
၂။	အဘိညာဉ်စိတ်	၂-ပါး
	ပေါင်း-အဖျ တ္တအနေကန်	**၅၆-ပါး**

သုံးလီအဖျ တ်၊ စွဲလတ်မှီရောက်၊ ငါးဆယ့်ခြောက်မှန် ဟူသော လက်ာအရဖြစ်၏။

ဗဟိဒ္ဓကေန် ၂၆-ပါး

၁။	အဘိညာဉ်ဒွေမှတစ်ပါး ရူပစိတ်	၁၅-ပါး
၂။	အာအာသာနဉ္စာယတနစိတ်	၃-ပါး
၃။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း-ဗဟိဒ္ဓကေန်	**၂၆-ပါး**

ဗာဟျတ်ဆဗ္ဗီ-အရဖြစ်၏။

အနေကန်သည် အဖျ တ္တအနေကန်နှင့်တူ၏။

အဖျ တ္တဗဟိဒ္ဓဝိမုတ်အာရုံကို အာရုံပြုစိတ် ၃-ပါး

အာကိဉ္စညာယတနစိတ် ၃-ပါးသည် အဖျ တ္တဗဟိဒ္ဓဝိမုတ် (နတ္ထိ ဘောပညတ်) အာရုံကို အာရုံပြု၏။

အနေကန် ၃၁-သည် ကာမအနေကန်နှင့်တူ၏။

http://www.dhammadownload.com

ရုပ်၊ နာမ်၊ ပညတ်နှင့် ပရမတ်ပညတ်အာရုံ ၅-မျိုး

အာရမ္မဏိကစိတ်		ပရမတ်		ပညတ်	အာရုံပေါင်း
		ရုပ်	နာမ်		
ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃	၁၃	။			၁
တဒါရုံ ၁၁၊ ဟသိတုပ္ပါဒ် ၁	၁၂	။	။		၂
၂၀၊ ၅၊ ၆	၃၁	။	။	။	၃
ဝိညာ၊ နေဝ ၆၊ လောကုတ် ၈	၁၄		။		၁
အဘိညာဉ်ဒွေကြဉ်ရှု ၁၅ အာကာ၊ အာကိ ၆၊	၂၁			။	၁
အာရမ္မဏိကစိတ်ပေါင်း	ကောန်	၁၃	၁၄	၂၁	
	အနေကန်	၄၃	၄၃	၃၁	
	ကောန်		၃၅	၂၁	
	အနေကန်		၃၁	၃၁	

ညွှန်ကြားချက်။ ။ ရုပ် ကောန်၊ အနေကန်သည် ပစ္စုပ္ပန် ကောန်- အနေကန်နှင့်တူ၏။

နာမ်ကောန် ၁၄-ပါး

၁။ ဝိညာဏဉ္စာယတနစိတ် ၃-ပါး
၂။ နေဝသညာ နာသညာယတနစိတ် ၃-ပါး
၃။ လောကုတ္တရာစိတ် ၈-ပါး
ပေါင်း-နာမ်ကောန် ၁၄-ပါး

အနေကန်သည် ပစ္စုပ္ပန်အနေကန်နှင့်တူ၏။

http://www.dhammadownload.com

ပရမတ္ထကောန် ၃၉-ပါး

၁။	ဒွေပဉ္စဝိညာဏ်	၁၀-ပါး
၂။	မနောဓာတ်	၃-ပါး
၃။	သန္တီရဏစိတ်	၃-ပါး
၄။	မဟာဝိပါက်စိတ်	၈-ပါး
၅။	ဟသိတုပ္ပါဒ်စိတ်	၁-ပါး
၆။	ဝိညာဏဉ္စာယတနစိတ်	၃-ပါး
၇။	နေဝသညာ နာသညာယတနစိတ်	၃-ပါး
၈။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း-ပရမတ္ထကောန်	**၃၉-ပါး**

အနေကန်သည် ကာမအနေကန်နှင့်တူ၏။

အာရုံတစ်ပါးကိုသာ အာရုံပြုစိတ် ၂၈-ပါး

၁။	ဒွေပဉ္စဝိညာဏ်	၁၀-ပါး
၂။	အာကာသာနဉ္စာယတနစိတ်	၃-ပါး
၃။	အာကိဉ္စညာယတနစိတ်	၃-ပါး
၄။	ဝိညာဏဉ္စယတန ကုသိုလ်ဝိပါက်စိတ်	၂-ပါး
၅။	နေဝသညာ နာသညာယတန ကုသိုလ်ဝိပါက်စိတ်	၂-ပါး
၆။	လောကုတ္တရာစိတ်	၈-ပါး
	ပေါင်း	**၂၈-ပါး**

''တစ်ပါးဌဝိ'' အရဖြစ်၏။

http://www.dhammadownload.com

အာရုံ ၂–ပါးကို အာရုံပြုသောစိတ် ၂–ပါး

၁။ ဝိညာဏဉ္စာယတနကြိယာစိတ် ၁–ပါး
၂။ နေဝသညာ နာသညာယတနကြိယာစိတ် ၁–ပါး
ပေါင်း ၂–ပါး

''ဒွေနှစ်လီ'' အရဖြစ်၏။

မှတ်ချက် ။ ။ ဝိညာဏဉ္စာယတန ကြိယာစိတ်သည် အာကာသာနဉ္စာယနတကုသိုလ်၊ ကြိယာ ၂–ပါးကို အာရုံပြုသည်၊ နေဝသညာနာသညာယတန ကြိယာစိတ်သည် အာကိဉ္စညာ ယတနကုသိုလ်၊ ကြိယာ ၂–ပါးကို အာရုံပြုသည်။

အာရုံ ၅–ပါး (ပဉ္စာရုံ) ကို အာရုံပြုသောစိတ် ၃–ပါး

မနောဓာတ် ၃–ပါးသည် ရူပါရုံ စသော အာရုံ ၅–ပါးကို အာရုံပြု၏။ ''ငါးလီမှာသုံး'' အရဖြစ်၏။

အာရုံ ၁၂–ပါးကို အာရုံပြုစိတ် ၃–ပါး

ရူပါဝစရ ပဉ္စမစျာန်စိတ် ၃–ပါးသည် အာရုံ ၁၂–ပါးကို အာရုံပြု၏။ ''ဆယ့်နှစ်သုံးပင်'' အရဖြစ်၏။

မှတ်ချက် ။ ။ ကသိုဏ်းပညတ် ၁၀–ပါး၊ အာနာပါနပညတ်–၁၊ ဥပေက္ခာပြဟ္မဝိဟာရ၏ အာရုံဖြစ်သော သတ္တဝါပညတ် ၁၊ ပေါင်း ၁၂–ပါးကို အာရုံ ၁၂–ပါးဟုခေါ်၏။ (ကမ္မဋ္ဌာန်းပိုင်း စာပိုဒ် ၂၁၊ ၂၄ ကိုထောက်)

အာရုံ ၁၄–ပါးကို အာရုံပြုစိတ် ၉–ပါး

၁။ ရူပါဝစရ ဒုတိယစျာန်စိတ် ၃–ပါး
၂။ ရူပါဝစရ တတိယစျာန်စိတ် ၃–ပါး
၃။ ရူပါဝစရ စတုတ္ထစျာန်စိတ် ၃–ပါး
ပေါင်း ၉–ပါး

''ဆယ့်လေးကိုးလီ'' အရဖြစ်၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ ပထမစျာန်စသော စျာန် ၉-ပါး၏ အာရုံဖြစ်သော ပညတ် ကမ္မဋ္ဌာန်း ၁၄-ပါးကို အာရုံ ၁၄-ပါးဟုခေါ်၏။

အာရုံ ၂၅-ပါးကို အာရုံပြုစိတ် ၃-ပါး

ရူပါဝစရ ပထမစျာန်စိတ် ၃-ပါးသည် အာရုံ ၂၅-ပါးကို အာရုံပြု၏။ ''ပဉ္စဝိသုံးတန်'' အရဖြစ်၏။

မှတ်ချက် ။ ။ ရူပါဝစရ ပထမစျာန်စိတ် ၃-ပါး၏ အာရုံဖြစ်သော ပညတ်ကမ္မဋ္ဌာန်း အာရုံ ၂၅-ပါးကိုပင် အာရုံ ၂၅-ပါးဟုခေါ်၏။

စေတသိက်အာရုံများ

ဆောင် ။ ။ **ငါးဆယ့်နှစ်ခု၊ စေတသိက်စုတွင်၊ အကုသလာ၊ လောကီသာတည်း၊ ကျသေပမဉ်၊ ဖယ်ကြဉ်အဏ္ဏ၊ လောကဖြစ်ဘိ၊ ဝိရတီမူ၊ ဝိတက္ကမိ၊ သမုတ်ရသည့်၊ ကာမနာမ်ရုပ်၊ ပစ္စုပ်မြဲမှတ်၊ စွဲမှီကပ်၏။**

နောက်ထပ် ဝိရတီ၊ လောကုတ်သည်ကား၊ ရွှေပြည် ခေမာ၊ အပွမာဏာ၊ ကာလဝိမုတ်၊ဖွင့်ထုတ်လေအပ်၊ ပညတ်ပမညာ၊ ဝိမုတ္တာဟု၊ အာရုံပြုလျှင်း၊ ကြွင်း လေသမျှ၊ တေတ္တိ်သမှာ၊ ဘယ်ဟာတစ်ခု၊ အာရုံ စုကို၊ မပြုမရှိလေဘူးတည်း။

လောကီကိုသာ အာရုံပြုသော စေတသိက် ၁၄-ပါး

အကုသိုလ် စေတသိက် ၁၄-ပါးသည် လောကီကိုသာ အာရုံပြု၏။

အဏ္ဏတ္တကိုသာ အာရုံပြုသော စေတသိက် ၁-ပါး

မစ္ဆရိယစေတသိက်သည် အဏ္ဏတ္တကိုသာ အာရုံပြု၏။

http://www.dhammadownload.com

ဗဟိဒ္ဓကိုသာ အာရုံပြုသော စေတသိက် ၃-ပါး

ကုသိသာနှင့် အပွမညာ ၂-ပါး၊ ပေါင်း စေတသိက် ၃-ပါးသည် ဗဟိဒ္ဓကိုသာ အာရုံပြု၏။

ပစ္စုပ္ပန်ဖြစ်သော ကာမစိတ်၊ စေတသိက်၊ ရုပ်တရားတို့ကို အာရုံပြုသော စေတသိက် ၃-ပါး

မဟာကုသိုလ်စိတ်၌ယှဉ်သော လောကီဝိရတိ ၃-ပါးသည် ဝိတက္ကမိတဇဟု ခေါ်ဝေါ်သမုတ်အပ်သော ပစ္စုပ္ပန်ဖြစ်သည့် ကာမစိတ်၊ စေတသိက်၊ ရုပ်တရားတို့ကို အာရုံပြု၏။ အနာဂတ်ကို အာရုံမပြု။

နိဗ္ဗာန်ကိုသာ အာရုံပြုသော စေတသိက် ၃-ပါး

လောကုတ္တရာစိတ်၌ယှဉ်သော ဝိရတီသည် နိဗ္ဗာန်ဟုဆိုအပ်သော ကာလဝိမုက်၊ အပ္ပမာဏ တရားကိုသာ အာရုံပြု၏။

ပညတ်ကိုသာ အာရုံပြုသော စေတသိက် ၂-ပါး

အပွမညာသည် ကာလဝိမုတ်ဖြစ်သော သတ္တဝါပညတ်ကို အာရုံပြု၏။

အလုံးစုံကို အာရုံပြုနိုင်သော စေတသိက် ၃၃-ပါး

ဆိုခဲ့ပြီးသော အကုသိုလ်စေတသိက် ၁၄-ပါး၊ ဝိရတိစေတသိက် ၃-ပါး၊ အပွမညာ စေတသိက် ၂-ပါး၊ ပေါင်း ၁၉-ပါးမှ ကြွင်းသော စေတသိက် ၃၃-ပါးသည် အလုံးစုံသော အာရုံကို အာရုံပြု၏။

မှတ်ချက် ။ ။ လောကီဝိရတိ ၃-ပါးသည် အနာဂတ်ကာလကိုလည်း အာရုံပြု၏ဟု ဆိုကြသေး၏။

[လေ့ကျင့်ခန်း]

၁။ စိတ်၊ စေတသိက်တို့၏ မွေ့လျော် ပျော်ရွှင်ရာ အာရုံ ၆-ပါးကို တရားကိုယ်ကောက်ပြ၍၊ မနောဒွါရိက စိတ်တို့၏ မွေ့လျော်ပျော်ပါးရာ အာရုံကို ဖော်ပြပါ။

http://www.dhammadownload.com

၂။ ဘာဝရုပ်ကို အာရုံပြုနိုင်သော စိတ်တို့ကိုဖော်ပြ၍၊ ကုန္ဒိဝိဓကြွယာ အဘိညာဉ်၏အာရုံကိုရေး၍၊ ဇောဝိသတိ ဝေါဟာရ၌ ဝေါဟာရအရ ကို ရေးပါ။

၃။ အောက်ပါစိတ်တို့ကို ဖော်ပြခဲ့ပါ။

(က) ရသာရုံကို အာရုံပြု၍၊ ဓမ္မာရုံကို အာရုံမပြုသောစိတ်၊

(ခ) ဓမ္မာရုံကို အာရုံပြု၍၊ ရသာရုံကို အာရုံမပြုသောစိတ်၊

(ဂ) နှစ်ပါးစုံကို အာရုံပြုသောစိတ်၊

(ဃ) နှစ်ပါးစုံကို အာရုံမပြုသောစိတ်၊

(င) ဂေါစရရုပ်ကို အာရုံပြုနိုင်သောစိတ်၊

(စ) စက္ခုပသာဒရုပ်ကို အာရုံပြုနိုင်သောစိတ်၊

ဝတ္ထုသင်္ဂဟ

စိတ် စေတသိက်တို့၏ မှီရာ၊ တည်ရာဖြစ်သောကြောင့် ပသာဒရုပ်နှင့် ဟဒယရုပ်ကို ဝတ္ထုဟုခေါ်၏။

ဝတ္ထု ၆–ပါး ။ ။ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဃာနဝတ္ထု၊ ဇိဝှါဝတ္ထု၊ ကာယဝတ္ထု၊ ဟဒယဝတ္ထုဟု ဝတ္ထု ၆–ပါးပြား၏။

ဝတ္ထု ၆–ပါး၏ တရားကိုယ်

၁။ စက္ခုပသာဒသည် စက္ခုဝတ္ထုမည်၏။

၂။ သောတပသာဒသည် သောတဝတ္ထုမည်၏။

၃။ ဃာနပသာဒသည် ဃာနဝတ္ထုမည်၏။

၄။ ဇိဝှာပသာဒသည် ဇိဝှာဝတ္ထုမည်၏။

၅။ ကာယပသာဒသည် ကာယဝတ္ထုမည်၏။

၆။ ဟဒယရုပ်သည် ဟဒယဝတ္ထုမည်၏။

http://www.dhammadownload.com

ဝတ္ထုဖြင့် ဘုံကိုဝေဖန်ပုံ

၁။ ကာမဘုံ၌ ဝတ္ထုရုပ် ၆–ပါးလုံးရှိ၏။

၂။ ရူပဘုံ၌ စက္ခုဝတ္ထု၊ သောတဝတ္ထု၊ ဟဒယဝတ္ထု သုံးပါးသာရှိ၏။ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု ၃–ပါးမရှိ။

၃။ အရူပဘုံ၌ ဝတ္ထုရုပ် ၆–ပါးလုံးမရှိ။

မှတ်ချက် ။ ။ **တာနိ ကာမလောကေ သမ္ဘာနိပိ လဗ္ဘန္တိ** – ဟူသော ပါဠိကိုထောက်၍ ကာမဘုံသား သတ္တဝါသန္တာန်၌ ဝတ္ထုရုပ် ၆–ပါးလုံးကို ရရှိနိုင်သောကြောင့် ကာမဘုံ သား မိကျောင်းသတ္တဝါ သန္တာန်၌ လျှာမရှိဟူသော အယူအဆသည် မမှန်ကန်ပါ။

ရူပလောကော ပန ဃာနာဒိတ္တယံ နတ္ထိ ဟူသောစကားအရ ရူပဘုံ၌ ဃာနဝတ္ထု၊ ဇိဝှာဝတ္ထု၊ ကာယဝတ္ထု မရှိဟုဆိုသော်လည်း ရူပပြဟ္မာ သန္တာန်၌ နှာခေါင်း၊ လျှာနှင့် ခန္ဓာကိုယ်များမရှိဟု မမှတ်ရပါ။ ပသာဒရုပ် အကြည်ဓာတ်သာ မရှိပါ။ နှာခေါင်း၊ လျှာ၊ ခန္ဓာကိုယ်သဏ္ဌာန်များ လှပပြေပြစ်စွာ ရှိကြသည်ဟုမှတ်ပါ။

ဃာနာဒိတ္တယံနတ္ထိနှင့် အဟိနိန္ဒြိယ

ရူပပြဟ္မာကို ချီးမွမ်းရာ၌ အဟိနိန္ဒြိယော၊ မယုတ်လျော့သော ကုန္ဒြေရှိ၏ဟူသော စကားရပ်ပါရှိ၏။ ယင်းစကားရပ်နှင့် ''ဃာနာဒိတ္တယံ နတ္ထိ'' ဟူသော စကားရပ်သည် ဆန့်ကျင်သလိုထင်ရ၏။

အဟိနိန္ဒြိယဟူသော ပါဠိတော်စကားရပ်သည် ပုံသဏ္ဌာန်ကို ရည်ရွယ်သော စကားရပ်ဖြစ်၏။ ''ဃာနာဒိတ္တယံနတ္ထိ'' ဟူသော ပါဠိတော် စကားရပ်သည် ပသာဒရုပ်ကို ရည်ရွယ်သော စကားရပ်ဖြစ်၏။ ထို့ကြောင့် အဆိုပါ စကား ၂–ရပ် မဆန့်ကျင်ပါ။

http://www.dhammadownload.com

သတ္တဝိညာဏဓာတ်

၁။ စက္ခုဝိညာဏဓာတ်
၂။ သောတဝိညာဏဓာတ်
၃။ ဃာနဝိညာဏဓာတ်
၄။ ဇိဝှာဝိညာဏဓာတ်
၅။ ကာယဝိညာဏဓာတ်
၆။ မနောဓာတ်
၇။ မနောဝိညာဏဓာတ် – ဤသို့ ဝိညာဏဓာတ် ၇–ပါးပြား၏။

သတ္တဝိညာဏဓာတ်၏ တရားကိုယ်

၁။ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။
၂။ သောတဝိညာဏ်ဒွေသည် သောတဝိညာဏဓာတ်မည်၏။
၃။ ဃာနဝိညာဏ်ဒွေသည် ဃာနဝိညာဏဓာတ်မည်၏။
၄။ ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာဝိညာဏဓာတ်မည်၏။
၅။ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏဓာတ်မည်၏။
၆။ ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ်မည်၏။
၇။ ကြွင်းသော ကုသိုလ်စိတ် ၂၁၊ အကုသိုလ်စိတ် ၁၂၊ ဝိပါက်စိတ် ၂၄၊ ကြိယာစိတ် ၁၀၊ ပေါင်း ၇၆–ပါးသည် မနောဝိညာဏဓာတ်မည်၏။

ပဉ္စဝတ္ထုကို ပဉ္စဝိညာဏဓာတ်ဖြင့် တွဲစပ်ပုံ

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကိုမှီ၏။
၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကိုမှီ၏။
၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကိုမှီ၏။
၄။ ဇိဝှာဝိညာဏဓာတ်သည် ဇိဝှာဝတ္ထုကိုမှီ၏။
၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကိုမှီ၏။
ဤကား – ယထာက္ကမတွဲစပ်ပုံတည်း။

http://www.dhammadownload.com

ဟဒယဝတ္ထုကို အမြဲမှီသောစိတ် ၃၃-ပါး

၁။	မနောဓာတ်	၃-ပါး
၂။	သန္တီရဏဓာတ်	၃-ပါး
၃။	မဟာဝိပါက်စိတ်	၈-ပါး
၄။	ဒေါသမူစိတ်	၂-ပါး
၅။	သောတာပတ္တိမဂ်စိတ်	၁-ပါး
၆။	ဟသိတုပ္ပါဒ်စိတ်	၁-ပါး
၇။	ရူပါဝစရစိတ်	၁၅-ပါး
	ပေါင်း-ယဒယဝတ္ထုကို အမြဲမှီစိတ်	**၃၃-ပါး**

မှတ်ချက် ။ ။ ဟဒယဝတ္ထုကို အမြဲမှီသော မနောဝိညာဏဓာတ်ကို ဖော်ပြပါဟုမေးလျှင် မနောဓာတ် ၃-ပါးမှ ကြွင်းသော စိတ် ၃၀-ကို ဖြေပါ။

ဟဒယဝတ္ထုကို ရံခါမှီသောစိတ် ၄၂-ပါး

၁။	လောဘမူစိတ်	၈-ပါး
၂။	မောဟမူစိတ်	၂-ပါး
၃။	မနောဒွါရာဝဇ္ဇန်းစိတ်	၁-ပါး
၄။	မဟာကုသိုလ်စိတ်	၈-ပါး
၅။	မဟာကြိယာစိတ်	၈-ပါး
၆။	အရူပါဝစရကုသိုလ်စိတ်	၄-ပါး
၇။	အရူပါဝစရကြိယာစိတ်	၄-ပါး
၈။	သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်	၇-ပါး
	ပေါင်း-ဟဒယဝတ္ထုကို ရံခါမှီစိတ်	**၄၂-ပါး**

http://www.dhammadownload.com

မှတ်ချက် ။ ။ ဤစိတ် ၄၂-ပါးသည် ပဋ္ဌဝေါကာရဘုံ၌ ဖြစ်ခိုက်၊ ဟဒယဝတ္ထုကိုမှီ၏။ စုတဝေါကာရဘုံ၌ဖြစ်ခိုက်၊ ဟဒယဝတ္ထုကိုမမှီ။ ဟဒယဝတ္ထုကို ရုံခါမှီသော မနော ဝိညာဏဓာတ်ကို ရေးပါဟုမေးလျှင် ဤစိတ် ၄၂-ပါး ကိုဖြေပါ။

ဟဒယဝတ္ထုကို အမြဲမမှီသောစိတ် ၄-ပါး

အရူပဝိပါက်စိတ် ၄-ပါးသည် ရုပ်မရှိသော အရူပဘုံ၌သာဖြစ်သော ကြောင့် ဟဒယဝတ္ထုကို အမြဲမမှီဘဲဖြစ်၏။

မှတ်ချက် ။ ။ အရူပဝိပါက်စိတ် ၄-ပါးသည် ဟဒယဝတ္ထုကို လုံးဝ မမှီသော မနောဝိညာဏဓာတ်တည်း။ ဤသို့လျှင် မနောဝိညာဏဓာတ်ကို အောက်ပါအတိုင်း ၃-မျိုး ခွဲထားသည်ဟုမှတ်ပါ။

၁။ ဟဒယဝတ္ထုကို အမြဲမှီသော မနောဝိညာဏဓာတ်-၃၀။
၂။ ဟဒယဝတ္ထုကို ရုံခါမှီသော မနောဝိညာဏဓာတ်-၄၂။
၃။ ဟဒယဝတ္ထုကို လုံးဝမမှီသော မနောဝိညာဏဓာတ်-၄။

ဆဝတ္ထု၊ နိဿိတာ ကာမေ သတ္တ

ကာမဘုံ၌ -

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကိုမှီ၏။
၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကိုမှီ၏။
၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကိုမှီ၏။
၄။ ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကိုမှီ၏။
၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကိုမှီ၏။
၆။ မနောဓာတ်၊ မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကိုမှီ၏။

http://www.dhammadownload.com

ရူပေ စတုဗ္ဗိဓာ၊ တိဝတ္ထုံ နိဿိတာ

အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၌ -

၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကိုမှီ၏။

၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကိုမှီ၏။

၃။ မနောဓာတ်၊ မနောဝိညာဏဓာတ်သည် ဟဒယဝတ္ထုကိုမှီ၏။

အရူပေ ဝတ္ထုံ အနိဿိတာ ကော

အရူပ ၄-ဘုံ၌ မနောဝိညာဏဓာတ်သည် မည်သည့်ဝတ္ထုရုပ်ကိုမျှ မမှီဘဲဖြစ်၏။

အရူပဘုံ၌ မနောဝိညာဏဓာတ်

၁။	လောဘမူစိတ်	၈-ပါး
၂။	မောဟမူစိတ်	၂-ပါး
၃။	မနောဒ္ဓါရာဝဇ္ဇန်းစိတ်	၁-ပါး
၄။	မဟာကုသိုလ်စိတ်	၈-ပါး
၅။	မဟာကြိယာစိတ်	၈-ပါး
၆။	အရူပါဝစရစိတ်	၁၂-ပါး
၇။	သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ်	၇-ပါး
	ပေါင်း-အရူပဘုံ၌ မနောဝိညာဏဓာတ်	**၄၆-ပါး**

တေစတ္တာလီသအရ

၁။	ဒွေပဉ္စဝိညာဏ်	၁၀-ပါး
၂။	မနောဓာတ်	၃-ပါး
၃။	သန္တီရဏစိတ်	၃-ပါး
၄။	မဟာဝိပါက်စိတ်	၈-ပါး
၅။	ဒေါသမူစိတ်	၂-ပါး
၆။	သောတာပတ္တိမဂ်စိတ်	၁-ပါး

http://www.dhammadownload.com

၇။	ဟသိတုပ္ပါဒ်စိတ်	၁–ပါး
၈။	ရူပါဝစရစိတ်	၁၅–ပါး
	ပေါင်း	**၄၃–ပါး**

မှတ်ချက် ။ ။ ဒွေစတ္တာလီသအရ ဟဒယဝတ္ထုကို ရံခါမှီသောစိတ် ၄၂–ပါးကို ကောက်ပါ။

ကာမဘုံ၌သာဖြစ်သောစိတ် ၁၆–ပါး

၁။	ဒေါသမူစိတ်	၂–ပါး
၂။	ဃာနဝိညာဏ်စိတ်	၂–ပါး
၃။	ဇိဝှာဝိညာဏ်စိတ်	၂–ပါး
၄။	ကာယဝိညာဏ်စိတ်	၂–ပါး
၅။	မဟာဝိပါက်စိတ်	၈–ပါး
	ပေါင်း–ကာမဘုံ၌သာဖြစ်သောစိတ်	**၁၆–ပါး**

ရူပဘုံ၌သာဖြစ်သောစိတ် ၅–ပါး

ရူပါဝစရ ဝိပါက်စိတ် ၅–ပါးသည် ရူပဘုံ၌သာဖြစ်၏။

အရူပဘုံ၌သာဖြစ်သောစိတ် ၄–ပါး

အရူပဝိပါက်စိတ် ၄–ပါးသည် အရူပဘုံ၌သာဖြစ်၏။

ကာမဘုံ, ရူပဘုံ ၂–ပါး၌သာဖြစ်သော စိတ် ၂၂–ပါး

၁။	စက္ခုဝိညာဏ်စိတ်	၂–ပါး
၂။	သောတဝိညာဏ်စိတ်	၂–ပါး
၃။	မနောဓာတ်	၃–ပါး
၄။	သန္တီရဏစိတ်	၃–ပါး
၅။	ဟသိတုပ္ပါဒ်စိတ်	၁–ပါး
၆။	ရူပါဝစရကုသိုလ်စိတ်	၅–ပါး
၇။	ရူပါဝစရကြိယာစိတ်	၅–ပါး
၈။	သောတာပတ္တိမဂ်စိတ်	၁–ပါး
	ပေါင်း–ကာမဘုံ၊ ရူပဘုံ ၂–ပါး၌သာဖြစ်သောစိတ်	**၂၂–ပါး**

http://www.dhammadownload.com

ကာမ၊ ရူပ၊ အရူပ၊ ဘုံ ၃-ပါး၌သာဖြစ်သော စိတ် ၄၂-ပါး

ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၊ ဘုံ ၃-ပါး၌သာဖြစ်သောစိတ်အရေကို ဟဒယဝတ္ထုကို ရံခါမှီသောစိတ် ၄၂-ပါးအတိုင်းကောက်ပါ။

စေတသိက်ကိုဝေဖန်ခြင်း

သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ၇-ပါးသည် ဝတ္ထုရုပ် ၆-ပါးကို ရံခါမှီသည်။ ပဉ္စဝေါကာရဘုံ၌ဖြစ်ခိုက် ဝတ္ထုရုပ် ၆-ပါးကိုမှီ၍ စတုဝေါကာရဘုံ၌ဖြစ်ခိုက်၊ မမှီ။

ဒေါသ၊ ကုက္ကုစ္စတို့သည် ကာမဘုံ၌သာ ဖြစ်ကြ၏။ အပ္ပမညာသည် ကာမဘုံ၊ ရူပဘုံ၌သာဖြစ်သင့်၏။ ထို့ကြောင့် ထိုစေတသိက် ၆-ပါးသည် ဟဒယဝတ္ထုကို အမြဲမှီ၏။

ကြွင်းသော စေတသိက် ၃၉-ပါးသည် ကာမဘုံ၊ ရူပဘုံတို့၌ဖြစ်ခိုက် ဟဒယဝတ္ထုကိုမှီ၍ အရူပဘုံ၌ဖြစ်ခိုက် ဟဒယဝတ္ထုကို မမှီပါ။ (အပ္ပမညာ ၂-ပါးသည် အရူပဘုံ၌လည်း မဖြစ်နိုင်ဟု ယူကြသေး၏။)

[လေ့ကျင့်ခန်း]

၁။ မိကျောင်း၌ လျှာမရှိဟူသောစကား မှန် – မမှန်ကို သာဓကပြဖြေဆို၍၊ အဘယ်ကို မနောဓာတ်ဟုခေါ်သနည်း။ ပါဠိကိုးကား၍ ဖြေဆိုပါ။

၂။ မနောဝိညာဏဓာတ် အမျိုးအစားကိုရေး၍၊ ဟဒယဝတ္ထုကို အမြဲမှီသော ဝိညာဏဓာတ်အရေကို ကောက်ပြခဲ့ပါ။

၃။ ရူပဘုံ၌ဖြစ်သော ဝိညာဏဓာတ်တို့ကို ဆိုင်ရာဝတ္ထုရုပ်နှင့် တွဲစပ်ဖော်ပြ၍ အရူပဘုံ၌ဖြစ်သော မနောဝိညာဏဓာတ်အရေကို ဖော်ပြခဲ့ပါ။

ဝတ္ထုသင်္ဂဟပြီး၏။

ဃဃဃဃဃ

http://www.dhammadownload.com

အမှာ ။ ။ ပကိဏ်းပိုင်းလာ သင်္ဂဟ ၆-မျိုးဖြင့် ဝေဖန်ပုံကို စာမေးပွဲ၌ မကြာခဏ မေးလေ့ရှိပါသည်။ ထို့ကြောင့် နမူနာအဖြစ် မနောမာတ် ၃-ပါးနှင့် အဘိညာဉ်ဒွေကို သင်္ဂဟ ၆-မျိုးဖြင့် ဝေဖန်ပြပါမည်။

မနောမာတ် ၃-ပါးကို သင်္ဂဟ ၆-မျိုးဖြင့် ဝေဖန်ပုံ

မနောမာတ် ၃-ပါးသည် -

၁။ ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊
၂။ ဟိတ်အားဖြင့် အဟိတ်စိတ်၊
၃။ ကိစ္စအားဖြင့် ပဋ္ဌဒ္ဓါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ သမ္ပဋိစ္ဆိန်းဒွေသည် သမ္ပဋိစ္ဆိန်းကိစ္စ။
၄။ ဒွါရအားဖြင့် ငါးဒွါရ၊
၅။ အာရုံအားဖြင့် ပစ္စုပ္ပန်ပဋ္ဌာရုံ၊
၆။ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီ၏။

အဘိညာဉ်ဒွေကို သင်္ဂဟ ၆-မျိုးဖြင့် ဝေဖန်ပုံ

အဘိညာဉ်ဒွေသည် -

၁။ ဝေဒနာအားဖြင့် ဥပေက္ခာဝေဒနာ၊
၂။ ဟိတ်အားဖြင့် သဟိတ်၊ တိဟိတ်၊
၃။ ကိစ္စအားဖြင့် ဇောကိစ္စ၊
၄။ ဒွါရအားဖြင့် မနောဒွါရ၊

http://www.dhammadownload.com

၅။ အာရုံအားဖြင့် ကုသိုလ်ဘိညာဉ်သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကြဉ်၊ အလုံးစုံသော အာရုံ ၆-ပါးကို အာရုံပြုပါသည်။

ကြိယာအဘိညာဉ်သည် အလုံးစုံသော အာရုံ ၆-ပါးကို အာရုံပြု၏။

၆။ ဝတ္ထုအားဖြင့် ဟဒယဝတ္ထုကို အမြဲမှီပါသည်။

ပကိဏ်းဝိုင်းပြီး၏။



http://www.dhammadownload.com

ရုပ်ပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

တ္ထောဝတာ စသော ဂါထာသည် စကားစပ် အနုသန္ဓေနှင့် ပဋိညာဉ်ကို ပြ၏။

ပဘေဒ ။ ။ ဥဒ္ဒေသ၊ နိဒ္ဒေသ၊ ပဋိနိဒ္ဒေသ ဟူသော အပြားသုံးမျိုး ကို ''**ပဘေဒ**'' ဟု ခေါ်၏။

ပဝတ္တိ ။ ။ စိတ်၊ စေတသိက်တို့၏ ဖြစ်ပုံ၊ ဖြစ်ဟန်ကို ''**ပဝတ္တိ**'' ဟု ခေါ်၏။ ယင်းဖြစ်ပုံသည် ဝီထိစိတ်အားဖြင့် ဖြစ်ပုံ၊ ဝီထိမုတ် စိတ်အားဖြင့် ဖြစ်ပုံဟု နှစ်မျိုးရှိ၏။ ဝီထိစိတ် အားဖြင့် ဖြစ်ပုံကို ဝီထိပိုင်းဖြင့်ပြ၍ ဝီထိမုတ်စိတ်အားဖြင့် ဖြစ်ပုံကို ဝီထိမုတ်ပိုင်းဖြင့်ပြ၏။

သင်္ဂဟ ၅-ပါး မာတိကာ

သမုဒ္ဒေသာ ဝိဘာဂါစ စသော ဂါထာသည် ရုပ်ပိုင်း၌ ပြရမည့် သင်္ဂဟ ၅-မျိုးကို အကျဉ်းချုပ် ခေါင်းစဉ်ပြသော ''**မာတိကာ**'' ပြ ဂါထာ ဖြစ်၏။

၁။ **ရူပသမုဒ္ဒေသ** ။ ။ ရုပ် ၂၈-ပါးကို အကျဉ်းချုပ်မျှ ထုတ်ပြရာ စကား ရပ်။

၂။ **ရူပဝိဘာဂ** ။ ။ ဇောဝိဓ စသောနည်းဖြင့် ရုပ်တို့ကို ခွဲခြမ်း ဝေဖန်ရာ စကားရပ်။

http://www.dhammadownload.com

၃။ **ရူပသမုဋ္ဌာန** ။ ။ ရုပ်ဖြစ်ကြောင်းတရားနှင့် ယင်းအကြောင်းတရားကြောင့် ဖြစ်သော ရုပ်တို့ကို ပြဆိုရာ စကားရပ်။

၄။ **ရူပကလာပ** ။ ။ အတူတကွဖြစ်ဖက် ရုပ်တို့ကို ပေါင်းစပ် ဖွဲ့စည်းပြရာ စကားရပ်။

၅။ **ရူပပဝတ္တိက္ကမ** ။ ။ ဘဝ၊ ကာလ၊ သတ္တဝါအပြားဖြင့် ရုပ်တို့၏ ဖြစ်ပျက်ပုံ အစဉ်ကို ပြဆိုရာ စကားရပ်။

ရုပ်ပိုင်း၌ ဤသို့ သင်္ဂဟ ၅ – ရပ် ပါရှိ၏။

ရူပသမုဒ္ဒေသ

''စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ'' ဟူသော စကားရပ်ကိုထောက်၍ အခြေခံအားဖြင့် ရုပ်သည် မဟာဘုတ်၊ ဥပါဒါရုပ်ဟု နှစ်မျိုးပြား၏။

ရုပ် ၂၈ – ပါး

၁။	မဟာဘုတ်	၄ – ပါး
၂။	ဥပါဒါရုပ်	၂၄ – ပါး
	ပေါင်း	**၂၈ – ပါး**

မဟာဘူတ ။ ။ ကြီးကျယ်ထင်ရှားသော ရုပ်ကို မဟာဘုတ်ဟုခေါ်၏။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ရုပ်များသည် အခြား ရုပ်များထက် အထည်ကိုယ်ခြေပ်အားဖြင့်လည်း ကြီးကျယ်၏။ သဘာဝလက္ခဏာအားဖြင့်လည်း ထင်ရှား၏။ ထို့ကြောင့် မဟာဘုတ်ဟူသော အမည်ကို ရရှိ၏။

ဥပါဒါ ။ ။ **''စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ''** ဟူသော စကားကို ထောက်၍ မဟာဘုတ် ၄–ပါး ကို မှီ၍ဖြစ်သော

http://www.dhammadownload.com

ရုပ်ကို ဥပါဒါရုပ်ဟု ခေါ်၏။ ဥပါဒါရုပ်သည် မဟာဘုတ်ကို ခြယ်လှယ် အမွှမ်းတင်သော ရုပ်များဖြစ်၏။

ရုပ်တရားများ စတင်ဖွဲ့စည်း ဖြစ်ပေါ်ရာ၌ ရုပ်ဒြပ်ဝတ္ထု တစ်ခု ဖြစ်အောင် မဟာဘုတ်များက စတင်ဖွဲ့စည်းဖြစ်ပေါ်ပြီးမှ ထိုမဟာဘုတ် တို့ကိုမှီ၍ ဥပါဒါရုပ်များ ဖြစ်ပေါ်ကြ၏။

မှတ်ချက် ။ ။ မဟာဘုတ်ကိုမှီ၍ မဟာဘုတ်ကို ချယ်လှယ်သော ဥပါဒါ ရုပ်နှင့် စိတ်မှာမှီလျက် စိတ်ကို ချယ်လှယ်သော စေတ သိက် တရားတို့ကို သတိပြုပါ။

ကောဒသဝိဓအရ

၁။ မဟာဘုတ်
၂။ ပသာဒရုပ်
၃။ ဂေါစရရုပ်
၄။ ဘာဝရုပ်
၅။ ဟဒယရုပ်
၆။ ဇီဝိတရုပ်
၇။ အာဟာရုပ်
၈။ ပရိစ္ဆေဒရုပ်
၉။ ဝိညတ်ရုပ်
၁၀။ ဝိကာရရုပ်
၁၁။ လက္ခဏာရုပ် ဟူ၍ ရုပ်အမည် ၁၁ – မျိုးကို ယူပါ။

မဟာဘုတ် ၄ – ပါး

၁။ ပထဝီဓာတု = မြေဓာတ် (နူးညံ့မှု၊ ခက်မာမှုသဘော)
၂။ အာပေါဓာတု = ရေဓာတ် (ဖွဲ့စည်းမှု၊ ယိုစီးမှုသဘော)
၃။ တေဇောဓာတု = အင်္ဂေ့ဓာတ် (ပူမှု၊ အေးမှုသဘော)
၄။ ဝါယောဓာတု = လေဓာတ် (ထောက်ကန်မှု၊ လှုပ်ရှားမှုသဘော)

မှတ်ချက် ။ ။ ဤ ပထဝီ စသော ရုပ် ၄–ပါးကို မဟာဘုတ်ဟုလည်း ကောင်း၊ ဘူတရုပ်ဟုလည်းကောင်း၊ ဓာတ်ကြီးလေးပါး ဟု လည်းကောင်း ခေါ်ကြ၏။

မိမိသဘောကို ဆောင်သောကြောင့် ထို ပထဝီ၊ အာပေါ၊ တေ ဇော၊ ဝါယော တို့ကို ဓာတု၊ ဓာတ်ဟုလည်းခေါ်၏။

http://www.dhammadownload.com

မဟာဘုတ် ၄–ပါးသည် ဘီလူးမ၊ မျက်လှည့်ဆရာများနှင့်တူ၏။

ဥပါဒါရုပ် ၂၄ – ပါး

ပသာဒရုပ် ။ ဆိုင်ရာအာရုံများ ထင်ရှားလာဖို့ရာ အချို့ ရုပ်ကလာပ်၌ အကြည်ဓာတ်ပါရှိ၏။ ထိုအကြည်ဓာတ်ကို ပသာဒရုပ်ဟုခေါ်၏။ မဟာဘုတ်တို့ကို ကြည်လင်စေတတ်သောကြောင့် စက္ခု စသည်တို့ကို ပသာဒဟု ခေါ်၏။

ပသာဒရုပ် ၅ – ပါး

(၁) စက္ခုပသာဒ
(၂) သောတပသာဒ
(၃) ဃာနပသာဒ
(၄) ဇိဝှါပသာဒ
(၅) ကာယပသာဒ

ပသာဒရုပ် ၏ အဓိပ္ပါယ်နှင့် တည်ရာဌာန

(၁) မျက်စိ အကြည်ဓာတ်ကို စက္ခုပသာဒ ဟုခေါ်၏။ ထိုစက္ခုပသာဒသည် မျက်လုံးအတွင်း မျက်နှက်ဝန်း အလယ် သူငယ်ရိပ်ထင်ရာ အရပ်၌ ပုံ့နှံ့လျက် တည်ရှိ၏။

(၂) နားအကြည်ဓာတ်ကို သောတပသာဒ ဟုခေါ်၏။ ထိုသောတပသာဒသည် နားပေါက် အတွင်းဝယ် လက်စွပ်ကွင်းသဏ္ဌာန် ရှိသော အရပ်၌ ပုံ့နှံ့တည်ရှိ၏။

(၃) နှာခေါင်းအကြည်ဓာတ်ကို ဃာနပသာဒ ဟုခေါ်၏။ ထိုဃာနပသာဒသည် နှာခေါင်းပေါက်အတွင်းဝယ် ဆိတ်ခွာသဏ္ဌာန်ရှိသော အရပ်၌ ပုံ့နှံ့တည်ရှိ၏။

(၄) လျှာ အကြည်ဓာတ်ကို ဇိဝှါပသာဒဟု ခေါ်၏။ ထိုဇိဝှါပသာဒသည် လျှာ၏အလယ် ကြာပွင့်ဖတ် အဖျားနှင့် တူသော အရပ်၌ ပုံ့နှံ့တည်ရှိ၏။

http://www.dhammadownload.com

(၅) ကိုယ်အကြည်ဓာတ်ကို ကာယပသာဒဟု ခေါ်၏။ ထိုကာယ ပသာဒသည် အသားမာ၊ ခြောက်သွေ့နေသော အရေ၊ ခြေသည်း၊ လက်သည်းဖျား၊ ဆံပင်ဖျား၊ အမွေးတို့မှတစ်ပါး တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိ၏။

ဂေါစရရူပ် ၎ – ပါး

၁။ ရူပါရုံ
၂။ သဒ္ဒါရုံ
၃။ ဂန္ဓာရုံ
၄။ ရသာရုံ
၅။ ပထဝီ၊ တေဇော၊ ဝါယော ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံ။

မှတ်ချက် ။ ။ ဖောဋ္ဌဗ္ဗာရုံဟု ရုပ်သီးခြား မရှိပါ။ တွေ့ထိ၍ ရနိုင်သော ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဓာတ်ကြီး ၃–ပါးကိုပင် ဖောဋ္ဌဗ္ဗာရုံဟု ခေါ်၏။

အာပေါဓာတ်သည် အလွန်သိမ်မွေ့သည်ဖြစ်၍ တွေ့ထိ၍ မရကောင်းသောကြောင့် ဖောဋ္ဌဗ္ဗာရုံဟု မခေါ်နိုင်။ ထို့ကြောင့် အာပေါဓာတု ဝိဇ္ဇတံဟု အရှင်အနုရုဒ္ဓါဆရာ မိန့်ကြားခဲ့ခြင်းဖြစ်သည်။

ဂေါစရရူပ် ၎–ပါးသည် အာရမ္မဏသင်္ဂဟ၌ ပြခဲ့သော အာရုံ ၅–ပါးပင်ဖြစ်၏။ ပထဝီ၊ တေဇော၊ ဝါယောတို့ကို ပေါင်း၍ ဖောဋ္ဌဗ္ဗာရုံ အမည်တစ်ခုဖြင့် ခေါ်ဝေါ်သုံးစွဲထားခြင်းကြောင့် ဂေါစရရူပ် ၎ – ပါးက ၅–ပါးသာ ဖြစ်လာခဲ့ရ။

ဘာဝရူပ် ။ ။ အထီး–အမ ဖြစ်ရန် အကြောင်းခံရုပ်ကို ဘာဝရူပ်ဟု ခေါ်၏။

ကလ္လတ္ထဘာဝရူပ်သည် အမသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိနေ၏။ ပုရိသ ဘာဝရူပ်သည် အထီးသတ္တဝါ၏ တစ်ကိုယ်လုံး၌ ပျံ့နှံ့တည်ရှိနေ၏။ အထီး – အမ အင်္ဂါတော်သည်ကား ဘာဝရူပ် မဟုတ်။

http://www.dhammadownload.com

ဘာဝရှုပ် ၂ – ပါး

၁။ ကုတ္ထိ ဘာဝရှုပ်
၂။ ပုရိသ ဘာဝရှုပ်

ဟဒယရှုပ် ။ ။ ရှုပကဏ္ဍပါဠိတော်၌ မနောဓာတ်၊ မနောဝိညာဏဓာတ် တို့၏ မှီရာရှုပ်ဝတ္ထုကို တိုက်ရိုက် ဟောတော်မမူခဲ့ပါ။ သို့သော် ''ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏ ဓာတုစ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတု ယာ စ မနောဝိညာဏဓာတုယာ စ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော'' ဟူသော ပဋ္ဌာန်းပါဠိတော်ကို ထောက်၍ မနောဓာတ်၊ မနောဝိညာဏဓာတ်တို့နှင့် ယှဉ်ဖက် စေတသိက်တရားတို့၏ မှီရာ ရုပ်တစ်မျိုးကား ဇကန်ရှိရပါမည်။

ထိုရုပ်ကို ဟဒယရုပ်ဟု အဋ္ဌကထာဆရာတို့က ဖွင့်ပြကြ၏။ ထို ဟဒယရုပ်သည် ရင်ချိုင့်အတွင်းမှာ တည်ရှိ၏။ သို့သော် ဆရာဝန်များ စမ်းသပ်လေ့ရှိသော လက်ဝဲဘက် ရင်အုံအောက်ရှိ နှလုံးသားကို ဟဒယ ဝတ္ထုဟု မခေါ်ပါ။ ရင်ချိုင့်အတွင်းရှိ စိတ်၏မှီရာ ရုပ်တစ်မျိုးကို ဟဒယဝတ္ထု ဟုခေါ်၏။

အချို့က စိတ်သည် ဦးနှောက်ကို မှီ၍ ဖြစ်သည်ဟု ဆိုကြ၏။ အဘိဓမ္မာအမြင်ဖြင့် စိတ်နှင့် စိတ်၏မှီရာ ဝတ္ထုရုပ်သည် ကလလရေကြည် တည်ခါစအချိန်ကပင် စတင်ဖြစ်ပေါ်ခဲ့၏။ စိတ်နှင့် စိတ်၏မှီရာ ဝတ္ထု ရုပ် စတင်ဖြစ်ပေါ်ချိန်၌ ဦးခေါင်းပိုင်းဆိုင်ရာ စက္ခုပသာဒ စသော ရုပ်များ မဖြစ်ပေါ်ကြသေးပါ။ ထို့ကြောင့် လူခန္ဓာကိုယ် စတင်ဖြစ်ပေါ်ရာ ပဋိသန္ဓေ စိတ်၏ ဥပါဒ်ခဏ၌ ပဋိသန္ဓေစိတ်နှင့်အတူ ဖြစ်ပေါ်ခဲ့သော ဝတ္ထုရုပ်သည် သာ စိတ်၏မှီရာ ဝတ္ထုရုပ် ဖြစ်သင့်ပါသည်။

ဟဒယရုပ် ၁–ပါး ။ ။ ဟဒယဝတ္ထုသည် ဟဒယရုပ် မည်၏။

တည်ရာနေရာ ။ ။ သားမြတ်နှစ်ခု၏ အလယ် ရင်တွင်း၌ နှလုံး အိမ်ရှိ၏။ ထိုနှလုံးအိမ် အတွင်း၌ ပုန်းညက်စေ့ခန့် ပမာဏရှိသော တွင်းငယ်

http://www.dhammadownload.com

ထဲဝယ် သွေးများ စုဝေးတည်နေရာ ယင်းသွေးများကို ပုံ့နှံ့လျက် ဟဒယဝတ္ထုရုပ် များစွာတည်ရှိနေ၏။

ဇီဝိတရုပ် ၁–ပါး ။ ။ ရုပ်ဇီဝိတိန္ဒြေသည် ဇီဝိတရုပ် မည်၏။

မှတ်ချက် ။ ။ ဤဇီဝိတရုပ်သည် ကမ္မဇရုပ်တို့၏ အသက်ဖြစ်၏။ ကာယပသာဒကဲ့သို့ တစ်ကိုယ်လုံးမှာ ပုံ့နှံ့လျက် တည်ရှိ၏။

တစ်ကိုယ်လုံး၌ ပုံ့နှံ့တည်သော အရာများ

တစ်ကိုယ်လုံး၌ ပုံ့နှံ့တည်သော အရာများမှာ –

၁။ ဘာဝရုပ်
၂။ ကာယပသာဒ
၃။ ဇီဝိတရုပ်
၄။ သုက်ရည်
၅။ သွေး
၆။ သည်းခြေ တို့ဖြစ်၏။

ထိုတွင် သုက်၊ သွေး၊ သည်းခြေ များသည် သီးခြား ရုပ်များ မဟုတ်ကြ၊ အာပေါဓာတ် လွန်ကဲသော ရုပ်အစုအဝေးများသာ ဖြစ်၏။ ထို့ကြောင့် တစ်ကိုယ်လုံး၌ ပုံ့နှံ့တည်နေသော ရုပ်များမှာ –

၁။ ကာယပသာဒရုပ်
၂။ ဘာဝရုပ်
၃။ ဇီဝိတရုပ်ဟု သုံးမျိုးသာရှိ၏။

ဆောင် ။ ။ ဘော ပသာဒ၊ ဇီဝိတ၊ သုက္က၊ သွေး၊ သည်းခြေ၊ အစိုကာယ၊ ရှိသမျှ၊ မုချအနှံ့နေ။

အာဟာရရုပ် ၁–ပါး

အလုပ်အလွေး ပြုအပ်သော အစာအာဟာရသည် အာဟာရရုပ် မည်၏။

မှတ်ချက် ။ ။ အဖတ်ဖြစ်စေ၊ အရည်ဖြစ်စေ အစားအဟာ ဟူသမျှကို ကဗဠိကာရဟု ခေါ်၏။ အစားအစာ အတွင်း၌ ပါရှိသော

http://www.dhammadownload.com

အဆီအနှစ်အစေးကိုအာဟာရရျပ်ဟုလည်းကောင်း၊ ဩဇာဟုလည်းကောင်း၊ ခေါ်၏။

ရသာရုံ နှင့် ဩဇာ ။ ။ရသာရုံနှင့် ဩဇာကို ထင်ယောင်ထင်မှား ဖြစ်တတ်၏။ အမှန်မှာ အချို၊ အချဉ်၊ အစပ်၊အဖန် အငန်၊ အခါး ဟူသော အရသာ ၆–မျိုးကို ရသာ (ရသာရုံ)ဟု ခေါ်၏။ ထိုထိုအစားအစာ၌ ပါရှိသော အဆီ၊ အနှစ်၊ အစေးကို ဩဇာဟုခေါ်၏။

နိပ္ပန္နရျပ် ၁၈–ပါး

၁။	မဟာဘုတ်	၄ – ပါး
၂။	ပသာဒရျပ်	၅ – ပါး
၃။	ဖောဋ္ဌဗ္ဗာရုံကြဉ် ဂေါစရရျပ်	၄ – ပါး
၄။	ဘာဝရျပ်	၂ – ပါး
၅။	ဟဒယရျပ်	၁ – ပါး
၆။	ဇီဝိတရျပ်	၁ – ပါး
၇။	အာဟာရရျပ်	၁ – ပါး
	ပေါင်း – နိပ္ပန္နရျပ်	**၁၈ – ပါး**

မှတ်ချက် ။ ။ ဖောဋ္ဌဗ္ဗာရုံသည် သီးခြားရျပ် မဟုတ်သောကြောင့် ဂေါစရရျပ် ၄–ပါးဟု ရေတွက်ရခြင်းဖြစ်၏။ ပထဝီ၊ တေဇော၊ ဝါယော ဟူသော ဖောဋ္ဌဗ္ဗာရုံသည် မဟာဘုတ် ၄–ပါး၌ ပါဝင်ခဲ့ပြီး ဖြစ်၏။

ဤရျပ် ၁၈–ပါးကို သဘာဝရျပ်၊ သလက္ခဏရျပ်၊ နိပ္ပန္နရျပ်၊ ရျူပရျပ်၊ သမ္မသနရျပ်ဟု အမည်အမျိုးမျိုး ခေါ်ကြ၏။

၁။ ကက္ခဋတ္တ စသော မိမိဆိုင်ရာ သဘော လက္ခဏာရှိသောကြောင့် ဤရျပ် ၁၈–ပါးကို သဘာဝရျပ်ဟု ခေါ်၏။

၂။ အနိစ္စတာ၊ ဒုက္ခတာ၊ အနတ္တတာစသော အများဆိုင်ရာ လက္ခဏာရှိသောကြောင့် သလက္ခဏရျပ်ဟု ခေါ်၏။

http://www.dhammadownload.com

၃။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသောအကြောင်းတရား ၄-ပါး တို့ကြ ဖြစ်စေအပ်သောကြောင့် နိပ္ပန္နရုပ် ခေါ်၏။

၄။ အအေး၊ အပူစသော ဆန့်ကျင်ဘက် အကြောင်းတရားများနှင့် ပေါင်းဆုံမိသော် ရှေ့ရုပ် အစဉ်မှ တစ်မျိုးတစ်ဖုံ ဖောက်ပြန်တတ် သောကြောင့် ရူပရုပ်ဟု ခေါ်၏။

၅။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော လက္ခဏာယာဉ် သုံးပါးသို့တင်၍ သုံးသပ်ကောင်းသောကြောင့် သမ္မသနရုပ်ဟု ခေါ်၏။

ပရိစ္ဆေဒရုပ် ၁-ပါး

အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏။

ပရိစ္ဆေဒ ။ ။ ရုပ်ကလာပ်တို့ကို တစ်ခုနှင့်တစ်ခု မရောနှောရအောင် ပိုင်းခြားပေးတတ်သော အပေါက်၊ အကြား အာကာသ ကို ပရိစ္ဆေဒရုပ်ဟု ခေါ်၏။

မှတ်ချက် ။ ။ ဤ အာကာသဓာတ်သည် ပရမတ် အစစ်မဟုတ်၊ ရုပ် ကလာပ်နှစ်ခု ဖြစ်ပေါ်လာသည့်အခါ အလိုလိုပေါ် လာသော ပညတ်သဘောမျှသာ ဖြစ်၏။ ကြွင်းသော ဝိညတ် စသော အနိပ္ပန္နရုပ်များလည်း ပညတ်သဘောမျှသာ ဖြစ်၏။

ဝိညတ်ရုပ် ၂-ပါး

ကာယဝိညတ် ဝစီဝိညတ်သည် ဝိညတ်ရုပ် မည်၏။

ဝိညတ္တိ ။ ။ မိမိဆန္ဒကို သူတစ်ပါးအား သိစေနိုင်သော အမူအရာ အထူးကို ဝိညတ်ဟု ခေါ်၏။

ကိုယ်ဖြင့် သိစေတတ်သော အမူအရာအထူးကို ကာယဝိညတ်ဟု ခေါ်၍ နှုတ် (စကားသံ) ဖြင့် သိစေတတ်သော အမူအရာအထူးကို ဝစီဝိ ညတ်ဟု ခေါ်၏။

ဝိကာရရုပ် ၅-ပါး

၁။ ရူပဿလဟုတာ

၂။ ရူပဿမုဒုတာ

http://www.dhammadownload.com

၃။ ရူပသကမ္မညတာ
၄။ ကာယဝိညတ်
၅။ ဝစီဝိညတ်

ဝိကာရ ။ ။ ထူးခြားသော အမူအရာကို ဝိကာရရုပ်ဟု ခေါ်၏။ခန္ဓာကိုယ် ပေါ့ပါးသွက်လက်မှု၊ နူးညံ့မှု၊ အမှုဠ် ကောင်းမှု၊ ကိုယ်ဖြင့်သိစေမှု၊ နှုတ်ဖြင့် သိစေမှုတို့သည် ထူးခြားသော အမူအရာများ ဖြစ်ကြ၏။

ရူပသာ ။ ။ ဤထူးခြားသော အမူအရာများသည် ရှေ့အတိတ်ကံကြောင့် ဖြစ်ပေါ်လာသော ကမ္မဇရုပ်များ၌ မရှိနိုင်၊ စိတ်၊ ဥတု၊ အာဟာရဟူသော ပစ္စက္ခ အကြောင်းသုံးပါးကြောင့် ဖြစ်သော တိဇရုပ်များ၌သာ ရှိနိုင်၏။ ထိုတိဇရုပ်များတွင်လည်း အနိပ္ဖန္နရုပ်များသည် ပရမတ်အစစ် မဟုတ်ဘဲ ပညတ်သဘောမျှသာ ဖြစ်ကြ၏။ ထို့ကြောင့် ရူပသာအရ တိဇနိပ္ဖန္နရုပ်များကိုသာ ယူရ၏။

၁။ စိတ်ချမ်းသာသောအခါ၊ အစာအာဟာရ မျှတသောအခါ၊ ရာသီဥတု သာယာသောအခါတို့၌ ရုပ်ခန္ဓာ၏ ပေါ့ပါးမှုသည် ထူးခြားသော အမူအရာ ဖြစ်၏။ ထိုအမူအရာကို ရူပသာလဟုတာ ဟု ခေါ်၏။

၂။ စိတ်ချမ်းသာသောအခါ၊ အစာအာဟာရ မျှတသောအခါ၊ ရာသီဥတု သာယာသော အခါများ၌ ရုပ်ခန္ဓာ၏ နူးညံ့မှုသည် ထူးခြားသော အမူအရာ ဖြစ်၏။ ထိုအမူအရာကို ရူပသာမုဒုကာ ဟု ခေါ်၏။

၃။ စိတ်ချမ်းသာသောအခါ၊ အစာအာဟာရ မျှတသောအခါ၊ ရာသီဥတု သာယာသောအခါများ၌ ရုပ်ခန္ဓာ၏ အမှုဠ် ခန့်ညားမှု၊ ဖျတ်လတ်မှုများသည် ထူးခြားသော အမူအရာ ဖြစ်၏။ ထိုအမူအရာကို ရူပသာကမ္မညတာ ဟုခေါ်၏။

http://www.dhammadownload.com

လက္ခဏာရုပ် ၄-ပါး ။ ။ ၁။ ဥပစယ
၂။ သန္တတိ
၃။ ဇရတာ
၄။ အနိစ္စတာ
ဤသို့ လက္ခဏာ ၄-ပါး ပြား၏။

၁။ ပဋိသန္ဓေတည်နေခါစ၌ ပထမဖြစ်ခြင်း၊ ထို့နောက် တစ်ဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည့်တိုင်အောင် အထက် အထက်၌ တိုးတက်၍ ဖြစ်ခြင်းကို ဥပစယဟု ခေါ်၏။

၂။ တစ်ဘဝအတွက် ရထိုက်သမျှ ရုပ်များ ပြည့်စုံသည်မှစ၍ အစဉ်မပြတ် ထပ်ကာ ထပ်ကာ ဖြစ်ခြင်း၊ ဥပါဒ်ခြင်းကို သန္တတိ ဟု ခေါ်၏။

၃။ ရုပ်တို့၏ ရင့်ရော်မှု ဌိ ကို ဇရတာ ဟုခေါ်၏။

၄။ ရုပ်တို့၏ မမြဲမှု၊ ပျက်စီးမှု (ရုပ်တို့၏ ဘင်) ကို အနိစ္စတာဟု ခေါ်၏။

ဇာတိရူပမေဝ ။ ။ ပထမဖြစ်ခြင်း၊ အထက်အထက် (နောက်) ဖြစ်ခြင်း ဟု ဆိုအပ်သော ဖြစ်ပုံ အခြင်းအရာအားဖြင့်ကွဲပြားရကား ဝေနေယျဿ သဃအားဖြင့် ဥပစယ, သန္တတိဟု ခွဲခြားဝေဖန်ကာ ဟောတော်မူသောကြောင့် ဇာတိရုပ်တစ်ခုတည်းကို ဥပစယ၊ သန္တတိဟု နှစ်မျိုးခွဲ၍ ဆိုရ၏။

လက္ခဏာရုပ် ။ ။ ဆိုင်ရာ အကြောင်းတရားများ စီမံမှုကြောင့် နိပ္ပန္နရုပ်များဖြစ်ပေါ်လာရ၏။ ဖြစ်လျှင် ရင့်ရ၏။ ရင့်လျှင် ပျက်ရ၏။ ဤသို့ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း အမှတ်အသားကို တွေ့မြင်ရခြင်းကြောင့် နိပ္ပန္နရုပ်များ၏ သခ်ၤတတရားဖြစ်ကြောင်းကို သိရ မှတ်သား ရ၏။ ထို့ကြောင့် ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ ၄-ပါးကို လက္ခဏာရုပ်ဟု ခေါ်၏။

http://www.dhammadownload.com

အနိပ္ပန္နရုပ် ၁၀-ပါး

၁။	ပရိစ္ဆေဒရုပ်	၁ - ပါး
၂။	ဝိညတ်ရုပ်	၂ - ပါး
၃။	ဝိညတ်ဒွေကြဉ် ဝိကာရရုပ်	၃ - ပါး
၄။	လက္ခဏရုပ်	၄ - ပါး
	ပေါင်း - အနိပ္ပန္နရုပ်	၁၀ - ပါး

မှတ်ချက် ။ ။ ဤရုပ် ၁၀-ပါးကို အသဘာဝရုပ်၊ အလက္ခဏရုပ်၊ အနိပ္ပန္နရုပ်၊ အရူပရုပ်၊ အသမ္မသနရုပ်ဟု အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သုံးစွဲကြ၏။ ဤသို့လျှင် ရုပ်သည် အကျဉ်းချုပ်အားဖြင့် မဟာဘုတ် ဥပါဒါရုပ်ဟူ၍ နှစ်မျိုးပြား၏။ သဘောတူရာတို့ကို ပေါင်းစုကာ မဟာဘုတ် ပသာဒရုပ် စသော အမည်ဝေါဟာရအားဖြင့် ၁၁-မျိုးပြား၏ သချ်ာတရားကိုယ်အားဖြင့် ၂၈-ပါး ပြား၏။

ရုပ် ၂၈-ပါး ရေတွက်ပုံ

၁။	မဟာဘုတ်	၄ - ပါး
၂။	ပသာဒရုပ်	၅ - ပါး
၃။	ဖောဋ္ဌဗ္ဗာရုံကြဉ် ဂေါစရရုပ်	၄ - ပါး
၄။	ဘာဝရုပ်	၂ - ပါး
၅။	ဟဒယရုပ်	၁ - ပါး
၆။	ဇီဝိတရုပ်	၁ - ပါး
၇။	အာဟာရရုပ်	၁ - ပါး
၈။	ပရိစ္ဆေဒရုပ်	၁ - ပါး
၉။	ဝိညတ်ရုပ်	၂ - ပါး
၁၀။	ဝိညတ်ဒွေကြဉ် ဝိကာရရုပ်	၃ - ပါး
၁၁။	လက္ခဏရုပ်	၄ - ပါး
	ပေါင်း	၂၈ - ပါး

http://www.dhammadownload.com

[လေ့ကျင့်ခန်း]

၁။ ဥပါဒါရုပ် အဓိပ္ပာယ်ကို သင်္ဂဟပါဠိ ထောက်လျက် ရေးချ၍ ယင်း ဥပါဒါရုပ်တို့ကို ရေတွက်ပြခဲ့ပါ။

၂။ အမျိုးသမီးတစ်ဦး၏ ခန္ဓာကိုယ်၌ ဖြစ်နိုင်သော ရုပ်တို့ကို ဖော်ပြ၍ ဟဒယဝတ္ထု၏ တည်ရာဌာနကို ရေးပါ။

၃။ ဖောဋ္ဌဗ္ဗာရုံဟူသည် အဘယ်ရုပ်ကို ခေါ်သနည်း၊ သာဓကပြု ဖြေဆို၍ ရသာရုံနှင့် ဩဇာ တူသည် – မတူသည်ကို ရှင်းလင်း ရေးသားခဲ့ပါ။

ရူပဝိဘာဂ

ရုပ် ၂၈–ပါးလုံးသည် –

၁။ အဟေတုက တစ်မျိုးသာ ရှိ၏။ သဟေတုက မရှိ။

၂။ သပ္ပစ္စယ တစ်မျိုးသာ ရှိ၏။ အပ္ပစ္စယ မရှိ။

၃။ သာသဝ တစ်မျိုးသာ ရှိ၏။ အနာသဝ မရှိ။

၄။ သခ်ံတ တစ်မျိုးသာ ရှိ၏။ အသခ်ံတ မရှိ။

၅။ လောကိယ တစ်မျိုးသာ ရှိ၏။ လောကုတ္တရာ မရှိ။

၆။ ကာမာဝစရ တစ်မျိုးသာ ရှိ၏။ ရူပါဝစရ စသည် မရှိ။

၇။ အနာရမ္မဏ တစ်မျိုးသာ ရှိ၏။ သာရမ္မဏ မရှိ။

၈။ အပ္ပဟာတဗ္ဗ တစ်မျိုးသာ ရှိ၏။ ပဟာတဗ္ဗ မရှိ။

ရုပ် ၂၈–ပါးလုံးသည် –

၁။ သမ္မယုတ်ဟိတ် မရှိသောကြောင့် အဟေတုက ချည်းသာတည်း။

၂။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားရှိသော သပ္ပစ္စယ ချည်းသာတည်း။

၃။ အာသဝေါတရားတို့၏ အာရုံဖြစ်သောကြောင့် သဘာဝ ချည်းသာ တည်း။

၄။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်းတရားတို့သည် ပြုပြင်စီမံအပ်သောကြောင့် သခ်ံတ ချည်းသာတည်း။

http://www.dhammadownload.com

၅။ သခ်ီရလောကၠ ပါဝင်သောကြောင့် လောကိယ ချည်းသာတည်း။
၆။ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမာဝစရ ချည်းသာတည်း။
၇။ အာရုံကို မယူနိုင်သောကြောင့် အနာရမ္မဏ ချည်းသာတည်း။
၈။ တဒင်္ဂ် စသည်တို့၏ အစွမ်းအားဖြင့် မပယ်အပ်သောကြောင့် အပ္ပဟာတဗ္ဗ ချည်းသာတည်း။

အပ္ပဟာတဗ္ဗမေဝ ။ ။ ရုပ်အားလုံးသည်တဒင်္ဂ် စသည်တို့၏အစွမ်းဖြင့် မပယ်အပ်သောတရားဟူသောစကားရပ်သည်

ရူပံ ဘိက္ခဝေ နှ တုမှာကံ၊ တံ ပဇဟထ (ရဟန်းတို့)ရုပ်သည် သင်တို့၏ ဥစ္စာမဟုတ်၊ ထိုရုပ်ကို ပယ်ကြလော့ဟူသော ပါဠိတော် စကားရပ်နှင့် ဆန့်ကျင်သကဲ့သို့ ဖြစ်၏။

သဗ္ဗဥ္စနေတံ ရူပံ အပ္ပဟာတဗ္ဗမေဝ ဟူသော သဂြိုဟ်ကျမ်းလာ စကားရပ်သည် မုချစကား ဖြစ်ပါသည်။ **''ရူပံ ဘိက္ခဝေ နှ တုမှာကံ၊ တံ ပဇဟထ''** ဟူသော စကားရပ်သည် ဌာနူပစာ စကားဖြစ်ပါသည်။ **''ရူပံ ဘိက္ခဝေ နှ တုမှာကံ၊ တံ ပဇဟထ''** ဟူသော စကားရပ်ဖြင့် ဗုဒ္ဓရှင်တော်မြတ်သည် ရုပ်တရားကို ပယ်ခိုင်းတော်မူခြင်း မဟုတ်ပါ။ ရုပ်တရား၌ တပ်မက်တွယ်တာသော တဏှာကိုသာ ပယ်ခိုင်းတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စကားနှစ်ရပ် မဆန့်ကျင်ပါ။

အဏ္ဏတ္တိက ဗာဟိရရုပ်

ပသာဒရုပ် ၅-ပါးသည် အဏ္ဏတ္တိကရုပ် မည်၏။
ကြွင်းသော ၂၃-ပါးသော ရုပ်သည် ဗာဟိရရုပ် မည်၏။

အဏ္ဏတ္တိက ဗာဟိရ ။ ။ ခန္ဓာကိုယ်အား ကျေးဇူးအများဆုံး ဖြစ်သောကြောင့် ပသာဒ ရုပ် ၅-ပါးကို အဏ္ဏတ္တိက (အတွင်း)ရုပ်ဟုခေါ်၏။ အဏ္ဏတ္တိကရုပ်လောက် ကျေးဇူးမများသောကြောင့် ကြွင်းသော ရုပ် ၂၃-ပါးကို ဗာဟိရ (အပြင်) ရုပ်ဟု ခေါ်၏။

http://www.dhammadownload.com

အတွင်း၊ အပြင်ဆိုရာ၌ ခန္ဓာကိုယ်၏ အတွင်းအပြင် မဟုတ်၊ ခန္ဓာကိုယ်၌ အတူဖြစ်ကြသော်လည်း ခန္ဓာကိုယ်အား ကျေးဇူးအများဆုံးရုပ်ကို ရည်ရွယ်၍ အတွင်းရုပ်ဟု ခေါ်ခြင်းသာ ဖြစ်၏။ ပသာဒရုပ် ၅-ပါး လောက် ကျေးဇူးမများသည်ကို ရည်ရွယ်၍ အပြင်ရုပ်ဟု ခေါ်ခြင်းသာ ဖြစ်၏။

ဝတ္ထုရုပ်၊ အဝတ္ထုရုပ်

ပသာဒရုပ် ၅-ပါး၊ ဟဒယရုပ် ၁-ပါး၊ ပေါင်း ၆-ပါးသော ရုပ်သည် ဝတ္ထုရုပ် မည်၏။

ကြွင်းသော ၂၂ ပါးသော ရုပ်သည် အဝတ္ထုရုပ် မည်၏။

ဝတ္ထု အဝတ္ထု ။ ။ စိတ်၊ စေတသိက်တို့၏ မှီရာဖြစ်သောကြောင့် စက္ခု စသည်တို့ကို ဝတ္ထုရုပ်ဟု ခေါ်၏။ စိတ်၊ စေတသိက်တို့၏ မှီရာ မဟုတ်သောကြောင့် ကြွင်းသောရုပ် ၂၂-ပါးကို အဝတ္ထုရုပ်ဟု ခေါ်၏။

ဒွါရရုပ်၊ အဒွါရရုပ်

ပသာဒရုပ် ၅-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ပေါင်း ၇-ပါးသော ရုပ်သည် ဒွါရရုပ် မည်၏။

ကြွင်းသော ၂၁-ပါးသည် အဒွါရရုပ် မည်၏။

ဒွါရ ။ ။ **ဝီထိ** စိတ်၏ဖြစ်ကြောင်း ကာယက်၊ ဝစီက်၏ အထမြောက်ကြောင်း ဖြစ်သော စက္ခု စသော ရုပ် ၇-ပါးကို ဒွါရရုပ်ဟု ခေါ်၏။ ထိုတွင် -

၁။ ပသာဒရုပ် ၅-ပါးသည် ဝီထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သည်။ ထို့ကြောင့် ဥပ္ပတ္တိဒွါရဟု ခေါ်၏။

၂။ ဝိညတ်ဒွေသည် ကာယက်၊ ဝစီက်တို့၏ ထမြောက်အောင်မြင်ကြောင်းဖြစ်သည်။ ထို့ကြောင့် ကမ္မဒွါရဟု ခေါ်၏။

http://www.dhammadownload.com

အဒွါရ ။ ။ ဝိထိစိတ်တို့၏ ဖြစ်ကြောင်း၊ ကာယက်၊ ဝစီက်တို့၏ ထမြောက်ကြောင်း မဟုတ်သောကြောင့် ကြွင်းသော ရုပ် ၂၁-ပါးကို အဒွါရရုပ်ဟု ခေါ်၏။

ကုန္ဒြိယရုပ် ၈-ပါး

၁။ ပသာဒရုပ်	၅ - ပါး
၂။ ဘာဝရုပ်	၂ - ပါး
၃။ ဇီဝိတရုပ်	၁ - ပါး
ပေါင်း - ကုန္ဒြိယရုပ်	**၈ - ပါး**

ကုန္ဒြိယရုပ် ၈-ပါးမှ ကြွင်းသော၊ ၂၀-သော ရုပ်တို့သည် အနိန္ဒြိယရုပ် မည်၏။

ကုန္ဒြိယ - အနိန္ဒြိယ ။ ။ မြင်ခြင်း အစရှိသော မိမိတို့၏ ဆိုင်ရာကိစ္စ ၌ အစိုးရသောကြောင့် စက္ခု စသော ရုပ် ၈-ပါးကို ကုန္ဒြိယရုပ်ဟု ခေါ်၏။ ထိုသို့ အစိုးရခြင်း မရှိသောကြောင့် ကြွင်းသောရုပ် ၂၀-ပါးကို အနိန္ဒြိယရုပ်ဟု ခေါ်၏။

ဩဠာရိကရုပ်၊ သုခုမရုပ်

ပသာဒရုပ် ၅-ပါး၊ ဝိသယရုပ် ၇-ပါး၊ ပေါင်း ၁၂-ပါးသော ရုပ်သည် ဩဠာရိကရုပ် မည်၏။ သန္ဌိကေရုပ်လည်း မည်၏။ သပ္ပဋိဃရုပ်လည်း မည်၏။

ကြွင်းသောရုပ် ၁၆-ပါးသည် သုခုမရုပ်လည်း မည်၏။ ဒုရေရုပ်လည်း မည်၏။ အပ္ပဋိဃရုပ်လည်း မည်၏။

ဩဠာရိက ။ ။ ဉာဏ်စက္ခုဖြင့် ကြည့်ရှုသောအခါ ပေါ်လွင်ထင်ရှားသော ရုပ် ၁၂-ပါးကို ဩဠာရိကရုပ်ဟု ခေါ်၏။

သုခုမ ။ ။ ဉာဏ်စက္ခုဖြင့် ကြည့်ရှုသောအခါ ပေါ်လွင်ထင်ရှားစွာ မသိရသော ရုပ် ၁၆-ပါးကို သုခုမရုပ်ဟု ခေါ်၏။

http://www.dhammadownload.com

သန္ဓိကေ ။ ။ သိလွယ်သောကြောင့် သြဠာရိကရုပ် ၁၂–ပါးကိုသန္ဓိကေရုပ်ဟု ခေါ်၏။

ဒူရေ ။ ။ သိဖို့ရန် မလွယ်ကူသောကြောင့် သုခုမရုပ်ကို ဒူရေရုပ်ဟု ခေါ်၏။

သပ္ပဋိဃ ။ ။ ဓာတ် သဘာဝ အလိုက် ထိခိုက်တတ်သောကြောင့် သြဠာရိကရုပ် ၁၂–ပါးကို သပ္ပဋိဃရုပ်ဟု ခေါ်၏။

အပ္ပဋိဃ ။ ။ ဓာတ်သဘာဝအလိုက် မထိခိုက်တတ်သောကြောင့် သုခုမရုပ် ၁၆–ပါးကို အပ္ပဋိဃရုပ်ဟု ခေါ်၏။

မှတ်ချက် ။ ။ ညဝါဆိုရာ၌ သြဠာရိကရုပ်၊ သုခုမရုပ်သည် အရေးပါလှ၏။ ထို့ကြောင့် ထိုရုပ်နှစ်မျိုးကို သွက်သွက်လက်လက် ရရှိထားဖို့ လိုအပ်ပါသည်။ သုခုမရုပ်ကို အောက်ပါ အတိုင်း ကျက်မှတ်ထားပါ။

သုခုမရုပ် ၁၆–ပါး

၁။ အာပေါ	၉။ ဝစီဝိညတ်
၂။ ကာယတ္တဒ္ဓြေ	၁၀။ ရူပဿလဟုတာ
၃။ ပုရိသိန္ဒြေ	၁၁။ မုဒုတာ
၄။ ဟဒယရုပ်	၁၂။ ကမ္မညတာ
၅။ ဇီဝိတရုပ်	၁၃။ ဥပစယ
၆။ အာဟာရရုပ်	၁၄။ သန္တတိ
၇။ ပရိစ္ဆေဒရုပ်	၁၅။ ဇရတာ
၈။ ကာယဝိညတ်	၁၆။ အနိစ္စတော

ဥပါဒိန္နရုပ်၊ အနုပါဒိန္နရုပ်

ကမ္မဇရုပ်သည် ဥပါဒိန္နမည်၏။ ကြွင်းသော တိဇရုပ်သည် အနုပါဒိန္နမည်၏။

ဥပါဒိန္န ။ ။ ကံအကျိုးဖြစ်သော ရုပ်ကို ဥပါဒိန္နရုပ်ဟု ခေါ်၏။

အနုပါဒိန္န ။ ။ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်း သုံးပါး

http://www.dhammadownload.com

ကြောင့်ဖြစ်သော (တိဇ)ရုပ်ကို အနုပါဒိန္နရုပ်ဟုခေါ်၏။

သနိဒဿနရုပ်၊ အနိဒဿနရုပ်

ရူပါရုံသည် သနိဒဿနရုပ် မည်၏။ ကြွင်းသောရုပ် ၂၇-ပါး သည် အနိဒဿနရုပ် မည်၏။

သနိဒဿန ။ ။ စက္ခုဝိညာဏ်ဖြင့် မြင်ကောင်းသောရုပ်ကို သနိဒဿန ရုပ်ဟု ခေါ်၏။

အနိဒဿန ။ ။ စက္ခုဝိညာဏ်ဖြင့် မမြင်ကောင်းသောရုပ်ကို၊ အနိ ဒဿန ရုပ်ဟု ခေါ်၏။

ဂေါစရဂ္ဂါဟကရုပ်၊ အဂေါစရဂ္ဂါဟကရုပ်

၁။ သမ္ဗတ္တဂ္ဂါဟက မည်သော စက္ခုသောတ ၂ - ပါး

၂။ အသမ္ဗတ္တဂ္ဂါဟက မည်သော ဃာန၊ ဇိဝှါ၊ ကာယ ၃ - ပါး

ပေါင်း ၅ - ပါး

ဤပသာဒရုပ် ၅-ပါးသည် ဂေါစရဂ္ဂါဟကရုပ် မည်၏။ ကြွင်း သော ရုပ် ၂၃-ပါးသည် အဂေါစရဂ္ဂါဟကရုပ် မည်၏။

ဂေါစရဂ္ဂါဟက ။ ။ အာရုံကို ယူတတ်သောကြောင့် ပသာဒရုပ် ၅-ပါးကို ဂေါစရဂ္ဂါဟကရုပ်ဟု ခေါ်၏။

မှတ်ချက် ။ ။ ဤပသာဒရုပ် ၅-ပါးသည် ပတ်ဝန်းကျင် အာရုံများကို ထောက်လှမ်းဖမ်းယူနိုင်သော ရုပ်တည်း။ လေယာဉ်ပုံ၊ ဂြိုလ်တု စသည်တို့ကို ထောက်လှမ်းဖမ်းယူသော ယခုခေတ် ရေဒါနှင့် တူ၏။

အသမ္ဗတ္တဂ္ဂါဟက ။ ။ စက္ခု သောတ ပသာဒ နှစ်ပါးသည် မိမိထံ မှောက် မရောက် မထိ၊ မကပ်ငြိသော ရူပါရုံ။ သဒ္ဒါရုံတို့ကို ယူ၏။ ထို့ကြောင့် စက္ခု၊ သောတ နှစ်ပါးကို အသမ္ဗတ္တဂ္ဂါ ဟကရုပ်ဟု ခေါ်၏။

http://www.dhammadownload.com

သမ္မတ္တဂါဟက ။ ။ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယ ပသာဒတို့သည် မိမိထံမှောက် ထိုင်ကြပ်လာသော ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့ကို အစဉ်အတိုင်း ယူကြ၏။ ထို့ကြောင့် ဃာန၊ ဇိဝှါ၊ ကာယပသာဒရုပ် ၃–ပါးကို သမ္မတ္တဂ္ဂါဟကရုပ်ဟု ခေါ်၏။

ဂေါစရဂ္ဂါဟကနှင့် အနာရမ္မဏ

သဗ္ဗဥ္စ ပနေတံ ရူပံ အနာရမ္မဏံ ဟူသော စကားရပ်သည် မုချအားဖြင့် ဆိုအပ်သော စကားရပ်ဖြစ်ပါသည်။ ဂေါစရဂ္ဂါဟက ဟူသော အမည်သည် မုချအားဖြင့် ခေါ်ဝေါ်နိုင်သော အမည်မဟုတ်။ ဌာနျုပစာအားဖြင့်သာ ခေါ်ဝေါ်သုံးစွဲနိုင်သော အမည်ဖြစ်ပါသည်။

စက္ခု ပသာဒ စသည်တို့သည် မုချအားဖြင့် အာရုံကို မယူနိုင်ကြပါ။ စက္ခု ဝိညာဏ်စိတ် စသည်ကသာ အာရုံကို ယူနိုင်ကြပါသည်။ ထို စက္ခုဝိညာဏ် စသည်တို့သည် စက္ခု ပသာဒစသည်တို့ကို မှီ၍ ဖြစ်ကြပါသည်။ ထို့ကြောင့် ဌာနီဖြစ်သော စက္ခုဝိညာဏ်စိတ် စသည်တို့၏ ဂေါစရဂ္ဂါဟကဟူသော အမည်ကို ဌာနဖြစ်သော စက္ခုပသာဒ စသည်တို့၌ တင်စား၍ ဌာနျုပစာအားဖြင့် ဌာနဖြစ်သော စက္ခုပသာဒ စသည်တို့ကို ဂေါစရဂ္ဂါဟကဟု ခေါ်ရခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဂေါစရဂ္ဂါဟက ဟူသော စကားနှင့် အနာရမ္မဏ ဟူသော စကား ၂–ရပ်သည် မဆန့်ကျင်ပါ။

အဂေါစရဂ္ဂါဟက

အာရုံကို မယူတတ်သောကြောင့် ပသာဒရုပ် ၅–ပါးမှ ကြွင်းသော ရုပ် ၂၃–ပါးကို အဂေါစရဂ္ဂါဟကရုပ်ဟု ခေါ်ပါသည်။

အဝိနိဗ္ဘောဂရုပ်၊ ဝိနိဗ္ဘောဂရုပ်

၁။	ရူပါရုံ	၁ – ပါး
၂။	ဂန္ဓာရုံ	၁ – ပါး
၃။	ရသာရုံ	၁ – ပါး
၄။	ဩဇာ	၁ – ပါး
၅။	မဟာဘုတ်	၄ – ပါး
	ပေါင်း	၉ – ပါး

http://www.dhammadownload.com

ဤရုပ် ၈-ပါးသည် အဝိနိဗ္ဘောဂရုပ် မည်၏။ ကြွင်းသောရုပ် ၂၀-ပါးသည် ဝိနိဗ္ဘောဂရုပ် မည်၏။

အဝိနိဗ္ဘောဂ ။ ။ တစ်ခုစီခွဲယူ၍ မရဘဲ တစ်ပေါင်းတည်းသာ ဖြစ်သော ကြောင့် ဝဏ္ဏစသော ရုပ် ၈-ပါးကို အဝိနိဗ္ဘောဂရုပ်ဟု ခေါ်၏။

မှတ်ချက် ။ ။ ဤရုပ် ၈-ပါးသည် မည်သည့်အရာ၌ မဆို မမြဲရှိရ၏။ တစ်ခုစီ ခွဲထုတ်ယူ၍ မရစကောင်း၊ သက်ရှိသဘာဝ တရား၌ဖြစ်စေ၊ သက်မဲ့ သဘာဝ တရား၌ ဖြစ်စေ ဤရုပ် ၈-ပါးထက် အရေအတွက် မယုတ်လျော့တော့ပါ။

နေရောင်ခြည်နှင့် လရောင်များ၌လည်း ဤရုပ် ၈-ပါးပါရှိနေ၏။ ဥပမာ-နေရောင်ခြည်၌ အဆင်းအရောင် ခေါ်သော ဝဏ္ဏရုပ် အထင်အရှား ရှိ၏။ အပူတေဇော ဓာတ်လည်း ထင်ရှား၏။ အရောင် ဝဏ္ဏရုပ်နှင့် အပူ တေဇောဓာတ်များ ထင်ရှားသော်လည်း အနံ့ ဂန္ဓ၊ ရသ၊ သြဇာ၊ ပထဝီ၊ အာပေါ၊ ဝါယော ဓာတ်များလည်း ပါဝင်နေကြ၏။ မြေကြီး၊ ရေ၊ လေ၊ မီးတို့၌လည်း ဓာတ်ကြီး ၄-ပါး ထင်ရှားသော်လည်း အခြား ဝဏ္ဏ စသော ရုပ်များလည်း မထင်မရှားပါဝင် နေကြသည်ဟု မှတ်ပါ။

[လေ့ကျင့်ခန်း]

၁။ ရုပ်တရားကို အပ္ပဟာတဗ္ဗတရားဟု ဆိုရာ ယင်းစကားရပ်သည် ''ရူပံ ဘိက္ခဝေ နတုမှာကံ၊ တံပဇဟထ'' ဟူသော ပါဠိတော်စကားနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလော။ ရှင်းလင်းရေးသားခဲ့ပါ။

၂။ ဘာဝရုပ်၊ ဇီဝိတရုပ်များသည် လူခန္ဓာကိုယ် တစ်ခုလုံး၌ ပျံ့နှံ့ တည် ရှိနေရာ ယင်းရုပ်တရားများကို အဘယ်ကြောင့် အဖျ တွိက ရုပ်ဟု မခေါ်ပါသနည်း။ ဖြေဆို၍ ရန်သူ၏ လေယာဉ်၊ ဂြိုဟ်တု စသည်ကို ထောက်လှမ်းဖမ်းယူနိုင်သည့် ရေဒါနှင့်တူသောရုပ်တရားတို့ကိုဖော်ပြပါ။

http://www.dhammadownload.com

၃။ ကာယပသာဒရုပ်က ဖေဋ္ဌဗ္ဗာရုံကို ဖမ်းယူရာ၌ အသမ္ပတ္တဂ္ဂါဟက ဖြစ်ပုံကို ရှင်းပြပါ။

၄။ လျှပ်စစ် မီးရောင်၌ ဝါဝင်နိုင်သော သဘာဝ ရုပ်တရားတို့ကို ဖော်ပြ၍ ထိုရုပ်တရားများ စတင်ဖြစ်ပေါ်ရာ၌ မည်သည့် ရုပ်က မည်သည့် ရုပ်တရားကို မှီတွယ်လျက် ဖြစ်ပေါ်လာကြောင်း အကိုးအကားပြ၍ ဆုံးဖြတ်ခဲ့ပါ။

ရူပသမုဋ္ဌာန

ရုပ်ဖြစ်ကြောင်းတရား ၄–ပါး

ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟု ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတရား လေးပါးရှိ၏။

မှတ်ချက် ။ ။ ကံနှင့်စိတ်သည် ရုပ်ကိုဖြစ်စေနိုင်သော နာမ်တရား ဖြစ်၏။ ဥတုနှင့် အာဟာရသည် ရုပ်ကိုဖြစ်စေနိုင်သော ရုပ်တရားဖြစ်၏။

ကမ္မံ စိတ္တံ ဥတု အာဟာရောစေတိ စတ္တာရိ ရူပသမုဋ္ဌာနာနိနာမ ဟူသော ပါဠိကိုထောက်၍ စိတ်လည်း ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတစ်မျိုး ဖြစ်ခြင်းကြောင့် စိတ်ပျိုကိုယ်နှု၊ စိတ်ထောင်းကိုယ်ကြေ ဟု ဆိုရိုးစကားပြုကြ၏။

ကံက ရုပ်ကိုဖြစ်စေပုံပြပါဦ

တတ္ထ ကာမာဝစရံ (ပ) ပဋိသန္ဓိမုပါဒါယ ခဏောခဏော သမုဋ္ဌာပေတိ ဟူသော စကားရပ်သည် ကံတရားက ရုပ်ကို ဖြစ်စေပုံပြသော စကားရပ်ဖြစ်၏။

ရုပ်ကိုဖြစ်စေနိုင်သော ကံတရား

၁။	အကုသိုလ်စေတနာ	၁၂ – ပါး
၂။	မဟာကုသိုလ်စေတနာ	၈ – ပါး
၃။	ရူပါဝစရကုသိုလ်စေတနာ	၅ – ပါး
	ပေါင်း – ရုပ်ကိုဖြစ်စေတတ်သော စေတနာကံ	၂၅–ပါး

http://www.dhammadownload.com

အဘိသန်တံ ဟူသော ပါဠိကို ထောက်၍ ထိုစေတနာ ၂၅-ပါးသည် မိမိသန္တာန်၌ ပြုစီမံအပ်ပြီးသော အတိတ် စေတနာများဖြစ်၏။

အဇ္ဈတ္တိကသန္တာနေ ။ ။ဤ **အဇ္ဈတ္တိကသန္တာနေ** ဟူသော ပါဠိကို ထောက်၍ မိမိပြုလုပ်စီမံအပ်ပြီးသောစေတနာသည် သူတစ်ပါးသန္တာန်မှာ သွား၍ အကျိုးပေးသည် မဟုတ်၊ မိမိသန္တာန်၌သာ အကျိုးပေး၏။

ကံကရုပ်ကို ဖြစ်စေပုံ

၂၅-ပါးသော ကုသိုလ်၊ အကုသိုလ် စေတနာတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ ခဏတိုင်း ခဏတိုင်းမှာ ရုပ်ကို ဖြစ်စေ၏။ (ကံကြောင့်ဖြစ်သောရုပ်ကို ကမ္မဇရုပ်ဟုခေါ်၏)။

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ် ခဏမှစ၍ (စိတ်၏ ဥပါဒ်ခဏ၊ ဌိခဏ၊ ဘင်ခဏဟူ ဆိုအပ်သော) ခဏတိုင်း ခဏတိုင်း၌ ဖြစ်ကြ၏ဟု မှတ်သားထားပါ။

မှတ်ချက် ။ ။ အရှုပကုသိုလ်စေတနာ ၄-ပါးသည် ရုပ်ကိုမဖြစ်စေနိုင်သော ကံတရားဟု မှတ်ပါ။

စိတ်က ရုပ်ကိုဖြစ်စေပုံပြပါဠို

အာရုပ္ပဝိပါက ဒွိပဉ္စဝိညာဏဝိဇ္ဇိတံ (ပ) ဇာယန္တာမေဝ သမုဋ္ဌာပေတိ ဟူသော စကားရပ်သည် စိတ်ဟူသော အကြောင်းတရားက ရုပ်ကို ဖြစ်စေပုံကိုပြသော စကားတည်း။

ရုပ်ကိုဖြစ်စေနိုင်သောစိတ်

အရူပဝိပါတ် ၄-ပါး၊ ဒွေပဉ္စဝိညာဏ် ၁၀ (ရဟန္တာတို့၏ စုတိစိတ်) ကြဉ်သော ၁၅-ပါးသော စိတ်တို့သည် ရုပ်ကို ဖြစ်စေပါသည်။

http://www.dhammadownload.com

စိတ်က ရုပ်ကိုဖြစ်စေပုံ

စိတ်သည် ပဋိသန္ဓေ နောင် ပထမဘဝင်၏ ဥပါဒ်ခဏမှစ၍ စိတ်၏ ဥပါဒ်ခဏတိုင်းမှာ ရုပ်ကို ဖြစ်စေပါသည် (စိတ်ကြောင့်ဖြစ်သော ရုပ်ကို စိတ္တဇရုပ်ဟု ခေါ်၏)။

ဇာယန္တမေဝ ။ ။ စိတ်သည် အသက်တိုလွန်းသဖြင့် ဥပါဒ်ခဏ၌သာ အားရှိ၏။ ထို့ကြောင့် ရုပ်ကိုဖြစ်စေရာ၌ ဥပါဒ်ခဏ၌သာဖြစ်စေနိုင်၏။ ဇာယန္တမေဝ၌ ဝေသဒ္ဒါဖြင့် စိတ်၏ဌိခဏ၊ ဘင်ခဏတို့၌ ရုပ်ကိုမဖြစ်နိုင်ဟု ဌိခဏ၊ ဘင်ခဏတို့ကို တားမြစ်၏။

စိတ္တဇရုပ်တို့သည် ပဋိသန္ဓေ နောင် ပထမဘဝင်၏ ဥပါဒ်ခဏမှစ၍ ရုပ်ကို ဖြစ်စေနိုင်သောစိတ်တို့၏ ဥပါဒ်ခဏတိုင်းမှာ ဖြစ်ကြ၏ဟု မှတ်ပါ။

ရုပ်ကိုဖြစ်စေသောစိတ်တို့၏ သတ္တိထူးကိုပြပါဦ

တတ္ထ အပ္ပနာဇဝနံ (ပ) ဟသနမ္မိ ဇနေန္တိ ဟူသောစကားရပ်သည် ရုပ်ကိုဖြစ်စေနိုင်သော စိတ်တို့၏ သတ္တိထူးကိုပြသော စကားရပ်ဖြစ်၏။

ကျရိယာပုတ်ကို ထောက်ပံ့နိုင်သောစိတ်

အပ္ပနာဇော ၂၆–ပါးသည် ကျရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်၏။ ရုပ်သာမညကိုလည်း ဖြစ်စေနိုင်၏။ ကျရိယာပထမ္မိ၌ ပိသဒ္ဒါဖြင့် ရုပ်သာမညကို ပေါင်းယူ၏။ (ရုပ်သာမည၊ ကျရိယာပုတ် ၂–ပါးစုံကို ဖြစ်စေ၏ဟုမှတ်ပါ။)

မှတ်ချက် ။ ။ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုကို ကျရိယာပုတ်ဟု ခေါ်၏။ ကျရိယာပုတ်နှင့် ဝိညတ်မပါသော ရုပ်များကို ရုပ်သာမညဟု ခေါ်၏။

ဝိညတ်ကိုဖြစ်စေနိုင်သောစိတ်

၁။	ဝုဋ္ဌောစိတ်	၁ – ပါး
၂။	ကာမဇော	၂၉ – ပါး
၃။	အဘိညာဉ်စိတ်	၂ – ပါး
	ပေါင်း	၃၂ – ပါး

http://www.dhammadownload.com

ဤ ၃၂-ပါးသောစိတ်သည် ကာယ ဝိညတ်၊ ဝစီ ဝိညတ်ကိုလည်း ဖြစ်စေနိုင်၏။ ရုပ်သာမညကိုလည်း ဖြစ်စေနိုင်၏။ ကူရိယာပုတ်ကိုလည်း ထောက်ပံ့နိုင်၏။ (ရုပ်သာမည၊ ကူရိယာပုတ်၊ ဝိညတ် ၃-ပါးလုံးကို ဖြစ်စေ၏ဟု မှတ်ပါ။ ဝိညတ်ကိုသာ ဖြစ်စေနိုင်သော စိတ်မရှိ)။

ပြုံးရယ်ခြင်းကို ဖြစ်စေနိုင်သောစိတ်

၁။	လောဘမူသောမနဿသဟဂုတ်စိတ်	၄ – ပါး
၂။	ဟသိတုပ္ပါဒ်စိတ်	၁ – ပါး
၃။	မဟာကုသိုလ် သောမနဿသဟဂုတ်စိတ်	၄ – ပါး
၄။	မဟာကြိယာသောမနဿသဟဂုတ်စိတ်	၄ – ပါး
	ပေါင်း	**၁၃ – ပါး**

ဤ ၁၃-ပါးသော ကာမာဝစရ သောမနဿ သဟဂုတ်ဇောတို့သည် ပြုံးရယ်ခြင်းကိုလည်း ဖြစ်စေနိုင်၏။ ဝိညတ်ကိုလည်း ဖြစ်စေနိုင်၏။ (ရုပ်သာမညနှင့် ကူရိယာပုတ်ကို **ဝိညတ္တိမှ** ၌ ပိသဒ္ဒါဖြင့်ပေါင်းယူခဲ့ပြီးသော ရုပ်သာမည၊ ကူရိယာပုတ်၊ ဝိညတ်၊ ပြုံးခြင်း ရယ်ခြင်း၊ ၄ မျိုးလုံးကို ဖြစ်စေ၏ ဟူလို)။

ပုထုဇဉ်ပုဂ္ဂိုလ်များ ပြုံးရယ်စိတ်

၁။	လောဘမူသောမနဿသဟဂုတ်စိတ်	၄ – ပါး
၂။	မဟာကုသိုလ်သောမနဿသဟဂုတ်စိတ်	၄ – ပါး
	ပေါင်း – ပုထုဇဉ်တို့ ပြုံးရယ်စိတ်	**၈ – ပါး**

သေက္ခပုဂ္ဂိုလ်တို့ ပြုံးရယ်စိတ်

၁။	သောမနဿသဟဂုတ် ဒိဋ္ဌဂတဝိပ္ပယုတ်စိတ်	၂ – ပါး
၂။	မဟာကုသိုလ် သောမနဿသဟဂုတ်စိတ်	၄ – ပါး
	ပေါင်း–သေက္ခပုဂ္ဂိုလ်တို့ ပြုံးရယ်စိတ်	**၆ – ပါး**

http://www.dhammadownload.com

ရဟန္တာ ပြုံးရယ်စိတ်

၁။ ဟသိတုပ္ပဒ်စိတ် ၁ – ပါး
၂။ မဟာကြိယာ သောမနဿသဟဂုတ်စိတ် ၄ – ပါး
ပေါင်း – ရဟန္တာပြုံးရယ်စိတ် **၅ – ပါး**

ဆောင် ။ ။ ရှစ်ပုထုဇဉ်၊ ခြောက်သေက္ခန်၊ ငါးတန်ရဟန္တာ၊ ဟာသ အကြောင်း၊ ထူးပြားရှောင်း၊ စိတ်ပေါင်း တေရသာ။

ဆောင် ။ ။ မနောဓာတုံ၊ တဒါရုံက၊ ရူပါဝိပါက်၊ ဆယ့်ကိုးချက်မှာ၊ ရုပ်ကိုသာတည်း။ အပွနာဇဝန၊ ဆဇ္ဇိသကား၊ ယာပထ လည်း၊ ဖွဲ့တည်း ခိုင်စေ။

တစ်ထွေဝုဒ္ဓော၊ ကာဇောဘိညာ၊ ဒွတ္တိ သကား၊ နှစ်ဖြာ ဝိညတ်၊ ကိုလည်းတတ်၏။ သောမနဿဟု၊ ဆယ့်သုံးခုကား၊ ရယ်မှုရွှင်ခြင်း၊ လည်းပြုလျှင်း၏၊ ကြွင်းအာရုပ္ပ၊ ဝိပါကနှင့်၊ ပဉ္စဝိညာ၊ ဆယ့်လေးဖြာသည်၊ ဘယ်ဟာဖြစ် စေ နိုင်ဘူးတည်း။

ရုပ်သာမညကိုသာ ဖြစ်စေနိုင်သောစိတ်

၁။ မနောဓာတ် ၃ – ပါး
၂။ တဒါရုံစိတ် ၁၁ – ပါး
၃။ ရူပဝိပါက် ၅ – ပါး
ပေါင်း–ရုပ်သာမညကိုသာ ဖြစ်စေနိုင်သောစိတ် ၁၉ – ပါး

ရုပ်ကိုမဖြစ်စေနိုင်သောစိတ်

၁။ အရူပဝိပါက်စိတ် ၄ – ပါး
၂။ ဒွေပဉ္စဝိညာဏ် ၁၀ – ပါး
ပေါင်း – ရုပ်ကိုမဖြစ်စေနိုင်သောစိတ် **၁၄ – ပါး**

မှတ်ချက် ။ ။ ဆောင်ပုဒ်၏ အဓိပ္ပါယ်ကို ကျရိယာပုတ်ကို ထောက်ပံ့ နိုင်သောစိတ် စသော ခေါင်းစဉ်ဖြင့်ပြခဲ့ပြီ။

http://www.dhammadownload.com

ဥတုက ရုပ်ကို ဖြစ်စေပုံပြပါဦ

သီတုဏှာတု သမညာတာ (ပ) သမုဋ္ဌာပေတိ ဟူသော စကားရပ်သည် ဥတုက ရုပ်ကို ဖြစ်စေပုံကိုပြသော စကားရပ်တည်း။

ဥတုက ရုပ်ကိုဖြစ်စေပုံ

သီတဥတု၊ ဥဏှဥတုဟု ဆိုအပ်သော တေဇောဓာတ်သည် ဥပါဒ်ပြီးနောက် ဌီသို့ ရောက်မှသာ ဥတုဇရုပ်ကို အဖျ တ္တသန္တာန်၊ ဗဟိဒ္ဓ သန္တာန်၌ ထိုက်သည့် အားလျော်စွာ ဖြစ်စေ၏။ (ဥတုကြောင့် ဖြစ်သော ရုပ်ကို ဥတုဇရုပ်ဟုခေါ်၏)။

ဥတုဇရုပ်များသည် အဖျ တ္တသန္တာန်၌ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ စိတ်၏ ခဏတိုင်းမှ ဖြစ်ကြ၏။

မှတ်ချက် ။ ။ ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော ဥတုဇရုပ်များကို အဖျ တ္တ သန္တာန်၌ကဲ့သို့ သတ်မှတ်၍ မဖြစ်နိုင်ပါ။

သက်ရှိ သတ္တဝါတို့၏ ရုပ်ခန္ဓာ အစဉ်ကို အဖျ တ္တ သန္တာန်ဟု ခေါ်၏။ အသက်ဝိညာဏ် မရှိသော သစ်ပင်၊ တောတောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ စသည်တို့၏ ရုပ်ခန္ဓာ အစဉ်ကို ဗဟိဒ္ဓသန္တာန်ဟုခေါ်၏။

ဥတု ။ ။ **သီတုဏှာတု သမညာတာ တေဇောဓာတု** ဟူသောပါဠိကို ထောက်၍ –

သီတဥတု၊ ဥဏှဥတု ဟု ဆိုအပ်သော တေဇောဓာတ်ကို ဥတုအရယူရမည်။ အအေးငွေ့ကို သီတဥတုဟု ခေါ်၏။ အပူငွေ့ကို ဥဏှဥတုဟု ခေါ်၏။ အေးသော အရာဝတ္ထုမှန်သမျှ၌ သီတဥတု ပါရှိ၏။ ပူနွေးသော အရာဝတ္ထု မှန်သမျှ၌ ဥဏှဥတု ပါရှိ၏။ ဥတုနှင့် မဟာဘုတ် ၄-ပါးတွင် ပါဝင်သော တေဇောဓာတ်သည် အခေါ်သာ ကွဲသည်၊ သဘောအဓိပ္ပါယ် ခြင်းတူ၏။

http://www.dhammadownload.com

ယထာရဟံ ။ ။ ဥတုက ဥတုဇရုပ်ကို ဖြစ်စေရာ၌ အဖျ တွ သန္တာန်မှာ ဥတုဇရုပ်ကလာပ် ၄-စည်းလုံးဖြစ်နိုင်၏။ ဗဟိဒ္ဓသန္တာန်မှာ ဥတုဇကလာပ် ၂-စည်းဖြစ်နိုင်၏။ ဤကား ယထာရဟံ ဖြစ်ပုံတည်း။

အာဟာရက ရုပ်ကိုဖြစ်စေပုံပြပါဦ

သြဇာသခါတော အာဟာရော (ပ) သမုဋ္ဌာပေတိ ဟူသောစကား ရုပ်သည် အာဟာရက ရုပ်ကို ဖြစ်စေပုံကို ပြသောစကားရပ်တည်း။

အာဟာရက ရုပ်ကို ဖြစ်စေပုံ

သြဇာဟု ဆိုအပ်သော အာဟာရသည် မျိုအပ်သော အခါဌိခဏာသို့ ရောက်မှသာ အာဟာရဇရုပ်ကို ဖြစ်စေ၏။ (အာဟာရကြောင့် ဖြစ်သော ရုပ်ကို အာဟာရဇရုပ်ဟု ခေါ်၏)။

စားသောက်ဖွယ် အစာကို စားသောက်ရာ၌ ထိုစားသောက်ဖွယ် အစာအတွင်း၌ သြဇာတက် ပါဝင်နေ၏။ ထိုသြဇာသည် ဥပါဒ်၊ ဌိ၊ ဘင် အားဖြင့် အစဉ်မပြတ် ဖြစ်ပျက်နေရာ ဥပါဒ်ပြီးနောက် ဌိခဏသို့ ရောက်မှသာ ရုပ်သစ် တစ်မျိုးကို ဖြစ်ပွားစေ၏။ သြဇာ ဟူသော အာဟာရကြောင့် ဖြစ်သောရုပ်ကို အာဟာရဇရုပ် ဟု ခေါ်၏။

အာဟာရဇ ရုပ်များသည် သြဇာပျံ့နှံ့ရာ အခါမှစ၍ စိတ်၏ ခဏတိုင်းမှာ ဖြစ်ကြ၏ဟု မှတ်ထားပါ။

အာဟာရ ။ ။ **သြဇာသခါတော အာဟာရော** ဟူသော ပါဠိကို ထောက်၍ အဆီအနှစ်၊ အစေးဟူသော သြဇာသည် အာဟာရ မည်၏။

ကဗဠီကာရော အာဟာရော ဟူသော စကားနှင့် သြဇာသခါတော အာဟာရော ဟူသော စကား၂-ရပ်သည် ဆန့်ကျင်သကဲ့သို့ဖြစ်နေ၏။ ကဗဠီကာရော အာဟာရော ဟူသော စကားရပ်သည် စားသောက်ဖွယ်ရာ အစားအစာ တည်းဟူသော တည်ရာဝတ္ထုနှင့်တကွ ပရမတ္ထ အာဟာရ

http://www.dhammadownload.com

(အဆီအနှစ်၊ သြဇာဟူသော အာဟာရ အစစ်)ကို ပြခြင်းငှါ ဆိုအပ်သော ဌာနျုပစာ စကားရပ်ဖြစ်၏။

သြဇာသခီတော အာဟာရော–ဟူသော စကားရပ်သည် မုချအားဖြင့် ဆိုအပ်သော စကားရပ်ဖြစ်၏။ ထို့ကြောင့် အဆိုပါ စကားရပ် ၂–ရပ် မဆန့်ကျင်ပါ။

ကမ္မဇရုပ် ကေန် ၉–ပါး

၁။ ဟဒယရုပ်	၁ – ပါး
၂။ ဣန္ဒြိယရုပ်	၈ – ပါး
ပေါင်း – ကမ္မဇရုပ်ကေန်	**၉ – ပါး**

ဤရုပ် ၉–ပါးသည် ကံဟူသော အကြောင်းတစ်ပါးကြောင့်သာ ဖြစ်၏။ ထို့ကြောင့် ဤရုပ် ၉–ပါးကို ကမ္မဇရုပ် ကေန်ဟု ခေါ်၏။

စိတ္တဇရုပ် ကေန် ၂–ပါး

ဝိညတ်ဒွေသည် စိတ်ဟူသော အကြောင်းတစ်ပါးကြောင့်သာ ဖြစ်၏။ ထို့ကြောင့် စိတ္တဇရုပ် ကေန် ၂–ပါးတည်း။

ကေဇရုပ် ၁၁–ပါး

၁။ ဟဒယရုပ် ၁–ပါး၊ ဣန္ဒြိယရုပ် ၈–ပါး ဟူသော ကမ္မဇကေန်	၉ – ပါး
၂။ ဝိညတ်ရုပ် ၂–ပါးဟူသော စိတ္တဇကေန်	၂ – ပါး
ပေါင်း – ကေဇရုပ်	**၁၁ – ပါး**

ဤရုပ် ၁၁–ပါးသည် ကံဟူသော အကြောင်းတစ်ပါး၊ စိတ်ဟူသော အကြောင်းတစ်ပါးကြောင့်သာ ဖြစ်ခြင်းကြောင့် ကေဇရုပ်များဖြစ်၏။

စိတ္တဇ၊ ဥတုဇ (ဒွိဇ) ရုပ်–၁–ပါး

သဒ္ဒရုပ်သည် စိတ်၊ ဥတု ဟူသော အကြောင်းနှစ်ပါးကြောင့် ဖြစ်၏။ ထို့ကြောင့် ဒွိဇရုပ်မည်၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ စကားပြောသံ၊ ငိုကြွေးသံ၊ အသက်ရှူသံ စသည်တို့သည် စိတ္တဇသဒ္ဒဖြစ်၏။ အပြင်အပဋ္ဌ မိုးသံ၊ လေသံ၊ ဓာတ်စက်သံ၊ ဝမ်းတွင်းဋ္ဌဖြစ်ပေါ်လာသော လေသံ စသည်တို့သည် ဥတုကြောင့် ဖြစ်သော ဥတုဇသဒ္ဒ ဖြစ်၏။

စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ (တိဇ) ရုပ် ၃-ပါး

ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါးသည် စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်း ၃-ပါးကြောင့် ဖြစ်၏။ ထို့ကြောင့် ထိုရုပ် ၃-ပါးသည် စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် မည်၏။ တိဇရုပ်လည်း မည်၏။

မှတ်ချက် ။ ။ စိတ်ချမ်းသာသောအခါ၊ ရာသီဥတုသာယာသောအခါ၊ အစာအာဟာရ မျှတသောအခါဋ္ဌ ရုပ်ခန္ဓာကိုယ်၏ပေါ့ပါးမှု လဟုတာ၊ နူးညံ့မှု မုဒုတာ၊ ထိုထိုအမှုကိစ္စတို့ဋ္ဌ ကောင်းမွန်ခန့်ညားမှု ကမ္မညတာရုပ်များ ဖြစ်ပေါ်လာတတ်၏။ ထို့ကြောင့် ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါးသည် တိဇရုပ်မည်၏။

ဤရုပ် ၃-ပါးသည် ကံကြောင့်ဖြစ်လျှင် စက္ခုပသာဒ စသော ကမ္မဇရုပ်များကဲ့သို့ သတ္တဝါ၏ ခန္ဓာကိုယ်ဋ္ဌ အမြဲရှိနေရမည်။ မကျန်းမာသောအခါ၊ စိတ်ဆင်းရဲသောအခါ၊ အစာအသောက် ပျက်နေသောအခါများဋ္ဌ လဟုတာ စသော ရုပ် ၃-ပါးသည် ခန္ဓာကိုယ်ဋ္ဌ မဖြစ်ခြင်းကြောင့် အမြဲမရှိကြောင်း ထင်ရှား၏။ သို့ဖြစ်၍ ဤရုပ် ၃-ပါးသည် ကမ္မဇရုပ် မဖြစ်နိုင်ဟု မှတ်ပါ။

(ကိုယ်လက်ပေါ့ပါးမှု စသော ကျန်းမာရေးသည် ကံကြောင့် ဖြစ်သလား၊ သင်္ဘ ပါဠို ကိုးကားဖြေပါဟု စာရေးသူ ပထမကြိမ်တန်းကို ဖြေသော ၁၃၂၅-ခုနှစ် အစိုးရစာမေးပွဲဋ္ဌ မေးဖူး၏)။

http://www.dhammadownload.com

စတုဇရုပ် ၉-ပါး

၁။ အဝိနိဗ္ဘောဂရုပ် ၈ - ပါး
၂။ အာကာသဓာတ် ၁ - ပါး
ပေါင်း - စတုဇရုပ် **၉ - ပါး**

ဤရုပ် ၉ - ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော အကြောင်း ၄-ပါးကြောင့် ဖြစ်သောကြောင့် စတုဇရုပ်မည်၏။
(ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်ဟု ဆိုလိုသည်။)

နကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ) ရုပ် ၄-ပါး

လက္ခဏရုပ် ၄-ပါးသည် မည်သည့် အကြောင်းကြောင့်မျှ မဖြစ်ကြပါ။ နကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ) ရုပ်မည်၏။

ကမ္မဇရုပ် ၁၈-ပါး

၁။ ဟဒယရုပ် ၁၊ ဣန္ဒြိယရုပ် ၈-ပါး
ဟူသော ကမ္မဇကေန် ၉ - ပါး
၂။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ အာကာသဓာတ် ၁-ပါး
ဟူသော ကမ္မဇအနေကန် ၉ - ပါး
ပေါင်း - ကမ္မဇရုပ် **၁၈ - ပါး**

ဤကမ္မဇရုပ် ၁၈-ပါးသည် ဂါထာ၌ အဋ္ဌာရသ အရဖြစ်၏။

စိတ္တဇရုပ် ၁၅-ပါး

၁။ ဝိညတ်ရုပ် စိတ္တဇကေန် ၂ - ပါး
၂။ သဒ္ဒရုပ်၊ ရူပသဿလဟုတာ၊ မုဒုတာ
ကမ္မညတာ၊ အဝိနိဗ္ဘောဂရုပ် ၈၊
အာကာသဓာတ် - ၁ဟူသော စိတ္တဇရုပ်
အနေကန် ၁၃ - ပါး
ပေါင်း စိတ္တဇရုပ် **၁၅ - ပါး**
ဂါထာ၌ ပန္နရသ အရဖြစ်၏။

http://www.dhammadownload.com

ဥတုဇရုပ် ၁၃-ပါး

၁။	သဒ္ဒရုပ်	၁ - ပါး
၂။	ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ	၃ - ပါး
၃။	အဝိနိဗ္ဘောဂရုပ်	၈ - ပါး
၄။	အာကာသဓာတ်	၁ - ပါး
	ပေါင်း - ဥတုဇရုပ်	**၁၃ - ပါး**

ဂါထာ၌ တေရသ အရဖြစ်၏။

အာဟာရဇရုပ် ၁၂-ပါး

၁။	ရူပဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ	၃ - ပါး
၂။	အဝိနိဗ္ဘောဂရုပ်	၈ - ပါး
၃။	အာကာသဓာတ်	၁ - ပါး
	ပေါင်း - အာဟာရဇရုပ်	**၁၂ - ပါး**

ဂါထာ၌ ဒွါဒသ အရဖြစ်၏။

လက္ခဏရုပ်များ နတ္ထတောစိသမုဋ္ဌာန် ဖြစ်ပုံ

လက္ခဏရုပ် ၄-ပါးတို့သည် ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘောတံတွာ ဓမ္မတာမျှသာ ဖြစ်သောကြောင့် နကုတောစိသမုဋ္ဌာန် (သမုဋ္ဌာနဝိမုတ္တ) ရုပ် မည်၏။

ချုံပိဋိးမည်၊ ဥပစယ၊ သန္တတိတို့သည် ဖြစ်ဆဲရုပ်တို့၏ သဘောတံတွာ ဓမ္မတာမျှသာဖြစ်၏။ ဇရတာသည် ရင့်ဆဲရုပ်တို့၏ သဘောတံတွာ ဓမ္မတာမျှသာ ဖြစ်၏။

အနိစ္စတာသည် ပျက်ဆဲရုပ်တို့၏ သဘောတံတွာ ဓမ္မတာမျှသာ ဖြစ်၏။ ထို့ကြောင့် လက္ခဏရုပ် ၄-ပါးကို၊ နကုတောစိသမုဋ္ဌာန်ဟု ခေါ်၏။

မှတ်ချက် ။ ။ **လက္ခဏရူပါနိ နကုတောစိ ဇာယန္တိ** - ဟူသော ပါဠိကိုထောက်၍ ''သင္ဘဉ္ဇပနေတံ ရူပံ သပစ္စယံသဒ်တံ''

http://www.dhammadownload.com

အရတွင် လက္ခဏာရုပ် ၄–ပါး မပါဝင်ကြောင်း ထင်ရှား၏။

အဋ္ဌကထာများ၌မူ၊ ဥပစယ၊ သန္တတိတို့ကို ပရိယာယ်အားဖြင့် အကြောင်း ၄–ပါးကြောင့် ဖြစ်သည်ဟု မိန့်ဆိုကြ၏။ ထို့ကြောင့် တိကမာတိကာ၌ ဥပစယ၊ သန္တတိကိုထည့်၍ ကမ္မဇရုပ်ဝီသ၊ စိတ္တဇရုပ်သတ္တရသ၊ ဥတုဇရုပ် ပန္နရသ၊ အာဟာရဇရုပ် စုဒ္ဒသဟု ဆိုထား၏။

[လေ့ကျင့်ခန်း]

၁။ ရုပ်ကို ဖြစ်စေနိုင်သော ကံတရားကို ဖော်ပြ၍ ယင်းကံတရားက အဘယ်အချိန်မှစ၍ ရုပ်ကို ဖြစ်စေနိုင်ပါသနည်း။

၂။ မိမိပြုလုပ်ခဲ့သော အတိတ်ကံသည် မယားနှင့် သားသမီးစသော ပတ်ဝန်းကျင် လူသားများ သန္တာန်၌ အကျိုးပေးနိုင်၊ မပေးနိုင် သင်္ဘာပါဠိ ကိုးကားဖြေ၍၊ အောက်ပါတရားတို့ကို ဖော်ပြပါ။

(က) ရုပ်သာမညကိုသာ ဖြစ်စေ၍ ကြ္ကရိယာပုတ်ကို မထောက်ပံ့နိုင်သော စိတ်။

(ခ) ကြ္ကရိယာပုတ်ကိုသာ ထောက်ပံ့နိုင်၍ ရုပ်သာမညကို မဖြစ်စေနိုင်သော စိတ်။

(ဂ) ရုပ်သာမည၊ ကြ္ကရိယာပုတ် ၂–ပါးစုံကို ဖြစ်စေနိုင်သော စိတ်။

၃။ ဥတုက ရုပ်ကိုဖြစ်စေရာ၌ ဥတုအရ အဘယ်ကို ယူရပါမည်နည်း။ သာဓကပြ ဖြေဆို၍ ကေဇရုပ်၊ တိဇရုပ်တို့ကို ဖော်ပြပါ။

ရူပကလာပ

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း ၄–ပါးကြောင့် ရုပ်တရားများ ဖြစ်ပေါ်လာကြရာ၌ ရုပ်တစ်ခုစီ တစ်ခုစီ သီးခြားဖြစ်ပေါ်ကြသည်မဟုတ်၊ စက္ခဒသကကလာပ်၊ သောတဒသကကလာပ်စသည်ဖြင့် အစုအစု ပေါင်းစပ်ပွဲ့စည်းလျက် ဖြစ်ပေါ်လာကြ၏။ ထိုသို့ အတူတကွ ဖြစ်ပေါ်လေ့ရှိကြသော ရုပ်တို့ကို ပေါင်းစပ်ဖွဲ့စည်းလျက် ပြဆိုသော အခန်းကို ''ရူပကလာပ'' ဟုခေါ်၏။

http://www.dhammadownload.com

ကလာပ် အင်္ဂါ ၃-ပါး

၁။ **ကေုပ္ပါဒ** = အတူတကွ ဖြစ်ခြင်း၊
၂။ **ကေနိရောဓ** = အတူတကွ ချုပ်ခြင်း၊
၃။ **ကေနိဿယ** = တူသောတည်ရာ မဟာဘုတ်ရှိခြင်း၊

ဤလက္ခဏာ ၃-ပါးနှင့် ပြည့်စုံ၍ အတူတကွ ဖြစ်သော ရုပ်အပေါင်း ကို ကလာပ်ဟု ခေါ်၏။

မှတ်ချက် ။ ။ အချို့က သဟဇာတ်တို့ကို ကလာပ်အင်္ဂါ ၁-ပါးဟု ဆိုကာ ကလာပ်လက္ခဏာ ၄-ပါး ပြကြ၏။

ကလာပ်အင်္ဂါ ၃-ပါး ရသောရုပ်

၁။	မဟာဘုတ်	၄ - ပါး
၂။	ပသာဒရုပ်	၅ - ပါး
၃။	ဖောဋ္ဌဗ္ဗာရုံကြဉ်သော ဂေါစရရုပ်	၄ - ပါး
၄။	ဘာဝရုပ်	၂ - ပါး
၅။	ဟဒယရုပ်	၁ - ပါး
၆။	ဇီဝိတရုပ်	၁ - ပါး
၇။	အာဟာရရုပ်	၁ - ပါး
၈။	ဝိညတ်ဒွေကြဉ်သော ဝိကာရရုပ်	၃ - ပါး
	ပေါင်း	၂၁ - ပါး

မှတ်ချက် ။ ။ အချို့က မဟာဘုတ်၄-ပါး၌ကေနိဿယလက္ခဏာကို မရနိုင်ဟု ဆိုကြ၏။ ဥပါဒါရုပ်များသည် မဟာဘုတ် ၄-ပါးကို မှီကြ၏။ မဟာဘုတ် ၄-ပါးသည် အချင်းချင်း အပြန်အလှန် မှီကြ၏။ ထို့ကြောင့် မဟာဘုတ် ၄-ပါး၌ ကေနိဿယ လက္ခဏာကို ရနိုင်ပါသည်။

ကေုပ္ပါဒ စသော ကလာပ် လက္ခဏာများကို ဥပါဒ်၊ ဌိ၊ ဘင်ရစ ကောင်းသော ပရမတ် အစစ် နိပ္ပန္နရုပ်များ၌သာ ရနိုင်၏။ သို့သော်

http://www.dhammadownload.com

ကလာပ်ဖွဲ့ရာ၌ ဝိကာရရုပ် ၅-ပါးကို ထည့်သွင်း ဖွဲ့ထားခြင်းကြောင့် ကလာပ် အင်္ဂါ ၃-ပါးလုံး ရသောရုပ်၌ ရူပသလဟုတာ၊ မုဒုတာ၊ ကမ္မညာတာ ၃-ပါးကို ထည့်သွင်း ဖော်ပြထားရပါသည်။ ကလာပ်အင်္ဂါ ၂-ပါးရသော ရုပ်အဖြစ် ဝိညတ်ဒွေကို ဖော်ပြရပါသည်။

ကလာပ်အင်္ဂါ ၂-ပါး ရသောရုပ်

ဝိညတ်ဒွေ။

မှတ်ချက် ။ ။ ဝိညတ်ဒွေ (ကာယဝိညတ္တိ နဝက ကလာပ်၊ ဝစီဝိညတ္တိ ဒသက ကလာပ်) စသည့် စိတ္တာနုပရိဝတ္တိ ဓမ္မဖြစ်သဖြင့် စိတ်၏ ဘင်နှင့်ပြိုင်၍ ချုပ်ခြင်းကြောင့် ဇကနိရောဓ လက္ခဏာကို မရနိုင်ပါ။

ရုပ်တရား၌ ကောရမ္မဏာ မရှိ

''သဗ္ဗဥပနေတံ ရူပံ အဟေတုကံ သပ္ပစ္စယံ သာသဝံ သင်္ခတံ လောကိယံ ကာမာဝစရံ အနာရမ္မဏံ အပ္ပဟာတဗ္ဗ မေဝါတိ'' ဟူသော သင်္ဂဟ ပါဠိကို ထောက်၍ ရုပ်တရားသည် အာရုံကို မယူနိုင်သောကြောင့် ဇကောရမ္မဏာ လက္ခဏာကို ကလာပ်၏ လက္ခဏာ အဖြစ် မရနိုင်ပါ။ ထို့ကြောင့် စေတသိက်၌ ကိုယ်ပိုင် လက္ခဏာ ၄-ပါးရှိသော်လည်း ရုပ်၌ ကိုယ်ပိုင်ကလာပ် လက္ခဏာ ၃-ပါး သာ ရှိသည်။

ကလာပ် ၂၁-စည်း

၁။	ကမ္မဇကလာပ်	၉ - စည်း
၂။	စိတ္တဇကလာပ်	၆ - စည်း
၃။	ဥတုဇကလာပ်	၄ - စည်း
၄။	အာဟာရဇကလာပ်	၂ - စည်း
	ပေါင်း	**၂၁ - စည်း**

http://www.dhammadownload.com

ကမ္မဇကလာပ် ၉-စည်း

၁။ စက္ခုဒသက
၂။ သောတဒသက
၃။ ဃာနဒသက
၄။ ဇိဝှါဒသက
၅။ ကာယဒသက
၆။ ဣတ္ထိဘာဝဒသက
၇။ ပုမ္ဘာဝဒသက
၈။ ဝတ္ထုဒသက
၉။ ဇီဝိတနဝက

ကမ္မဇကလာပ် ၉-စည်း ဖွဲ့ပုံ

	ပါဝင်သောရုပ်များ	ကလာပ်အမည်
၁။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ စက္ခုပသာဒ-၁၊	စက္ခုဒသက
၂။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ သောတပသာဒ-၁၊	သောတဒသက
၃။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ ဃာနပသာဒ-၁၊	ဃာနဒသက
၄။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ ဇိဝှါပသာဒ-၁၊	ဇိဝှါဒသက
၅။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ ကာယပသာဒ-၁၊	ကာယဒသက
၆။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ ဣတ္ထိဘာဝ-၁၊	ဣတ္ထိဘာဝဒသက
၇။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ ပုမ္ဘာဝ-၁၊	ပုမ္ဘာဝဒသက
၈။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊ ဟဒယဝတ္ထု-၁၊	ဝတ္ထုဒသက
၉။	ဇီဝိတ ၁၊ အဝိနိဗ္ဘောဂ-၈၊	ဇီဝိတနဝက

ကျက်ရန် ။ ။ ဇီဝိတရုပ် ၁-ပါး၊ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ စက္ခုပသာဒ ရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါးသည် စက္ခုဒသကကလာပ် မည်၏။

အမှာ ။ ။ ကြွင်းသောကလာပ် တို့ကိုလည်း၊ ဤနည်းကိုမှီ၍ ကလာပ်ဖွဲ့ပါ။

စိတ္တဇကလာပ် ၆-စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်
၂။ ကာယဝိညတ္တိနဝက ကလာပ်

http://www.dhammadownload.com

၃။ ဝစီဝိညတ္တိ ဒသက ကလာပ်
၄။ လဟုတာဒိ ကောဒသက ကလာပ်
၅။ ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်
၆။ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်

စိတ္တဇကလာပ် ၆-စည်းဖွဲ့ပုံ

၁။ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် သုဒ္ဓဋ္ဌက ကလာပ်မည်၏။
၂။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ကာယဝိညတ် ၁-ပါး၊ ပေါင်း ၉-ပါး သည် ကာယဝိညတ္တိနဝက ကလာပ်မည်၏။
၃။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဝစီဝိညတ် ၁-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ပေါင်း ၁၀-ပါး သည် ဝစီဝိညတ္တိဒသက ကလာပ်မည်၏။
၄။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ရူပသလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၁-ပါးသည် လတုတာဒိ ကောဒသက ကလာပ် မည်၏။
၅။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ကာယဝိညတ် ၁-ပါး၊ ရူပသလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၂-ပါးသည် ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ်မည်၏။
၆။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ဝစီဝိညတ် ၁-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ရူပ သလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၃-ပါးသည် ဝစီဝိညတ္တိသဒ္ဒလဟုတာဒိ တေရသက ကလာပ် မည်၏။

မှတ်ချက် ။ ။ သဒ္ဒနဝက ကလာပ်၊ သဒ္ဒလဟုတာ ဒိဒွါဒသကကလာပ် ကိုထည့်၍ စိတ္တဇကလာပ် ရှစ်စည်းဖြစ်သင့်၏။။ဝစီဝိညတ် သည် စိတ္တဇသဒ္ဒနှင့် ကင်း၍မဖြစ်နိုင်။ စိတ္တဇသဒ္ဒမူကား ဝစီဝိညတ်နှင့် ကင်း၍ ဖြစ်နိုင်၏။ ထွက်သက်၊ ဝင်သက်၊ ချောဆတ်သံ၊ ချောင်းဆိုးသံ

http://www.dhammadownload.com

အိပ်ပျော်နေစဉ် ဟောက်သံ၊ ကြိုးထိုးသံ၊ လေထိုးသံ၊ ဝမ်းရုတ်သံ စသည် တို့သည် ဝိညတ်မပါသော စိတ္တဇသဒ္ဒများ ဖြစ်၏။ ထို့ကြောင့် ဝိညတ် မပါသော သဒ္ဒနဝက ကလာပ်တစ်မျိုးလည်း ရှိသင့်၏။ ထိုသို့ သဒ္ဒနဝက ကလာပ်ကို ရသောအခါ သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်ကိုလည်း ရသင့်၏။ ဤသို့စိတ္တဇကလာပ် ရှစ်စည်း ဖြစ်သင့်ပါသည်။

စိတ္တဇကလာပ် ၆-စည်းခွဲပြပုံ

၁။ စိတ္တဇကလာပ် ၆-စည်းတွင် သုဒ္ဓဋ္ဌက ကလာပ်သည် တွေဝေ မိန်းမောသောအခါ၊ အိပ်ပျော်နေသောအခါ၊ စိတ်သောကကြောင့် ရုပ်ညှိုးနွမ်းသောအခါ စသည်တို့၌ဖြစ်၏။

၂။ ကာယဝိညတ္တိနဝက ကလာပ်သည် ရှေ့သို့တက်ခြင်း၊ နောက်သို့ ဆုတ်ခြင်း စသည်ကို ပြုလုပ်သောအခါ၊ စိတ်သောကကြောင့် ရုပ်ညှိုးနွမ်းသောအခါ စသည်တို့၌ ဖြစ်၏။

၃။ ဝစီဝိညတ္တိဒသက ကလာပ်သည် စိတ်သောကရောက်၍ ရုပ်ညှိုးနွမ်း သောအခါ စကားပြောသံ၊ ငိုကြွေးသံ၊ ဆဲဆိုသံ၊ ညည်းညူသံ စသည်တို့၌ ဖြစ်၏။

၄။ လဟုတာဒိ ဇောဒသက ကလာပ်သည် စိတ်ကြည်လင် ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါးမှု၊ နူးညံ့မှု၊ အမှုဠ် ခန့်ညား ဖျတ်လတ်မှု ဖြစ်သော အခါ၌ ဖြစ်၏။

၅။ ကာယဝိညတ္တိ လဟုတာဒိဒွါဒသက ကလာပ်သည် စိတ်ကြည်လင် ရွှင်လန်း၍ ရုပ်ခန္ဓာ ပေါ့ပါး၊ နူးညံ့၊ ဖျတ်လတ်စွာဖြင့် ရှေ့သို့ တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသည်ကို ပြုလုပ်သောအခါ၌ ဖြစ်၏။

၆။ ဝစီဝိညတ္တိသဒ္ဒ လဟုတာဒိ တေရသက ကလာပ်သည် စိတ် ကြည်လင်ရွှင်လန်း၍ ရုပ်ခန္ဓာပေါ့ပါး၊ နူးညံ့၊ ဖျတ်လတ်စွာဖြင့် စကားပြောဆိုရာ၊ တရားဟောရာ၊ ရယ်မောရာ၊ လေချွန်ရာ စသည် တို့၌ ဖြစ်၏။

http://www.dhammadownload.com

ဥတုဇကလာပ် ၄-စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်၊

၂။ သဒ္ဒနဝက ကလာပ်၊

၃။ လဟုတာဒိ ဇောဒသက ကလာပ်၊

၄။ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်၊

ဥတုဇကလာပ် ၄-စည်းဖွဲ့ပုံ

၁။ အဝိနိဗ္ဘောဂရုပ် ၈-ပါးသည် သုဒ္ဓဋ္ဌက မည်၏။

၂။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ပေါင်း ၉-ပါးသည် သဒ္ဒနဝက မည်၏။

၃။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၁-ပါးသည် လဟုတာ ဒိဇောဒသက မည်၏။

၄။ အဝိနိဗ္ဘောဂရုပ် ၈-ပါး၊ သဒ္ဒရုပ် ၁-ပါး၊ ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၂-ပါးသည် သဒ္ဒလဟုတာဒိဒွါဒသက မည်၏။

ဥတုဇကလာပ် ၄-စည်း ခွဲပြပုံ

ဥတုဇကလာပ် ၄-စည်းတွင် -

၁။ သုဒ္ဓဋ္ဌကကလာပ်သည် သက်မဲ့ဖြစ်သော သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေတို့၌သာ ဖြစ်၏။ သက်ရှိအဖျ တွတ်သန္တာန်မှာကား ရာသီဥတု ဖောက်ပြန်၍ ဓာတ်လေးပါး မညီမျှသောအခါ၌ ဖြစ်၏။

၂။ သဒ္ဒနဝက ကလာပ်သည် လေတိုက်သံ၊ ရေစီးသံ၊ မိုးခြိမ်းသံ၊ ငလျင်လှုပ်သံ၊ တော်လဲသံ စသည်တို့၌ ဖြစ်၏။

၃။ လဟုတာဒိဇောဒသက ကလာပ်သည် သက်ရှိသတ္တဝါတို့၏ အဖျ တွတ်သန္တာန်၌သာ ဖြစ်၏။ ရာသီဥတု သာယာသောအခါ၊ ရုပ်ခန္ဓာကိုယ် ပေါ့ပါး၊ နူးညံ့၊ ဖျတ်လတ်မှုရှိသောအခါ၌ ဖြစ်၏။

http://www.dhammadownload.com

၄။ သဒ္ဒလဟုတာဒိဒ္ဓါဒသက ကလာပ်သည် ရာသီဥတု သာယာ၍ သက်ရှိသတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်၌ ကိုယ်လက်ပေါ့ပါးမှု၊ နူးညံ့၊ ဖျတ်လတ်မှု ရှိသောအခါ၊ ကြို့ထိုးသံ၊ လေတက်သံ၊ လေကျသံ၊ လေလည်သံ စသည်တို့၌ ဖြစ်၏။

အာဟာရဇကလာပ် ၂-စည်း

၁။ သုဒ္ဓဋ္ဌက ကလာပ်။

၂။ လဟုတာဒိကောဒသက ကလာပ်။

အာဟာရဇကလာပ် ၂-စည်းဖွဲ့ပုံ

၁။ အဝိနိဗ္ဘောရုပ် ၈-ပါးသည် သုဒ္ဓဋ္ဌက မည်၏။

၂။ အဝိနိဗ္ဘောရုပ် ၈-ပါး၊ ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ ၃-ပါး၊ ပေါင်း ၁၁ -ပါးသည် လဟုတာ ဒိကောဒသကမည်၏။

အာဟာရဇကလာပ် ၂-စည်း ခွဲပြပုံ

အာဟာရဇကလာပ် ၂ စည်းတွင် -

၁။ သုဒ္ဓဋ္ဌက ကလာပ်သည် မသင့်သော အစာအာဟာရများကို စားမိသောအခါ၌ ဖြစ်၏။

၂။ လဟုတာဒိကောဒသက ကလာပ်သည် အစာအာဟာရ မျှတသော အခါ၊ မွန်မြတ်သော အစားအစာများကို စားရသောအခါ၊ ခန္ဓာကိုယ် ပေါ့ပါးမှု၊ နူးညံ့ဖျတ်လတ်မှု ဖြစ်ရာအခါ၌ ဖြစ်၏။

ကလာပ် ၂၁-စည်းလုံး၌ ပါဝင်သောရုပ်

အဝိနိဗ္ဘောဂရုပ် ၈-ပါးသည်၊ ကလာပ် ၂၁-စည်းလုံး၌ ပါဝင်သော ရုပ်ဖြစ်၏။

ကလာပ်ဖွဲ့ရာ၌ မပါဝင်သောရုပ်

အာကာသဓာတ် ၁-ပါး၊ လက္ခဏရုပ် ၄-ပါး၊ ပေါင်းရုပ် ၅-ပါး သည် ကလာပ် ၂၁-စည်း ဖွဲ့ရာ၌ မပါဝင်သောရုပ် ဖြစ်၏။

http://www.dhammadownload.com

အာကာသဓာတ်သည် ရုပ်ကလာပ်တို့၏ အပိုင်းအခြားမျှသာ ဖြစ်သောကြောင့် ကလာပ်ဖွဲ့ရာ၌ မပါဝင်ပါ။

လက္ခဏရုပ် ၄-ပါးသည် ရုပ်ကလာပ်တို့၏ အမှတ်အသားမျှသာ ဖြစ်သောကြောင့် ကလာပ်ဖွဲ့ရာ၌ မပါဝင်ပါ။

အဏ္ဏတ္တ၊ ဗဟိဒ္ဓခွဲပုံ ။ ။ တတ္ထသုဒ္ဓဋ္ဌက် သဒ္ဒနဝကဥ္စေတိ ဒွေ (ပ)

အဏ္ဏတ္တိက မေဝါတိ-ဟူသော စကားရပ်သည် ကလာပ်၂၁-စည်းကို အဏ္ဏတ္တသန္တာန်၌ဖြစ်သောကလာပ်၊ ဗဟိဒ္ဓသန္တာန်၌ဖြစ်သောကလာပ်ဟု ခွဲဝေပြသော စကားရပ်ဖြစ်၏။

သက်ရှိသတ္တဝါများ၏ သန္တာန်ကို အဏ္ဏတ္တသန္တာန်ဟု ခေါ်၏။ သက်ရှိသတ္တဝါတို့၏ ခန္ဓာကိုယ်မှ ပြင်ပဖြစ်သော သစ်ပင်၊ တောင်၊ တောင်၊ ရေ၊ မြေ၊ လေ၊ မီး စသည်တို့ကို ဗဟိဒ္ဓသန္တာန်ဟု ခေါ်၏။

အဏ္ဏတ္တသန္တာန်၌သာဖြစ်သော ကလာပ် ၁၉-စည်း

၁။	ကမ္မဇကလာပ်	၉ - စည်း
၂။	စိတ္တဇကလာပ်	၆ - စည်း
၃။	လဟုတာဒိဇကာဒသက၊ သဒ္ဒလဟုတာ ဒိဒွါဒသက ဟူသော ဥတုဇကလာပ်	၂ - စည်း
၄။	အာဟာရဇကလာပ်	၂ - စည်း
	ပေါင်း	**၁၉ - စည်း**

ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ကလာပ် ၂-စည်း

၁။ သုဒ္ဓဋ္ဌက

၂။ သဒ္ဒနဝက - ဟူသော ဥတုဇကလာပ် ၂-စည်း။

မှတ်ချက် ။ ။ ဗဟိဒ္ဓသန္တာန်၌သာဖြစ်သော ကလာပ်ဟူ၍ မရှိ၊ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝက-ဟူသော ဥတုဇကလာပ် ၂-စည်းသည် အဏ္ဏတ္တ သန္တာန်၌လည်း ဖြစ်၏။ ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်၏။

http://www.dhammadownload.com

ဗဟိဒ္ဓါပိဋ္ဌ ပိသဒ္ဒါဖြင့် အဏ္ဏတ္တသန္တာန်ကို ပေါင်းယူ၏။ ထို့ကြောင့် အဏ္ဏတ္တသန္တာန်၌ ကလာပ် ၂၁ စည်းလုံး ဖြစ်နိုင်၏ဟု မှတ်ပါ။

လူ၏ခန္ဓာကိုယ်၌ ရနိုင်သော ရုပ်ကလာပ်

အဏ္ဏတ္တသန္တာန်၌ ကလာပ် ၂၁-စည်းလုံးကို ရနိုင်သည်ဟု ဆိုသဖြင့် လူခန္ဓာကိုယ်၌ ရုပ်ကလာပ် ၂၁-စည်းလုံးကို ရနိုင်သည်ဟု မှတ်ပါ။ သို့သော် ယောကျ်ားသန္တာန်၌ ကျွတ္ထိဘာဝဒသက ကလာပ်ကို မရနိုင်။ မိန်းမသန္တာန်၌ ပုမ္ဘာဝဒသက ကလာပ်ကို မရနိုင်။ နပုန်းပဏ္ဍာက် သန္တာန်၌ ကျွတ္ထိဘာဝဒသက၊ ပုမ္ဘာဝဒသက ကလာပ်တို့ကို မရနိုင်။ ထို့ကြောင့် -

၁။ ယောကျ်ားသန္တာန်၌ ကျွတ္ထိဘာဝဒသကမှ တစ်ပါး ကြွင်းသော ကလာပ် ၂၀-စည်းကို ရနိုင်၏။

၂။ မိန်းမသန္တာန်၌ ပုမ္ဘာဝဒသကမှ တစ်ပါးကြွင်းသော ကလာပ် ၂၀-စည်းကို ရနိုင်၏။

၃။ နပုန်းပဏ္ဍာက်သန္တာန်၌ ကျွတ္ထိဘာဝဒသက၊ ပုမ္ဘာဝဒသကတို့မှ တစ်ပါး ကြွင်းသော ကလာပ် ၁၉-စည်းကို ရနိုင်၏။

မှတ်ချက် ။ ။ နာမရူပ ပရိစ္ဆေဒ၊ ပရမတ္ထဝိနိစ္ဆယ ကျမ်းတို့၌ ဇီဝိတနဝကကလာပ်ကို ကာမဘုံ၌ သီးခြားမရနိုင်ဟု ဆို၏။

သစ်ပင်တောတောင်၌ရသော ကလာပ်

ဗဟိဒ္ဓသန္တာန်၌ သက်မဲ့ဖြစ်သော၊ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ မီး စသည်တို့၌ သုဒ္ဓဋ္ဌက၊ သဒ္ဒနဝကဟူသော ဥတုဇကလာပ် ၂-စည်းကိုသာ ရနိုင်၏။

သက်မဲ့ပစ္စည်းများ၏ ပေါ့ပါးမှု၊ နူးညံ့မှု

တတ္ထ သုဒ္ဓဋ္ဌက် သဒ္ဒနဝကဥ္စေကိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ - ဟူသော ပါဠိကိုထောက်၍ လဲ၊ ဝါဂွမ်း၊ ပိုးဖဲကတ္တီပါ

http://www.dhammadownload.com

စသော သက်မဲ့ပစ္စည်းများ၏ ပေါ့ပါးမှုနှင့် နူးညံ့မှုကို လဟုတာ၊ မုဒုတာ ရုပ်ဟု မခေါ်နိုင်ပါ။

သက်မဲ့ ဗဟိဒ္ဓသန္တာန်၌ သုဒ္ဓဋ္ဌကနှင့် သဒ္ဒနဝကဟူသော ဥတုဇ ကလာပ် ၂-စည်းကိုသာ ရနိုင်၏။ လဟုတာ ဒီကောဒသက ကလာပ် စည်းကို မရနိုင်ပါ။

ဗဟိဒ္ဓသန္တာန်၌ရသော အဆိုပါ ဥတုဇကလာပ် ၂-စည်းတွင် လဟုတာ၊ မုဒုတာ၊ ကမ္မညတာရုပ် ၃-မျိုး မပါဝင်ကြ။ အများဆုံး အဝိနိဗ္ဘောဂရုပ် ၈-ပါး။ သဒ္ဒရုပ် ၁-ပါး၊ ပေါင်းရုပ် ၉-ပါးကိုသာ ရနိုင်၏။ ဗဟိဒ္ဓသန္တာန်၌ လတုတာ၊ မုဒုတာ၊ ကမ္မညတာရုပ် ၃-မျိုးကို မရနိုင်သော ကြောင့် လ၊ ဝါဂွမ်း၊ ပိုးဖဲကတ္တီပါစသော သက်မဲ့ ပစ္စည်းတို့၏ ပေါ့ပါးမှု၊ နူးညံ့မှု၊ ကိစ္စ၌ ခန့်ညားမှုတို့ကို လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟု မခေါ်နိုင်ပါ။ သက်မဲ့ပစ္စည်းတို့၏ ပေါ့ပါးမှုသည် တေဇော၊ ဝါယောဓာတ် များ၏ လွန်ကဲသော သဘောလက္ခဏာများသာ ဖြစ်၏။ သက်မဲ့ ပစ္စည်း တို့၏ နူးညံ့မှုသည်လည်း နူးညံ့ပထဝီ သဘောသာ ဖြစ်၏။

သစ်ပင်၌ အသက်မရှိ

တတ္ထ သုဒ္ဓဋ္ဌကံ (ပ) အစ္ဆတ္တိကမေဝါတိ ဟူသော ပါဠိကို ထောက်၍ အသက်ဟု ဆိုအပ်သော ဇီဝိတရုပ်ကို အစ္ဆတ္တသန္တာန်၌သာ ရနိုင်၏။ ဗဟိဒ္ဓသန္တာန်၌ မရနိုင်။ ထို့ကြောင့် သစ်ပင်၌ အသက်မရှိ။

အသက်သည်သွေး၊ သွေးသည်အသက်

အသက်သည် သွေး၊ သွေးသည် အသက်ဟု ဆိုရာ၌ တတ္ထ သုဒ္ဓဋ္ဌကံ (ပ) အစ္ဆတ္တိက မေဝါတိ ဟူသော ပါဠိကို ထောက်၍ အသက်ဟု ဆိုအပ်သော ဇီဝိတရုပ်ကို အစ္ဆတ္တ သန္တာန်၌သာ ရနိုင်၏။ ဗဟိဒ္ဓသန္တာန်၌ မရနိုင်ပါ။ ထို့ကြောင့် ပုလင်းထဲ၊ သွေးဘဏ်ထဲသို့ ရောက်နေသော သွေးများ၌ အသက်မရှိပါ။

http://www.dhammadownload.com

အမှာ ။ ။ လဲ၊ ဝါဂွမ်းဆိုင်များ၌ လဟုတာ၊ မုဒုတာရုပ်များ ရှိမရှိ၊ သွေးဘဏ်ထဲက သွေး၌ အသက်ရှိ-မရှိ ဟူသော ပြဿနာများနှင့် စပ်လျဉ်း၍ အစိုးရ စာမေးပွဲများ၌ မေးဖူး၏။

ရုပ်ကလာပ် ၂၁-စည်းကို အဇ္ဈတ္တသန္တာန်၊ ဗဟိဒ္ဓသန္တာန် ၂-မျိုးဖြင့် ခွဲပြပုံကို သဘောပေါက်အောင် လေ့လာထားပါ။ သက်ရှိ သတ္တဝါများ၏ သန္တာန်ကို အဇ္ဈတ္တသန္တာန်ဟု ခေါ်၍၊ တော၊ တောင်၊ ရေ၊ မြေ၊ သစ်ပင်၊ လေ၊ မီးစသည်တို့ကို ဗဟိဒ္ဓသန္တာန် ခေါ်သည်ဟု ကွဲကွဲပြားပြား သဘောပေါက်ထားပါက မည်သည့် မေးခွန်းကိုမဆို ဖြေဆိုနိုင်ပါလိမ့်မည်။

[လေ့ကျင့်ခန်း]

၁။ စေတသိက်၌ ကိုယ်ပိုင်လက္ခဏာ ၄-ပါး ရှိသကဲ့သို့ ရုပ်တို့ကို ကလာပ်ဖွဲ့ရာ၌ ကလာပ် အင်္ဂါ ၄-ပါး မရှိပုံကို ရှင်းလင်း ရေးခဲ့ပါ။

၂။ ကလာပ်ဖွဲ့ရာ၌ မူလအခြေခံဖြစ်သော ရုပ်တရားများကို ဖော်ပြ၍ စိတ္တဇကလာပ် ၆-စည်းကို အစဉ်မပျက် ရေတွက်ပြခဲ့ပါ။

၃။ (က) ကလာပ်အင်္ဂါ ၃-ပါး။ (ခ) ကလာပ် အင်္ဂါ ၂-ပါးနှင့် ညီညွတ်သော ရုပ်များကို ဖော်ပြ၍၊ ကလာပ်အင်္ဂါ ၃-ပါးနှင့် မညီညွတ်သော ရုပ်များကိုလည်း ဖော်ပြခဲ့ပါ။

၄။ အောက်ပါတို့၌ ဖြစ်သင့်သော ရုပ်ကလာပ်တို့ကို ဖော်ပြခဲ့ပါ။ (က) ငိုကြွေးသံ (ခ) မိုးကြိုးပစ်သံ (ဂ) ထွက်သက်ဝင်သက်။

၅။ နပုန်းပဏ္ဍုက်တို့၏ သန္တာန်၌ ရသင့်သော ကလာပ်တို့ကို ဖော်ပြ၍ လက္ခဏရုပ်ကို ကလာပ်မဖွဲ့ရခြင်း အကြောင်းကို ရေးပါ။

ရူပ ပဝတ္တိကဏ္ဍ

ကာမဘုံ၌ ပဝတ္တိအခါ ရသောရုပ်များ

ကာမဘုံ၌ ၊ ပဝတ္တိအခါ ရုပ် ၂၈ - ပါးလုံးကို ရ၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ ကာမဘုံ၌ ရုပ် ၂၈-ပါးလုံး ရနိုင်သော်လည်း အထီး သတ္တဝါ သန္တာန်၌ ကျွတ္ထိဘာဝရုပ်ကို မရနိုင်။ အမ သတ္တဝါ သန္တာန်၌ ပုရိသဘာဝရုပ်ကို မရနိုင်။ နပုန်းပဏ္ဍုကာ်၌ ဘာဝရုပ် ၂-ပါးလုံးကို မရနိုင်။ စက္ခု၊ သောတ စသည် ချို့တဲ့သူတို့မှာ စက္ခု၊ သောတ စသည်တို့ကို မရနိုင်။ ထို့ကြောင့် ပဝတ္တိအခါ ယောကျ်ားသန္တာန် ၌ ၂၇-ပါး၊ မိန်းမသန္တာန်၌ ၂၇-ပါး၊ နပုန်းပဏ္ဍုကာ်သန္တာန်၌ ရုပ် ၂၆-ပါး စီသာ ရရှိကြ၏။

ယထာရဟံဖြစ်ပုံ

အမ သတ္တဝါ သန္တာန်၌ ပုရိသဘာဝရုပ်ကို မရ၊ အထီး သတ္တဝါ သန္တာန်၌ ကျွတ္ထိဘာဝရုပ်ကို မရနိုင်။ ဘာဝရုပ် ချို့သူ သန္တာန်၌ ဘာဝရုပ် ၂-မျိုးလုံးကို မရနိုင်။ စက္ခု၊ သောတ စသည် ချို့သူတို့ သန္တာန်၌ စက္ခု၊ သောတ ပသာဒရုပ်ကို မရနိုင်။ ဤသို့ ပုဂ္ဂိုလ်အားလျော်စွာ ရသင့် သလို ရခြင်းကို ရည်ရွယ်၍ ယထာရဟံဟု ဆို၏။

ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ သတ်မှတ်ပုံ

တစ်ဘဝ၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ပထမ ဆုံးဖြစ်ရာ ဥပါဒ်ခဏကို ပဋိသန္ဓေအခါဟု ဆို၏။

ပထမဆုံးဖြစ်သော ပဋိသန္ဓေစိတ်၊ စေတသိက်၊ ကမ္မဇရုပ်တို့၏ ဌီခဏမှ စ၍ စုတိစိတ် အတွင်းကို ပဝတ္တိအခါဟု ခေါ်၏။ ဤသတ်မှတ် ချက်သည် အဘိဓမ္မာနည်းအရ သတ်မှတ်ချက် ဖြစ်ပါသည်။

သတ္တဝါ ၃-မျိုး

၁။ သံသေဒဇသတ္တဝါ

၂။ ဩပပါတိကသတ္တဝါ

၃။ ဂဗ္ဘသေယျကသတ္တဝါ

ဤကား သဂြိုဟ်ကျမ်းလာ သတ္တဝါ ၃-မျိုးတည်း။

http://www.dhammadownload.com

သတ္တဝါ (ယောနိ) ၄-မျိုး

၁။ သံသေဒဇသတ္တဝါ

၂။ ဩပပါတိကသတ္တဝါ

၃။ ဇလာပုဇသတ္တဝါ

၄။ အဏ္ဍဇသတ္တဝါ

ဤသို့ တစ်နည်းအားဖြင့် သတ္တဝါ ၄-မျိုး ပြား၏။

မှတ်ချက် ။ ။ ဂဗ္ဘသေယျက သတ္တဝါသည် ဇလာပုဇ၊ အဏ္ဍဇသတ္တဝါ ဟု ၂-မျိုးပြားသောကြောင့် သတ္တဝါ ၄-မျိုးပြားရခြင်း ဖြစ်၏။ ဤသတ္တဝါ ၄-မျိုးကို ယောနိ ၄-မျိုးဟုလည်း ခေါ်၏။ ယောနိ သဒ္ဒါသည် အမျိုးဇာတ်ဟူသော အနက်ကို ဟော၏။

သံသေဒဇ။ ။ စိုစွတ်ငြိတွယ်ရာ အရပ်၌ဖြစ်သော သတ္တဝါကို သံသေဒဇသတ္တဝါဟု ခေါ်၏။

ပဒုမ္မာကြာတိုက်၊ ဝါးပင်၊ ကိုယ်ဝန် အညစ်အကြေး၊ ပန်းမိုက်၊ ရေပုပ်၊ ငါးပုပ်၊ မစင်ပုပ် စသော အရပ်များ၌ ဖြစ်သော သတ္တဝါမျိုးတည်း။

ပဒုမ္မာကြာတိုက်၌ ပဋိသန္ဓေနေသော ပဒုမဝတီ မိဖုရား၊ ပေါက္ခရသာတိ ပုဏ္ဏား၊ ဝါးပင်၌ ပဋိသန္ဓေနေသော ဝေဠုဝတီ မိဖုရား၊ ရေပုပ် ငါးပုပ် စသည်တို့၌ ပဋိသန္ဓေနေသော ပိုးလောက် စသည့် သတ္တဝါများသည် သံသေဒဇ သတ္တဝါများ ဖြစ်၏။

ဩပပါတိက။ ။ ဘဝဟောင်းမှ ခုန်လွှား၍ ကျလာသကဲ့သို့၊ ခန္ဓာကိုယ် အထင်အရှား ဖြစ်ပေါ်လာသော သတ္တဝါကို ဩပပါတိက သတ္တဝါဟု ခေါ်၏။ ကမ္ဘာဦးလူများနှင့် နတ်၊ ပြဟ္မာစသော သတ္တဝါမျိုးတည်း။

http://www.dhammadownload.com

ဂဇ္ဈသေယျက ။ ။ အမိဝမ်း၌ ကိန်းအောင်း၍ ပဋိသန္ဓေတည်နေသော သတ္တဝါကို ဂဇ္ဈသေယျက သတ္တဝါဟု ခေါ်၏။

ဇလာပုဇ ။ ။ သားအိမ်၌ဖြစ်သော သတ္တဝါကို ဇလာပုဇသတ္တဝါဟု ခေါ်၏။ လူ–ခွေး စသော သတ္တဝါမျိုးတည်း။

အဏ္ဍဇ ။ ။ ဥခွံ၌ဖြစ်သော သတ္တဝါကို အဏ္ဍဇသတ္တဝါဟု ခေါ်၏။ ကြက်၊ ငှက် စသော သတ္တဝါမျိုးတည်း။

၃၁–ဘုံ၌ ဖြစ်သော သတ္တဝါတို့တွင် ဘုမ္မစိုးနတ်မှ တစ်ပါးသော နတ်ပြဟ္မာများ၊ နိဗ္ဗာနမတဏှိကဟု ခေါ်အပ်သော ပြိတ္တာမျိုး၊ ငရဲဘုံတို့၌ ဥပပတ် ပဋိသန္ဓေတစ်မျိုးသာ ရ၏။

ကြွင်းသော ဂတိ (ဌာန)များ၌ ယောနိ ၄–မျိုးလုံးကိုပင် ရ၏။

ပဋိသန္ဓေအခါ၊ သံသေဒဇ ဩပပါတိက သတ္တဝါများသန္တာန်၌ အများဆုံးရသော ကလာပ်များ

စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဇိဝှာဒသက၊ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဟု ဒသက ၆–မျိုး ရ၏။

မှတ်ချက် ။ ။ ရံခါ စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဘာဝဒသက တို့ကို မရနိုင်။

ပဋိသန္ဓေအခါ၊ သံသေဒဇ ဩပပါတိက သတ္တဝါတို့၏ သန္တာန်၌ အနည်းဆုံးရနိုင်သော ကလာပ်များ

ဇိဝှာဒသက၊ ကာယဒသက၊ ဝတ္ထုဒသက ၃–မျိုးတို့ကို ရ၏။

သံသေဒဇ ဩပပါတိက သတ္တဝါများ သန္တာန်၌

ပဋိသန္ဓေအခါ ရနိုင်သော ရုပ် – ၂၀

၁။ အဝိနိဗ္ဘောဂရုပ် ၈ – ပါး

၂။ ဇိဝိတရုပ် ၁ – ပါး

http://www.dhammadownload.com

၃။	ပသာဒရုပ်	၅ – ပါး
၄။	ဘာဝရုပ်	၂ – ပါး
၅။	ဟဒယဝတ္ထုရုပ်	၁ – ပါး
၆။	အာကာသဓာတ်	၁ – ပါး
၇။	ဥပစယ၊ သန္တတိဟူသော လက္ခဏာရုပ်	၂ – ပါး
	ပေါင်း	**၂၀ – ပါး**

မှတ်ချက် ။ ။ သံသေဒဇ၊ သြပပါတိက သတ္တဝါများ သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ကလပ် ၇–စည်းတွင် ဘာဝဒသကကို ကွတ္ထိဘာဝဒသက၊ ပုမ္ဘာဝဒသကဟု ၂–မျိုးခွဲပါ။ ထို့ကြောင့် ကမ္မဇကလာပ် ၉–စည်းတွင် ဇီဝိတနဝကကလာပ်မှတစ်ပါး ကျန် ၈–စည်း ကို ရနိုင်၏။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ကမ္မဇကလာပ်ရုပ်များ ဖြစ်ပေါ်လာသောအခါ ရုပ်ကလာပ်တစ်ခုနှင့် တစ်ခုကို ပိုင်းခြားသော အာကာသဓာတ်ခေါ်သော ပရိစ္ဆေဒရုပ်လည်း ဖြစ်ပေါ်လာရ၏။ ရုပ်ကလာပ်တို့၏ အမှတ်အသားဖြစ်သော ဥပစယ၊ သန္တတိတို့ကလည်း ဖြစ်ပေါ်လာရ၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌၊ ဇရတာ၊ အနိစ္စတာရုပ်တို့ မဖြစ်ပေါ်နိုင်ကြသေးပါ။ ထို့ကြောင့် ကမ္မဇကလာပ် ၈–စည်းကို ရုပ်အနေအားဖြင့် ခွဲထုတ်လျက် အာကာသဓာတ်၊ ဥပစယ၊ သန္တတိတို့နှင့် ပေါင်းလျှင် ပဋိသန္ဓေအခါ ရနိုင်သော ရုပ် ၂၀–ဖြစ်လာရ၏။

ဂဗ္ဘသေယျကသတ္တဝါ၏ သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ကလာပ်များ

ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသကဟု ဆိုအပ်သော ကလာပ် ၃–စည်းရ၏။ တစ်ခါတစ်ရံ ဘာဝဒသကကို မရနိုင်ပါ။

မှတ်ချက် ။ ။ ပဋိသန္ဓေအခါ၌ ရနိုင်သော ဤကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ရုပ်ကလာပ် ၃–မျိုးကို ကလလရေကြည် (ကလလရုပ်) ဟု ခေါ်၏။

http://www.dhammadownload.com

ဂဗ္ဘသေယျက သတ္တဝါ၏ သန္တာန်၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ် ၁၆–ပါး

၁။	အဝိနိဗ္ဘောဂရုပ်	၈ – ပါး
၂။	ဇီဝိတရုပ်	၁ – ပါး
၃။	ကာယပသာဒရုပ်	၁ – ပါး
၄။	ဘာဝရုပ်	၂ – ပါး
၅။	ဟဒယဝတ္ထုရုပ်	၁ – ပါး
၆။	အာကာသဓာတ်	၁ – ပါး
၇။	ဥပစယ၊ သန္တတိ	၂ – ပါး
	ပေါင်း	၁၆ – ပါး

မှတ်ချက် ။ ။ ရုပ် ၁၆–ပါး ရနိုင်သော်လည်း အထီး၊ အမ သတ္တဝါ တစ်ဦးစီ သန္တာန်၌ ရုပ် ၁၅–ပါးသာ ရနိုင်သည်ဟု မှတ်ပါ။ ကလာပ် ၃–စည်းက ရုပ် ၁၆–ပါး ဖြစ်လာပုံကို နားလည် လောက်ပါပြီ။

ဂဗ္ဘသေယျသတ္တဝါ၏ သန္တာန်၌ ပဝတ္တိအခါ စက္ခုစသော ဒသကများ ဖြစ်ပုံ

ပဋိသန္ဓေတည်ပြီးနောက် ပဝတ္တိအခါ၌ တစ်စ တစ်စ ကြီးပွား သည်ရှိသော် ၁၁–သတ္တာဟ၊ ၇၇–ရက်လောက် ကြာသောအခါ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါဒသကတို့ ၇–ရက်စီခြားကာ အစဉ်အတိုင်း ဖြစ်ပေါ်လာကြ၏။

ချို့ကောင်းသော ဒသကများ

၁။ သံသေဒဇ၊ ဂဗ္ဘသေယျက သတ္တဝါများ သန္တာန်၌ စက္ခုဒသက၊ သောတဒသက၊ ဃာနဒသက၊ ဘာဝဒသကဟူ၍ ဒသက ၄ မျိုး ချို့နိုင်၏။

http://www.dhammadownload.com

၂။ အပါယ်သြပပါတိက သတ္တဝါများ သန္တာန်၌ စက္ခုဒသက၊ သောတ ဒသက၊ ဘာဝဒသက ဟူ၍ ဒသက ၃-မျိုး ချို့နိုင်၏။

၃။ သုဂတိဘုံသား သြပပါတိက သတ္တဝါတို့တွင် ကမ္မာဉီးလူများ သန္တာန်၌သာ ဘာဝဒသက ချို့နိုင်၏။ အခြားသုဂတိဘုံသား သြပပါတိက သတ္တဂါများ သန္တာန်၌ မည်သည့် ရုပ်ကလာပ်မျှ မချို့နိုင်ပါ။

မှတ်ချက် ။ ။ စက္ခုသောတ၊ ဃာနဘာဝါ၊ ချို့ကောင်းရောကား၊ နှစ်ဖြာ ဂဗ္ဘ၊ သံသေဒမှတ်၊ ဥပပါတ်မှာ၊ ပါယ်၌သာလျှင်၊ စက္ခု သောတ၊ ဘာဝချို့ဘိ၊ သုဂတိကား၊ ကပ်ဉီးသား၊ ချို့ငြားဘောတစ်ခု။

အမှာ ။ ။ အာယတနယမိုက်၊ ဣန္ဒြိယယမိုက်တို့အတွက် ဤ ဆောင်ပုဒ်သည် အလွန် အကျိုးများ၏။ ကျက်မှတ် ထားပါလေ။

ရုပ်တို့၏ ဖြစ်စဉ်

ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ (ပ) မဗ္ဘောစ္ဆိန္နာ ပဝတ္တတိ ဟူသော စကားရပ်သည် ရုပ် ၄-ပါး (စတုသမုဋ္ဌာနိကရုပ်) တို့၏ ဖြစ်ပေါ်လာစဉ်ကို ပြသော စကားရပ်တည်း။

ရုပ် ၄-ပါးတို့ ဖြစ်ပေါ်လာစဉ်

၁။ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ကမ္မဇရုပ်များ ဖြစ်ကြ၏။

၂။ ပဋိသန္ဓေနောင် ပထမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ္တဇရုပ်များ ဖြစ်ကြ၏။

၃။ ပဋိသန္ဓေစိတ်၏ ဌိခဏမှစ၍ ဥတုဇရုပ်များ ဖြစ်ကြ၏။

၄။ သြဇာ၏ ပုံ့နှံ့ရာအခါမှစ၍ အာဟာရဇရုပ်များ ဖြစ်ပေါ်ကြ၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ ရုပ် ၄-ပါးတို့ စတင်ဖြစ်ပေါ်ချိန်၊ သို့မဟုတ် ရုပ် ၄-ပါးတို့၏ ရှေးဦးစွာ ဖြစ်ပေါ်ပုံကို ရေးပါဟု မေးလျှင် ဤအတိုင်း ဖြေပါ။

ဒုတိယစိတ္တံ။ ။ ဘဝတစ်ခု၏ ပဋိသန္ဓေစိတ်သည် ပထမစိတ်ဖြစ်၏။ ယင်း ပဋိသန္ဓေစိတ်ကို ထောက်လျှင် ပဋိသန္ဓေ နောင် ဖြစ်သော ပထမဆုံး ဘဝင်စိတ်ကို ဒုတိယစိတ်ဟု ခေါ်၏။ ထို့ကြောင့် ဒုတိယစိတ္တံအရ ပဋိသန္ဓေနောင် ပထမဘဝင်ကို ယူရ၏။

ဩဇာဖရဏာ။ ။ ဂဗ္ဘသေယျက သတ္တဝါသန္တာန်၌ ပဋိသန္ဓေတည်နေပြီးနောက် တစ်သတ္တာဟ၊ နှစ်သတ္တာဟ (၇ - ရက်၊ ၁၄-ရက်) လောက်အကြာတွင် မိခင် စားသောက်အပ်သော အစာမှစ၍ ဩဇာပျံ့နှံ့၏။

သံသေဒဇ၊ ဩပပါတိက သတ္တဝါများ သန္တာန်၌ ပဋိသန္ဓေနေပြီးနောက် တစ်စုံတစ်ခုသော အစာကို စားသောက်သောအခါ အယုတ်ဆုံး အားဖြင့် မိမိတံတွေးကို မျိုချရာအခါမှစ၍ ဩဇာပျံ့နှံ့၏။

ရုပ် ၄-ပါးတို့ ဖြစ်ပေါ်ပုံ

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း ၄-ပါးကြောင့် ဖြစ်သော ရုပ်ကလာပ်အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့လည်းကောင်း၊ မြစ်ရေအလျဉ်ကဲ့သို့ လည်းကောင်း အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်မစဲ ဖြစ်ပေါ်နေ၏။

အမှာ ။ ။ ရုပ် ၄-ပါးတို့ ဖြစ်ပုံကို ဥပမာသွင်း၍ ရှင်းလင်းရေးပါဟုမေးလျှင် ဤအတိုင်း ဖြေပါ။

ရုပ် ၄-ပါးဖြစ်ပုံ၏ ဆီမီးလျှံနှင့် တူပုံ

မီးစာနှင့်ဆီကို အခြေခံ၍ တောက်လောင်နေသော မီးတောက် မီးလျှံသည် အမြင်အားဖြင့် တစ်ခုတည်း ထင်ရသော်လည်း အမှန်မှာ

http://www.dhammadownload.com

တစ်ခုတည်း မဟုတ်ပါ။ ပထမ တောက်လောင်နေသော မီးတောက်မီးလျှံသည် ပထမမီးစာနှင့် ဆီကြောင့် တောက်လောင်နေခြင်းဖြစ်၏။ ပထမမီးစာနှင့်ဆီ ကုန်သွားသောအခါ ယင်းမီးစာနှင့် ဆီကြောင့် တောက်လောင်နေသော ပထမ မီးတောက်မီးလျှံများ ချုပ်ငြိမ်းသွား၏။ တစ်ဖန် ဒုတိယ မီးစာနှင့် ဆီကြောင့် ဒုတိယ မီးတောက် မီးလျှံများ ဖြစ်ပေါ်လာ၏။ ယင်း ဒုတိယ မီးစာနှင့်ဆီ ကုန်သွားသောအခါ ယင်းကြောင့် ဖြစ်ပေါ်နေရသော ဒုတိယ မီးတောက် မီးလျှံလည်း ချုပ်ငြိမ်းသွားပြန်၏။ ဤသို့ စသည်ဖြင့် ရှေ့ရှေ့မီးစာနှင့် ဆီကုန်သွားတိုင်း ရှေ့ရှေ့ မီးတောက် မီးလျှံများလည်း ချုပ်ငြိမ်းသွားရ၏။ နောက်နောက် မီးစာနှင့် ဆီကြောင့် နောက်နောက် မီးတောက်မီးလျှံများ အဆက်မပြတ် ဖြစ်ပေါ်လာကြ၏။

ထိုနည်းအတူ သတ္တဝါများ၏ သန္တာန်၌ ရုပ်ခန္ဓာသည် လည်း, အမြင်အားဖြင့် တစ်ခုတည်း ထင်ရသော်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဟူသော ရှေးရှေးအကြောင်းကြောင့် ဖြစ်သော ရုပ်ခန္ဓာအစဉ်သည် ချုပ်၍ ချုပ်၍ သွားသောအခါ နောက်နောက်က ကံ၊ စိတ်၊ ဥတု၊ အာဟာရများကြောင့်ဖြစ်သော ခန္ဓာသည် အစဉ်အဆက်မပြတ် အသစ်အသစ် ဖြစ်ပေါ်လာကြ၏။ ရုပ် ၄-ပါး၏ ဖြစ်ပုံသည် ဤသို့ ဆီမီးလျှံနှင့်တူ၏။

မြစ်ရေအလျဉ်နှင့်တူပုံ

မြစ်ရေအလျဉ်ကို ကြည့်ရှုသောအခါ တစ်ခုတည်း ထင်ရသော်လည်း တစ်ခုတည်း မဟုတ်ပါ။ ရှေးဦးစွာ မြင်ရသော မြစ်ရေသည် အောက်သို့ စီးဆင်းသွားပြီးနောက် ဒုတိယ မြစ်ရေ ရောက်လာ၏။ ဤသို့စသည်ဖြင့် ရှေးရှေးမြစ်ရေက စီးဆင်းသွားပြီး နောက်နောက် မြစ်ရေက ရောက်လာကာ အဆက်မပြတ် ဖြစ်နေပါသည်။

ထို့အတူ သတ္တဝါများ၏ ရုပ်ခန္ဓာသည်လည်း တစ်ခုတည်းထင်ရသော်လည်း တစ်ခုတည်း မဟုတ်ပါ။ ရှေးရှေးရုပ်အစဉ် ချုပ်ပျောက်ပြီး၊ နောက်နောက် ရုပ်အစဉ်ဖြစ်ပေါ်လာကာ အဆက်မပြတ် ဖြစ်နေပါသည်။ ရုပ် ၄-ပါး၏ ဖြစ်ပေါ်ပုံသည် ဤသို့ ဖြစ်ရေအလျဉ်နှင့် တူနေပါသည်။

http://www.dhammadownload.com

ရုပ်တို့ပျက်စဉ်။ ။ **မရဏာလာလေပန (ပ) ယာဝမတကဋ္ဌေဝရသခီ တာ ပဝတ္တန္တိ** ဟူသော စကားရပ်သည် ရုပ် ၄-ပါးတို့၏ ပျက် (ချုပ်) စဉ်ကို ပြသောစကားတည်း။

ရုပ် ၄-ပါး တို့ချုပ် (ပျက်) စဉ်


၁။ **စုတေခါနိုး အခါ၌ စုတိစိတ်မှ နောက်ပြန်ရေတွက်သည်ရှိသော်** ၁၇-ချက် မြောက်သော စိတ်၏ ဥပါဒ် ခဏမှစ၍ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ပါ။

ထို ၁၇-ချက် မြောက်သော စိတ်အစဉ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကမ္မဇရုပ်များသည်လည်း စုတိစိတ်၏ ဘင်ခဏ၌ ၁၇-ချက် ရုပ်သက်စေ့သဖြင့် စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကြပါသည်။

၂။ စုတိစိတ်၏ ဥပါဒ်ခဏ၌ နောက်ဆုံးဖြစ်သော စိတ္တဇ ရုပ်တို့သည် ကမ္မဇရုပ် ချုပ်ပြီးနောက် ခဏငယ် ၄၈-ချက်ခန့်ကြာမှ ချုပ်ပါသည်။

၃။ အာဟာရဇ ရုပ်များသည် စုတေပြီးနောက် ခဏငယ် ၅၀-ချက်ကြာမှ ချုပ်ကြပါသည်။

၄။ ဥတုဇရုပ်များသည် စုတေပြီး နောင်အလောင်းကောင်ဟု ခေါ်ဆိုအပ်သည့်တိုင်အောင်၊ ဝါ – ကမ္မာပျက်သည့်တိုင်အောင် ဖြစ်နေကြပါသည်။ ကမ္မာပျက်မှ ဥတုဇရုပ်များ ချုပ်ကြပါသည်။



ကမ္မဇ ။ ။ ဝီထိပုံမှာ ပြထားသည့်အတိုင်း စုတိစိတ်သို့ မရောက်မီ ၁၇-ချက် မြောက်သော စိတ်၏ ဥပါဒ် အထိသာ ကမ္မဇရုပ်များ ဖြစ်ကြ၏။ ဤခဏမှ စ၍ နောက်ပိုင်း၌ ကမ္မဇရုပ်သစ်များ မဖြစ်ကြတော့ပါ။ အကြောင်းကား နောက်၌ ကမ္မဇရုပ်သစ်များ ဆက်လက်

http://www.dhammadownload.com

ဖြစ်ပေါ်နေသည်ရှိသော်စုတေမှု၊ အသက်ကုန်မှု မဖြစ်နိုင်သောကြောင့်တည်း။

ဘဝတစ်ခုအတွက် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတတို့ တစ်ပြိုင်နက် အပြီးသတ် ချုပ်သည်ကိုပင် ''စုတေသည်၊ အသက်ကုန်သည်'' ဟု ဆိုကြ၏။ ထို့ကြောင့် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတများ တစ်ပြိုင်နက် ချုပ်သော အချိန်ကို သတ္တဝါစုတေသော အချိန်ဟု မှတ်ပါ။

ကမ္မဇရုပ်၏ ရှေးဦးစွာဖြစ်ရာအခါ

ပဋ္ဌာန်းစေတ်၏ ဥပါဒ်ခဏသည် ကမ္မဇရုပ်၏ ရှေးဦးစွာ ဖြစ်ရာအခါ ဖြစ်ပါသည်။

ကမ္မဇရုပ် နောက်ဆုံးဖြစ်ရာအခါ

စုတိစိတ်မှ နောက်ပြန် ရေတွက်သည်ရှိသော် ၁၇-ချက်မြောက် ဖြစ်သော စိတ်၏ ဥပါဒ်ခဏသည် ကမ္မဇရုပ်၏ နောက်ဆုံးဖြစ်ရာအခါ ဖြစ်ပါသည်။

စိတ္တဇ ။ ။ ရဟန္တာတို့၏ စုတိစိတ်မှတစ်ပါးသော စုတိစိတ်များသည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်ကြ၏။ ထို့ကြောင့် စိတ္တဇရုပ်များသည် စုတိစိတ်၏ ဥပါဒ်ခဏ၌ အဆုံးသတ်ဖြစ်ကြ၏။

အာဟာရဇ ။ ။ အာဟာရဇ ရုပ်များသည် စုတိစိတ်၏ ဘင်ခဏ တိုင်အောင် ဖြစ်နိုင်ကြ၏။

ဥတုဇ ။ ။ ဥတုဇရုပ်များသည် ရုပ်ကလာပ် ဆက်ကာဆက်ကာဖြင့် ကမ္ဘာပျက်သည်အထိ ဖြစ်နေကြ၏။ သို့သော် တစ်ဘဝအတွက် ပုံသဏ္ဌာန် မပျက်သေးခင် ဖြစ်နေပုံကို ပြလိုသောကြောင့် ယာဝ မတက ဌေဝရသခီတာ ပဝတ္တန္တိ အလောင်းကောင်ဟု ခေါ်ဆိုရသည့် တိုင်အောင် ဖြစ်နေကြသည်ဟု ဆိုခြင်းဖြစ်၏။

တတော ပရံ ဥတုသမုဋ္ဌာန ရူပပရမ္ပရာ ယာဝ မတကဌေဝရသခီတာ ပဝတ္တန္တိ – ဟူသော သင်္ဂဟပါဠိကို ထောက်၍ ဥတုဇရုပ်များ

http://www.dhammadownload.com

ကမ္ဘာပျက်သည့်တိုင်အောင် ဖြစ်နေကြသည်ဟု ဆိုသောကြောင့် လွန်ခဲ့သော နှစ်ပေါင်းများစွာက ရုပ်ကြွင်းများကို တူးဖော်တွေ့ရှိသည်ဟူသော သမိုင်း သုတေသန ပညာရှင်များ အဆိုသည် ယုတ္တိရှိလှ၏။ ဤပါဠိကို ထောက်၍ လူသေကောင်၌ ဥတုဇ သုဒ္ဓဋ္ဌက ကလာပ်တစ်စည်းကိုသာ ရ၏ဟု မှတ်ပါ။

ရုပ်သံသရာ စက်လည်ပုံ

ဣစ္စေဝံ မတသတ္တာနံ – စသော ဂါထာသည် ရုပ်သံသရာစက်လည်ပုံကို ပြ၏။

ရူပဘုံ၌ ပဋိသန္ဓေအခါ ရနိုင်သော ရုပ်ကလာပ်

စက္ခုဒသက၊ သောတဒသက၊ ဝတ္ထုဒသက၊ ဇီဝိတနဝကဟူသော ကမ္မဇကလာပ် ၄-စည်းကို ရူပဘုံ၌ ပဋိသန္ဓေအခါ ရနိုင်၏။

မှတ်ချက် ။ ။ ရူပဘုံ၌ ဇိဝှါဒသက ကလာပ်၊ အာဟာရဇ ကလာပ် တို့ကို မရသောကြောင့် ရူပ ပြဟ္မာများ သြဇာထမင်း စသော အစာများကို မစားကြဟု မှတ်ပါ။

ရူပဘုံ၌ ကာယဒသက ကလာပ်ကို မရသောကြောင့် ရူပပြဟ္မာများ သန္တာန်၌ ကာယိကဒုက္ခ (ကိုယ်ဆင်းရဲမှု) မရှိ။ ရူပဘုံ၌ ဘာဝဒသက ကလာပ်ကို မရသောကြောင့် ရူပဘုံ၌ ပြဟ္မာအမျိုးသား၊ ပြဟ္မာအမျိုးသမီးဟု ကွဲပြားမှုမရှိ။

(ရူပလောက ပန ဃာန ဇိဝှါ ကာယ ဘာဝဒသကာနိ စေဝ အာဟာရဇကလာပါနိ စ၊ န လဗ္ဘန္တိ ကို ထောက်)။

ရူပဘုံ၌ ပဋိသန္ဓေ အခါရနိုင်သောရုပ် ၁၅-ပါး

၁။	အဝိနိဗ္ဘောဂရုပ်	၈ – ပါး
၂။	ဇီဝိတရုပ်	၁ – ပါး
၃။	စက္ခုပသာဒ၊ သောတပသာဒ	၂ – ပါး

http://www.dhammadownload.com

၄။	ဟဒယဝတ္ထုရုပ်	၁ – ပါး
၅။	အာကာသဓာတ်	၁ – ပါး
၆။	ဥပစယ၊ သန္တတိ	၂ – ပါး
	ပေါင်း –	၁၅ – ပါး

မှတ်ချက် ။ ။ ပဋိသန္ဓေအခါ ရသော ကမ္မဇကလာပ် ၄–စည်း၌ ပါဝင်သော ရုပ် ၁၂–ပါးနှင့် အာကာသဓာတ်၊ ဥပစယ၊ သန္တတိ တို့ကို ပေါင်းထားခြင်းပင်ဖြစ်၏။

ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သောကလာပ်

၁။	ပဋိသန္ဓေအခါ၌ ရသောကမ္မဇကလာပ်	၄ – စည်း
၂။	စိတ္တဇကလာပ်	၆ – စည်း
၃။	ဥတုဇကလာပ်	၄ – စည်း
	ပေါင်း –	၁၄ – စည်း

ရူပဘုံ၌ ပဝတ္တိအခါ ရနိုင်သောရုပ် ၂၃–ပါး

၁။	မဟာဘုတ်	၄ – ပါး
၂။	စက္ခုပသာဒ၊ သောတပသာဒ	၂ – ပါး
၃။	ဖောဋ္ဌဗ္ဗာရုံကြဉ် ဂေါစရရုပ်	၄ – ပါး
၄။	ဟဒယရုပ်	၁ – ပါး
၅။	ဇီဝိတရုပ်	၁ – ပါး
၆။	အာဟာရရုပ်	၁ – ပါး
၇။	ပရိစ္ဆေဒရုပ်	၁ – ပါး
၈။	ဝိကာရရုပ်	၅ – ပါး
၉။	လက္ခဏရုပ်	၄ – ပါး
	ပေါင်း –	၂၃ – ပါး

ဂါထာ၌ တေဝီသ အရဖြစ်၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ ဃာနပသာဒ၊ ဇိဝှါပသာဒ၊ ကာယပသာဒ၊ ဘာဝရူပ် တို့ကိုကြဉ် ကြွင်းသောရူပ် ၂၃-ပါးဟု အကျဉ်းကောက် လိုက ကောက်ပါ။

အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ ရနိုင်သောကလာပ်

ဇီဝိတနဝက ကလာပ်ကို ရ၏။

အသညသတ်ဘုံ၌ ပဋိသန္ဓေအခါ ရနိုင်သောရူပ်

၁။	အဝိနိဗ္ဘောဂရူပ်	၈ – ပါး
၂။	ဇီဝိတရူပ်	၁ – ပါး
၃။	အာကာသဓာတ်	၁ – ပါး
၄။	ဥပစယ၊ သန္တတိ	၂ – ပါး
	ပေါင်း –	၁၂ – ပါး

အသညသတ္တာနံ ပန (ပ) နာ လဿန္တိ

တထာ သဗ္ဗာနိပိ စိတ္တဇရူပါနိ – ၌ စိတ္တဇသဒ္ဒါကို သီးခြားယူလတ္တံ့ ဖြစ်သောကြောင့် ''အသညသတ္တာနံ ပန စက္ခု သောတ ဝတ္ထု သဒ္ဒါပိ နာ လဿန္တိ'' ဟူသော စကားရပ်တွင် သဒ္ဒါပိ၌ သဒ္ဒါရ ဥတုဇသဒ္ဒကိုသာ ယူရမည်။

အသညသတ်ဘုံ၌ ပဝတ္တိအခါ ရသောကလာပ်

ဇီဝိတနကလ ကလာပ် ၁၊ သုဒ္ဓဋ္ဌက၊ လဟုတာဒိကောဒသက ဟူသော ဥတုဇကလာပ် ၂-စည်း၊ ပေါင်း ၃ စည်းကိုရ၏။

အသညသတ်ဘုံ၌ ပဝတ္တိအခါ ရသောရူပ်

၁။	အဝိနိဗ္ဘောဂရူပ်	၈–ပါး
၂။	ဇီဝိတရူပ်	၁–ပါး
၃။	ပရိစ္ဆေဒရူပ်	၁–ပါး

http://www.dhammadownload.com

၄။	ရူပသဿ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ	၃–ပါး
၅။	လက္ခဏရုပ်	၄–ပါး
	ပေါင်း	**၁၇–ပါး**

ဂါထာ၌ သတ္တရသအဖြစ်၏။

ကျစ်စေ့ဝံ (ပ) ဝေဒိတဗ္ဗာ ။ ။ ကာမဘုံ၊ ရူပဘုံ၊ အသညသတ်ဘုံတို့ကို ''တီသုဌာနေသု'' အရယူပါ။ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့ကို ''ဒုဝိဓာ ရူပပဝတ္တိ'' ၌ ဒုဝိဓာအရယူပါ။

သဒ္ဒါဝိကာရော (ပ) နလဗ္ဘန္တိ

သဒ္ဒါဝိကာရော စသော ဂါထာသည် ပဋိသန္ဓေအခါ မရနိုင်သော ရုပ်များနှင့် ပဝတ္တိအခါ မရနိုင်သောရုပ် မရှိကြောင်းကိုပြသော ဂါထာတည်း။

ပဋိသန္ဓေအခါ မရနိုင်သောရုပ်

၁။	သဒ္ဒရုပ်	၁–ပါး
၂။	ဝိကာရရုပ်	၅–ပါး
၃။	ဇရတာ၊ အနိစ္စတာ	၅–ပါး
	ပေါင်း	**၈–ပါး**

မှတ်ချက် ။ ။ ဥပပတ္တိယံအရ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကိုယူပါ။ ထို့ကြောင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ မဖြစ် (မရ) နိုင်သော ရုပ် ၈–ပါးဟု မှတ်ပါ။

အိုမှု၊ သေမှုမရှိသောအခါ

ရုပ်တို့၏ရင့်ရော်မှု ဇရတာ၊ ရုပ်တို့၏ မပြုမှု အနိစ္စတာရုပ်များ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ မဖြစ်ဟုဆိုအပ်သောကြောင့် ထိုပဋိသန္ဓေတည်နေခါစအချိန် (ပဋိသန္ဓေစိတ် ဥပါဒ်ခဏ) ၌ သတ္တဝါများ အိုမှု၊ သေမှုမဖြစ်ဟု မှတ်ပါ။

http://www.dhammadownload.com

နိဗ္ဗာန် ။ ။ နိဗ္ဗာန်ံ ပန (ပ) မဟေသယော ဟူသော စကားရပ်များသည် နိဗ္ဗာန်နှင့် သက်ဆိုင်သော စကားရပ်များဖြစ်၏။ ထိုတွင် နိဗ္ဗာန်ံ ပန (ပ) နိဗ္ဗာန်ဿ ပတ္တိ ဟူသော စကားရပ်သည် နိဗ္ဗာန်၏ သဘောအဓိပ္ပာယ်ကိုပြသော စကားတည်း။

တဒေတံ သဘာဝတော (ပ) အာကာရဘေဒေန ဟူသောစကားရပ်သည် နိဗ္ဗာန်အပြားကိုပြသော စကားတည်း။

ပဒမစ္ဆုတမစ္ဆန္တံ (ပ) မဟေသယော ဟူသော စကားရပ်သည် နိဗ္ဗာန်၏ ဂုဏ်ပုဒ်ကိုပြသော စကားတည်း။

မှတ်ချက် ။ ။ နိဗ္ဗာန်၏သဘောအဓိပ္ပာယ်ကိုပြသော စကားရပ်တွင် နိဗ္ဗာန်ံပန၌ နိဗ္ဗာန်ံဟူသောပုဒ်ဖြင့် နိဗ္ဗာန်ဟူသော သဘောတရားကိုပြ၏။ နိဗ္ဗာန်ဿပါရှိသော နိဗ္ဗာန်ံပုဒ် ဖြင့် နာမည်ကိုပြ၏။

နိဗ္ဗာန်အဓိပ္ပာယ်

လောကုတ္တရာဟုဆိုအပ်သော မဂ်ဉာဏ် ၄-ပါးဖြင့် မျက်မှောက်ပြုထိုက်သော မဂ်၊ ဖိုလ်တရားတို့၏ အာရုံဖြစ်သော နိဗ္ဗာန်ကို ဝါနဟုဆိုအပ်သော တဏှာမှလွတ်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟုခေါ်၏။

နိဗ္ဗာန်သည် လောကုတ္တရာ

နိဗ္ဗာန်ံ ပန လောကုတ္တရသခ်ီတံ – ဟူသော ပါဠိကိုထောက်၍ နိဗ္ဗာန်သည် လောကုတ္တရာတရားဖြစ်၏။ လောကနိဗ္ဗာန်မရှိ။

နိဗ္ဗာန်ကို အရိယာများသာ မျက်မှောက်ပြုနိုင်

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ – ဟူသောပါဠိကိုထောက်၍ နိဗ္ဗာန်ကို မဂ်ဉာဏ် ၄-ပါးရရှိပြီးသော အရိယာပုဂ္ဂိုလ်များသာ မျက်မှောက်ပြုနိုင် (မြင်နိုင်)၏။ ပုထုဇဉ် လူသားများမမြင်နိုင်။ ထို့ကြောင့်မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်မြင်ဟူသော စကားရပ်မှန်ကန်၏။

http://www.dhammadownload.com

တဏှာကို ဝါနဟု ခေါ်ရခြင်းအကြောင်း

ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝကို ဆက်စပ်ပေးတတ်သောကြောင့် တဏှာကို ဝါနဟုခေါ်၏။

နိကန္တတ္တာ နိဗ္ဗာနံ။ ။ တဏှာ၏ အာရုံအပြုမခံရခြင်းကို ''တဏှာမှ လွတ်မြောက်သည်'' ဟုဆို၏။ **ဝါနသခီါတာယ တဏှာယ နိကန္တတ္တာ** ဟူသော စကားအရ၊ နိဗ္ဗာန်ပုဒ်ကို **''ဝါနတော နိကန္တံ နိဗ္ဗာနံ''** ဟု ဝိဂ္ဂဟပြုရမည်။

နိဗ္ဗာန်အပြား

နိဗ္ဗာန်သည် သန္တိလက္ခဏာဟူသော သဘာဝအားဖြင့် တစ်မျိုးသာ ရှိ၏။

ကာရဏာပရိယာယ (မှတ်သားကြောင်းပရိယာယ်) အားဖြင့် နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်အားဖြင့် ၂-မျိုးပြား၏။

အာကာရဘေဒအားဖြင့် သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်ဟု သုံးမျိုးပြား၏။

နိဗ္ဗာန်၏ ဂုဏ်အရည်အသွေးများ

နိဗ္ဗာန်၌ -

၁။ **အစ္စုတ** = စုတေရွှေ့လျော သေရခြင်းမရှိခြင်း။

၂။ **အစ္စန္တ** = စုတိဟု ဆိုအပ်သော အဆုံးအပိုင်းအခြားကို လွန်ပြီးဖြစ်ခြင်း။

၃။ **အသခ်တ** = နိဗ္ဗာန်ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော အကြောင်းတရား ၄-ပါးတို့ ပေါင်းစု၍ မပြုပြင်အပ်၊ မပြုပြင်နိုင်ခြင်း။

၄။ **အနုတ္တရ** = မိမိထက် သာလွန်မြင့်မြတ်သောတရား မရှိခြင်း။

၅။ **ပဒ** = နိဗ္ဗာန်သည် ရောက်သင့်၊ ရောက်ရန် လျော်ကန်သင့်မြတ်ထင်ရှားရှိသော ဓာတ်တစ်မျိုးဖြစ်ခြင်း။

http://www.dhammadownload.com

ဂါထာ ။ ။ ကြွတိစိတ္တံစေတသိကံ – စသော ဂါထာသည် ပရမတ္ထ တရား ၄–ပါး၏ နိဂုံးကိုပြ၏။

မှတ်ချက် ။ ။ နိဗ္ဗာန်၏ ဂုဏ်ပုဒ်များတွင် အစွဲတံ၊ အစွန့်ပုဒ်တို့ကို ထောက်၍ အိုနာ၊ သေရေး ဒုက္ခဘေးကင်းမဲ့သော နေရာသည် နိဗ္ဗာန် ဖြစ်သည်ဟု မှတ်ပါ။

[လေ့ကျင့်ခန်း]

၁။ သင်္ဂြိုဟ်ကျမ်းလာ သတ္တဝါ အမျိုးအစားကို သင်္ဂဟ ပါဠိတောက်၍ ဖော်ပြပြီးလျှင် ပန်းမှိုက်ပုံထဲမှ မွေးဖွားလာသော ပိုးကောင်ငယ်၏ ပဋိသန္ဓေအခါ ရသင့်သော ရုပ်ကလာပ်တို့ကို ဖော်ပြခဲ့ပါ။

၂။ ကြက်ဥထဲ၌ သန္ဓေယူသော ကြက်ကလေး၏ ပဋိသန္ဓေခဏ၌ ဖြစ်နိုင်သော ရုပ်ကလာပ်နှင့် မဖြစ်နိုင်သော ရုပ်တရားတို့ကို ဖော်ပြ၍ လူသေကောင်၌ ရနိုင်သော ရုပ်တိကိုလည်း ပါဠိထောက်၍ ဖြေဆိုခဲ့ပါ။

၃။ ကမ္မဇရုပ်၏ စတင်ဖြစ်သောအချိန်နှင့် နောက်ဆုံးဖြစ်သော အချိန်ကို တိကျစွာဖော်ပြ၍၊ အကနိဋ္ဌဘုံသား ပြဟ္မာ၏ သန္တာန်၌ ပဝတ္တိအခါ ရနိုင်သော ရုပ်ကလာပ်တို့ကို ဖော်ပြခဲ့ပါ။

၄။ စိတ်တို့သည် ဥပါဒ်၊ ဌိ၊ ဘင် ဟူသော အမှတ်သင်္ကေတ ၃–မျိုးဖြင့် ဖြစ်ပေါ်ကြ၏။ ထိုတွင်စိတ်၏ ဥပါဒ်ခဏ၌သာ ဖြစ်ပေါ်လေ့ရှိသော ရုပ်တရားများ၊ စိတ်၏ ဌိခဏ၌သာ ဖြစ်ပေါ်လေ့ရှိသော ရုပ်တရားများ၊ စိတ်၏ခဏတိုင်း၌ ဖြစ်ပေါ်လေ့ရှိသော ရုပ်တရားများကို အသီးအသီး ဖော်ပြခဲ့ပါ။

ရုပ်ပိုင်းပြီး၏။

* * * * *

http://www.dhammadownload.com

သမုစ္စည်းပိုင်း

အနုသန္ဓေနှင့် ပဋိညာဉ်

ဒွါသတ္တတိဝိဓာ စသော ဂါထာသည် အနုသန္ဓေနှင့် ပဋိညာဉ်ကို ပြ၏။

ဒွါသတ္တတိဝိဓာအရ

၁။	စိတ်	၁–ပါး
၂။	စေတသိက်	၅၂–ပါး
၃။	နိပ္ပန္နရုပ်	၁၈–ပါး
၄။	နိဗ္ဗာန်	၁–ပါး
	ပေါင်း	၇၂–ပါး

မှတ်ချက် ။ ။ ဝတ္ထုဓမ္မာအရကို ဖော်ပြပါဟု မေးလျှင်လည်း ဤ ၇၂–ပါးကိုပင် ဖြေပါ။ ဝတ္ထုဓမ္မာအရတွင် မပါဝင်သော တရားတို့ကို ရေးပါဟုမေးလျှင် အနိပ္ပန္နရုပ် ၁၀–ဟုဖြေပါ။

သမုစ္စယသင်္ဂဟ ။ ။ ပရမတ္ထရားတို့ကို သဘောတူချင်း ပေါင်းစုပြရာ အပိုင်းကို ‘သမုစ္စည်းပိုင်း’ ဟုခေါ်သည်။

သင်္ဂဟ ၄–မျိုး

၁။ **အကုသလသင်္ဂဟ** ။ ။ အကုသိုလ်တရားတို့ကို ပေါင်းစုပြရာ အခန်း။

http://www.dhammadownload.com

၂။ **မိဿကသင်္ဂဟ** ။ ။ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရား တို့ကို ရောနှောပေါင်းစုပြရာ အခန်း။

၃။ **ဗောဓိပက္ခိယသင်္ဂဟ**။ ။ မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သော တရားတို့ကို ပေါင်းစုပြရာ အခန်း။

၄။ **သဗ္ဗသင်္ဂဟ** ။ ။ ပရမတ္ထတရားအားလုံးကို ပေါင်းစု ရေတွက်ပြရာအခန်း။

အကုသလသင်္ဂဟ

အာသဝ ။ ။ အာသဝသဒ္ဒါသည် စိမ်ရည်အရက်ကို ဟော၏။

ဤနေရာ၌ စိမ်ရည်အရက်နှင့် တူသောကြောင့် လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကို အာသဝဟု ခေါ်၏။

အာသဝ ၄-ပါး

အာသဝတရားသည် ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝဟု ၄-ပါး ပြား၏။

ဝတ္ထုအာရုံ၊ ကာမဂုဏ်တို့၌ တပ်မက်သော တဏှာကို ကာမာသဝဟု ခေါ်၏။

ရူပစျာန်၊ အရူပစျာန်နှင့် ထိုစျာန်၏ အကျိုးဝိပါက်ဟူသော ဘဝ၌ တပ်မက်နှစ်သက်မှု တဏှာကို ဘဝါသဝဟု ခေါ်၏။

၆၂-ပါးသော မိစ္ဆာအယူကို ဒိဋ္ဌာသဝဟု ခေါ်၏။

သစ္စာ ၄-ပါး၊ ပုဗ္ဗန္တ၊ အပရန္တ၊ ပုဗ္ဗန္တာပရန္တ၊ ပဋိစ္စသမုပ္ပါဒ်ဟူသော ၈-ဌာနတို့၌ မသိမှု မောဟကို အဝိဇ္ဇာသဝဟု ခေါ်၏။

အာသဝတရားကိုယ် ၃-ပါး

အာသဝသည် တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိ၊ မောဟဟု ၃-ပါး ရှိ၏။

http://www.dhammadownload.com

တရားကိုယ်ကောက်ပုံ

၁။ လောဘမူစိတ် ၈-ပါးဌ ယှဉ်သော လောဘစေတသိက်သည် ကာမာသဝ မည်၏။

၂။ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါးဌ ယှဉ်သော လောဘစေတသိက်သည် ဘဝါသဝ မည်၏။

၃။ ဒိဋ္ဌိဂတသမ္မယုတ်စိတ် ၄-ပါးဌ ယှဉ်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌာသဝ မည်၏။

၄။ အကုသိုလ်စိတ် ၁၂-ပါးဌ ယှဉ်သော မောဟစေတသိက်သည် အဝိဇ္ဇာသဝ မည်၏။

ဩဃ

ဩဃသဒ္ဒါသည် ရေအလျဉ်ဟူသော အနက်ကို ဟော၏။ ဤနေရာ၌ ရေအလျဉ်နှင့် တူသောကြောင့် လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကို ဩဃ ဟုခေါ်၏။

ရေအလျဉ်နှင့်တူပုံ

ရေအလျဉ်သည် သတ္တဝါတို့ကို လွှမ်းဖိနှစ်မြှုပ်၍ သတ်တတ်သကဲ့သို့ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည်လည်း မိမိကိန်းရာ သတ္တဝါကို ဒုက္ခ၌ လွှမ်းမိနှစ်မြှုပ်၍ သတ်ဖြတ်တတ်၏။

ဩဃ ၄-ပါး

ဩဃတရားသည် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဟု ၄-ပါး ပြား၏။

အမှာ ။ ။ ဩဃ၊ ယောဂ တရားကိုယ်ကောက်ပုံမှာ အာသဝနှင့်တူ၏။

ယောဂ

အရာဝတ္ထု နှစ်ခုကို အစေးဖြင့်ကပ်၍ စပ်ဟပ်ထားသကဲ့သို့ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ ခိုင်မြဲစွာ စပ်ဟပ်ပေးတတ်သောကြောင့် လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ကို ယောဂဟုလည်း ခေါ်၏။

http://www.dhammadownload.com

ယောဂ ၄-ပါး

ယောဂတရားသည် ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂဟု ၄-ပါးပြား၏။

ဂန္ထ

သံကွင်းချင်းဆက်၍ ဖွဲ့နှောင်ထားသကဲ့သို့ သတ္တဝါတို့၏ နာမကာယနှင့်ရူပကာယကို၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကို ဝဋ်ဆင်းရဲမှ မထွက်ခွာရအောင်၊ မလွတ်မြောက်ရအောင် စတေပြီးနောက် ပဋိသန္ဓေ၊ ပဋိသန္ဓေပြီးနောက် စုတိဟု ဆက်စပ်ပေးတတ်သောကြောင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိတို့ကို ဂန္ထဟု ခေါ်၏။

ဂန္ထ ၄-ပါး

ဂန္ထသည် အဘိဇ္ဈာကာယ ဂန္ထ၊ ဗျာပါဒကာယဂန္ထ၊ သီလဗ္ဗတပရာမာသကာယဂန္ထ၊ ကွဒံသစ္စာဘိနိဝေသကာယဂန္ထ ဟု ၄-ပါးပြား၏။

အာရုံ တစ်ခုခုကို ရှေးရှုကြံစည်ခြင်း၊ လိုချင်ခြင်း လောဘကို အဘိဇ္ဈာဟုခေါ်၏။

အထူး။ ။ အကုသလ ကမ္မပထ၌ သူတစ်ပါး စည်းစိမ် ဥစ္စာကို မတရား လိုချင်သော လောဘသည်သာ အဘိဇ္ဈာမည်၏။ ဤ၌ အာရုံတစ်ခုခုကို ရှေးရှုကြံစည်ခြင်း၊ လိုချင်ခြင်း လောဘ ဟူသမျှသည် အဘိဇ္ဈာမည်၏။

စိတ်ဖောက်ပြန် ပျက်စီးခြင်းသို့ ရောက်ကြောင်း ဒေါသကို ဗျာပါဒ ဟု ခေါ်၏။

အထူး။ ။ အကုသလ ကမ္မပထ၌ သူတစ်ပါးကို သေစေလိုသော ဒေါသသည် ဗျာပါဒမည်၏။ ဤ၌ စိတ်ဖောက်ပြန် ပျက်စီးခြင်းသို့ ရောက်ကြောင်း ဒေါသမှန်သမျှသည် ဗျာပါဒမည်၏။

နွား၊ ခွေး စသည်တို့၏ အလေ့အကျင့်ကို ကျင့်လျှင် ကိလေသာမှ လည်းစင်ကြယ်၏။ သံသရာမှလည်း လွတ်မြောက်နိုင်၏ဟု မှားယွင်းစွာ

http://www.dhammadownload.com

သုံးသပ်တတ်သော ဒိဋ္ဌစေတသိက်ကို သီလဗ္ဘတပရာမသဟု ခေါ်၏။

အလွဲလွဲအမှားမှား ယူပြီးလျှင် ငါ့အယူသာမှန်သည်၊ ကျန် အယူအားလုံး အလွဲအမှားချည်း ဖြစ်သည်ဟု လွန်လွန်ကဲကဲ စွဲလန်းမှု ဒိဋ္ဌစေတသိက်ကို ကဋ္ဌဲသစ္စာဘိနိဝေသဟု ခေါ်၏။

ဂန္ထတရားကိုယ် ၃-ပါး

ဂန္ထသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌဟု ၃-ပါး သာရှိ၏။

တရားကိုယ်ကောက်ပုံ

၁။ လောဘမူစိတ် ၈-ပါး၌ ယှဉ်သော လောဘစေတသိက်သည် အဘိဇ္ဈာကာယ ဂန္ထမည်၏။

၂။ ဒေါသမူဒွေ့၌ယှဉ်သော ဒေါသစေတသိက်သည် ဗျာပါဒ ကာယ ဂန္ထ မည်၏။

၃။ ဒိဋ္ဌဂတ သမ္မယုတ်စိတ် ၄-ပါး၌ယှဉ်သော ဒိဋ္ဌစေတသိက်သည် သီလဗ္ဘတပရာမာသကာယ ဂန္ထ၊ ကဋ္ဌဲသစ္စာဘိနိဝေ သကာယဂန္ထ မည်၏။

ဥပါဒါန်

မြွေက ဖားကို ဖမ်းထားသကဲ့သို့ မစွန့်လွှတ်နိုင်ဘဲ စွဲစွဲလန်းလန်း ခိုင်မြဲစွာ အာရုံပြုတတ်၊ ယူတတ်သောကြောင့် လောဘ၊ ဒိဋ္ဌတို့ကို ဥပါဒါန် ဟုခေါ်၏။

ဥပါဒါန် ၄-ပါး

ဥပါဒါန်သည် ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် ဟု ၄-ပါးပြား၏။

ငါးပါးအာရုံ ကာမဂုဏ်၌ စွဲလန်းတတ်သော လောဘ စေတသိက်ကို ကာမုပါဒါန်ဟု ခေါ်၏။

သီလဗ္ဗတပရာမာသ၊ အတ္တဝါဒ ဒိဋ္ဌတို့မှတစ်ပါး ကျန်ဒိဋ္ဌအမျိုးမျိုးကို ဒိဋ္ဌုပါဒါန်ဟု ခေါ်၏။

http://www.dhammadownload.com

အတ္တရှိ၏ဟု ပြောဆိုစွဲလန်းမှု ဒိဋ္ဌိစေတသိက်ကို အတ္တဝါဒုပါဒါန် ဟုခေါ်၏။

ဥပါဒါန် တရားကိုယ် ၂-ပါး

ဥပါဒါန်သည် တရားကိုယ်အားဖြင့် လောဘ၊ ဒိဋ္ဌိဟု နှစ်ပါးသာ ရှိ၏။

တရားကိုယ်ကောက်ပုံ

၁။ လောဘမူစိတ် ၈-ပါးဌ်ယှဉ်သော လောဘစေတသိက်သည် ကာမုပါဒါန် မည်၏။

၂။ ဒိဋ္ဌိဂတ သမ္မယုတ်စိတ် ၄-ပါးဌ်ယှဉ်သော ဒိဋ္ဌိစေတသိက်သည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန် မည်၏။

နီဝရဏ

စျာန်စသော ကုသိုလ်စိတ်များ ဖြစ်ခွင့်မရအောင် တားမြစ်ပိတ်ပင် တတ်သောကြောင့် လောဘ၊ ဒေါသစသော တရားတို့ကို နီဝရဏဟု ခေါ်၏။

နီဝရဏ ၆-ပါး

နီဝရဏသည် ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓ နီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ၊ အဝိဇ္ဇာနီဝရဏဟု ၆-ပါး ပြား၏။

ငါးပါးအာရုံ ကာမဂုဏ်ကို လိုချင်နှစ်သက်မှုလောဘ စေတသိက်ကို ကာမစ္ဆန္ဒနီဝရဏဟု ခေါ်၏။ ကြွင်းသော နီဝရဏ တရားများမှာ ထင်ရှားပြီ။

နီဝရဏတရားကိုယ် ၈-ပါး

နီဝရဏသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ မောဟ ဟု ၈-ပါးရှိ၏။

http://www.dhammadownload.com

တရားကိုယ်ကောက်ပုံ

၁။ လောဘမူစိတ် ၈-ပါးဌ်ယှဉ်သော လောဘစေတသိက်သည် ကာမစ္ဆန္ဒနိဝရဏ မည်၏။

၂။ ဒေါသမူဒွေဋ္ဌယှဉ်သော ဒေါသစေတသိက်သည် ဗျာပါဒနိဝရဏ မည်၏။

၃။ သသင်္ခါရိကစိတ် ၅-ပါးဌ်ယှဉ်သော ထိနစေတသိက်သည် ထိန နိဒ္ဓနိဝရဏမည်၏။

၄။ သသင်္ခါရိကစိတ် ၅-ပါးဌ်ယှဉ်သော မိဒ္ဓစေတသိက်သည် မိဒ္ဓ နိဒ္ဓနိဝရဏမည်၏။

၅။ အကုသိုလ်စိတ် ၁၂-ပါးဌ်ယှဉ်သော ဥဒ္ဓစ္စစေတသိက်သည် ဥဒ္ဓစ္စ နိဒ္ဓနိဝရဏမည်၏။

၆။ ဒေါသမူဒွေဋ္ဌယှဉ်သော ကုက္ကုစ္စစေတသိက်သည် ကုက္ကုစ္စနိဝရဏ မည်၏။

၇။ ဝိစိကိစ္ဆာ သဟဂုတ်စိတ်ဌ်ယှဉ်သော ဝိစိကိစ္ဆာ စေတသိက်သည် ဝိစိကိစ္ဆာ နိဒ္ဓနိဝရဏမည်၏။

၈။ အကုသိုလ်စိတ် ၁၂-ပါးဌ်ယှဉ်သော မောဟ စေတသိက်သည် အဝိဇ္ဇာနိဝရဏ မည်၏။

အနုသယ

သတ္တဝါတို့၏ သန္တာန်ဌ် အစဉ်တစိုက် ကိန်းအောင်း ပါဝင်နေသော ကိလေသာကို အနုသယဟုခေါ်၏။

အနုသယ ၈-ပါး

၁။ ကာမရာဂါနုသယ
၂။ ဘဝရာဂါနုသယ
၃။ ပဋိဃာနုသယ
၄။ မာနာနုသယ
၅။ ဒိဋ္ဌာနုသယ
၆။ ဝိစိကိစ္ဆာနုသယ
၇။ အဝိဇ္ဇာနုသယ

http://www.dhammadownload.com

ယှဉ်ဖက် တရားတို့ကို ဖျက်ဆီးတတ်သော ဒေါသ စေတသိက်ကို ပဋိဃာနုသယဟု ခေါ်၏။ အနုသယ တရားကိုယ်ကောက်ပုံမှာ ထင်ရှားပြီ။

တရားကိုယ် ၆–ပါး ။ ။ အနုသယသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟဟု ၆–ပါး ရှိ၏။

သံယောဇဉ်

သတ္တဝါတို့ကို ထိုထိုဘဝမှ မလွတ်ရအောင် ကြိုးဖြင့်ချည်နှောင်ထားသကဲ့သို့ ချည်နှောင်တတ်သော တရားတို့ကို သံယောဇဉ်ဟု ခေါ်၏။ ကြိုးနှင့်တူသော တရားဟူလို။

သုတ္တန်နည်းသံယောဇဉ် ၁၀–ပါး

၁။ ကာမရာဂသံယောဇဉ်	၆။ ဒိဋ္ဌိသံယောဇဉ်
၂။ ရူပရာဂသံယောဇဉ်	၇။ သီလဗ္ဗတပရာမာသသံယောဇဉ်
၃။ အရူပရာဂသံယောဇဉ်	၈။ ဝိစိကိစ္ဆာသံယောဇဉ်
၄။ ပဋိဃသံယောဇဉ်	၉။ ဥဒ္ဓစ္စသံယောဇဉ်
၅။ မာနသံယောဇဉ်	၁၀။ အဝိဇ္ဇာသံယောဇဉ်

ရူပါစျာန်နှင့် ထိုစျာန်၏ အကျိုးဝိပါက်၌ နှစ်သက်မှု တဏှာကို ရူပရာဂ သံယောဇဉ်ဟု ခေါ်၏။

အရူပစျာန်နှင့် ထိုစျာန်၏ အကျိုးဝိပါက်၌ နှစ်သက်မှု တဏှာကို အရူပရာဂ သံယောဇဉ်ဟု ခေါ်၏။

ဒိဋ္ဌိဂတ ဝိပ္ပယုတ်စိတ် ၄–ပါး၌ ယှဉ်သော လောဘစေတသိက်သည် ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ် မည်၏။ အကြွင်းမှာ ထင်ရှားပြီ။

http://www.dhammadownload.com

တရားကိုယ် ၇-ပါး ။ ။ သုတ္တန်နည်း သံယောဇဉ်သည် လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ မောဟ ဟု တရားကိုယ်အားဖြင့် ၇-ပါးသာရှိ၏။

အဘိဓမ္မာနည်း သံယောဇဉ် ၁၀-ပါး

၁။ ကာမရာဂသံယောဇဉ် ၆။ သီလဗ္ဗတပရာမာသသံယောဇဉ်
၂။ ဘဝရာဂသံယောဇဉ် ၇။ ဝိစိကိစ္ဆာသံယောဇဉ်
၃။ ပဋိဃသံယောဇဉ် ၈။ ကုသာသံယောဇဉ်
၄။ မာနသံယောဇဉ် ၉။ မစ္ဆရိယ သံယောဇဉ်
၅။ ဒိဋ္ဌိသံယောဇဉ် ၁၀။ အဝိဇ္ဇာသံယောဇဉ်

တရားကိုယ်ကောက်ပုံ လွယ်ပါသည်။

တရားကိုယ် ၈-ပါး ။ ။ အဘိဓမ္မာနည်း သံယောဇဉ် တရားကိုယ်မှာ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ကုသာ၊ မစ္ဆရိယ၊ မောဟ ဟု ၈-ပါးရှိ၏။

နဝသံယောဇနာဒ္ဒ နဝအရ

၁။ လောဘ ၄။ ဒိဋ္ဌိ ၇။ ကုသာ
၂။ ဒေါသ ၅။ ဝိစိကိစ္ဆာ ၈။ မစ္ဆရိယ
၃။ မာန ၆။ ဥဒ္ဓစ္စ ၉။ မောဟ

အမှာ ။ ။ သုတ္တန်နည်း၊ အဘိဓမ္မာနည်း ၂-ပါးကို ရောနှော ပေါင်းထား၍ ၉-ပါး ဖြစ်လာရ၏။

စက်လှည့်သရုပ်ခွဲပုံ

(၁) သုတ္တန်နည်း၌သာ ပါဝင်သော သံယောဇဉ် တရားကိုယ်မှာ ဥဒ္ဓစ္စ တစ်ပါးဖြစ်၏။

http://www.dhammadownload.com

(၂) အဘိဓမ္မာ နည်း၌သာ ပါဝင်သော သံယောဇဉ် တရားကိုယ်မှာ ကွဿာ၊ မစ္ဆရိယ၊၂– ပါးဖြစ်၏။

(၃) နည်း ၂–ပါးလုံး၌ ပါဝင်သော သံယောဇဉ် တရားကိုယ် မှာ လောဘ၊ ဒေါသ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ မောဟ ဟု ၆–ပါးရှိ၏။

မှတ်ချက် ။ ။ သံယောဇဉ် တရားတို့တွင် ပဋိဃ သံယောဇဉ် ပါရှိသောကြောင့် မုန်းခြင်းသည်ပင် ပဋိဃသံယောဇဉ်ဖြစ်၏။

ကိလေသာ

စိတ်ကို ပူလောင်စေတတ်၊ နှိပ်စက်တတ်သောကြောင့်လည်းကောင်း၊ စိတ်ကို ပြောင်လက်လက် မဖြစ်စေဘဲ၊ ညစ်ပေအောင် ပြုလုပ်တတ်သောကြောင့်လည်းကောင်း၊ လောဘ၊ ဒေါသ စသည်တို့ကို ကိလေသာဟု ခေါ်၏။

ကိလေသာ ၁၀ ပါး

၁။	လောဘ	၆။	ဝိစိကိစ္ဆာ
၂။	ဒေါသ	၇။	ထိန
၃။	မောဟ	၈။	ဥဒ္ဓစ္စ
၄။	မာန	၉။	အဟိရိက
၅။	ဒိဋ္ဌိ	၁၀။	အနောတ္တပ္ပ

တရားကိုယ်ကောက်ပုံ လွယ်၏။

ကိလေသာ အမည်မရသော အကုသိုလ်စေတသိက်များ

၁။	ကွဿာ	၃။	ကုက္ကုစ္စ
၂။	မစ္ဆရိယ	၄။	မိဒ္ဓ

http://www.dhammadownload.com

တစ်ထောင့်ငါးရာ ကိလေသာ

ကိလေသာ၏ အာရုံဖြစ်သော တရားသည် စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး၊ နိပ္ပန္နရုပ် -၁၈ပါး၊ လက္ခဏာရုပ် ၄-ပါး၊ ပေါင်း ၇၅-ပါး ဖြစ်၏။

ထို ၇၅-ပါးကို တည်လျက် အဖျ တွတ်သန္တာန်၌ ဖြစ်သော အာရုံ၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်သော အာရုံဟု သန္တာန် ၂-ပါးဖြင့်မြှောက် (၇၅×၂)= ၁၅၀ ဖြစ်၏။

ကိလေသာ ၁၀-ပါးတို့သည် ထို ၁၅၀ သော အာရုံကို အသီးအသီး အာရုံပြုနိုင်သောကြောင့် ယင်း ၁၅၀-ကိုတည်လျက် ကိလေသာ ၁၀-ပါးဖြင့် မြှောက်လျှင် (၁၅၀×၁၀) = ၁၅၀၀ ဖြစ်၏။ ယင်းကိုပင် ၁၅၀၀-ကိလေသာဟု ဆိုကြ၏။

တရားကိုယ်ကောက်နည်းပြ

အာသဝါဒီသုပနေတ္တ (ပ) ပဝုစ္စတိ ဟူသော စကားရပ်သည် အကုသလသင်္ခါရ် တရားကိုယ်ကောက်နည်းကိုပြသော စကားရပ်တည်း။

အကုသလ သင်္ခါရ် အာသဝ၊ သြဃ၊ ယောဂ၊ ဥပါဒါန်၊ နီဝရဏ၊ အနုသယ၊ သံယောဇဉ်တို့၌ ကာမဇ၏အရာ၊ ဘဝဇ၏အရာ၊ ထိုကာမနှင့် ဘဝတို့ကို အာရုံပြုသော တဏှာကို ကောက်ယူရမည်။

ဤ၌ ကာမသဒ္ဒါသည် ဝတ္ထုအာရုံ ကာမဂုဏ်ကို ဟော၏။ ဘဝသဒ္ဒါသည် ရူပဈာန် အရူပဈာန်နှင့် ထိုဈာန်တို့၏ အကျိုးဝိပါက်ကို ဟော၏။ သို့ရာတွင် အကုသလ သင်္ခါဝယ် အာရုံဌာနဖြစ်သော ကာမဂုဏ်နှင့် ဘဝတို့၏ ကာမဟူသောအမည်၊ ဘဝဟူသောအမည်ကို အာရမ္မဏိကဌာနီဖြစ်သော တဏှာအပေါ်၌ တင်စား၍ ဌာနူပစာအားဖြင့် အာရမ္မဏိကဖြစ်သော တဏှာကို ကာမ၊ ဘဝဟု ဟောထား၏။ ထို့ကြောင့် ကာမအရ ကာမတဏှာ၊ ဘဝအရ ဘဝတဏှာတို့ကိုသာ ယူရ၏။

http://www.dhammadownload.com

ဒိဋ္ဌစေတသိက်ကို အမည်အမျိုးမျိုးဖြင့် ဆိုရပုံ

ထိုထိုယူပုံအခြင်းအရာအားဖြင့် ကွဲပြားလျက် ဖြစ်သောကြောင့် ဒိဋ္ဌစေတသိက် တစ်ခုတည်းကိုပင် သီလဗ္ဗတပရာမာသ၊ ကွဒံသစ္စာဘိနိဝေသ၊ အတ္တဝါဒုပါဒဟု အမည်အမျိုးမျိုးဖြင့် ဆိုရ၏။ ချဲ့ဦးမည်။

သီလဗ္ဗတပရာမာသညသ် ''နွား၊ ခွေးတို့၏ အလေ့အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်၊ သံသရာမှ လွတ်မြောက်လွယ်၏'' ဟု ယူ၏။

ကွဒံသစ္စာဘိနိဝေသသည် ငါ့အယူသာ မှန်၏။ ကျန် အယူများ အမှားချည်း ဖြစ်၏ဟု စွဲမြဲစွာ ယူ၏။

အတ္တဝါဒုပါဒသည် အတ္တရှိ၏ ဟု ယူ၏။

ဤသို့ ယူပုံအခြင်းအရာအားဖြင့် ကွဲပြားနေပါသည်။ ထို့ကြောင့် ဒိဋ္ဌစေတသိက် တစ်ခုတည်းကို အမည်အမျိုးမျိုးဖြင့် ဆိုရခြင်းဖြစ်ပါသည်။

နဝဓာပါပသင်္ဂဟာ၌ နဝဓာအရ

၁။ အာသဝ	၄။ ဂန္ထ	၇။ အနုသယ
၂။ ဩဃ	၅။ ဥပါဒါန	၈။ သံယောဇဉ်
၃။ ယောဂ	၆။ နီဝရဏ	၉။ ကိလေသာ

ဤ ၉-မျိုးကို ယူပါ။

မိဿကသင်္ဂဟ

ဟိတ် ၆-ပါး

လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဟု ဟိတ် ၆-ပါး ပြား၏။

ဟေတု

ရေသောက်မြစ်သည် မိမိနှင့်တကွဖြစ်သော သစ်ပင်ကို ခိုင်မြဲစည်ပင်စေရန် ကူညီထောက်ပံ့ သကဲ့သို့၊ ထို့အတူ မိမိနှင့်အတူတကွ ဖြစ်ကြသော ရုပ်နာမ် တရား တို့ကို ခိုင်မာ ပြန့်ပွား စေရန် ထောက်ပံ့

http://www.dhammadownload.com

ကျေးဇူးပြုတတ်သော တရားကို ဟေတု-ဟိတ်ဟု ခေါ်၏။ တရားကိုယ် ကောက်ပုံ ထင်ရှား၏။

စျာနင်္

ဆိုင်ရာအာရုံကို စူးစူးစိုက်စိုက် အာရုံပြုတတ်၊ ရှုတတ်သော ဝိတက်၊ ဝိစာရ စသော တရားအပေါင်းကို စျာန်ဟုခေါ်၏။ ထိုစျာန် အပေါင်း၏ တစ်ခုစီ တစ်ခုစီသော အစိတ်အစိတ် အင်္ဂါများကို စျာန် အင်္ဂါဟု ခေါ်၏။

စျာနင်္ ၅-ပါး

စျာနင်္သည် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ကေဂ္ဂတာ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ ၅-ပါးပြား၏။

တရားကိုယ် ၅-ပါး

ဝိတက်, ဝိစာရ, ပီတိ, ကေဂ္ဂတာ, ဝေဒနာဟု စျာနင်တရားကိုယ် ၅-ပါးသာရှိ၏။

တရားကိုယ်ကောက်ပုံ

၁။ ဝိတက်ယှဉ်ရာစိတ် ၅၅-ပါး၌ ယှဉ်သော ဝိတက် စေတသိက်သည် ဝိဘက်စျာနင်မည်၏။

၂။ ဝိစာရယှဉ်ရာစိတ် ၆၆-ပါး၌ ယှဉ်သော ဝိစာရ စေတသိက်သည် ဝိစာရစျာနင် မည်၏။

၃။ ပီတိယှဉ်ရာစိတ် ၅၁-ပါး၌ ယှဉ်သော ပီတိ စေတသိက်သည် ပီတိစျာနင် မည်၏။

၄။ ဒွေ ပဉ္စဝိညာဏ် ၁၀၊ ကြဉ်သော စိတ် ၇၉-ပါး၌ယှဉ်သော ကေဂ္ဂတာ စေတသိက်သည် ကေဂ္ဂတာစျာနင် မည်၏။

၅။ သောမနဿ သဟဂုတ်စိတ် ၆၂-ပါး၌ ယှဉ်သော ဝေဒနာ စေတသိက်သည် သောမနဿစျာနင် မည်၏။

၆။ ဒေါသမူဒွေ၌ ယှဉ်သော ဝေဒနာ စေတသိက်သည် ဒေါမနဿ စျာနင် မည်၏။

http://www.dhammadownload.com

၇။ စက္ခုဝိညာဏ် ဒွေ၊ သောတဝိညာဏ် ဒွေ၊ ဃာနဝိညာဏ် ဒွေ၊ ဇိဝှါဝိညာဏ်ဒွေ ကြဉ်သော ဥပေက္ခာ သဟဂုတ်စိတ် ၄၇-ပါးဌ် ယှဉ်သော ဝေဒနာ စေတသိက်သည် ဥပေက္ခာစျာနင် မည်၏။

မှတ်ချက် ။ ။ ကေဂ္ဂတာ စေတသိက်သည် စိတ်အားလုံးနှင့် ယှဉ်သော်လည်း "**ပဉ္စဝိညာဏေသု စျာနဂ်ိနိ၊ ဒွေပဉ္စဝိညာဏ်** ၁၀-ဌ် စျာနင် တရားကိုယ် မကောက်ရဟူသော သတ် မှတ်ချက် စကားအရ ဒွေပဉ္စဝိညာဏ် ၁၀-ကို ကြဉ် ကောက်ရ၏။

မဂ္ဂင်

သုဂတိဘုံ၊ ဒုဂ္ဂတိဘုံသို့ သွားရောက်ဖို့ရာ လမ်းကြောင်းဖြစ်သော တရားအပေါင်းကို မဂ္ဂင်ဟု ခေါ်၏။ မှန်၏။ သမ္မာဒိဋ္ဌိစသော တရား အပေါင်းသည် သုဂတိဘုံသို့ သွားရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိစသော တရားအပေါင်းသည် ဒုဂ္ဂတိဘုံသို့ သွားရောက်ဖို့ရာ လမ်းကြောင်းဖြစ်၏။

ထိုမဂ္ဂမည်သော တရားအပေါင်း၏ တစ်ခုတစ်ခုစီသော အစိတ် အစိတ် အင်္ဂါများကို မဂ္ဂင်ဟု ခေါ်၏။

မဂ္ဂင် ၁၂-ပါး

မဂ္ဂင်သည် -

၁။ သမ္မာဒိဋ္ဌိ	၇။ သမ္မာသတိ
၂။ သမ္မာသင်္ကပ္ပ	၈။ သမ္မာသမာဓိ
၃။ သမ္မာဝါစာ	၉။ မိစ္ဆာဒိဋ္ဌိ
၄။ သမ္မာကမ္မန္တ	၁၀။ မစ္ဆာသင်္ကပ္ပ
၅။ သမ္မာအာဇီဝ	၁၁။ မိစ္ဆာဝါယာမ
၆။ သမ္မာဝါယာမ	၁၂။ မိစ္ဆာသမာဓိ

ဟု ၁၂-ပါး ပြား၏။

http://www.dhammadownload.com

မှတ်ချက် ။ ။ သမ္မဒဒ္ဒိ စသည်တို့၌ သမ္မာသဒ္ဒါသည် အကောင်းဟူသော အနက်ကို ဟောဇ်။။

အကောင်း ဟူသည်မှာလည်း မဖောက်မပြန် လမ်းမှန်ကျမှုပင် ဖြစ်ဇ်။။ ထို့ကြောင့် သမ္မာဒိဋ္ဌိ စသည်တို့ဇ်၏ တရားကိုယ်ကို သောဘန စိတ်၌ ယှဉ်သင့်သည့် အားလျော်စွာ ယှဉ်ကြသော ပညာစသည်တို့ကို သာ ကောက်ရမည်။

မိစ္ဆာဒိဋ္ဌိစသည်တို့၌ ပါရှိသော မိစ္ဆာသဒ္ဒါသည် မှားယွင်းဖောက်ပြန် ခြင်းဟူသော အနက်ကို ဟောဇ်။။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ စသည်တို့ဇ်၏ တရားကိုယ်ကို အကုသိုလ်စိတ်၌ ယှဉ်သင့်သည့် အားလျော်စွာ ယှဉ်သော ဒိဋ္ဌိစေတသိက်တို့ကို ကောက်ရမည်။

အဟေတုကေသု မဂ္ဂင်္ဂါနိ န လဗ္ဘန္တိ၊ တထာ ဝိစိကိစ္ဆာစိတ္တေ ကေဂ္ဂတာ မဂ္ဂင်္ဂြိယ ဗလဘာဝံ န ဂစ္ဆတိ – ဟူသော ပါဠိကိုထောက်၍ အဟိတ်စိတ်၊ ဝိစိကိစ္ဆာ သဟဂုတ်စိတ်တို့၌ မဂ္ဂင်တရားကိုယ် မကောက်ရ။။

မဂ္ဂင်တရားကိုယ် ၉–ပါး

မဂ္ဂင်သည် တရားကိုယ်အားဖြင့် ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟု ၉–ပါး သာရှိဇ်။။

မဂ္ဂင်တရားကိုယ် ကောက်ပုံ

၁။ တိဟိတ်စိတ် ၄၁–ပါး၌ ယှဉ်သော ပညာစေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်ဇ်။။

၂။ ကာမာဝစရ သောဘနစိတ် ၂၄–ပါး၊ ပထမစျာန်စိတ် ၁၁–ပါး၊ ပေါင်း ၃၅–ပါးသောစိတ်၌ ယှဉ်သော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပ မဂ္ဂင်မည်ဇ်။။

၃။ မဟာကုသိုလ်စိတ် ၈–ပါး၊ လောကုတ္တရာစိတ် ၈–ပါး၊ ပေါင်း ၁၆–ပါးသော စိတ်၌ယှဉ်သော သမ္မာဝါစာ စေတသိက်သည် သမ္မာဝါစာ မဂ္ဂင်မည်ဇ်။။

http://www.dhammadownload.com

၄။ မဟာကုသိုလ်စိတ် ၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၁၆-ပါးသောစိတ်၌ ယှဉ်သော သမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တ မဂ္ဂင်မည်၏။

၅။ မဟာကုသိုလ်စိတ် ၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါး၊ ပေါင်း ၁၆-ပါးသောစိတ်၌ ယှဉ်သော သမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝ မဂ္ဂင်မည်၏။

၆။ သောဘနစိတ် တစ်ခုယုတ် ခြောက်ဆယ်၌ ယှဉ်သော ဝီရိယစေတသိက်သည် သမ္မာဝါယာမ မဂ္ဂင်မည်၏။

၇။ သောဘနစိတ် တစ်ခုယုတ် ခြောက်ဆယ်၌ ယှဉ်သော သတိစေတသိက်သည် သမ္မာသတိ မဂ္ဂင် မည်၏။

၈။ သောဘနစိတ် တစ်ခုယုတ် ခြောက်ဆယ်၌ ယှဉ်သော ဧကဂ္ဂတာစေတသိက်သည် သမ္မာသမာဓိ မဂ္ဂင် မည်၏။

၉။ ဒိဋ္ဌဂတသမ္ပယုတ် ၄-ပါး၌ ယှဉ်သော ဒိဋ္ဌစေတသိက်သည် မိစ္ဆာဒိဋ္ဌိမဂ္ဂင် မည်၏။

၁၀။ အကုသိုလ်စိတ် ၁၂-ပါး၌ ယှဉ်သော ဝိတက်စေတသိက်သည် မိစ္ဆာသင်္ကပ္ပ မဂ္ဂင် မည်၏။

၁၁။ အကုသိုလ်စိတ် ၁၂-ပါး၌ယှဉ်သော ဝီရိယစေတသိက်သည် မိစ္ဆာဝါယာမ မဂ္ဂင်မည်၏။

၁၂။ ဝိစိကိစ္ဆာသဟဂုတ်စိတ်ကြဉ်သော အကုသိုလ်စိတ် ၁၁-ပါး၌ ယှဉ်သော ဧကဂ္ဂတာ စေတသိက်သည် မိစ္ဆာသမာဓိ မဂ္ဂင်မည်၏။

ကျွန်ုပ်

မိမိဆိုင်ရာကိစ္စ၌ အလွန်အစိုးရသော၊ မိမိနှင့် သက်ဆိုင်သော တရားများကို မိမိအလိုအတိုင်း ဖြစ်စေနိုင်သော တရားများကို ကျွန်ုပ်ဟု ခေါ်၏။

http://www.dhammadownload.com

ကုန်ဖြေ ၂၂-ပါး

၁။ စက္ခုဖြေ
၂။ သောတိဖြေ
၃။ ဃာနိဖြေ
၄။ ဇိဝှိဖြေ
၅။ ကာယိဖြေ
၆။ ကုတ္ထိဖြေ
၇။ ပုရိသိဖြေ
၈။ ဇိဝိတိဖြေ
၉။ မနိဖြေ
၁၀။ သုခိဖြေ
၁၁။ ဒုက္ခိဖြေ
၁၂။ သောမနသိဖြေ
၁၃။ ဒေါမနသိဖြေ
၁၄။ ဥပေက္ခိဖြေ
၁၅။ သဒ္ဓိဖြေ
၁၆။ ဝီရိယိဖြေ
၁၇။ သတိဖြေ
၁၈။ သမာဓိဖြေ
၁၉။ ပညိဖြေ
၂၀။ အနညာတညဿာမီတိဖြေ
၂၁။ အညိဖြေ
၂၂။ အညာတာဝိဖြေ

တရားကိုယ်ကောက်ပုံ

၁။ စက္ခုပသာဒသည် စက္ခုဖြေမည်၏။
၂။ သောတပသာဒသည် သောတိဖြေမည်၏။
၃။ ဃာနပသာဒသည် ဃာနိဖြေမည်၏။
၄။ ဇိဝှါပသာဒသည် ဇိဝှိဖြေမည်၏။
၅။ ကာယပသာဒသည် ကာယိဖြေမည်၏။
၆။ ကုတ္ထိဘာဝရုပ်သည် ကုတ္ထိဖြေမည်၏။
၇။ ပုရိသဘာဝရုပ်သည် ပုရိသိဖြေမည်၏။
၈။ ရုပ်ဇီဝိတ၊ နာမ်ဇီဝိတသည် ဇီဝိတိဖြေမည်၏။
၉။ စိတ်တစ်ခုယုတ် ကိုးဆယ်သည် မနိဖြေမည်၏။
၁၀။ သုခသဟဂုတ် ကာယိညာဏ်စိတ်၌ရှိသော ဝေဒနာ စေတသိက်သည် သုခိဖြေမည်၏။

http://www.dhammadownload.com

၁၁။ ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ်၌ရှိသော ဝေဒနာ စေတသိက်သည် ဒုက္ခိန္ဒြေမည်၏။

၁၂။ သောမနဿ သဟဂုတ်စိတ် ၆၂-ခုဉ် ရှိသော ဝေဒနာစေတသိက်သည် သောမနဿိန္ဒြေမည်၏။

၁၃။ ဒေါသမူဒွေဉ်၌ရှိသော ဝေဒနာ စေတသိက်သည် ဒေါမနဿိန္ဒြေမည်၏။

၁၄။ ဥပေက္ခာ သဟဂုတ်စိတ် ၅၅-ပါး၌ရှိသော ဝေဒနာစေတသိက် သည် ဥပေက္ခိန္ဒြေမည်၏။

၁၅။ သောဘန စိတ်တစ်ခုယုတ် ခြောက်ဆယ်၌ရှိသော သဒ္ဓါစေတသိက် သည် သဒ္ဓိန္ဒြေမည်၏။

၁၆။ ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ပါး၊ သန္တီရဏ ၃-ပါး ကြဉ် စိတ် ၁၃-ပါး၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

၁၇။ သောဘနစိတ် တစ်ခုယုတ်ခြောက်ဆယ်၌ရှိသော သတိစေတသိက် သည် သတိန္ဒြေမည်၏။

၁၈။ ဝိစိကိစ္ဆာ သဟဂုတ်၊ ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃-ပါး၊ သန္တီရဏ ၃-ပါး ကြဉ်သောစိတ် ၅၂-ပါး၌ရှိသော ဇောဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေ မည်၏။

၁၉။ တိဟိတ်စိတ် ၄၁-ပါး၌ရှိသော ပညာစေတသိက်သည် ပညိန္ဒြေ မည်၏။

၂၀။ သောတာပတ္တိမဂ်၌ရှိသော ပညာစေတသိက်သည် အနညာတ ညဿမီတိန္ဒြေမည်၏။

၂၁။ အထက်မဂ် ၃-ပါး၊ အောက်ဖိုလ် ၃-ပါး၌ရှိသော ပညာစေတသိက် သည် အညိန္ဒြေမည်၏။

၂၂။ အရဟတ္တဖိုလ်၌ရှိသော ပညာစေတသိက်သည် အညာတာဝိန္ဒြေ မည်၏။

http://www.dhammadownload.com

ကွန်ဒြေတရားကိုယ် ၁၆-ပါး

၁။	ပသာဒရုပ်	၅-ပါး
၂။	ဘာဝရုပ်	၂-ပါး
၃။	ဇီဝိတရုပ်	၁-ပါး
၄။	ဇီဝိတစေတသိက်	၁-ပါး
၅။	စိတ်	၁-ပါး
၆။	ဝေဒနာစေတသိက်	၁-ပါး
၇။	သဒ္ဓါစေတသိက်	၁-ပါး
၈။	ဝီရိယစေတသိက်	၁-ပါး
၉။	သတိစေတသိက်	၁-ပါး
၁၀။	ကေဂ္ဂတာစေတသိက်	၁-ပါး
၁၁။	ပညာစေတသိက်	၁-ပါး
	ပေါင်း	၁၆-ပါး

ဤ ၁၆-ပါးသည် ဂါထာတွင် သောဠသိန္ဒြိယဓမ္မာစ၌ သောဠသ အရဖြစ်၏။

ကွန်ဒြေ ၂၂-ပါးကို ရုပ်-နာမ်ကွန်ဒြေခွဲပုံ

ရုပ်ကွန်ဒြေ ၇-ပါး

၁။	စက္ခုန္ဒြေ	၅။	ကာယိန္ဒြေ
၂။	သောတိန္ဒြေ	၆။	ဣတ္ထိန္ဒြေ
၃။	ဃာနိန္ဒြေ	၇။	ပုရိသိန္ဒြေ
၄။	ဇိဝှိန္ဒြေ		

နာမ်ကွန်ဒြေ ၁၄-ပါး

၁။	မနိန္ဒြေ	၈။	ဝီရိယိန္ဒြေ
၂။	သုခိန္ဒြေ	၉။	သတိန္ဒြေ

http://www.dhammadownload.com

၃။ ဒုက္ခိန္ဒြေ ၁၀။ သမာဓိန္ဒြေ
၄။ သောမနဿိန္ဒြေ ၁၁။ ပညိန္ဒြေ
၅။ ဒေါမနဿိန္ဒြေ ၁၂။ အနုညာတညဿာမီတိန္ဒြေ
၆။ ဥပေက္ခိန္ဒြေ ၁၃။ အညိန္ဒြေ
၇။ သဒ္ဓိန္ဒြေ ၁၄။ အညာတာဝိန္ဒြေ

ရုပ်၊ နာမ် ၂-ပါး ပါဝင်သော ကုန္ဒြေ ၁-ပါး

၁။ ဇီဝိတိန္ဒြေ

ပုထုဇဉ်သန္တာန်၌ ဖြစ်နိုင်သော ကုန္ဒြေ ၁၉-ပါး

အနုညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေတို့ကို ကြဉ် ကြွင်းသော ကုန္ဒြေ ၁၉-ပါး။

မှတ်ချက် ။ ။ ယောကျ်ားသန္တာန်၌ ရနိုင်သော ကုန္ဒြေမှာ ကုတ္ထိန္ဒြေကြဉ်၊ ကြွင်းသော ကုန္ဒြေ ၂၁-ပါးဖြစ်၏။ မိန်းကလေးသန္တာန်၌ ရနိုင်သော ကုန္ဒြေမှာ ပုရိသိန္ဒြေကြဉ်၊ ကြွင်းသော ကုန္ဒြေ ၂၁-ပါးဖြစ်၏။ ပုထုဇဉ်ယောကျ်ားသန္တာန်၌ ဖြစ်နိုင်သော ကုန္ဒြေဟုဆိုလျှင် အနုညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတိဝိန္ဒြေ ၃-ပါးကို ထပ်ကြဉ်ပါ။

အရိယာပုဂ္ဂိုလ်သန္တာန်၌သာဖြစ်နိုင်သော ကုန္ဒြေ

အနုညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ။

သေက္ခပုဂ္ဂိုလ်သန္တာန်၌သာဖြစ်နိုင်သော ကုန္ဒြေ

အနုညာတညာဿာမီတိန္ဒြေ၊ အညိန္ဒြေ။

ရဟန္တာ (အသေက္ခ) ပုဂ္ဂိုလ်သန္တာန်၌သာဖြစ်နိုင်သော ကုန္ဒြေ

အညာတာဝိန္ဒြေ။

http://www.dhammadownload.com

ဘုံအားဖြင့် ဝေဖန်ပုံ

၁။ စက္ခုန္ဒြေမှစ၍ ပုရိသန္ဒြေအထိ ရုပ်ကူန္ဒြေ ၈–ပါး၊ သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ ဒေါမနဿိန္ဒြေ တို့သည်ကား ကာမတရားသာဖြစ်၍ ကာမဘုံ၌ ဖြစ်ကြ၏။

၂။ ဇီဝိတိန္ဒြေ၊ မနိန္ဒြေ၊ ဥပေက္ခိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတို့သည် ဘုံ ၄–ပါး၌ ဖြစ်ကြ၏။

၃။ သောမနဿိန္ဒြေသည် အရူပဘုံ၌မရသောကြောင့် ဘုံ ၃–ပါး၌ဖြစ်၏။

၄။ အနညာတညဿမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေတို့သည် လောကုတ္တရာ အဝတ္ထာဘုံ၌ဖြစ်ကြ၏။

ဗိုလ်

ထိုထိုကိစ္စ၌ ဆန့်ကျင်ဘက်တရားတို့ကြောင့် မလှုပ်ရှားနိုင်၊ မြဲခိုင်သော တရားကို ဗိုလ်ဟုခေါ်၏။

ဗိုလ် ၉–ပါး

၁။ သဒ္ဓါဗိုလ်
၂။ ဝီရိယဗိုလ်
၃။ သတိဗိုလ်
၄။ သမာဓိဗိုလ်
၅။ ပညာဗိုလ်
၆။ ဟိရိဗိုလ်
၇။ ဩတ္တပ္ပဗိုလ်
၈။ အဟိရိကဗိုလ်
၉။ အနောတ္တပ္ပဗိုလ်

တရားကိုယ်ကောက်ပုံ

၁။ သောဘနစိတ်တစ်ခုယုတ် ခြောက်ဆယ်၌ရှိသော ဟိရိစေတသိက်သည် ဟိရိဗိုလ်မည်၏။

၂။ သောဘနစိတ် တစ်ခုယုတ်ခြောက်ဆယ်၌ရှိသော ဩတ္တပ္ပစေတသိက်သည် ဩတ္တပ္ပဗိုလ်မည်၏။

http://www.dhammadownload.com

၃။ အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော အဟိရိက စေတသိက်သည် အဟိရိကဗိုလ်မည်၏။

၄။ အကုသိုလ်စိတ် ၁၂-ပါး၌ရှိသော အနောတ္တပ္ပစေတသိက်သည် အနောတ္တပ္ပဗိုလ်မည်၏။

မှတ်ချက် ။ ။ သဒ္ဓါဗိုလ်၊ သတိဗိုလ်တို့၏ တရားကိုယ်ကောက်ပုံသည် သဒ္ဓိန္ဒြေ၊ သတိန္ဒြေတို့နှင့်တူ၏။ ဝီရိယဗိုလ်သည် ဝီရိယိန္ဒြေနှင့်တူ၏။ သမာဓိဗိုလ်သည် သမာဓိန္ဒြေနှင့်တူ၏။ ပညာဗိုလ်သည် ပညိန္ဒြေနှင့်တူ၏။

အဓိပတိ

မိမိနှင့်အတူ ဖြစ်ဖက်တရားတို့၏ အကြီးအကဲ အရှင်သခင်ဖြစ်သော တရားတို့ကို အဓိပတိဟုခေါ်၏။

အဓိပတိ ၄-ပါး

၁။ ဆန္ဒာဓိပတိ ၂။ စိတ္တာဓိပတိ

၃။ ဝီရိယာဓိပတိ ၄။ ဝီမံသာဓိပတိ

တရားကိုယ်ကောက်ပုံ

၁။ ဒွိဟိတ်ဖော ၁၈၊ တိဟိတ်ဖော ၃၄-ပါး၌ယှဉ်သော ဆန္ဒစေတသိက်သည် ဆန္ဒာဓိပတိမည်၏။

၂။ ဒွိဟိတ်ဖော ၁၈၊ တိဟိတ်ဖော ၃၄-ပါး၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယာဓိပတိမည်၏။

၃။ ဒွိဟိတ်ဖော ၁၈၊ တိဟိတ်ဖော ၃၄-ပါးသည် စိတ္တာဓိပတိမည်၏။

http://www.dhammadownload.com

၄။ တိဟိတ်ဇော ၃၄-ပါး၌ရှိသော ပညာစေတသိက်သည် ဝိမံသာဓိပတိ မည်၏။

အာဟာရ

မိမိဆိုင်ရာအကျိုးကို ဆောင်ရွက်နိုင်၊ ဖြစ်စေနိုင်သောကြောင့် ကဗဠီကာရာဟာရ စသည်တို့ကို အာဟာရဟုခေါ်၏။

အာဟာရ ၄-ပါး

၁။ ကဗဠီကာရာဟာရ ၂။ မနောသဉ္စေတနာဟာရ
၃။ ဖဿာဟာရ ၄။ ဝိညာဏာဟာရ

တရားကိုယ်ကောက်ပုံ

၁။ ဩဇာသည် ကဗဠီကာရာဟာရမည်၏။
၂။ စိတ်တစ်ခု ယုတ်ကိုးဆယ်၌ရှိသော ဖဿစေတသိက်သည် ဖဿာဟာရမည်၏။
၃။ စိတ်တစ်ခု ယုတ်ကိုးဆယ်၌ရှိသော စေတနာစေတသိက်သည် မနောသဉ္စေတနာဟာရမည်၏။
၄။ စိတ်တစ်ခု ယုတ်ကိုးဆယ်သည် ဝိညာဏာဟာရမည်၏။

အာဟာရ ၄-ပါး၏ မိမိဆိုင်ရာအကျိုးကိုဆောင်ထားပုံ

၁။ ကဗဠီကာရာဟာရသည် ဩဇာနှင့်တကွဖြစ်သော ရုပ် ၈-ပါး (အာဟာရဇ အဋ္ဌကလာပ်ရုပ်) ကို ဆောင်ထား၏။
၂။ ဖဿာဟာရသည် ဖဿစွယာ ဝေဒနာနှင့်အညီ ဝေဒနာဟူသော အကျိုးကို ဆောင်ထား၏၊ ဖြစ်စေ၏။
၃။ အနောသဉ္စေတနာဟာရသည် သခါရပစ္စယာ ဝိညာဏ်နှင့်အညီ

http://www.dhammadownload.com

ပဋိသန္ဓေ ဝိညာဏ်ဟူသောအကျိုးကို ဆောင်ထား၏၊ ဖြစ်စေ၏။

၄။ ဝိညာဏာဟာရသည် ဝိညာဏပစ္စယာ နာမရူပံနှင့်အညီ တကွဖြစ်ဖက် စေတသိက်ဟူသော နာမ်နှင့်ရုပ်တရားတို့ကို ဆောင်ရွက်၏၊ ဖြစ်စေ၏။

မှတ်ချက် ။ ။ ဆိုင်ရာအကျိုး ပစ္စယပွန်တရားကို ဆောင်ထားသော အခြားဟိတ် စသော ပစ္စည်းတရားများ ရှိကြသော်လည်း အဖျ့ တွာခန္ဓာအစဉ်၏ ထူးခြားသော အကြောင်းဖြစ်သောကြောင့် ဤကဗဠီကာရာဟာရ စသော ၄-ပါးကို အာဟာရဟုဆို၏။

တရားကိုယ်ကောက်ရန် အမှာစကား

ကုန္ဒြိယေသု ပနေတ္ထ (ပ) အဓိပတိ ဧကော၀ လဗ္ဘတိဟူသော စကားရပ်ဖြင့် မိဿကသင်္ဂဟအတွက် တရားကိုယ်ကောက်ရန် အမှာ စကားကိုပြ၏။ ထိုတွင် -

ကုန္ဒြိယေသု ပနေတ္ထ (ပ) ရူပါရူပဝသေန ဒ္၀ိဓံဟောတိ ဟူသော စကားရပ်ဖြင့် ကုန္ဒြေ ၂၂-ပါးတို့၏ တရားကိုယ်ကောက်ပုံကိုပြ၏။

သောတာပတ္တိ မဂ္ဂဉာဏ် (ပ) မိတိန္ဒြိယံ

သောတာပတ္တိမဂ်ဉာဏ်ကို အနုညာတညဿာမိတိန္ဒြေဟုခေါ်၏။

အရဟတ္တ ဖလဉာဏ် အညာတာဝိန္ဒြိယံ

အရဟတ္တဖိုလ်ဉာဏ်ကို အညာတာဝိန္ဒြေဟုခေါ်၏။

မဇ္ဈေ (ပ) ပဝုစ္စန္တိ

အထက်မဂ်၊ အောက်ဖိုလ်၊ ၆-ပါးသော အလယ်ဉာဏ်တို့ကို အညိန္ဒြေဟုခေါ်၏။

http://www.dhammadownload.com

ဇီဝိတိန္ဒြိယဥ္စ (ပ) ဒုဝိဓံ ဟောတိ

ဇီဝိတိန္ဒြေသည် ရုပ်ဇီဝိတ၊ နာမ်ဇီဝိတဟု ၂-ပါးပြား၏။

ပဉ္စဝိညာဏေသု စျာနဂ်ိနိ

စျာနင် တရားတွင် ကေဂ္ဂတာနှင့် ဝေဒနာသည် ဒွေပဉ္စဝိညာဏ် ၁၀-၌ ယှဉ်၏။ သို့သော် ထိုဒွေပဉ္စဝိညာဏ် ၁၀-၌ ယှဉ်သော ကေဂ္ဂတာနှင့် ဝေဒနာတို့ကို စျာနင်တရားကိုယ် မကောက်ရ။

အဝိရိယေသု ဗလာနိ

ဝိရိယ မယှဉ်သော စိတ် ၁၆-ပါး၌ ဗိုလ်အရ မကောက်ရ။

အဟေတုကေသု မဂ္ဂင်္ဂါနိ

အဟိစိတ် ၁၈-ပါး၌ မဂ္ဂင်တရားကိုယ် မကောက်ရ။

တထာ ဝိစိကိစ္ဆာစိတ္တေ (ပ) န ဂစ္ဆတိ

ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ယှဉ်သော ကေဂ္ဂတာ စေတသိက်ကို မဂ္ဂင်၊ ဣန္ဒြေ၊ ဗိုလ်၊ တရားကိုယ်မကောက်ရ။

မှတ်ချက် ။ ။ ဝိစိကိစ္ဆာသဟဂုတ်စိတ်၌ယှဉ်သော ကေဂ္ဂတာ စေတသိက်ကိုသာ ဣန္ဒြေတရားကိုယ် မကောက်ရသည်မဟုတ်၊ ဝိရိယမယှဉ်သောစိတ် ၁၆-ပါး၌ယှဉ်သော ကေဂ္ဂတာ စေတသိက်ကိုလည်း ဣန္ဒြေ တရားကိုယ်မကောက်ရ။

ဒ္ဝိဟေတုက (ပ) လဗ္ဘတိ

ဒ္ဝိဟိတ်ဇော၊ တိဟိတ်ဇောတို့၌သာ ဖြစ်သင့်သည့်အားလျော်စွာ အဓိပတိတစ်ပါးတည်းသာ တရားကိုယ် ကောက်ရမည်။

http://www.dhammadownload.com

ဒွိဟိတ်ဇော

၁။	မောဟမူဒွေကြဉ် အကုသိုလ်စိတ်	၁၀–ပါး
၂။	မဟာကုသိုလ် ဉာဏဝိပ္ပယုတ်	၄–ပါး
၃။	မဟာကြိယာ ဉာဏဝိပ္ပယုတ်	၄–ပါး
	ပေါင်း	**၁၈–ပါး**

တိဟိတ်ဇော

၁။	မဟာကုသိုလ် ဉာဏသမ္မယုတ်	၄–ပါး
၂။	မဟာကြိယာ ဉာဏသမ္မယုတ်	၄–ပါး
၃။	မဟဂ္ဂုတ်ကုသိုလ်	၉–ပါး
၄။	မဟဂ္ဂုတ်ကြိယာ	၉–ပါး
၅။	လောကုတ္တရာစိတ်	၈–ပါး
	ပေါင်း	**၃၄–ပါး**

ယထာသမ္ဘဝံ ။ ။ ဒွိဟိတ်ဇောတို့၌ ဝိမံသာဓိပတိ မဖြစ်ခြင်းကြောင့် ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ (၃) ပါးသာ ရသင့်၏။ တိဟိတ်ဇောတို့၌ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝိမံသာဓိပတိ၊ ၄–ပါးလုံးရနိုင်၏။ သို့သော် ယင်းအဓိပတိတို့သည် ၃–ပါး၊ ၄–ပါး ပြိုင်တူဖြစ်ရိုးမရှိကြ။ ဆန္ဒဦးဆောင်၍ ဆန္ဒထက်သန်သော အခါ၌ ဆန္ဒာဓိပတိဖြစ်၏။ ဝီရိယဦးဆောင်၍ ဝီရိယထက်သန်သောအခါ ဝီရိယာဓိပတိဖြစ်၏။ စိတ်ဦးဆောင်၍ စိတ်ထက်သန်သောအခါ စိတ္တာဓိပတိဖြစ်၏။ ပညာဦးဆောင်၍ ပညာထက်သန်သောအခါ ဝိမံသာဓိပတိဖြစ်၏။

ဤသို့ အဓိပတိ ၃–ပါး၊ ၄–ပါးတို့တွင် တစ်ပါးပါးက ဦးဆောင်၍ အဓိပတိအမည်ရခိုက် ကျန်တရားများကား နောက်လိုက်ဖြစ်ရ၏။ ဤကား ယထာသမ္ဘဝံ ဖြစ်ပုံတည်း။

http://www.dhammadownload.com

တထာ ဟာရာတိ သတ္တမာဒ္ဒိ သတ္တမာအရ

၁။ ဟေတု ၅။ ဗလ
၂။ စျာနင် ၆။ အဓိပတိ
၃။ မဂ္ဂင် ၇။ အာဟာရ
၄။ ဣန္ဒြိယ – ဤ (၇) မျိုးကိုယူပါ။

မိဿကသင်ဟပြီး၏

*****

ဗောဓိပက္ခိယ သင်ဟ

မဂ်ဉာဏ်၏ အသင်းအပင်းဖြစ်သော တရားတို့ကို ဗောဓိပက္ခိယ တရားဟုခေါ်၏။ ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန် ဖြစ်၏။ ထိုနိဗ္ဗာန်ကို မဂ်ဉာဏ် ၄–ပါးဖြင့်သာ မျက်မှောက်ပြု (မြင်) နိုင်၏။ မဂ်ဉာဏ်ရအောင် ပွားများရမည့်တရားများကား ဗောဓိပက္ခိယ တရား (၃၇) ပါးဖြစ်၏။

သတိပဋ္ဌာန်

မိမိဆိုင်ရာအာရုံ၌ လွန်လွန်ကဲကဲ စွဲမြဲစွာ တည်သော သတိထူးကို သတိပဋ္ဌာန်ဟုခေါ်၏။

သတိပဋ္ဌာန် ၄–ပါး

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်
၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်
၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်
၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်

http://www.dhammadownload.com

တရားကိုယ်ကောက်ပုံ

ဗောဓိပက္ခိယတရားကို တရားကိုယ်ကောက်ရာ၌ ''သဗ္ဗလောကုတ္တရေ ဟောန္တိ'' စသော ဂါထာနှင့်အညီ မဂ်ဖိုလ်နှင့်ယှဉ်သောတရားကိုလည်းကောင်း၊ မဂ်ဖိုလ်၏ ရှေ့သွားဖြစ်သော လောကီကုသိုလ်၊ ကြိယာတို့နှင့် ယှဉ်ခိုက် တရားများကိုလည်းကောင်း ထိုက်သလို ကောက်ယူရမည်။

မဟာကုသိုလ်၊ မဟာကြိယာ၊ အပွနာဇောဆဗ္ဗီသ၌ရှိသော သတိစေတသိက်သည် သတိပဋ္ဌာန်မည်၏။

သမ္မပ္ပဓာန်

ကောင်းစွာ အားထုတ်မှုကို သမ္မပ္ပဓာန်ဟုခေါ်၏။

သမ္မပ္ပဓာန် ၄-ပါး

၁။ ဥပ္ပန္နဖြစ်သော အကုသိုလ်တို့ကို ပယ်ဖို့ရန် အားထုတ်ခြင်း။
၂။ အနုပ္ပန္နဖြစ်သော အကုသိုလ်များမဖြစ်ဖို့ရန် အားထုတ်ခြင်း။
၃။ အနုပ္ပန္နဖြစ်သော ကုသိုလ်တရားများဖြစ်ခြင်းငှာ အားထုတ်ခြင်း။
၄။ ဥပ္ပန္နဖြစ်သော ကုသိုလ်တရားများ တိုးပွားအောင် အားထုတ်ခြင်း။

ဥပ္ပန္နပါပက။ ။ ရွေးကဖြစ်စေ၊ ယခု ဘဝမှာဖြစ်စေ အမှန်တကယ် ဖြစ်ပြီးသော အကုသိုလ်ကိုလည်းကောင်း၊ ဖြစ်ပြီး အကုသိုလ်နှင့် (ပါဏာတိပါတချင်း စသည်ဖြင့်) အလားတူသော မဖြစ်သေးသော အကုသိုလ်ကိုလည်းကောင်း ဥပ္ပန္နပါပကဟုခေါ်၏။

အနုပ္ပန္နပါပက။ ။ သံသရာတစ်ခွင် ကျင်လည်ရသော သတ္တဝါများ သန္တာန်၌ မဖြစ်ဖူးသော အကုသိုလ်ဟူ၍မရှိ။

ထို့ကြောင့် ဤဘဝ လုံးဝမဖြစ်ဖူးသေးသော အကုသိုလ်ကို အနုပ္ပန္နပါပကဟုခေါ်၏။ အာရုံအသစ်အဆန်းတစ်ခုကိုစွဲ၍ မဖြစ်ဖူးသေးသော အကုသိုလ်မျိုးကိုလည်း အနုပ္ပန္နပါပကဟုခေါ်၏။

http://www.dhammadownload.com

အနုပ္ပန္နကုသလ။ ။ ဤဘဝ၌ မဖြစ်ဖူးသေးသော သမထ ဝိပဿနာ စသော လောကီကုသိုလ်များကို အနုပ္ပန္နကုသလဟု ခေါ်၏။ သံသရာ၌ တစ်ခါမျှမဖြစ်ဖူးခဲ့သေးသော မဂ်ကုသိုလ်များကိုလည်း အနုပ္ပန္နကုသလဟုခေါ်၏။

ဥပ္ပန္နကုသလ ။ ဤဘဝ၌ဖြစ်စေ၊ ရှေးရှေးဘဝ၌ဖြစ်စေ ဖြစ်ပြီးသော ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ စသော လောကီကုသိုလ်ကို ဥပ္ပန္နကုသလဟုခေါ်၏။

တရားကိုယ်ကောက်ပုံ

ကုသိုလ်စိတ် ကေဝိသဒ္ဒရှိသော ဝိရိယ စေတသိက်သည် သမ္မပ္ပဓာန်မည်၏။

မှတ်ချက် ။ ။ ဤသမ္မပ္ပဓာန် ကိစ္စ ၄-ပါးသည် ရဟန္တာများနှင့် မသက်ဆိုင်တော့ပါ။ ထို့ကြောင့် ရဟန္တာများသန္တာန်၌သာဖြစ်သော ကြိယာစိတ်၌ရှိသော ဝိရိယကို သမ္မပ္ပဓာန် တရားကိုယ်အရ မကောက်ရ။

ဖိုလ်ဝိပါက်စိတ်သည်လည်း သမ္မပ္ပဓာန်ကိစ္စ ၄-ပါးကို မဆောင်ရွက်နိုင်သောကြောင့် ဖိုလ်စိတ်၌ရှိသော ဝိရိယကို သမ္မပ္ပဓာန်တရားကိုယ် မကောက်ရ။

ဣဒ္ဓိပါဒ်

ပြီးစီးထမြောက်သော စျာန်၊ မဂ်၊ ဖိုလ် တည်းဟူသော အကျိုးတို့၏ အခြေခံ အကြောင်းတရားများကို ဣဒ္ဓိပါဒ်ဟုခေါ်၏။

ဣဒ္ဓိပါဒ် ၄-ပါး

၁။ ဆန္ဒိဒ္ဓိပါဒ်
၂။ စိတ္တိဒ္ဓိပါဒ်
၃။ ဝီရိယိဒ္ဓိပါဒ်
၄။ ဝိမံသိဒ္ဓိပါဒ်

http://www.dhammadownload.com

တရားကိုယ်ကောက်ပုံ

၁။ ကုသိုလ်စိတ် ဇောဝိသဒ္ဓိရှိသော ဆန္ဒစေတသိက်သည် ဆန္ဒိန္ဒြိယပါဒ်မည်၏။

၂။ ကုသိုလ်စိတ် ဇောဝိသဒ္ဓိရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြိယပါဒ်မည်၏။

၃။ ကုသိုလ်စိတ် ဇောဝိသသည် စိတ္တိန္ဒြိယပါဒ်မည်၏။

၄။ တိဟိတ်ကုသိုလ်စိတ် ၁၇-ပါး၌ရှိသောပညာစေတသိက်သည် ဝီမံသိန္ဒြိယပါဒ်မည်၏။

မှတ်ချက် ။ ။ အကျိုးပြီးစီးသော ရဟန္တာများ၏ သန္တာန်၌ဖြစ်သော ကြိယာစိတ်နှင့် အကျိုးတရားဖြစ်သော ဖိုလ်စိတ်ငါးမျိုး ကုန္ဒြိယပါဒ်တရားကိုယ်အရ မကောက်ရပါ။

ဣန္ဒြေ ၅-ပါး

၁။ သဒ္ဓိန္ဒြေ ၄။ သမာဓိန္ဒြေ

၂။ ဝီရိယိန္ဒြေ ၅။ ပညိန္ဒြေ

၃။ သတိန္ဒြေ

တရားကိုယ်ကောက်ပုံ

၁။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့၌ရှိသော သဒ္ဓါစေတသိက်သည် သဒ္ဓိန္ဒြေမည်၏။

http://www.dhammadownload.com

၂။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့ဥ်ရှိသော ဝီရိယစေတသိက်သည် ဝီရိယိန္ဒြေမည်၏။

၃။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့ဥ်ရှိသော သတိစေတသိက်သည် သတိန္ဒြေမည်၏။

၄။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့ဥ်ရှိသော ကေဂ္ဂတာ စေတသိက်သည် သမာဓိန္ဒြေမည်၏။

၅။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ၄-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့ဥ်ရှိသော ပညာ စေတသိက်သည် ပညိန္ဒြေမည်၏။

ဗိုလ် ၅-ပါး

၁။ သဒ္ဓါဗိုလ်
၂။ ဝီရိယဗိုလ်
၃။ သတိဗိုလ်
၄။ သမာဓိဗိုလ်
၅။ ပညာဗိုလ်

မှတ်ချက် ။ ။ ဗိုလ်တရားကိုယ် ကောက်ပုံသည် ကုန္ဒြေနှင့်တူ၏။ ကုန္ဒြေဗိုလ်တို့၏ အဓိပ္ပာယ်ကို မိဿကသင်္ကာဋ်ဟဥ် ပြခဲ့ပြီ။

ဗောဇ္ဈင်

သစ္စာ ၄-ပါးကိုသိကြောင်း၊ ဗောဓိမည်သော တရားအပေါင်း၏ အစိတ်အစိတ်ကို ဗောဇ္ဈင်ဟုခေါ်၏။

http://www.dhammadownload.com

ဗောဇ္ဈင် ၇-ပါး

၁။ သတိသမ္ဗောဇ္ဈင် ၅။ ပဿဒ္ဓိသမ္ဗောဇ္ဈင်

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ၆။ သမာဓိသမ္ဗောဇ္ဈင်

၃။ ဝီရိယသမ္ဗောဇ္ဈင် ၇။ ဥပေက္ခာသမ္ဗောဇ္ဈင်

၄။ ပီတိသမ္ဗောဇ္ဈင်

တရားကိုယ်ကောက်ပုံ

၁။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပွနာဇော ၂၆-ပါးတို့၌ရှိသော သတိစေတသိက်သည် သတိသမ္ဗောဇ္ဈင်မည်၏။

၂။ မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ အပွနာဇော ၂၆-ပါးတို့၌ရှိသော ပညာစေတသိက်သည် ဓမ္မဝိစယသမ္ဗောဇ္ဈင်မည်၏။၃

၃။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပွနာဇော ၂၆-ပါးတို့၌ရှိသော ဝီရိယစေတသိက်သည် ဝီရိယသမ္ဗောဇ္ဈင်မည်၏။

၄။ မဟာကုသိုလ် သောမနဿသဟဂုတ်စိတ် ၄-ပါး၊ မဟာကြိယာသောမနဿသဟဂုတ်စိတ် ၄-ပါး၊ ပထမဈာန်ဇော ၁၀-ပါး၊ ဒုတိယဈာန်ဇော ၁၀-ပါး၊ တတိယဈာန်ဇော ၁၀-ပါး၊ ပေါင်း ၃၈-ပါး၌ရှိသော ပီတိစေတသိက်သည် ပီတိသမ္ဗောဇ္ဈင်မည်၏။

၅။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပွနာဇော ၂၆-ပါးတို့၌ရှိသော ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ စေတသိက်တို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင်မည်၏။

http://www.dhammadownload.com

၆။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပွနာဇော ၂၆-ပါးတို့၌ရှိသော ဇောဂ္ဂတာစေတသိက်သည် သမာဓိသမ္မောဖျ၌ မည်၏။

၇။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပွနာဇော ၂၆-ပါး၌ရှိသော တတြမဇ္ဈတ္တတာ စေတသိက်သည် ဥပေက္ခာ သမ္မောဖျ၌မည်၏။

မဂ္ဂင် ၈-ပါး

၁။ သမ္မာဒိဋ္ဌိ
၂။ သမ္မသင်္ကပ္ပ
၃။ သမ္မာဝါစာ
၄။ သမ္မာကမ္မန္တ
၅။ သမ္မာအာဇီဝ
၆။ သမ္မာဝါယမ
၇။ သမ္မာသတိ
၈။ သမာသမာဓိ

တရားကိုယ်ကောက်ပုံ

၁။ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ပါး၊ မဟာကြိယာဉာဏ သမ္ပယုတ်စိတ် ၄-ပါး၊ အပွနာဇော ၂၆-ပါးတို့၌ရှိသော ပညာ စေတသိက်သည် သမ္မာဒိဋ္ဌိမဂ္ဂင်မည်၏။

၂။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ပထမစျာန်ဇော ၁၀-ပါးတို့၌ရှိသော ဝိတက်စေတသိက်သည် သမ္မာသင်္ကပ္ပမဂ္ဂင်မည်၏။

၃။ မဟာကုသိုလ်စိတ် ၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့၌ရှိသော သမ္မာဝါစာစေတသိက်သည် သမ္မာဝါစာမဂ္ဂင်မည်၏။

၄။ မဟာကုသိုလ်စိတ် ၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့၌ရှိသော ကမ္မာကမ္မန္တ စေတသိက်သည် သမ္မာကမ္မန္တမည်၏။

http://www.dhammadownload.com

၅။ မဟာကုသိုလ်စိတ် ၈-ပါး၊ လောကုတ္တရာစိတ် ၈-ပါးတို့၌ရှိသော သမ္မာအာဇီဝ စေတသိက်သည် သမ္မာအာဇီဝမဂ္ဂင်မည်၏။

၆။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့၌ရှိသော ဝီရိယစေတသိက်သည် သမ္မာဝါယမမဂ္ဂင်မည်၏။

၇။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့၌ရှိသော သတိစေတသိက်သည် သမ္မာသတိမဂ္ဂင်မည်၏။

၈။ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ အပ္ပနာဇော ၂၆-ပါးတို့၌ရှိသော ကေဂ္ဂတာစေတသိက်သည် သမ္မာသမာဓိမဂ္ဂင်မည်၏။

တရားကိုယ်ကောက်နည်းပြ

ဇေ့ဆ ပန စတ္တာရော သတိပဋ္ဌာနာတိ မှစ၍ ဆဇ္ဈသုဒ္ဓိပဝတ္တိယံ တိုင်အောင် စကားရပ်ဖြင့် ဗောဓိပက္ခိယသင်္ဂဟ၌ တရားကိုယ်ကောက်နည်းအတွက် အမှာအထားကိုပြ၏။

စတ္တာရောသတိပဋ္ဌာနာတိ (ပ) ပဝုစ္စတိ

ဤပါဠိသည် သတိပဋ္ဌာန်၏ တရားကိုယ်ပြသော ပါဠိတည်း။ သတိပဋ္ဌာန် ၄-ပါးလုံး၏ တရားကိုယ်သည် သမ္မာသတိခေါ်သော သတိစေတသိက်တစ်ပါးသာတည်း။

တထာ စတ္တာရော (ပ) သမ္မာဝါယာမော

ဤပါဠိသည် သမ္မပ္ပဓာန်၏ တရားကိုယ်ပြသော ပါဠိတည်း၊ သမ္မပ္ပဓာန် ၄-ပါးလုံး၏ တရားကိုယ်သည် သမ္မာဝါယမခေါ်သော၊ ဝီရိယစေတသိက် တစ်ပါးသာတည်း။

http://www.dhammadownload.com

တရားကိုယ်နာမည်အပြား၊ သင်္ဂဟအပြားကိုပြ

ဆန္ဒော စိတ္တမုပေက္ခာ စ (ပ) တတ္ထ သင်္ဂဟော ဟူသော ၂-ဂါထာဖြင့် ဗောဓိပက္ခိယတရားတို့၏ တရားကိုယ်နာမည်အပြားနှင့် သင်္ဂဟအပြားကိုပြ၏။

စုဒ္ဒသေ တေသဘာဝတော်၌ စုဒ္ဒသအရ (တရားကိုယ်)

၁။	ဆန္ဒ	၈။	ဝိတက်
၂။	စိတ်	၉။	ဝီရိယ
၃။	တတြမဇ္ဈတ္တတာ စေတသိက်	၁၀။	သမ္မာဝါစာ
၄။	သဒ္ဓါ	၁၁။	သမ္မာကမ္မန္တ
၅။	ပဿဒ္ဓိစေတသိက်	၁၂။	သမ္မာအာဇီဝ
၆။	ဝီတိ	၁၃။	သတိ
၇။	ပညာ	၁၄။	ကောဂတာ

သတ္တတိသပ္ပဘေဒေန၌ သတ္တတိသအရ (နာမည်အပြား)

၁။	သတိပဋ္ဌာန်	၄-ပါး
၂။	သမ္မပ္ပဓာန်	၄-ပါး
၃။	ဣဒ္ဓိပါဒ်	၄-ပါး
၄။	ဣန္ဒြေ	၅-ပါး
၅။	ဗိုလ်	၅-ပါး
၆။	ဗောဇ္ဈင်	၇-ပါး
၇။	မဂ္ဂင်	၈-ပါး
	ပေါင်း	**၃၇-ပါး**

http://www.dhammadownload.com

မှတ်ချက် ။ ။ ဗောဓိပက္ခိယတရားအပြားကို ရေတွက်ပြပါဟု မေးလျှင် အထက်ပါအတိုင်းဖြေပါ။

သတ္တဓာ တတ္ထ သင်္ဂဟာဒ္ဒ သတ္တဓာအရ (သင်္ဂဟအပြား)

၁။ သတိပဋ္ဌာနသင်္ဂဟ
၂။ သမ္မပ္ပဓာနသင်္ဂဟ
၃။ ဣဒ္ဓိပါဒသင်္ဂဟ
၄။ ဣန္ဒြိယသင်္ဂဟ
၅။ ဗလသင်္ဂဟ
၆။ ဗောဇ္ဈင်္ဂသင်္ဂဟ
၇။ မဂ္ဂင်္သင်္ဂဟ

ဖြစ်ရာဌာန။ ။ **သင်္ဂဟပသဿဒ္ဓိစ (ပ) ဝိဘာဂေါဟူသော ဂါထာသည် ဗောဓိပက္ခိယ တရားကိုယ် ၁၄-ပါးတို့၏ ဖြစ်ရာဌာန** ကို ခွဲခြားဝေဖန်ပြသော ဂါထာတည်း။

၁-ဌာန၌ဖြစ်သော ဗောဓိပက္ခိယတရားကို သင်္ဂဟိုင်ရာ ဌာနနှင့်တွဲပြပုံ

	တရား	ဖြစ်ရာဌာန
၁။	ဝိတက်	သမ္မာသင်္ကပ္ပမဂ္ဂင်
၂။	ပဿဒ္ဓိ	ပဿဒ္ဓိသမ္ဗောဇ္ဈင်
၃။	ပီတိ	ပီတိသမ္ဗောဇ္ဈင်
၄။	တတြမဇ္ဈတ္တတာ	ဥပေက္ခာသမ္ဗောဇ္ဈင်
၅။	ဆန္ဒ	ဆန္ဒိဒ္ဓိပါဒ်
၆။	စိတ္တ	စိတ္တိဒ္ဓိပါဒ်
၇။	သမ္မာဝါစာ	သမ္မာဝါစာမဂ္ဂင်
၈။	သမ္မကမ္မန္တ	သမ္မာကမ္မန္တမဂ္ဂင်
၉။	သမ္မာအာဇီဝ	သမ္မာအာဇီဝမဂ္ဂင်

http://www.dhammadownload.com

သဒ္ဒါ၏ဖြစ်ရာ ၂-ဌာန

၁။ သဒ္ဒိဇ္ဇြေ ၂။ သဒ္ဒါဗိုလ်

ကေဂ္ဂတာ (သမာဓိ) ၏ ဖြစ်ရာ ၄-ဌာန

၁။ သမာဓိဇ္ဇြေ ၃။ သမာဓိသမ္မောဂျ ဉ်
၂။ သမာဓိဗိုလ် ၄။ သမ္မာသမာဓိမဂ္ဂ ဉ်

ပညာ၏ဖြစ်ရာ ၅-ဌာန

၁။ ဝိမံသိဒ္ဓိပါဒ် ၄။ ဓမ္မဝိစယသမ္မောဂျ ဉ်
၂။ ပညိဇ္ဇြေ ၅။ သမ္မာဒိဋ္ဌိမဂ္ဂ ဉ်
၃။ ပညာဗိုလ်

သတိ၏ဖြစ်ရာ ၈-ဌာန

၁။	သတိပဋ္ဌာန်	၄-ပါး
၂။	သတိဇ္ဇြေ	၁-ပါး
၃။	သတိဗိုလ်	၁-ပါး
၄။	သတိသမ္မောဂျ ဉ်	၁-ပါး
၅။	သမ္မာသတိမဂ္ဂ ဉ်	၁-ပါး
	ပေါင်း	၈-ပါး

ဝီရိယ၏ဖြစ်ရာ ၉-ဌာန

၁။	သမ္မပ္ပဓာန်	၄-ပါး
၂။	ဝီရိယိဒ္ဓိပါဒ်	၁-ပါး
၃။	ဝီရိယိဇ္ဇြေ	၁-ပါး
၄။	ဝီရိယဗိုလ်	၁-ပါး
၅။	ဝီရိယသမ္မောဂျ ဉ်	၁-ပါး
၆။	သမ္မဝါယာမ မဂ္ဂ ဉ်	၁-ပါး
	ပေါင်း	၉-ပါး

http://www.dhammadownload.com

ဗောဓိပက္ခိယတရားများ ရထိုက်ရာစိတ်ကို သတ်မှတ်ပြ

သဗ္ဗေ လောကုတ္တရေ (ပ) ဆဒ္ဓိသုဒ္ဓိပဝတ္တိယံ ဟူသော ဂါထာဖြင့် ဗောဓိပက္ခိယတရားများ တရားကိုယ် ကောက်ယူရမည့်စိတ်ကို သတ်မှတ်ပြ၏။

ဗောဓိပက္ခိယတရားအားလုံးကို လောကုတ္တရာစိတ်၌ တရားကိုယ်အရ ကောက်ရမည်။ သို့သော် ''နဝါ သင်္ခါပ္ပဝိတိယော'' ကို ထောက်၍ ဒုတိယစျာန် စသည်၌ ဝိတက်ကို တရားကိုယ် မကောက်ရ။ စတုတ္ထစျာန်၊ ပဉ္စမဈာန် စိတ်တို့၌ ပီတိကို တရားကိုယ်မကောက်ရ။

သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တို့ကိုဖြစ်စေရန် လောကီကုသိုလ် ကြိယာစိတ်များဖြင့် အားထုတ်ရ၏။ ထို့ကြောင့် လောကီကုသိုလ်၊ ကြိယာစိတ်တို့၌လည်း ဗောဓိပက္ခိယတရားကို တရားကိုယ်အရ ကောက်ရ၏။

လောကီဝိပါက်စိတ်များသည် ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊ တဒါရုံကိစ္စ လောက်သာ တပ်နိုင်သောကြောင့် သီလဝိသုဒ္ဓိ စသည်တို့ကို မဖြစ်စေနိုင်။ ထို့ကြောင့် လောကီဝိပါက်စိတ်၌ယှဉ်သော တရားကို တရားကိုယ် မကောက်ရ။

မဟာကုသိုလ်၊ မဟာကြိယာ၊ အပ္ပနာဇောတို့၌ယှဉ်သော တရားကို သတိပဋ္ဌာန်၊ ဣန္ဒြေ၊ ဗိုလ်၊ ဈာန်၊ မဂ္ဂင် တရားကိုယ်ကောက်ယူရမည်။ ကုသိုလ်စိတ်၌ယှဉ်သော တရားတို့ကိုသာ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ တရားကိုယ် ကောက်ယူရမည်။

ဗောဓိပက္ခိယသင်္ဂဟပြီး၏။

* * * * *

http://www.dhammadownload.com

သဗ္ဗသင်္ဂဟ

ခန္ဓာ ။ ။ ခန္ဓသဒ္ဒါသည် အပေါင်းအစုဟူသောအနက်ကို ဟောတ်။ ထို့ကြောင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် စသောအားဖြင့် ပေါင်းစုသော ရုပ် စသည်တို့ကို ခန္ဓာဟုခေါ်တ်။

ခန္ဓာ ၅-ပါး

၁။ ရူပက္ခန္ဓာ
၂။ ဝေဒနာက္ခန္ဓာ
၃။ သညာက္ခန္ဓာ
၄။ သင်္ခါရက္ခန္ဓာ
၅။ ဝိညာဏက္ခန္ဓာ

မှတ်ချက် ။ ။ ခန္ဓာ၊ အာယတန စသည်တို့တ်၊ တရားကိုယ်နှင့် ခန္ဓာ၊ အာယတန စသည် ဖွဲ့ပုံဆိုရိုးကို နောက်မှာပြထားပါသည်။

ဥပါဒါနက္ခန္ဓာ။ ။ ဥပါဒါန်တရားတို့တ်၊အာရုံဖြစ်သော ခန္ဓာကို ဥပါဒါနက္ခန္ဓာ် ဟုခေါ်တ်။ ဥပါဒါန် တရားများဟူသည် လောဘ ဒိဋ္ဌိပင်တည်း။ လောဘ၊ ဒိဋ္ဌိဟူသော အကုသိုလ်တရားများသည် လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈ ဟူသော လောကီတရားကိုသာ အာရုံပြုနိုင်ကြတ်။ လောကုတ္တရာစိတ် ၈၊ စေတသိက် ၃၆၊ နိဗ္ဗာန် ဟူသော လောကုတ္တရာတရားတို့ကို အာရုံမပြုနိုင်ကြ။

ဥပါဒါနက္ခန္ဓာ ၅-ပါး

၁။ ရူပုပါဒါနက္ခန္ဓာ
၂။ ဝေဒနုပါဒါနက္ခန္ဓာ
၃။ သညုပါဒါနက္ခန္ဓာ
၄။ သင်္ခါရုပါဒါနက္ခန္ဓာ
၅။ ဝိညာဏုပါဒါနက္ခန္ဓာ

http://www.dhammadownload.com

ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ ၂-မျိုး ခွဲဟောရခြင်း

ရထိုက်သမျှသော သဘောတူရာ လောကီ၊ လောကုတ္တရာ တရား အားလုံးကို သိမ်းသွင်းပေါင်းယူ၍ ခန္ဓာဖွဲ့ပြလိုသောကြောင့် ပထမခန္ဓ ဒေသနာတော်ကို ဟောတော်မူ၏။

ယောဂီပုဂ္ဂိုလ်များ ဝိပဿနာရှုဖို့အတွက် ဝိပဿနာဉာဏ်၏ဖြစ်ရာ လောကီအာရုံ သက်သက်ကိုသာ ခန္ဓာဖွဲ့ပြလိုသောကြောင့် ဥပါဒါနက္ခန္ဓာ ဒေသနာတော်ကို ဟောတော်မူ၏။

အထူး ။ ။ လောကီ၊ လောကုတ္တရာစိတ်အားလုံးသည် ဝိညာဏက္ခန္ဓာ၊ မည်၏။ ဘုံသုံးပါးဌဖြစ်သော လောကီစိတ်သက်သက်သည် ဝိညာဏုပါဒါနက္ခန္ဓာမည်၏။ ဝိညာဏက္ခန္ဓာနှင့် ဝိညာဏု ပါဒါနက္ခန္ဓာတို့ ဤသို့ထူးပါသည်။

အာယတန ။ ။ စိတ်၊ စေတသိက်တို့၏ ဖြစ်ကြောင်းတရားကို အာယ တနဟုခေါ်၏။ ရူပါရုံ၊ စက္ခုပသာဒကို အကြောင်းပြု၍ စက္ခုဒွါရိက ဝီထိစိတ်များနှင့် စေတသိက်တို့ ဖြစ်ပေါ်ကြ၏။ ထို့ကြောင့် စက္ခုပသာဒနှင့် ရူပါရုံသည် စက္ခုဒွါရိက ဝီထိစိတ်၊ စေတသိက်များ ဖြစ်ပေါ်ကြောင်းဖြစ်၍ စက္ခာယတန၊ ရူပါယတနအမည်ရကြ၏။ ဤသို့ စသည်ဖြင့် သိပါလေ။

အာယတန ၁၂-ပါး

၁။ စက္ခာယတန	၇။ ရူပါယတန
၂။ သောတာယတန	၈။ သဒ္ဒါယတန
၃။ ဃာနာယတန	၉။ ဂန္ဓာယတန
၄။ ဇိဝှာယတန	၁၀။ ရသာယတန
၅။ ကာယာယတန	၁၁။ ဖောဋ္ဌဗ္ဗာယတန
၆။ မနောယတန	၁၂။ ဓမ္မာယတန

http://www.dhammadownload.com

ဓာတ် ။ ။ မိမိသဘောကို ဆောင်တတ်၊ မိမိသဘောလက္ခဏာ အတိုင်း ထင်ရှားစွာဖြစ်တတ်သောတရားကို ဓာတ်ဟုခေါ်၏။

ဓာတ် ၁၈-ပါး

၁။ စက္ခုဓာတ်
၂။ သောတဓာတ်
၃။ ဃာနဓာတ်
၄။ ဇိဝှာဓာတ်
၅။ ကာယဓာတ်
၆။ ရူပဓာတ်
၇။ သဒ္ဒဓာတ်
၈။ ဂန္ဓဓာတ်
၉။ ရသဓာတ်
၁၀။ ဖောဋ္ဌဗ္ဗဓာတ်
၁၁။ စက္ခုဝိညာဏဓာတ်
၁၂။ သောတဝိညာဏဓာတ်
၁၃။ ဃာနဝိညာဏဓာတ်
၁၄။ ဇိဝှာဝိညာဏဓာတ်
၁၅။ ကာယဝိညာဏဓာတ်
၁၆။ မနောဓာတ်
၁၇။ မနောဝိညာဏဓာတ်
၁၈။ ဓမ္မဓာတ်

သစ္စာ ။ ။ ဒုက္ခ၊ ဒုက္ခ၏ဖြစ်ကြောင်း၊ နိရောဓ၊ နိရောဓသို့ ရောက်ကြောင်း သဘောအားဖြင့် မှန်ကန်သော တရားတို့ကို သစ္စဟုခေါ်၏။

ယင်းသစ္စာ ၄-ပါးကိုပင် အရိယာပုဂ္ဂိုလ်များ သိအပ်သောကြောင့် အရိယသစ္စာဟုခေါ်၏။

သစ္စာ ၄-ပါး

၁။ ဒုက္ခသစ္စာ
၂။ သမုဒယသစ္စာ
၃။ နိရောဓသစ္စာ
၄။ မဂ္ဂသစ္စာ

တရားကိုယ်အတွက် မှာထားချက်

ထို့ ပန မှစ၍ သဗ္ဗသင်္ခါ အခဏိကာ စကားဖြင့်သဗ္ဗသင်္ခါအတွက် တရားကိုယ်ကောက်ရန် အမှာအထားကိုပြ၏။

http://www.dhammadownload.com

ထိုတွင် စေတသိက သုခုမရူပ (ပ) ဂစ္ဆန္တိ ဟူသော စကားရပ်ဖြင့် ဓမ္မာယတန၊ ဓမ္မဓာတ် တို့၏ တရားကိုယ်ကိုပြ၏။

မနာယတနမေဝ (ပ) ဘိဇ္ဇတိဟူသော စကားရပ်ဖြင့် သတ္တဝိညာဏဓါတ်၏ တရားကိုယ်အရ ကောက်ကိုပြ၏။

ရူပဋ္ဌ ဝေဒနာ စသော ဂါထာဖြင့် ခန္ဓာ ၅-ပါး၏ တရားကိုယ်အရ ကောက်ကိုပြ၏။

ပဋ္ဌပါဒါနက္ခန္ဓာတိ တထာ တေဘူမကာ မတာ စသော ဂါထာဖြင့် ဥပါဒါနက္ခန္ဓာ ၅-ပါး၏ တရားကိုယ်ကိုပြ၏။

ခန္ဓဝိမုတ် ။ ။ အတိတ်၊ အနာဂတ် စသောအားဖြင့် ကွဲပြားမှုမရှိသော ကြောင့် နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ။ ခန္ဓာဝိမုတ်ဟုမှတ်ပါ။

(ဘေဒါဘာဝေန နိဗ္ဗာနံ ခန္ဓသင်္ဂဟ နိဿဋ္ဌံကို ထောက်ပါ။)

အာယတန ၁၂၊ ဓာတ် ၁၈-ပါးပြားပုံ

ဒွါရာရမ္မဏာ ဘေဒေန စသော ဂါထာဖြင့် အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး ကွဲပြားရခြင်းအကြောင်းကိုပြ၏။

ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး ကွဲပြားခြင်းကြောင့် အာယတန ၁၂-ပါး ပြားရ၏။ (ဒွါရာရမ္မဏာ ဘေဒေန၊ **ဘဝန္တာ ယတနာနိစ** ကို ထောက်ပါ)

ဒွါရာ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး ကွဲပြားခြင်းကြောင့် ဓာတ် ၁၈-ပါး ပြား၏။ (**ဒွါရာရမ္မဏာ တဒုပဒ္ဓု၊ ပရိယာယေန ဓာတုယော** ကို ထောက်ပါ)

ဒွါရ ၆-ပါး	အာရုံ ၆-ပါး	ဝိညာဏ် ၆-ပါး
၁။ စက္ခုဒွါရ	ရူပါရုံ	စက္ခုဝိညာဏ်
၂။ သောတဒွါရ	သဒ္ဒါရုံ	သောတဝိညာဏ်

http://www.dhammadownload.com

၃။	ဃာနဒွါရ	ဂန္ဓာရုံ	ဃာနဝိညာဏ်
၄။	ဇိဝှါဒွါရ	ရသာရုံ	ဇိဝှါဝိညာဏ်
၅။	ကာယဒွါရ	ဖောဋ္ဌဗ္ဗာရုံ	ကာယဝိညာဏ်
၆။	မနောဒွါရ	ဓမ္မာရုံ	မနောဝိညာဏ်

ဤသို့ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ထိုဒွါရအာရုံကိုမှီ၍ ဖြစ်သော ဝိညာဏ် ၆-ပါး အစဉ်အားဖြင့် ကွဲပြားသောကြောင့် ဓာတ် ၁၈-ပါး ပြား၏။

မှတ်ချက် ။ ။ မနောဓာတ်ကို မနောဒွါရ၊ ဓမ္မဓာတ်ကို ဓမ္မာရုံဟု ဆိုခြင်းသည် မုချမဟုတ်။ ပရိယာယ်အားဖြင့်သာ ဖြစ်၏။ ထို့ကြောင့် ''ပရိယာယေန'' ဟ အရှင်အနုရုဒ္ဓါ ဆရာ ထည့်သွင်းမိန့်ဆိုခဲ့ခြင်းဖြစ်၏။

သစ္စာတရားကိုယ် ။ ။ **ဒုက္ခံ တေဘူမကံ ဝဋ္ဋံ** စသော ဂါထာဖြင့် သစ္စာ ၄-ပါး တရားကိုယ်အရကောက်ကိုပြ၏။

သစ္စာဝိမုတ် ။ ။ **မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စ ဝိနိဿဋာ** ဖြင့် သစ္စာဝိမုတ်တရားကိုပြ၏။

နိဂုံး ။ ။ **ကွတိ ပဥ္စပွဘောဒေန၊ ပဝုတ္တော သမ္မသင်္ဂဟော** ဖြင့် သမ္မသင်္ဂဟအဆုံး နိဂုံးကိုပြ၏။

အမှာ ။ ။ သမ္မသင်္ဂဟလာ သရုပ်ခွဲပုံသည် ညဝါ (မာတိကာဓာတု ကထာ) ကို သင်ကြားသောအခါ လွန်စွာ ကျေးဇူးများလှ၏။ ထို့ကြောင့် ပရမတ္ထတရားကိုတွေ့လျှင် ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ ဖွဲ့တတ်အောင် စာချဆရာက အထပ်ထပ် သင်ပေးထားပါ။

http://www.dhammadownload.com

ပရမတ္ထတရား ၄-ပါး

၁။ စိတ် ၈၉-ပါး
၂။ စေတသိက် ၅၂-ပါး
၃။ ရုပ် ၂၈-ပါး
၄။ နိဗ္ဗာန်

ခန္ဓာဖွဲ့ရန်

ထိုပရမတ္ထတရား ၄-ပါးတွင်

၁။ ရုပ် ၂၈-ပါးလုံးကို ရူပက္ခန္ဓာဖွဲ့ပါ။
၂။ ဝေဒနာစေတသိက်ကို ဝေဒနာက္ခန္ဓာဖွဲ့ပါ။
၃။ သညာစေတသိက်ကို သညာက္ခန္ဓာဖွဲ့ပါ။
၄။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ၅၀ ကို သင်္ခါရက္ခန္ဓာဖွဲ့ပါ။
၅။ စိတ် ၈၉-ပါးကို ဝိညာဏက္ခန္ဓာဖွဲ့ပါ။

မှတ်ချက် ။ ။ နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရ။ ခန္ဓာဝိမုတ်ဟုမှတ်ပါ။

ခန္ဓာနှင့် တရားကိုယ်တွဲပြပုံ

	တရားကိုယ်	ခန္ဓာ
၁။	ရုပ်-၂၈	ရူပက္ခန္ဓာ
၂။	ဝေဒနာစေတသိက်	ဝေဒနာက္ခန္ဓာ
၃။	သညာစေတသိက်	သညာက္ခန္ဓာ
၄။	ကြွင်းသောစေတသိက် ၅၀	သင်္ခါရက္ခန္ဓာ
၅။	စိတ်-၈၉	ဝိညာဏက္ခန္ဓာ

http://www.dhammadownload.com

ခန္ဓာ ၅-ပါးအရ ကောက်ဆိုရိုး

ခန္ဓာအားဖြင့် ၅-ပါးဟူသော်ကား -

၁။ ရုပ်အဋ္ဌဝီသသည် ရူပက္ခန္ဓာမည်၏။

၂။ စေတသိက် ဒွေပညာသတို့တွင် ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။

၃။ သညာသည် သညာက္ခန္ဓာမည်၏။

၄။ ဝေဒနာ၊ သညာမှကြွင်းသော စေတသိက် ပညာသသည် သင်္ခါရက္ခန္ဓာမည်၏။

၅။ စိတ်တစ်ခု ယုတ်ကိုးဆယ်သည် ဝိညာဏက္ခန္ဓာမည်၏။

နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏။ ဤသို့လျှင် ခန္ဓာအားဖြင့် ၅-ပါးဖြစ်သတည်း။

အာယတနဖွဲ့ရန်

ပရမတ္ထတရား ၄-ပါးတွင်

၁။ ပသာဒရုပ် ၅-ပါးကို အစဉ်အတိုင်း စက္ခာယတန စသည်ဖွဲ့ပါ။

၂။ ဂေါစရရုပ် ၇-ပါးကို အစဉ်အတိုင်း ရူပါယတနစသည်ဖွဲ့ပါ။

၃။ စိတ် ၈၉-ပါးကို မနာယတနဖွဲ့ပါ။

၄။ စေတသိက် ၅၂၊ သုခုမရုပ် ၁၆၊ နိဗ္ဗာန်ကို ဓမ္မာယတနဖွဲ့ပါ။

အာယတန အရကောက်ဆိုရိုး

အာယတနအားဖြင့် ၁၂-ပါး ဟူသော်ကား

ရုပ်အဋ္ဌဝီသတို့တွင် -

၁။ စက္ခုပသာဒသည် စက္ခာယတနမည်၏။

၂။ သောတပသာဒသည် သောတာယတနမည်၏။

၃။ ဃာနပသာဒသည် ဃာနာယတနမည်၏။

http://www.dhammadownload.com

၄။ ဇိဝှပသာဒသည် ဇိဝှာယတနမည်၏။
၅။ ကာယပသာဒသည် ကာယာယတနမည်၏။
၆။ ရူပါရုံသည် ရူပါယတနမည်၏။
၇။ သဒ္ဒါရုံသည် သဒ္ဒါယတနမည်၏။
၈။ ဂန္ဓာရုံသည် ဂန္ဓာယတနမည်၏။
၉။ ရသာရုံသည် ရသာယတနမည်၏။
၁၀။ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗာယတနမည်၏။
၁၁။ စိတ်တစ်ခု ယုတ်ကိုးဆယ်သည် မနာယတနမည်၏။
၁၂။ စေတသိက် ဒွေပညာသ၊ အာပေါ၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေဟာဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာယဝိညတ်ဝစီဝိညတ်၊ ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယသန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသနိဗ္ဗာန်သည် ဓမ္မာယတန မည်၏။ ဤသို့လျှင် အာယတန ၁၂-ပါး ဖြစ်သတည်း။

ဓာတ်ဖွဲ့ရန်

ပရမတ္ထတရား ၄-ပါးတွင်

၁။ ပသာဒရုပ် ၅-ပါးကို အစဉ်အတိုင်း စက္ခုဓာတ် စသည်ဖွဲ့ပါ။
၂။ ဂေါစရရုပ် ၇-ပါးကို အစဉ်အတိုင်း ရူပဓာတ် စသည်ဖွဲ့ပါ။
၃။ စိတ် ၈၉-ပါးတို့တွင် စက္ခုဝိညာဏ်ဒွေကို စက္ခုဝိညာဏဓာတ်ဖွဲ့ပါ။
၄။ သောတဝိညာဏ်ဒွေကို သောတဝိညာဏဓာတ်ဖွဲ့ပါ။
၅။ ဃာနဝိညာဏ်ဒွေကို ဃာနဝိညာဏဓာတ်ဖွဲ့ပါ။

http://www.dhammadownload.com

၆။ ဇိဝှာဝိညာဏ်ဒွေကို ဇိဝှာဝိညာဏဓာတ်ဖွဲ့ပါ။

၇။ ကာယဝိညာဏ်ဒွေကို ကာယဝိညာဏဓာတ်ဖွဲ့ပါ။

၈။ ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေကို မနောဓာတ်ဖွဲ့ပါ။

၉။ ကြွင်းသောစိတ် ၎၆–ပါးကို မနောဝိညာဏဓာတ်ဖွဲ့ပါ။

၁၀။ စေတသိက် ၅၂၊ သုခုမရူပ် ၁၆၊ နိဗ္ဗာန်ကို ဓမ္မဓာတ်ဖွဲ့ပါ။

ဓာတ် ၁၈–ပါးအရေကောက်ဆိုရိုး

ဓာတ်အားဖြင့် ၁၈–ပါး ဟူသော်ကား

ရုပ်အဋ္ဌဝိသတို့တွင် –

၁။ စက္ခုပသာဒသည် စက္ခုဓာတ်မည်၏။

၂။ သောတပသာဒသည် သောတဓာတ်မည်၏။

၃။ ဃာနပသာဒသည် ဃာနဓာတ်မည်၏။

၄။ ဇိဝှာပသာဒသည် ဇိဝှာဓာတ်မည်၏။

၅။ ကာယပသာဒသည် ကာယဓာတ်မည်၏။

၆။ ရူပါရုံသည် ရူပဓာတ်မည်၏။

၇။ သဒ္ဒါရုံသည် သဒ္ဒဓာတ်မည်၏။

၈။ ဂန္ဓာရုံသည် ဂန္ဓဓာတ်မည်၏။

၉။ ရသာရုံသည် ရသဓာတ်မည်၏။

၁၀။ ပထဝီ၊ တေဇော၊ ဝါယောဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည် ဖောဋ္ဌဗ္ဗဓာတ်မည်၏။

၁၁။ စက္ခုဝိညာဏ်ဒွေသည် စက္ခုဝိညာဏဓာတ်မည်၏။

၁၂။ သောတဝိညာဏ်ဒွေသည် သောတဝိညာဏဓာတ်မည်၏။

http://www.dhammadownload.com

၁၃။ ဃာနဝိညာဏ်ဒွေသည် ဃာနဝိညာဏာဓာတ်မည်၏။

၁၄။ ဇိဝှာဝိညာဏ်ဒွေသည် ဇိဝှာဝိညာဏာဓာတ်မည်၏။

၁၅။ ကာယဝိညာဏ်ဒွေသည် ကာယဝိညာဏာဓာတ်မည်၏။

၁၆။ ပဉ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိန်းဒွေသည် မနောဓာတ်မည်၏။

၁၇။ ကြွင်းသောစိတ် ၆၆-ခုသည် မနောဝိညာဏာဓာတ်မည်၏။

၁၈။ စေတသိက်ဒွေ ပညာ၁၊ အာပေါ၊ ကျတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဟဒယရုပ်၊ ဇီဝိတရုပ်၊ အာဟာရရုပ်၊ ပရိစ္ဆေဒရုပ်၊ ကာဝိညတ်၊ ဝစီဝိညတ်၊ ရူပသဿလဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာအားဖြင့် သုခုမရုပ် သောဠသ၊ နိဗ္ဗာန်သည် ဓမ္မဓာတ်မည်၏။

ဤသို့လျှင် ဓာတ်အားဖြင့် (၁၈) ပါး ဖြစ်သတည်း။

သစ္စာဖွဲ့လိုလျှင် အရကောက်တရားကို အောက်ပါအတိုင်း ၅-မျိုး ခွဲထားပါ

၁။ လောကီတရား စိတ် ၈၁၊ လောဘကြွဉ် စေ ၅၁၊ ရုပ် ၂၈၊

၂။ လောဘ၊

၃။ နိဗ္ဗာန်၊

၄။ မဂ်စိတ် ၄၊ စေ ၃၆-၈ = ၂၈၊

၅။ ဖိုလ်စိတ် - ၄၊ စေ-၃၆။

မှတ်ချက် ။ ။ အမှတ်စဉ် (၄) တွင် ၈-ဂဏန်းသည် မဂ္ဂင်တရားကိုယ် ဖြစ်သည် ထိုတွင် -

၁။ လောကီစိတ် ၈၁၊ လောဘကြွဉ် စေတသိက် ၅၁၊ ရုပ် ၂၈-ပါးကို ဒုက္ခသစ္စာဖွဲ့ပါ။ (ဒုက္ခံ တေဘူမကံ ဝဠဲကိုထောက်ပါ)

မှတ်ချက် ။ ။ လောဘစေတသိက်ကို သမုဒယသစ္စာ သီးခြားဖွဲ့လတ္တံ့ ဖြစ်သောကြောင့် လောဘစေတသိက်ကို ဒုက္ခသစ္စာ၌ မပါဝင်သော လောကီ (တေဘူမက) တရားဟုမှတ်ပါ။

http://www.dhammadownload.com

၂။ လောဘစေကသိက်ကို သမုဒယသစ္စာဖွဲ့ပါ။ (တဏှာ သမုသယော ဘဝေကို ထောက်ပါ။)

၃။ နိဗ္ဗာန်ကို နိရောဓသစ္စာဖွဲ့ပါ။ (နိရောဓ နာမ နိဗ္ဗာနံကိုထောက်ပါ)

၄။ မဂ်စိတ် ၄-ပါး၌ယှဉ်သော မဂ္ဂင်တရားကိုယ် ၈-ပါးကို မဂ္ဂသစ္စာ ဖွဲ့ပါ။ (မဂ္ဂေါ လောကုတ္တရော မတောကို ထောက်ပါ)

မှတ်ချက် ။ ။ မဂ်စိတ္တုပ္ပါဒ် ၂၉၊ ဖိုလ်စိတ္တပါဒ် ၃၇-ပါးတို့ကို သစ္စာ မဖွဲ့ရပါ။ မဂ်စိတ် ၄-ပါး၌၊ စေတသိက် ၃၆-ပါးယှဉ်၏။ ထိုတွင် မဂ္ဂင်တရားကိုယ် ၈-ပါးကိုနုတ်လျှင် ၂၈-ပါးကျန်၏။ မဂ်စိတ် ၄-ပါးကို အာရုံကိုသိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းယူ၍ ၂၈-ပါး နှင့်ပေါင်းလျှင် ၂၉-ပါးဖြစ်၏။ ယင်း ၂၉-ပါးကို မဂ်စိတ္တုပ္ပါဒ် ၂၉-ပါးဟု ခေါ်၏။

ဖိုလ်စိတ် ၄-ပါး၌ စေတသိက် ၃၆-ပါးယှဉ်၏။ ဖိုလ်စိတ် ၄-ပါးကို အာရုံကိုသိခြင်း လက္ခဏာအားဖြင့် တစ်ပါးတည်းယူ၍ ဖိုလ်စိတ်၌ယှဉ်သော စေတသိက် ၃၆-ပါးနှင့်ပေါင်းလျှင် ၃၇-ပါးဖြစ်၏။ ယင်း ၃၇-ပါးကို ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ပါးဟုခေါ်၏။

သစ္စာ ၄-ပါး အရကောက်ဆိုရိုး

သစ္စာအားဖြင့် ၄-ပါး ဟူသော်ကား -

၁။ လောကီစိတ်ကောသီတိ၊ လောဘကြဉ်သော စေတသိက် ဇကပညာသ၊ ရုပ်အဋ္ဌဝီသသည် ဒုက္ခသစ္စာမည်၏။

၂။ လောဘသည် သမုဒယသစ္စာမည်၏။

၃။ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။

http://www.dhammadownload.com

၄။ မဂ်စိတ် ၄-ခုဥ်ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟု ဆိုအပ်သော သောတာပတ္တိမဂ် ၈-ပါး၊ ၇-ပါး၊ သကဒါဂါမိမဂ် ၈-ပါး၊ ၇-ပါး၊ အနာဂါမိမဂ် ၈-ပါး၊ ၇-ပါး၊ အရဟတ္တမဂ် ၈-ပါး၊ ၇-ပါးသည် မဂ္ဂသစ္စာမည်၏။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှလွတ်၏။

ဤသို့လျှင် သစ္စာအားဖြင့် ၄-ပါးဖြစ်သတည်း။

မှတ်ချက် ။ ။ မဂ်ပထမစျာန်ကို ရည်ရွယ်၍ ၈-ပါးဟုဆို၏။ ဒုတိယစျာန် စသည်၌ ဝိတက်ဟူသော သမ္မာသင်္ကပ္ပ မဂ္ဂင် မယှဉ်သောကြောင့် မဂ်ဒုတိယစျာန် စသည်ကို ရည်ရွယ်၍ ၇-ပါးဟုဆို၏။

[လေ့ကျင့်ခန်း]

၁။ ဒွါသတ္တတိဝိဓာ ဝုတ္တာ၌ ဒွါသတ္တတိအရကို ဖော်ပြ၍ အာသဝတရားကို တရားကိုယ်အရ ကောက်ပြပါ။

၂။ နိဝရဏ အဓိပ္ပာယ်ကိုရေး၍၊ ကာမစ္ဆန္ဒနိဝရဏ အဓိပ္ပာယ်ကို ရေးပါ။

၃။ အနုသယ၊ ကိလေသာ ၂-ပါးစုံမည်သော တရားတို့ကို ဖော်ပြ၍၊ နဝ သံယောဇနာမတာ၌ နဝအရကို ဖော်ပြခဲ့ပါ။

၄။ ဒိဋ္ဌိစေတသိက် တစ်ခုတည်းကိုပင် သီလဗ္ဗတပရာမာသ စသော နာမည်အမျိုးမျိုးဖြင့် ဆိုရချင်းအကြောင်းကိုရေး၍ အောက်ပါတရားတို့ကို တရားကိုယ်အရ ကောက်ခဲ့ပါ။

(က) ဥပေက္ခာစျာနင် (ဂ) ဝိရိယိန္ဒြေ

(ခ) မိစ္ဆာသမာဓိမဂ္ဂင် (ဃ) ဝိညာဏာဟာရ

http://www.dhammadownload.com

၅။ သောတာပန် အမျိုးသမီးသန္တာန်၌ ရနိုင်သော ကုန်ဖြေတို့ကိုဖော်ပြ၍၊ ကုန်ဖြေ ၂၂–ပါးတွင် ရုပ်ကုန်ဖြေတို့ကို ဖော်ပြခဲ့ပါ။

၆။ ဗောဓိပက္ခိယတရားတို့ကို ပဘေဒအားဖြင့်လည်းကောင်း၊ သဘာဝ ဓမ္မအားဖြင့်လည်းကောင်း ဖော်ပြ၍၊ တစ်ဌာနနှ၌ဖြစ်သော ဗောဓိပက္ခိယတရားကို သက်ဆိုင်ရာ ဌာနများနှင့် တွဲစပ်ဖော်ပြခဲ့ပါ။

၇။ ပညာ၏ဖြစ်ရာဌာနကိုဖော်ပြ၍ ခန္ဓာ၊ ဥပါဒါနက္ခန္ဓာတို့၌ ပါဝင်သော ဝိညာဏက္ခန္ဓာနှင့် ဝိညာဏုပါဒါနက္ခန္ဓာတို့၏အထူးကို ရေးပါ။

၈။ ဓာတ် ၁၈–ပါးတွင် ရုပ်, နာမ် နှစ်ပါးစုံ ပါဝင်သောဓာတ်ကို ဖော်ပြ၍၊ အာယတန ၁၂–ပါး ပြားရခြင်းအကြောင်းကို ပါဠိထောက်၍ဖြေပါ။

၉။ ပရမတ္ထတရား ၄–ပါးတွင် သစ္စာမဖွဲ့နိုင်သော တရား ရှိ, မရှိ ပါဠိ ထောက်ဖြေဆို၍၊ ဝီရိယစေတသိက်ကို သစ္စာဖွဲ့ပါ။

၁၀။ ဒွေပဋိဝိညာဏ် ၁၀၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇–ပါးတို့ကို ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာဖွဲ့ပြပါ။

သမုစ္စည်းပိုင်းပြီး၏။



http://www.dhammadownload.com

"အရှင်ဒေမိန္ဒ" ၏ ထုတ်ဝေပြီးကျမ်းစာများ

၁။ မူလတန်းပါဠိသဒ္ဒါသင်ကြားနည်း
၂။ ပါဠိဝါကျရေးနည်း (ပထမတွဲ)
၃။ ပါဠိဝါကျရေးနည်း (ဒုတိယတွဲ)
၄။ ပါဠိဝါကျရေးနည်း (တတိယတွဲ)
၅။ သင်္ဂြိဟ်သရုပ်ခွဲသင်ကြားနည်း (ပထမတွဲ)
၆။ သင်္ဂြိဟ်သရုပ်ခွဲသင်ကြားနည်း (ဒုတိယတွဲ)
၇။ မာတိကာ ဓါတုကထာ သင်ကြားနည်း
၈။ ယမကသင်ကြားနည်း (ပထမတွဲ)
၉။ ယမက သင်ကြားနည်း (ဒုတိယတွဲ)
၁၀။ ရူပသိဒ္ဓိသင်ကြားနည်း (ပထမတွဲ)
၁၁။ ရူပသိဒ္ဓိသင်ကြားနည်း (ဒုတိယတွဲ)
၁၂။ ပထမငယ်တန်း ဘာသာပြန် (ပြဋ္ဌာန်းကျမ်းစာမဟုတ်)
၁၃။ ဘဝလမ်းညွှန်စာပေ
၁၄။ ဘဝအလင်းရောင်စာပေ
၁၅။ ဗုဒ္ဓဘာသာအခြေခံကျင့်ဝတ်
၁၆။ ပဋ္ဌာန်းသင်ကြားနည်း
၁၇။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ပထမတွဲ)
၁၈။ ဗုဒ္ဓ၏အောင်မြင်ရေးနည်းလမ်းများ (ပထမတွဲ)
၁၉။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု
၂၀။ လူ၏အသိနှစ်မျိုး
၂၁။ အခြေခံဗုဒ္ဓအဘိဓမ္မာ (ဒုတိယတွဲ)
၂၂။ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု (ပထမဆင့်)
၂၃။ အခြေခံဗုဒ္ဓအဘိဓမ္မာ (တတိယတွဲ)
၂၄။ ရုပ်ပွားစေတီတော်ကိုးကွယ်မှု
၂၅။ မြတ်ဗုဒ္ဓနှင့်ကမ္ဘာရာသီဥတုပြောင်းလဲမှု
၂၆။ အာဂုံပြန်အခြေခံဗုဒ္ဓဘာသာယဉ်ကျေးမှု
၂၇။ ဓမ္မအလင်းရောင်ပြန့်ပွားရေး အခြေခံစည်းမျဉ်း
၂၈။ အခြေခံစည်းမျဉ်း
၂၉။ လူဘဝလုံခြုံရေး
၃၀။ အမျိုးသားရေးတာဝန်

http://www.dhammadownload.com

ဆရာတော် အရှင်ဧမိန္ဒ၏ ကျမ်းစာအုပ်များကို ပုံနှိပ်ထုတ်ဝေရေးနှင့် ဖြန့်ချိရေးတာဝန်များကို ကုသိုလ်ဖြစ်ကျည်ဆောင်ရွက်ပေးသူများ

⊙ ဦးချမ်းမောင်
အမှတ် ၉၃၊ စံပယ်ခြံ (၁) လမ်း
၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်
ရန်ကုန်မြို့။
☎ - ၅၁၃၄၆၂

⊙ ဦးသန်းနိုင်
အမှတ် ၁၁၈ (စီ)၊
ရေတာရှည်လမ်းဟောင်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၅၄၅၃၉၅၊ ၅၄၅၃၉၆

~~~~~~~~~~~~~~~~

ကိုယဉ်အေး
အမှတ် ၆၀၊ ဥမ္မဒန္တီလမ်း၊
အမှတ် (၄)ရပ်ကွက်၊ ပုသိမ်မြို့။
☎ - ၂၅၅၆၇၊ ၂၂၄၆၈
~~~~~~~~~~~~~~~~